# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**မိမိကိုယ်ကို ယဉ်ကျေးအောင်ဆုံးမ**

မြောင်းတူးရေယူသမားတို့သည် အလိုရှိရာရေကို ဆောင်ယူကြကုန်၏။ လေးသမားတို့သည် မြားကို ဖြောင့်ကုန်၏။ သစ်သမားတို့သည် သစ်ကိုလိုတိုင်း ရအောင်ရွေကုန်၏။ ကောင်းသောအကျင့်ရှိသော သူတော်ကောင်းတို့သည် မိမိကိုယ်ကို ယဉ်ကျေးအောင် ဆုံးမကုန်၏။

ဓမ္မပဒ (ဓမ္မပဒ – ၁၄၅)


၁၃၈၁ ခုနှစ်၊ တန်ခူးလဆန်း ၈ ရက် | ၂၀၂၀ ပြည့်နှစ်၊ မတ် ၃၁ ရက်၊ အင်္ဂါနေ့ | အတွဲ (၅၉)၊ အမှတ် (၁၈၃)




ပြည်ထောင်စုဝန်ကြီး ဦးကျော်တင် နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန COVID-19 အသက်ရှူလမ်းကြောင်းဆိုင်ရာ ကူးစက်ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးလုပ်ငန်းအဖွဲ့၏ ဒုတိယအကြိမ် အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ သတင်းစဉ်

# နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန COVID-19 အသက်ရှူလမ်းကြောင်းဆိုင်ရာ ကူးစက်ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးလုပ်ငန်းအဖွဲ့၏အစည်းအဝေးကျင်းပ

**နေပြည်တော် မတ် ၃၀**

နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန COVID-19 အသက်ရှူလမ်းကြောင်းဆိုင်ရာ ကူးစက်ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးလုပ်ငန်းအဖွဲ့၏ ဒုတိယအကြိမ်အစည်းအဝေးကို ယနေ့ မွန်းလွဲ ၂ နာရီတွင် နိုင်ငံခြားရေးဝန်ကြီးဌာန၌ ကျင်းပရာ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင် တက်ရောက်သည်။

အဆိုပါအစည်းအဝေးသို့ လုပ်ငန်းအဖွဲ့ ဥက္ကဋ္ဌ နိုင်ငံခြားရေးဝန်ကြီးဌာန၊ အမြဲတမ်းအတွင်းဝန်၊ ဦးစီးဌာနများမှ *စာမျက်နှာ ၃ ကော်လံ ၁* ❑

# Quarantine ဝင်ရသူများအတွက် "စောစောပြော" Mobile App ရေးဆွဲ

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၏ လမ်းညွှန်မှုဖြင့် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် နည်းပညာရှင် လူငယ် ကိုထူးမြင့်နောင် (Technomation) တို့ ပူးပေါင်းပြီး Quarantine လုပ်သူများအတွက် "စောစောပြော" Mobile App ကို ရေးဆွဲခဲ့ပြီးဖြစ်ကြောင်း သိရသည်။

အဆိုပါ Mobile App ကို ကိုရီးယားသမ္မတနိုင်ငံ အပါအဝင် အခြားနိုင်ငံများမှ COVID-19 နှင့် ပတ်သက်ပြီး ရေးဆွဲအသုံးပြုနေသည့် Mobile App များကို နမူနာယူပြီး မြန်မာနိုင်ငံ၏အနေအထား၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ လိုအပ်ချက်များနှင့် ကိုက်ညီအောင် ရေးဆွဲထားခြင်းဖြစ်သည်။

မိုဘိုင်းအယ်ပလီကေးရှင်းစနစ် ရည်ရွယ်ချက်နှင့် ပတ်သက်ပြီး ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်အေးအေးစိန်၏ ရှင်းလင်းပြောကြားချက်များကို ဖော်ပြလိုက်ပါသည် –

"ဒီ App ရဲ့ ရည်ရွယ်ချက်ကတော့ ရောဂါဖြစ်ပွားရာ (သို့မဟုတ်) နိုင်ငံခြားကနေ ပြန်ရောက်လာတဲ့သူတစ်ဦးအနေနဲ့ မဖြစ်မနေ သတင်းပို့တာတွေ၊ သီးခြားခွဲခြားနေထိုင်တာတွေ၊ အသွားအလာကန့်သတ်ခြင်း(Quarantine)ပြုလုပ်ခြင်းဖြင့် မိမိကိုယ်တိုင် ရောဂါဖြစ်ပွားလာရင် စောစီးစွာသိရှိပြီးတော့ ထိရောက်တဲ့ကုသမှုတွေ ခံယူရန် အသက်သေဆုံးခြင်းမှ ကာကွယ်နိုင်မယ့်အပြင် သူ့ရဲ့မိသားစုဝင်တွေ၊ သူနဲ့အတူနေသူတွေ၊ မိမိရဲ့ နေထိုင်ရာ *စာမျက်နှာ ၅ ကော်လံ ၁* ❖

**တိုင်ကြားပေးပို့လာသော မူးယစ်ဆေးဝါး သတင်းများနှင့် စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများထုတ်ပြန်**

စာ ၈

**COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့် ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း**

(၃၀-၃-၂၀၂၀) ရက်နေ့၊ ည (၇:၃၀) နာရီ

စာ ၁၅




မြန်မာ့အလင်း

# ဗိုင်းရပ်စ်ပျံ့နှံ့မှုကာကွယ်ရေးအတွက် ထိန်းချုပ်ကန့်သတ်စောင့်ကြည့်မှု

ကိုဗစ် -၁၉ ရောဂါကူးစက်ခံရကြောင်း ဓာတ်ခွဲအတည်ပြုလူနာ နှစ်ဦးကို စတင်တွေ့ရှိခဲ့ရသည့် မတ်လ ၂၃ ရက်နေ့မှစတင်၍ မတ်လ ၃၀ ရက်အထိ ရက်သတ္တတစ်ပတ်အတွင်း အတည်ပြုလူနာ ၁၄ ဦးအထိ ရှိလာခဲ့ပြီဖြစ်သည်။ အစောပိုင်းတွင်အတည်ပြုလူနာများအဖြစ် အမေရိကန်၊ အင်္ဂလန်၊ ဆွစ်ဇာလန် စသည့်နိုင်ငံများမှ ဝင်ရောက်လာသူများ ကူးစက်ခံလာရခြင်းကို တွေ့ရှိခဲ့ရပြီး မတ်လ ၂၉ ရက်နေ့တွင်မူ ထိုင်းနိုင်ငံမှ ဝင်ရောက်လာသူ တစ်ဦးနှင့် ပြည်ပခရီးသွားရောက်ခဲ့ခြင်း မရှိသူတစ်ဦးတို့တွင် ဗိုင်းရပ်စ်ကူးစက်ခံထားရကြောင်း တွေ့ရှိလာရခြင်းဖြစ်သည်။

မြန်မာနိုင်ငံ၏ အိမ်နီးချင်းနိုင်ငံတစ်နိုင်ငံဖြစ်သည့် ထိုင်းနိုင်ငံသည် ပြည်ပသို့ သွားရောက်အလုပ်လုပ်ကိုင်ကြသည့် မြန်မာရွှေ့ပြောင်းအလုပ်သမား ၉၀ ရာခိုင်နှုန်းကျော် အလုပ်လုပ်နေကြသည့် နိုင်ငံဖြစ်သည်။ လုပ်ကိုင်ရသည့် လုပ်ငန်းချင်းတူလျှင်ပင် ပြည်တွင်းအလုပ်အကိုင်များထက်လည်း လစာပိုမိုရရှိသည့် အားသာချက်ကြောင့် မြန်မာအလုပ်သမားဦးရေ သုံးသန်းကျော် ထိုင်းတွင် အလုပ်လုပ်နေကြသည့်အနက် တစ်သန်းကျော်တို့မှာ တရားမဝင် အလုပ်လုပ်နေကြသူများဖြစ်ကြသည်။ ထို့အပြင် ထိုင်းရောက် မြန်မာရွှေ့ပြောင်းအလုပ်သမားအများစုမှာ ညစ်ပတ်သော အလုပ်၊ အန္တရာယ်များသည့် အလုပ်၊ လူအများစုမလုပ်ချင်သည့် အလုပ်မျိုးများကို လုပ်ကိုင်နေကြရခြင်းလည်းဖြစ်သည်။ ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါ ထိုင်းနိုင်ငံသို့ ဝင်ရောက်ကူးစက်လာခဲ့ပြီးနောက် ထိုင်းအစိုးရက ရောဂါကာကွယ်ထိန်းချုပ်နိုင်ရေးအတွက် ကန့်သတ်တားဆီးပိတ်ဆို့မှုများပြုလုပ်ခဲ့ခြင်း၊ ကောလာဟလများကလည်း ပျံ့နှံ့လာခြင်း စသည့်အကြောင်းများကြောင့် ထိုင်းရောက် မြန်မာများ မြန်မာနိုင်ငံအတွင်းသို့ အလုံးအရင်းဖြင့် ပြည်တော်ပြန်ခဲ့ကြရာမှ ကိုဗစ်-၁၉ ဗိုင်းရပ်စ် ကူးစက်ခံထားရသူများပါ ပါဝင်လာပြီး နိုင်ငံအတွင်း ကပ်ရောဂါအသွင်ဖြစ်ပေါ်လာနိုင်သည့် အန္တရာယ်အလားအလာ မြင့်တက်လာခဲ့ခြင်းဖြစ်သည်။

အစောပိုင်းတွင် နယ်စပ်ဂိတ်များမှ ပြည်တွင်းသို့ ပြန်လည်ဝင်ရောက်လာသူများကို ၎င်းတို့၏ နေရပ်ဒေသအသီးသီးသို့ တိုက်ရိုက်ပြန်ခွင့်ပြုခဲ့သော်လည်း ၎င်းတို့ ဖြတ်သန်းသွားရသည့် လမ်းတစ်လျှောက်တွင် ကိုဗစ်-၁၉ ရောဂါကူးစက်ပျံ့နှံ့နိုင်သည့် အခြေအနေများ ဖြစ်ပေါ်လာခြင်းကြောင့် ယခုအခါတွင် ပြည်တွင်းသို့ ပြန်လည်ဝင်ရောက်လာသူများအား နိုင်ငံတော်အစိုးရက စီစဉ်ပေးထားသည့် သတ်မှတ်နေရာများတွင် ထိန်းချုပ်ကန့်သတ်စောင့်ကြည့်မှု(Quarantine) ကို ၁၄ ရက်ကြာ မဖြစ်မနေ ပြုလုပ်သွားတော့မည်ဖြစ်သည်။ ကူးစက်မြန်ကပ်ရောဂါတစ်ခုအတွက် သွားလာမှုကန့်သတ်ထိန်းချုပ်ခြင်းကသာ ရောဂါကူးစက်ပျံ့နှံ့မှုကို အထိရောက်ဆုံး ဟန့်တားနိုင်ပြီး ရောဂါအစပျိုးချိန် ၁၄ ရက်အတွင်း ရောဂါပေါ်ပေါက်လာပါက ကုသမှုခံယူနိုင်မည်ဖြစ်သလို ကန့်သတ်ရက်အတွင်း ရောဂါတစ်စုံတစ်ရာ မဖြစ်ပါကလည်း သံသယကင်းစင် စိတ်လန်းရွှင်စွာဖြင့် ဇာတိရပ်ရွာအိမ်ဂေဟာဆီသို့ ပြန်နိုင်ကြမှာဖြစ်သည်။

လက်ရှိအခြေအနေတွင် နိုင်ငံတော်အစိုးရက ထိုင်းမှ နောက်ထပ် ဝင်ရောက်လာမည့်သူများအတွက် ထိန်းချုပ်ကန့်သတ်စောင့်ကြည့်မှု ပြုလုပ်မည့်နေရာများ ထပ်မံတိုးချဲ့စီစဉ်ဆောင်ရွက်နေဆဲဖြစ်သဖြင့် နယ်စပ်ဂိတ်များမှ ပြန်လည်ဝင်ရောက်မည့်သူများကို နောက်ထပ် ရက်သတ္တနှစ်ပတ်စောင့်ဆိုင်းပြီး ဧပြီလ ၁၅ ရက်နေ့ နောက်ပိုင်းမှ ပြန်လည်ဝင်ရောက်ရန် ပန်ကြားချက်ထုတ်ပြန်ထားသည်။ ရောဂါကူးစက်ဖြစ်ပွားနေသည့် နိုင်ငံမှ ပြည်တွင်းသို့ ပြန်လည်ဝင်ရောက်လာသူများ ကိုဗစ်-၁၉ နှင့်ပတ်သက်၍ ကျန်းမာရေးအသိပညာမြင့်မားနေရန် အဓိက လိုအပ်မည်ဖြစ်သလို ၎င်းတို့အား အသွားအလာကန့်သတ်ရာတွင် ကြီးကြပ်ဆောင်ရွက်ပေးကြသည့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၏ ပေါင်းစပ်ဆောင်ရွက်မှု အားကောင်းခြင်း၊ ဒေသရပ်ရွာနေပြည်သူများ၏ စိတ်စေတနာနှင့် သဒ္ဓါတရားထက်သန်မှု၊ ပူးပေါင်းဆောင်ရွက်မှုတို့ ကောင်းမွန်ခြင်းတို့က ကမ္ဘာ့ကပ်ရောဂါ ကာကွယ်ထိန်းချုပ်ရေးအောင်မြင်မှုအတွက် အရေးပါသည့်သော့ချက်များဟု ယုံကြည်မိပါကြောင်း။ ။

# Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီသို့ အများပြည်သူများမှ အလှူငွေများ ထည့်ဝင်လှူဒါန်းနိုင်ရေးအတွက် အသိပေးမေတ္တာရပ်ခံခြင်း

၁။ တစ်ကမ္ဘာလုံးဆိုင်ရာကပ်ရောဂါ (Pandemic) အဖြစ် ထုတ်ပြန်ထားသော Coronavirus Disease 2019 (COVID-19) နှင့် ပတ်သက်၍ မြန်မာနိုင်ငံအတွင်း ဝင်ရောက်ကူးစက်ပြန့်ပွားမှု မရှိစေရေးအတွက် ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာလုပ်ငန်းများအား နိုင်ငံတော်မှ အမျိုးသားအဆင့်အနေဖြင့် သတ်မှတ်၍ အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက် ရှိပါသည်။

၂။ ၎င်းအပြင် (၁၆-၃-၂၀၂၀) ရက်နေ့တွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်မှ ပြည်သူလူထုသို့ အစီရင်ခံတင်ပြ သည့် မိန့်ခွန်းတွင် Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ရန်ပုံငွေတစ်ရပ် ထူထောင်ရာတွင် ပြည်သူလူထုအနေဖြင့် တတ်နိုင်သမျှ ပူးပေါင်းပါဝင်ထည့်ဝင် လှူဒါန်းသွားရန် တိုက်တွန်းနှိုးဆော်ခဲ့ပြီး ဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများ ပိုမိုအောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ကုမ္ပဏီများ၊ အသင်းအဖွဲ့များနှင့် ပြည်သူလူထုတစ်ဦးချင်းအနေဖြင့် တတ်အားသရွေ့ အလှူငွေများ ပါဝင်လှူဒါန်းလိုပါက အောက်ဖော်ပြပါ ဘဏ်များတွင် ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း အသိပေးမေတ္တာရပ်ခံအပ်ပါသည် -

| | | | |
|---|---|---|---|
| (က) | မြန်မာ့စီးပွားရေးဘဏ် | - မြန်မာကျပ်ငွေစာရင်းအမှတ် | - CF 004880 |
| | | နိုင်ငံခြားငွေစာရင်းအမှတ် | - EDN 600010 |
| (ခ) | ကမ္ဘောဇဘဏ် | - မြန်မာကျပ်ငွေစာရင်းအမှတ် | - 034 103 034 0232 8301 |
| | | နိုင်ငံခြားငွေစာရင်းအမှတ် | - 034 109 034 0232 8301 |
| (ဂ) | ရေဝတီဘဏ် | - မြန်မာကျပ်ငွေစာရင်းအမှတ် | - A/C 000 110 501 002 5635 |
| | | နိုင်ငံခြားငွေစာရင်းအမှတ် | - A/C 000 110 503 000 0425 |
| (ဃ) | CB ဘဏ် | - မြန်မာကျပ်ငွေစာရင်းအမှတ် | - 0093 1005 0000 1333 |
| | | နိုင်ငံခြားငွေစာရင်းအမှတ် | - 0093 1012 0000 2957 |

၄။ ဆေးဝါးများ၊ ဆေးရုံသုံးပစ္စည်းများ/ စက်ကိရိယာများအား လှူဒါန်းလိုပါက ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ဝန်ကြီးရုံးနှင့် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးရှိ ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူးရုံးများ၊ နီးစပ်ရာပြည်သူ့ဆေးရုံကြီးများ၊ ဆေးရုံများသို့ တိုက်ရိုက်ဆက်သွယ်လှူဒါန်းနိုင်ကြပါသည်။

**Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအမျိုးသားအဆင့်ဗဟိုကော်မတီ**

# Coronavirus Disease 2019(COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီသို့ အများပြည်သူများမှ အလှူငွေများ ထည့်ဝင်လှူဒါန်းမှုစာရင်း

ကမ္ဘာလုံးဆိုင်ရာ ကပ်ရောဂါ (Pandemic)အဖြစ် ထုတ်ပြန်ထားသော Coronavirus Disease 2019(COVID-19)နှင့်ပတ်သက်၍ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာလုပ်ငန်းများအား နိုင်ငံတော်မှ အမျိုးသားအဆင့်အနေဖြင့် သတ်မှတ်၍ အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိရာ လုပ်ငန်းများ ပိုမိုအောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ကုမ္ပဏီများ၊ အသင်းအဖွဲ့များနှင့် ပြည်သူလူထုတစ်ဦးချင်း အနေဖြင့် ၂၀၂၀ ပြည့်နှစ် မတ်လ ၃၀ ရက်နေ့၊ (၁၅:၃၀)နာရီအထိ အောက်ဖော်ပြပါအတိုင်း အလှူငွေများကို စေတနာထက်သန်စွာဖြင့် လှူဒါန်းမှုပြုခဲ့ကြပါသည်-

**COVID-19 ကာကွယ် ထိန်းချုပ် ကုသရေးလုပ်ငန်းများအတွက် ဗဟိုကော်မတီသို့ လှူဒါန်းသော အလှူရှင်များစာရင်း (၃၀.၃.၂၀၂၀) (၁၅:၃၀)နာရီ**

| စဉ် | အလှူရှင်အမည် | ကျပ်(သိန်းပေါင်း) |
|---|---|---|
| ၁ | မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များ အသင်းချုပ် | ၁၀၀၀.၀၀ |
| ၂ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီဝင်များ၏ စုပေါင်းအလှူ | ၅၀၀.၀၀ |
| ၃ | ဦးသက်လင်း+ဒေါ်သီသီတင်(TZTM Group of Companies and Mingalar Thiri Hotel, Nay Pyi Taw)မိသားစု | ၃၀၀.၀၀ |
| ၄ | ကံပွင့်ဦးကျောက်မျက်ကုမ္ပဏီ | ၁၇၆.၅၀ |
| ၅ | ရတနာရောင်ခြည်ကျောက်မျက်ကုမ္ပဏီ | ၁၇၆.၅၀ |
| ၆ | မြဥယျာဉ်ကျောက်မျက်ကုမ္ပဏီ | ၁၇၆.၅၀ |
| ၇ | နေမင်းကမ္ဘာကျောက်မျက်ကုမ္ပဏီ | ၁၇၆.၅၀ |
| ၈ | ရွှေရတနာကျောက်မျက်ကုမ္ပဏီ | ၁၇၆.၅၀ |
| ၉ | မြန်မာသူရကျောက်မျက်ကုမ္ပဏီ | ၁၇၆.၅၀ |
| ၁၀ | ချောင်းဘရားသားစ်ကျောက်မျက်ကုမ္ပဏီ | ၁၇၆.၅၀ |
| ၁၁ | ကချင်တိုင်းရင်းသားဖွံ့ဖြိုးတိုးတက်ရေး ကျောက်မျက်ကုမ္ပဏီ | ၁၇၆.၅၀ |
| ၁၂ | ယူနတီ ကျောက်မျက်ကုမ္ပဏီ | ၁၇၆.၅၀ |
| ၁၃ | ရတနာကြယ်ကျောက်မျက်ကုမ္ပဏီ | ၁၇၆.၅၀ |
| ၁၄ | ပိုင်ဖြိုးသီဟကျောက်မျက်ကုမ္ပဏီ | ၁၇၆.၅၀ |
| ၁၅ | ကျောက်မျက်ရွှေပြည်ကျောက်မျက်ကုမ္ပဏီ | ၁၇၆.၅၀ |
| ၁၆ | မျိုးနွယ်ကျောက်မျက်ကုမ္ပဏီ | ၁၇၆.၅၀ |
| ၁၇ | လင်းလက်ဝင်းကျောက်မျက်ကုမ္ပဏီ | ၁၇၆.၅၀ |
| ၁၈ | ရတနာအဓိပတိကျောက်မျက်ကုမ္ပဏီ | ၁၇၆.၅၀ |
| ၁၉ | ရတနာဆင်သီရိကျောက်မျက်ကုမ္ပဏီ | ၁၇၆.၅၀ |
| ၂၀ | ကျောက်စိမ်းသစ်ရွက်ကျောက်မျက်ကုမ္ပဏီ | ၁၇၆.၅၀ |
| ၂၁ | Mya Htike Company Limited မိသားစုနှင့် သူငယ်ချင်းများ | ၁၆၄.၈၀ |
| ၂၂ | ဆောက်လုပ်ရေးဝန်ကြီးဌာန | ၁၀၀.၀၀ |
| ၂၃ | တရုတ်ပြည် ပညာတော်သင်ကျောင်းသူကျောင်းသားများ စုပေါင်းအလှူ | ၇၈.၄၀ |
| ၂၄ | ပတ္တမြားနဂါးကျောက်မျက်ကုမ္ပဏီ | ၅၀.၀၀ |
| ၂၅ | ကျောက်စိမ်းနဂါးကျောက်မျက်ကုမ္ပဏီ | ၅၀.၀၀ |
| ၂၆ | ဦးသိန်းထွန်း+သုဓမ္မသိင်္ဂီဒေါ်ခင်အုံး ရွှေပြည့်စုံသင်္ကန်းပိတ်လိပ်ဖြန့်ချိရေးမိသားစု | ၃၀.၀၀ |
| | **စုစုပေါင်း** | ၅၂၇၃.၇၀ |

ကျန်ရှိသော လှူဒါန်းငွေများနှင့် ဆေးရုံသုံးပစ္စည်း/ စက်ကိရိယာများ ထည့်ဝင်လှူဒါန်းမှုများကို ဆက်လက်အသိပေးထုတ်ပြန်သွားမည်ဖြစ်ပါကြောင်း အသိပေး ဖော်ပြအပ်ပါသည်-

**Coronavirus Disease 2019(COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီ**

# မြန်မာ့ရိုးရာမဟာသင်္ကြန်ရုံးပိတ်ရက်ကာလအတွင်း မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ အထူးအစီအစဉ်များ ပြသသွားမည်

**နေပြည်တော် မတ် ၃၀**

၂၀၂၀ ပြည့်နှစ် ဧပြီ ၁၀ ရက်မှ ၁၉ ရက်အထိ မြန်မာ့ရိုးရာ မဟာသင်္ကြန် ရုံးပိတ်ရက် ကာလအတွင်း မူလပြသနေသည့် ရုပ်သံဇာတ်လမ်းတွဲများအပြင် မိသားစုနှင့်အတူ အပန်းဖြေအနားယူကြမည့် မိဘပြည်သူများအတွက် အထူးအစီအစဉ်အဖြစ် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ထင်ရှားကျော်ကြားသည့် မြန်မာ့ရုပ်ရှင်ဇာတ်ကားကောင်းများ၊ သင်္ကြန်နှင့်ပတ်သက်သည့် ရုပ်ရှင်နှင့် ဗီဒီယိုဇာတ်ကားကောင်းများကို နေ့စဉ် နေ့လယ်ပိုင်းနှင့် ညပိုင်းတွင် လည်းကောင်း၊ ရုပ်သံဇာတ်လမ်းတွဲများကို နံနက်ပိုင်းနှင့် ညနေပိုင်းများတွင် လည်းကောင်း ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

**၂၀၂၀ ပြည့်နှစ် သင်္ကြန်ကာလအတွင်း ပြသမည့် နိုင်ငံခြားနှင့် မြန်မာဇာတ်လမ်းတွဲများ**

| စဉ် | ဇာတ်လမ်းတွဲအမည် | ပြသချိန် | မှတ်ချက် |
|---|---|---|---|
| ၁ | နတ်ဆိုးမလေးရဲ့ကိုယ်ရံတော် (ထိုင်း) | ညနေ ၄:၃၀ နာရီမှ ၅:၃၀ နာရီထိ | ၁၀.၄.၂၀၂၀ မှ ၂၇.၄.၂၀၂၀ ထိ နေ့စဉ်(၁)နာရီ |
| ၂ | Flowers and Butterflies (မြန်မာ) | နံနက် ၁၀:၃၀ နာရီမှ ၁၁:၃၀ နာရီထိ | ၁.၄.၂၀၂၀ မှ ၃၀.၄.၂၀၂၀ ထိ နေ့စဉ်(၁)နာရီ |

# ပြည်သူသာလျှင် အဓိက

## “ပြည်ပမှ COVID-19 ကူးစက်ပြန့်ပွားမှုများ ကာကွယ်တားဆီး ထိန်းချုပ်ရေးအတွက် နိုင်ငံတကာနှင့်ပူးပေါင်းဆောင်ရွက်ရေး၊ ဝန်ကြီးဌာနများအကြား ညှိနှိုင်းဆောင်ရွက်ပေးရေး၊ သံတမန်များအပါအဝင် နိုင်ငံခြားသားများနှင့် ပြည်ပရောက် မြန်မာနိုင်ငံသားများအရေးကိစ္စများ ကူညီပံ့ပိုးပေးရေးအတွက် ညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိ”

❑ *ရှေ့ဖုံးမှ*

ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်နှင့် လုပ်ငန်းအဖွဲ့ အဖွဲ့ဝင်များမှ တက်ရောက်ကြသည်။

**တိတိကျကျလိုက်နာ**

အစည်းအဝေးတွင် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်က အမှာစကားပြောကြားရာတွင် မိမိတို့အနေဖြင့် COVID-19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီတွင် အတွင်းရေးမှူး(၁) တာဝန်ယူထားသည့်အလျောက် ပြည်ပမှ COVID-19 ကူးစက်ပြန့်ပွားမှုများ ကာကွယ်တားဆီး ထိန်းချုပ်ရေးအတွက် နိုင်ငံတကာနှင့်ပူးပေါင်းဆောင်ရွက်ရေး၊ ဝန်ကြီးဌာနများအကြား ညှိနှိုင်းဆောင်ရွက်ပေးရေး၊ သံတမန်များအပါအဝင် နိုင်ငံခြားသားများနှင့် ပြည်ပရောက် မြန်မာနိုင်ငံသားများအရေးကိစ္စများ ကူညီပံ့ပိုးပေးရေးအတွက် ညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ အမျိုးသားအဆင့်ဗဟိုကော်မတီမှ ချမှတ်ထားသည့် လမ်းညွှန်ချက်များနှင့် ဆောင်ရွက်ရမည့် အစီအမံများအား အချိန်နှင့်တစ်ပြေးညီ တစ်ဆင့်ပြီးတစ်ဆင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ရှေးဦးစွာ ရောဂါကူးစက်ပြန့်ပွားမှုနှုန်း မြင့်မားသည့်နိုင်ငံများမှ လာရောက်မည့် ခရီးသွားများအတွက် ခရီးသွားလာခြင်းဆိုင်ရာ ကန့်သတ်မှုများထုတ်ပြန်ခြင်း၊ ဆိုက်ရောက်ဗီဇာ(VOA)နှင့် အီလက်ထရောနစ်ဗီဇာ(E-Visa) ထုတ်ပေးမှု ရပ်ဆိုင်းခြင်း၊ မည်သည့်နိုင်ငံခြားသားမဆို COVID-19 ကင်းရှင်းကြောင်း ဆေးလက်မှတ်ပါမှ ဝင်ခွင့်ပြုခြင်း၊ နယ်စပ်ဂိတ်များမှတစ်ဆင့် ပြည်ဝင်ဗီဇာဖြင့် မြန်မာနိုင်ငံသို့ လာရောက်မည့် နိုင်ငံခြားသားများအား ပြည်ဝင်ခွင့် ရပ်ဆိုင်းခြင်း စသဖြင့် အဆင့်ဆင့်တားဆီးပိတ်ပင်မှုနှင့် ကန့်သတ်မှုများပြုလုပ်ခဲ့ပြီးနောက် နောက်ဆုံးအခြေအနေအရ မတ် ၂၈ ရက်မှစ၍ ပြည်ပမှ ပြည်တွင်းသို့ ရောဂါကူးစက်မှုအန္တရာယ်မှ တားဆီးဟန့်တားနိုင်ရေးအတွက် ပြည်ဝင်ဗီဇာထုတ်ပေးခြင်းကို လုံးဝရပ်ဆိုင်းခဲ့ခြင်းတို့ကို ဆောင်ရွက်ခဲ့ပြီးဖြစ်ပါကြောင်း၊ ထို့အတူ ဆက်လက်၍လည်း နိုင်ငံတကာမှ ကာကွယ်၊ ထိန်းချုပ် ကုသရေး အစီအမံများကို မျက်ခြည်မပြတ် စောင့်ကြည့်၍ မြန်မာနိုင်ငံ၏ အခြေအနေနှင့် ကိုက်ညီမည့် အစီအမံများကို အမျိုးသားအဆင့် ဗဟိုကော်မတီသို့ တင်ပြအကြံပြုဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ တစ်ဆက်တည်းမှာပင် နိုင်ငံတကာဆက်ဆံရေးရှုထောင့်မှ စဉ်းစားသုံးသပ်လျက် ရောဂါကာကွယ်ရေးအတွက် လိုအပ်သည့် အစီအမံများကိုထိရောက်စွာ ပိုမိုတိုးမြှင့်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံအခြေစိုက်သံတမန်များနှင့် ကုလသမဂ္ဂ ဝန်ထမ်းများအားလည်း COVID-19 နှင့်ပတ်သက်၍ ဆောင်ရွက်နေသည့် အစီအမံများ၊ ၎င်းတို့သိရှိလိုသည့် အချက်များအား စဉ်ဆက်မပြတ်အသိပေးရေး ဆောင်ရွက်ကြရန်နှင့် မိမိတို့ဝန်ကြီးဌာနအတွင်း ဝန်ထမ်းများ၏ကျန်းမာရေးအတွက် ရောဂါကာကွယ်ရေးဆိုင်ရာ ကြိုတင်ကာကွယ်မှုများ တိုးမြှင့်ပြုလုပ်ကြရန်၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် လမ်းညွှန်ချက်များနှင့် ညွှန်ကြားချက်များကို ဝန်ထမ်းတစ်ဦးချင်းစီမှ တိတိကျကျလိုက်နာဆောင်ရွက်ရန်၊ မိမိတို့၏ မိသားစုများ၊ မိမိတို့ရုံး၏ လူမှုအသိုက်အဝန်းကိုလည်း လက်ဆင့်ကမ်းအသိပညာပေးမှုများ ဆောင်ရွက်သွားရန် လိုအပ်ပါကြောင်းဖြင့် ပြောကြားသည်။

**အစီအမံများချမှတ်**

ဆက်လက်၍ လုပ်ငန်းအဖွဲ့ကော်မတီဥက္ကဋ္ဌ နိုင်ငံခြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်က အမျိုးသားအဆင့် ဗဟိုကော်မတီ၏ လမ်းညွှန်ချက်များနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး တက်ရောက်လာကြသည့် ညွှန်ကြားရေးမှူးချုပ်များနှင့် အဖွဲ့ဝင်များက သက်ဆိုင်ရာအခန်းကဏ္ဍအလိုက် ဆွေးနွေးတင်ပြခဲ့ကြရာ ကမ္ဘာ့နိုင်ငံအသီးသီးမှ ဆောင်ရွက်လျက်ရှိသည့် COVID-19 ရောဂါကာကွယ် ထိန်းချုပ်ရေးဆိုင်ရာ အစီအမံများနှင့် COVID-19 ရောဂါပြန့်ပွားမှုနှင့်အတူ ဖြစ်ပေါ်လာသော စီးပွားရေး ဂယက်ရိုက်ခတ်မှုများကြောင့် နိုင်ငံအလိုက် စီးပွားရေးလုပ်ငန်းများ ထိခိုက်မှုအခြေအနေ၊ စီမံဖြေရှင်းဆောင်ရွက်လျက်ရှိသည့် အစီအမံများနှင့်စပ်လျဉ်း၍ လေ့လာသုံးသပ်၍ မြန်မာနိုင်ငံအနေဖြင့် ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်မည့်အစီအမံများအား အမျိုးသားအဆင့် ဗဟိုကော်မတီသို့ စုစည်းတင်ပြရေး၊ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအတွက် လိုအပ်သော နိုင်ငံခြားအကူအညီများရရှိရေးအတွက် သက်ဆိုင်ရာ သံရုံးများ၊ အဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်ရေး၊ မြန်မာနိုင်ငံအတွင်း ရောက်ရှိနေသော နိုင်ငံခြားသားများအား ၎င်းတို့၏ သက်ဆိုင်ရာနိုင်ငံများသို့ ထွက်ခွာရေးအစီအစဉ်များ ဆောင်ရွက်ပေးရာတွင် လေယာဉ်ဖြတ်ကျော်ပျံသန်းခွင့်ရရှိရေးအပါအဝင် လိုအပ်သည့်အကူအညီများပံ့ပိုးပေးရေး၊ နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာနမှ ဝန်ထမ်းများနှင့် မိသားစုများအား ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ညွှန်ကြားချက်များနှင့်အညီ လိုက်နာစေရန်အတွက် အမိန့်ညွှန်ကြားချက်များထုတ်ပြန်ခြင်း၊ အသိပညာပေးခြင်း၊ ရောဂါကူးစက်ပြန့်ပွားမှု တားဆီးကာကွယ်ရေး အထောက်အကူပြုပစ္စည်းများ ထောက်ပံ့ခြင်းတို့ကို ဆောင်ရွက်ရေး၊ လုပ်ငန်းအဖွဲ့၏ လုပ်ငန်းတာဝန်များကို ထိထိရောက်ရောက်အကောင်အထည်ဖော်ဆောင်ရွက်ရေးအတွက် စနစ်ကျသည့် အစီအမံများချမှတ်ရေးတို့ကို ဆောင်ရွက်သွားရန် ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## မြန်မာနိုင်ငံပြန်တမ်း

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ခန့်ထားခြင်း**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းမှ ဒုတိယဦးဆောင်ညွှန်ကြားရေးမှူး ဦးဉာဏ်ထွန်းကို ယင်းလုပ်ငန်း၏ ဦးဆောင်ညွှန်ကြားရေးမှူးအဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

## နယ်စပ်ဂိတ်များမှတစ်ဆင့် မြန်မာနိုင်ငံသို့ ပြန်လည်ဝင်ရောက်မည့် မြန်မာနိုင်ငံသားများအား ပန်ကြားချက်

၁။ မြန်မာနိုင်ငံ၌ (၂၉-၃-၂၀၂၀) ရက်နေ့အထိ COVID-19 ရောဂါပိုးတွေ့ရှိသူ (၁၀)ဦး ရှိလာပြီး၊ ၎င်းတို့အနက် အသက်(၄၄)နှစ်အရွယ် မြန်မာနိုင်ငံသား အမျိုးသားတစ်ဦးသည် (၂၃-၃-၂၀၂၀) ရက်နေ့တွင် ထိုင်းနိုင်ငံမှ မြန်မာနိုင်ငံသို့ မြဝတီနယ်စပ်ဂိတ်မှတစ်ဆင့် ဝင်ရောက်ကာ မင်္ဂလာဒုံမြို့နယ်သို့ ရောက်ရှိနေထိုင်ခဲ့ပြီး (၂၉-၃-၂၀၂၀) ရက်နေ့ ဓာတ်ခွဲနမူနာအဖြေအရ COVID-19 ရောဂါပိုးရှိကြောင်း စစ်ဆေးတွေ့ရှိရပါသည်။

၂။ အဆိုပါအခြေအနေအရ နယ်စပ်ဂိတ်များမှ အစုလိုက်အပြုံလိုက် ပြန်လည်ဝင်ရောက်လာသူ အချင်းချင်းကြားတွင် လည်းကောင်း၊ ပြည်တွင်းတွင် နေထိုင်သူများထံသို့လည်းကောင်း ရောဂါကူးစက်ပြန့်ပွားပြီး ကပ်ရောဂါကြီးဖြစ်ပွားရန် အလားအလာ အလွန်များပြားနေပါသည်။

၃။ သို့ဖြစ်ပါ၍ နယ်စပ်ဂိတ်များမှ ပြည်တွင်းသို့ ပြန်လည်ဝင်ရောက်လာသူများအားလုံးကို မိမိတို့၏ နေရပ်ဌာနေများသို့ တိုက်ရိုက်ပြန်ခွင့်ပြုတော့မည်မဟုတ်ဘဲ နိုင်ငံတော်အစိုးရမှ စီစဉ်ပေးထားသော သတ်မှတ်နေရာများတွင်သာ ထိန်းချုပ် ကန့်သတ် စောင့်ကြည့်မှု (Quarantine) ပြုလုပ်ခြင်းကို (၁၄) ရက် မဖြစ်မနေ ခံယူကြရမည်ဖြစ်ပါသည်။

၄။ နိုင်ငံတော်အစိုးရအနေဖြင့် နောက်ထပ်ဝင်ရောက်လာမည့်သူများအတွက် ထိန်းချုပ်ကန့်သတ်စောင့်ကြည့်မှု (Quarantine) ပြုလုပ်ရန် နေရာထိုင်ခင်းများ ထပ်မံတိုးချဲ့ စီစဉ်ဆောင်ရွက်နေဆဲဖြစ်ပါသဖြင့် နယ်စပ်ဂိတ်များမှ ပြန်လည်ဝင်ရောက်လာမည့်သူများအနေဖြင့် မြန်မာနိုင်ငံအတွင်းသို့ နောက်ထပ် ရက်သတ္တ(၂)ပတ်ခန့် စောင့်ဆိုင်းပြီး (၁၅-၄-၂၀၂၀) ရက်နေ့ နောက်ပိုင်းမှသာ ပြန်လည်ဝင်ရောက်ကြပါရန် ပန်ကြားအပ်ပါသည်။

နိုင်ငံခြားရေးဝန်ကြီးဌာန
ရက်စွဲ၊ ၂၀၂၀ ပြည့်နှစ်၊ မတ်လ ၃၀ ရက်



ကမာရွတ်မြို့နယ် အမှတ် ၂ ရပ်ကွက်အတွင်း၌ COVID-19 ရောဂါကာကွယ်ထိန်းချုပ်ရေးအတွက် ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့နှင့် စံရိပ်ငြိမ် လူမှုကူညီရေးအသင်းတို့ ပူးပေါင်းကာ ရပ်ကွက်လုံးကျွတ် ကာကွယ်ဆေးဖျန်းမည့်အစီအစဉ်နှင့် ရပ်ကွက်အတွင်း COVID-19 စောင့်ကြည့်လူနာနှင့် သံသယလူနာများတွေ့ရှိပါက ရပ်ကွက်အုပ်ချုပ်ရေး၊ လူမှုရေးအဖွဲ့အစည်းများထံ အကူအညီတောင်းခံကြရန် မတ် ၃၀ ရက် ညနေပိုင်းက လိုက်လံနှိုးဆော်မှုများ ပြုလုပ်နေစဉ်။ ထင်ပေါ်ဝင်း(ကမာရွတ်)

## ဖလမ်းမြို့ရှိ နေအိမ်တွင် အကန့်အသတ်ဖြင့် ၁၄ ရက်ကြာ စောင့်ကြည့်ခံရသူများအား ကျန်းမာရေးစစ်ဆေး

ဖလမ်း မတ် ၃၀

ဖလမ်းမြို့အတွင်း တရုတ်၊ ကိုရီးယား၊ စင်ကာပူ၊ အိန္ဒိယ၊ ဖိလစ်ပိုင်နိုင်ငံများမှ ပြန်လာသူများနှင့် အမေရိကန်နိုင်ငံမှ အလည်လာသူများကို မတ် ၈ ရက်မှစ၍ နေအိမ်တွင် အကန့်အသတ်ဖြင့် ၁၄ ရက်ကြာ ကျန်းမာရေးဌာနမှ စောင့်ကြည့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။ (ယာပုံ)

နေအိမ်တွင် အကန့်အသတ်ဖြင့် စောင့်ကြည့်ပြည်သူများအား ဖလမ်းမြို့ ပြည်သူ့ဆေးရုံကြီး ဆေးရုံအုပ် ဒေါက်တာ တလွန်းကျုံးထန်းနှင့် ကျန်းမာရေးဝန်ထမ်းများက မတ် ၃၀ ရက် ညနေပိုင်းတွင် ကျန်းမာရေး စစ်ဆေးမှုများ ဆောင်ရွက်ပေးသည်။

ဖလမ်းမြို့၌ နေအိမ်တွင် အကန့်အသတ်ဖြင့် စောင့်ကြည့်ပြည်သူ ၃၇ ဦးရှိပြီး သံသယလူနာ မရှိသေးကြောင်း သိရသည်။ **ဝွန်(ပြန်/ဆက်)**



# COVID-19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီသို့ စေတနာရှင် ကုမ္ပဏီများ၊ အသင်းအဖွဲ့များ၊ တစ်ဦးချင်းအလှူရှင်များက အလှူငွေနှင့် ဆေးရုံသုံးပစ္စည်းများ ပေးအပ်လှူဒါန်း

**နေပြည်တော် မတ် ၃၀**

Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီ အတွင်းရေးမှူး(၂) ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးသည် ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည့် Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီသို့ စေတနာရှင် ကုမ္ပဏီများ၊ အသင်းအဖွဲ့များ တစ်ဦးချင်း အလှူရှင်များက အလှူငွေနှင့် ဆေးရုံသုံးပစ္စည်းများ ပေးအပ်ခြင်းအခမ်းအနားသို့ တက်ရောက်၍ လှူဒါန်းမှုများကို လက်ခံသည်။



### နိုင်ငံသားများပီသစွာဖြင့် ပါဝင်လှူဒါန်း

ရှေးဦးစွာ အလှူရှင်များကိုယ်စား မြန်မာနိုင်ငံ ကျောက်မျက်ရတနာလုပ်ငန်းရှင်များ အသင်းချုပ်၊ ဒုတိယဥက္ကဋ္ဌ ဦးနေဝင်းထွန်းက မိမိတို့အနေဖြင့် နိုင်ငံတော်နှင့် နိုင်ငံသားများ၏ ကျန်းမာရေးအတွက် လိုအပ်သည်များကို နိုင်ငံသားများပီသစွာဖြင့် ပါဝင်လှူဒါန်းခြင်းဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်က ယခုအခါ ချမ်းသာကြွယ်ဝပြီး ဘက်စုံဖွံ့ဖြိုးတိုးတက်နေသော နိုင်ငံများတွင် COVID–19 ရောဂါဖြစ်ပွားမှုနှင့် သေဆုံးမှုများ ဖြစ်ပွားနေသည်ကို တွေ့ရှိနေရပါကြောင်း၊ ကမ္ဘာ့နိုင်ငံများ၌ COVID–19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် အစိုးရနှင့် ပုဂ္ဂလိက လက်တွဲညီညီဖြင့် ပူးပေါင်းဆောင်ရွက်နေကြသည်ကို တွေ့ရှိရပါကြောင်း၊ မိမိတို့နိုင်ငံတွင် COVID–19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများကို "အရေးကြီးပြီ သွေးစည်းကြစို့" ဆောင်ပုဒ်နှင့်အညီ စည်းလုံးညီညွတ်စွာဖြင့် ဆောင်ရွက်ရာတွင် မိမိတို့အနေဖြင့်လည်း တတ်အားသရွေ့၊ အုတ်တစ်ချပ် သဲတစ်ပွင့် အနေဖြင့် ပါဝင်ခြင်းဖြစ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ယခုကဲ့သို့ လှူဒါန်းမှုအပေါ် ပြည်သူများကိုယ်စား ကျေးဇူးတင်ရှိပါကြောင်း၊ ပြည်သူများမှ လှူဒါန်းငွေများကို Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် အကျိုးရှိထိရောက်စွာ အသုံးချဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ COVID–19 ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသခြင်းလုပ်ငန်းများတွင် ပြည်သူများကိုယ်တိုင် မိမိကိုယ်ကို ရောဂါမကူးစက်စေရန်နှင့် မိမိမှတစ်ဆင့် အခြားသူများထံ ရောဂါမကူးစက်စေရန် နည်းလမ်းများကို လိုက်နာကျင့်သုံးခြင်းဖြင့် ထိရောက်နိုင်မည်ဖြစ်ပါကြောင်း ပြောကြားသည်။

### ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး၊ ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန်၊ အမြဲတမ်းအတွင်းဝန် ပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်းနှင့် ညွှန်ကြားရေးမှူးချုပ် (ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာန) ဒေါက်တာ စိုးဦးတို့က လှူဒါန်းမှုများကို လက်ခံခဲ့ပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

အခမ်းအနားတွင် မြန်မာနိုင်ငံ ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းချုပ်နှင့် ကျောက်မျက်ကုမ္ပဏီများက ငွေကျပ် ၄၁၀၀ ဒသမ ၅ သိန်းနှင့် ၁၄၂ ဒသမ ၆ သိန်းတန်ဖိုးရှိ ဆေးရုံသုံးပစ္စည်းများကိုလည်းကောင်း၊ TZTM Group of Companies and Mingalar Thiri Hotel မိသားစုက ငွေကျပ်သိန်း ၃၀၀ ကိုလည်းကောင်း၊ Mya Htike Company Limited မိသားစုက ငွေကျပ် ၁၆၄ ဒသမ ၈ သိန်းနှင့် ဆေးရုံသုံးပစ္စည်းများကို လည်းကောင်း၊ J– Mr. Yan Changzhi ZTE Co.Ltd က ငွေကျပ် ၁၁၂ သိန်းတန်ဖိုးရှိ test kit များကို လည်းကောင်း၊ ရွှေပြည့်စုံသင်္ကန်းပိတ်လိတ် ဖြန့်ချိရေးမိသားစုက ငွေကျပ် ၃၀ ဒသမ ၆ သိန်းကို လည်းကောင်း ပေးအပ်လှူဒါန်းသည်။

ညနေပိုင်းတွင် Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများ တွင် အသုံးပြုရန် လှူဒါန်းငွေကျပ် သိန်း ၅၀၀ ကို ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီမှ ဗဟိုအလုပ်အမှုဆောင်အတွင်းရေးမှူး ဦးပိုက်ထွေးနှင့် တာဝန်ရှိသူများက လာရောက်လှူဒါန်းရာ ပြည်ထောင်စုဝန်ကြီးက လက်ခံရယူခဲ့သည်။ (အပေါ်ပုံ)

သတင်းစဉ်




## တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံး၊ ဂျက်မားဖောင်ဒေးရှင်းနှင့် အလီဘာဘာဖောင်ဒေးရှင်းတို့မှ COVID-19 ကာကွယ်ထိန်းချုပ် ကုသရေးတွင် လိုအပ်သည့်ဆေးပစ္စည်းကိရိယာများ ထောက်ပံ့လှူဒါန်း

**ရန်ကုန် မတ် ၃၀**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသို့ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံး၊ ဂျက်မားဖောင်ဒေးရှင်းနှင့် အလီဘာဘာ ဖောင်ဒေးရှင်းတို့မှ COVID–19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးတွင် လိုအပ်သည့်ပစ္စည်းများ လှူဒါန်းသည့် အခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီက ရန်ကုန်မြို့၊ ပြည်ထောင်စုရိပ်သာလမ်းရှိ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးတွင် ကျင်းပသည်။

အခမ်းအနားတွင် COVID–19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအတွက် တရုတ်နှင့် မြန်မာနှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုများကို တရုတ် သံရုံး သံမှူးကြီး မစ္စလီရှောင်ယန်းက ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး၊ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသာထွန်းကျော်က အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ သာထွန်းကျော်က မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီး မစ္စတာ ချန်းဟိုင်ထံမှ လှူဒါန်းထားသော Detection Kits ၂၀၀၀ ကျော်၊ PPE အစုံ ၅၀၀၀၊ N95 Mask ၅၀၀၀၊ Surgical Mask နှစ်သိန်း အစရှိသည့် ပစ္စည်းများ လက်ခံရယူ၍ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ယင်းနောက် ဂျက်မားဖောင်ဒေးရှင်းနှင့် အလီဘာဘာဖောင်ဒေးရှင်း ကိုယ်စား Mr. Ron Aung က N95 Mask တစ်သိန်း၊ Detection Kits ၂၈၀၀၀ တို့အား ပေးအပ်ရာ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ဆေးသုတေသန ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ပါမောက္ခ ဒေါက်တာဇော်သန်းထွန်းက လက်ခံရယူ၍ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။ (အပေါ်ပုံ)

သတင်းစဉ်

## မြန်မာစတော့အညွှန်းကိန်းကျဆင်းခဲ့သော်လည်း စတော့ရောင်းအားကျဆင်းသွားခြင်းမရှိသေး

**ရန်ကုန် မတ် ၃၀**

COVID – 19 ရောဂါ ကူးစက်ပျံ့နှံ့မှု ဂယက်ကြောင့် မြန်မာစတော့အညွှန်းကိန်း ကျဆင်းခဲ့သော်လည်း စတော့ရောင်းအား သိသိသာသာကျဆင်းသွားခြင်း မရှိသေးကြောင်း ရန်ကုန်စတော့အိတ်ချိန်းမှ အမှုဆောင်အကြီးတန်း မန်နေဂျာ ဦးသက်ထွန်းဦးက ပြောသည်။

"COVID–19 ဂယက်ကြောင့် ကမ္ဘာ့စတော့အိတ်ချိန်းတွေမှာ စတော့ အညွှန်းကိန်းတွေ ဈေးနှုန်းတွေ ကျဆင်းခဲ့သလို ရန်ကုန်စတော့ အိတ်ချိန်းမှာလည်း စတော့အညွှန်းကိန်းတွေ ကျဆင်းခဲ့တာကို တွေ့ရပါတယ်။ မတ်လဆန်းကစပြီး မြန်မာစတော့အညွှန်းကိန်း MYANPIX ဟာ ၄၈၀ ပွိုင့်ကနေ ၄၂၀ ပွိုင့်အထိ ထိုးဆင်းခဲ့ပြီး တစ်လအတွင်း ၁၂ ရာခိုင်နှုန်းကျဆင်းခဲ့တာကို တွေ့ရပါတယ်။ စတော့ရောင်းအားကတော့ သိသိသာသာ ကျဆင်းသွားတာ မရှိသေးပါဘူး" ဟု ၎င်းက ပြောသည်။

၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလအတွင်း ရန်ကုန်စတော့အိတ်ချိန်း၌ တစ်ရက်လျှင် ပျမ်းမျှရောင်းအား ငွေကျပ်သန်း ၆၀ ရှိခဲ့ရာမှ ဖေဖော်ဝါရီလတွင် ငွေကျပ် သန်း ၁၀၀ အထိ မြင့်တက်လာခဲ့ပြီး ယခု မတ်လအတွင်း တစ်ရက်ပျမ်းမျှ ငွေကျပ်သန်း ၈၀ ခန့် အရောင်းအဝယ် ပြုလုပ်လျက်ရှိကြောင်း သိရသည်။ မတ် ၂၀ ရက်မှစပြီး ရန်ကုန်စတော့အိတ်ချိန်း၌ နိုင်ငံခြားသား ပါဝင်ရောင်းချခွင့်ပြုခဲ့သည့်အတွက် နိုင်ငံခြားသားအချို့ ဈေးကွက်တွင် ပါဝင်ရောင်းဝယ်လာကြသော်လည်း COVID–19 ဂယက်ကြောင့် နိုင်ငံခြားသား သွားလာမှု နည်းပါးကာ ဈေးကွက်တွင် ပါဝင်နိုင်မှု အားနည်းနေသေးကြောင်း သိရသည်။

ရန်ကုန် စတော့အိတ်ချိန်း၌ စတော့ရောင်းဝယ်မှုကို ယခင်က တစ်နာရီတစ်ကြိမ် ပြုလုပ်ခဲ့သော်လည်း မတ် ၂၆ ရက်မှစတင်ကာ နာရီဝက်လျှင် တစ်ကြိမ်နှုန်းဖြင့် တစ်နေ့လျှင် ခုနစ်ကြိမ်ပြုလုပ်ပေးလျက်ရှိကြောင်း သိရသည်။ ထို့ပြင် ရန်ကုန်စတော့အိတ်ချိန်းသို့ ဆဋ္ဌမမြောက် စာရင်းဝင်ကုမ္ပဏီအဖြစ် ဝင်ရောက်လာရန် စီစဉ်ထားသော EFR Public Company ၏ စာရင်းဝင်မည့်ရက်ကို မူလက မတ် ၂၀ ရက် သတ်မှတ်ထားသော်လည်း COVID–19 ဂယက်ကြောင့် မေလအတွင်း ရွှေ့ဆိုင်းလိုက်ကြောင်း သိရသည်။

စတော့ဈေးကွက်အခြေအနေနှင့် ပတ်သက်၍ ပြည်သူများ အသိပညာ တိုးပွားစေရေးအတွက် ရန်ကုန်စတော့အိတ်ချိန်းမှ တာဝန်ယူကျင်းပလေ့ရှိသော အများပြည်သူ အသိပညာပေး ဟောပြောပွဲများ၊ စတော့ဈေးကွက် အခြေခံသင်တန်းများ၊ လေ့လာရေး အစီအစဉ်များကို ခေတ္တရပ်နားထားပြီး ကူးစက်ရောဂါအခြေအနေ ကောင်းမွန်မှသာ ပြန်လည်ဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။

ထင်ပေါ်ဝင်း(ကမာရွတ်)
ဓာတ်ပုံ–လင်းညွန့်



# ဒုတိယဝန်ကြီး ဦးတင်လတ် COVID-19 ကြောင့် ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းအပေါ် သက်ရောက်မှုများကို ကုစားနိုင်ရေး ဟိုတယ်နှင့် ခရီးသွားအသင်းအဖွဲ့များနှင့် တွေ့ဆုံဆွေးနွေး



နေပြည်တော် မတ် ၃၀

ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင်လတ်သည် မတ် ၂၇ ရက်က COVID-19 ကြောင့် ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းအပေါ် သက်ရောက်မှုများကို ကုစားနိုင်ရေး မန္တလေးမြို့ မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းရှင်များအသင်း (မန္တလေးဇုန်)၊ ဟိုတယ်လုပ်ငန်းရှင်များအသင်း(မန္တလေးဇုန်)နှင့် မြန်မာနိုင်ငံစားသောက်ဆိုင်များအသင်း(မန္တလေးဇုန်)တို့မှ ဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများနှင့်လည်းကောင်း၊ မတ် ၂၈ ရက်တွင် ရန်ကုန်မြို့ မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌတို့နှင့် လည်းကောင်း၊ မတ် ၂၉ ရက်တွင် နေပြည်တော်၌ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းရှင်များအသင်း(နေပြည်တော်ဇုန်)နှင့် ဟိုတယ်လုပ်ငန်းရှင်များအသင်း (နေပြည်တော်ဇုန်)တို့မှ ဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများနှင့်လည်းကောင်း တွေ့ဆုံဆွေးနွေးသည်။ (ယာပုံ)

တွေ့ဆုံစဉ် ဒုတိယဝန်ကြီးက ယခုကြုံတွေ့နေရသည့် COVID – 19 ကာလတွင် ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းများသာမက ဆက်စပ်လုပ်ငန်းများအပေါ်တွင် များစွာထိခိုက်လျက်ရှိရာ သက်ဆိုင်ရာလုပ်ငန်းရှင်များ၊ ဝန်ထမ်းများ အခက်အခဲကြုံတွေ့နေရသည်ကို သိရှိပါကြောင်း၊ ထိုကဲ့သို့ ထိခိုက်မှုများကို နိုင်ငံတော်နှင့် ဝန်ကြီးဌာနမှ ထိရောက်စွာ ပံ့ပိုးပေးရန်အတွက် အချက်အလက်များ ကောက်ခံရန် ဆောင်ရွက်လျက်ရှိရာ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းရှင်များအပြင် ဆက်စပ်လုပ်ငန်းရှင်များအနေဖြင့် လုပ်ငန်းထိခိုက်ရမှုများကို စနစ်တကျ တင်ပြနိုင်ရန် လိုအပ်ပြီး သက်ဆိုင်ရာ အသင်းအဖွဲ့များက ထိရောက်စွာ ပူးပေါင်းပါဝင်ဆောင်ရွက်ရေး မေတ္တာရပ်ခံလိုပါကြောင်း။

ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော်၏ ကူညီပံ့ပိုးမှုရရှိစေရေးအတွက် အတတ်နိုင်ဆုံး ကူညီဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ နိုင်ငံတော်မှ COVID-19 ကြောင့် လတ်တလော စီးပွားရေးထိခိုက်မှုအများဆုံးခံစားရသည့် လုပ်ငန်းကဏ္ဍများအဖြစ် CMP လုပ်ငန်းများ၊ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းများနှင့် အသေးစား၊ အလတ်စားစီးပွားရေးလုပ်ငန်းများကို ဦးစားပေးကုစားရမည့် ကဏ္ဍများအဖြစ် သတ်မှတ်၍ ချေးငွေများထုတ်ချေးပေးရန် ဆောင်ရွက်လျက်ရှိရာ လိုအပ်မည့် ဘဏ္ဍာအရင်းအမြစ်ရရှိနိုင်ရေးအတွက် သက်ဆိုင်ရာလုပ်ငန်းအသီးသီး ဆောင်ရွက်နေမှုနှင့် လိုအပ်သည့် ကိန်းဂဏန်းများကို တိတိကျကျ ကောက်ခံထားရှိ တင်ပြရန် လိုအပ်ပါကြောင်း၊ ဝန်ကြီးဌာန လျာထားရန်ပုံငွေမှ ကျခံ၍ ခရီးသွားလုပ်ငန်းနယ်ပယ်ရှိ ဝန်ထမ်းများအတွက် အခြေခံသင်တန်းများ၊ မွမ်းမံသင်တန်းများနှင့် အရည်အသွေးမြှင့်သင်တန်းများ ပို့ချနိုင်ရန်သာမက ခရီးသွားလုပ်ငန်းနှင့် ဆက်စပ်နယ်ပယ်များမှ လက်လုပ်လက်စားလုပ်သားများကိုပါ ခရီးသွားဝန်ဆောင်မှု သင်တန်းများပို့ချသွားနိုင်ရန် ဟိုတယ်နှင့် ခရီးသွားဆိုင်ရာ အသင်းအဖွဲ့များနှင့် ဝန်ကြီးဌာနက ပူးပေါင်းဆောင်ရွက်သွားလိုပါကြောင်း ပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသည့် ဟိုတယ်နှင့် ခရီးသွားအသင်းအဖွဲ့များမှ ဥက္ကဋ္ဌများနှင့် အတွင်းရေးမှူးများက ၎င်းတို့၏ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်း ဆောင်ရွက်နေမှုများ၊ COVID-19 ကြောင့် လတ်တလော ကြုံတွေ့နေရသည့်အခက်အခဲများနှင့် COVID-19 အလွန်တွင် ဟိုတယ်နှင့် ခရီးသွားလုပ်ငန်း ပြန်လည်ဦးမော့လာရေး ဆောင်ရွက်ရန် လိုအပ်သည်များကို ဆွေးနွေးတင်ပြကြရာ ဒုတိယဝန်ကြီးက လိုအပ်သည်များ ဖြည့်စွက်ဆွေးနွေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**






ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန
ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်အေးအေးစိန်

❖ *ရှေ့ဖုံးမှ*

ရပ်ကွက်တို့ပါ ရောဂါကူးစက်မှု ကာကွယ်ဖို့အတွက် ရည်ရွယ်ပြီး အကောင်အထည်ဖော်ဆောင်ရွက်ခြင်း ဖြစ်ပါတယ်။

ရောဂါဖြစ်ပွားရာ (သို့မဟုတ်) နိုင်ငံခြားက ပြန်ရောက်လာသူတစ်ယောက်အနေနဲ့ မိမိတို့ဒေသမှာရှိတဲ့ ရပ်ကွက်ကျေးရွာအုပ်ချုပ်ရေးမှူးရုံး (သို့) နီးစပ်ရာ ကျန်းမာရေးဌာနများသို့ မပျက်မကွက် သတင်းပေးပို့ရန်လည်း လိုအပ်ပါတယ်။ ဒီစနစ်ကတော့ အသွားအလာကန့်သတ်ခြင်းခံနေရတဲ့ (Quarantine) လုပ်ခံနေရတဲ့သူတစ်ဦးအနေနဲ့ ရောဂါစောင့်ကြပ်ကြည့်ရှုခြင်းကို ကျွန်မတို့က လိုက်နာဆောင်ရွက်နေရစဉ် ကာလအတွင်းမှာ သူ့ရဲ့ကျန်းမာရေးအခြေအနေကို နေ့စဉ်စောင့်ကြည့်ပေးနေမယ့်စနစ်ဖြစ်ပါတယ်။ ကိုယ့်ရဲ့ ကျန်းမာရေးအခြေအနေကို Mobile App ဖုန်းကတစ်ဆင့် သတင်းပို့ရမှာဖြစ်ပါတယ်။ အဲဒီစနစ်မှာ ပူးပေါင်းပါဝင်ခြင်းအားဖြင့် မိမိရဲ့ မိသားစု၊ မိမိရဲ့ပတ်ဝန်းကျင်အပြင် မိမိနိုင်ငံကြီးကို ရောဂါဆိုးအန္တရာယ်ကနေပြီးတော့၊ ကူးစက်ဖြစ်ပွားမှုကနေပြီးတော့ ကာကွယ်နိုင်မှာဖြစ်ပါတယ်။

### လိုက်နာဆောင်ရွက်ရမယ့်အချက် ရှင်းလင်းပြောကြားမှာဖြစ်

အခုဆိုရင် ဒီ App ကို ရန်ကုန်တိုင်းဒေသကြီးအစိုးရနဲ့ လွှတ်တော်တာဝန်ရှိသူတွေ ၊ မြန်မာနိုင်ငံက ကွန်ပျူတာကျွမ်းကျင်သူတွေ နည်းပညာနဲ့ ကျွမ်းဝင်တဲ့ စေတနာ့ဝန်ထမ်းလူငယ်လေးတွေက ဝိုင်းဝန်းကူညီပံ့ပိုးမှာပဲဖြစ်ပါတယ်။ Quarantine လုပ်ထားတဲ့ နေရာတွေဖြစ်တဲ့ ဆေး၊ ဟိုတယ်၊ ဘုန်းကြီးကျောင်းတွေကအစ ဝိုင်းဝန်းကူညီ ဆောင်ရွက်နေကြတာဖြစ်ပါတယ်။ Quarantine ဒေသတွေသွားပြီး ဒီ App လေးကို ထည့်ပေးမှာဖြစ်ပါတယ်။ လေဆိပ်၊ မြဝတီနယ်စပ်စစ်ဆေးရေးဂိတ်တွေ၊ အခြားတိုင်းဒေသကြီးဂိတ်တွေမှာ ဒါကိုဆောင်ရွက်မှာဖြစ်ပါတယ်။ အိုကေလို့ နှိပ်လိုက်တာနဲ့ App မှာ ပါဝင်တဲ့ သတင်းအချက်အလက်တွေရယ်၊ ဒီ App နှင့်အတူ လိုက်နာဆောင်ရွက်ရမယ့်အချက်ကို ရှင်းလင်းပြောကြားသွားမှာပါ။

အဲဒါကိုလည်း မြန်မာ၊ အင်္ဂလိပ် နှစ်ဘာသာနဲ့ဖော်ပြပေးထားပါတယ်။ အဲဒီသဘောကတော့ မြန်မာလူမျိုးကလည်း မြန်မာလိုဖတ်ပြီး ဖြည့်သွင်းနိုင်တယ်။ တိုင်းတစ်ပါးက ဝင်ရောက်လာမယ့်သူဆိုရင်လည်း ကျွန်မတို့ရဲ့ ဒီ App လေးကနေတစ်ဆင့် အချက်အလက်ကို ပြည့်စုံအောင်ဖတ်ရှုနိုင်မှာဖြစ်ပါတယ်။ အဲဒါဖတ်ရှုပြီးလို့ နားလည်သဘောပေါက်ရင် နောက်ထပ် Page လေးတစ်ခုကျလာပါလိမ့်မယ်။ အဲဒါကတော့ နာမည်၊ မှတ်ပုံတင်(သို့)ပတ်စ်ပို့ကို ဖြည့်သွင်းရမှာဖြစ်ပါတယ်။ အရေးကြီးဆုံးကတော့ သူ့ရဲ့ဖုန်းနံပါတ်ပါ။ ဖုန်းနံပါတ်နဲ့ ကျွန်မတို့က သူ့ကို စောင့်ကြည့်နေမှာမို့လို့ အဲဒီဖုန်းနံပါတ်ကို မှန်ကန်စွာဖြည့်သွင်းမှသာလျှင် ဒီဖုန်းနံပါတ်ကို စောင့်ကြည့်နေရမှာဖြစ်ပါတယ်။

Mobile App သုံးစွဲမယ့် Quarantine လုပ်ခံရသူတစ်ဦးချင်းကို မိုဘိုင်းအော်ပရေတာတွေကနေပြီးတော့ ဆင်းကတ်တွေနဲ့ အင်တာနက်ဒေတာတွေ အခမဲ့ပေးမယ်လို့ သိရှိထားရပါတယ်။ သူ့ရဲ့ မှတ်ပုံတင်နံပါတ်လေးနဲ့ သူ့ဖုန်းနံပါတ်နဲ့ ဖြည့်မယ်ဆိုရင် သူ့ရဲ့လိပ်စာတောင်းပါတယ်။ သူနေထိုင်တဲ့ တိုင်းဒေသကြီးက မြို့နယ်တွေကို Dropdown Menu ရွေးချယ်ရုံပါပဲ။ သူ့ကို လက်ကလေးနဲ့ တစ်ချက်နှိပ်လိုက်ရုံပါပဲ ရိုက်ထည့်စရာမလိုပါဘူး။ ရန်ကုန်တိုင်းဒေသကြီးကို ရွေးချယ်မယ်ဆိုရင် သူနေတဲ့ ကြည့်မြင်တိုင်မြို့နယ်၊ ပုဇွန်တောင်မြို့နယ် စသဖြင့် ရွေးချယ်ရုံပါပဲ။

### Quarantine လုပ်ခံရတဲ့နေရာရွေးချယ်ဖြည့်

နောက်ပြီး သူသွားရောက်ခဲ့တဲ့ နိုင်ငံကို မေးပါ့မယ်။ သူက ဘယ်ဂိတ်က ဝင်လာသလဲ မြဝတီဂိတ်က ဝင်လာသလား၊ လေကြောင်းလိုင်းက ဝင်လာသလား၊ သူဝင်လာတဲ့ POE လေးကို ပြောရပါ့မယ်။ ပြီးရင် သူ Quarantine ကို စောင့်ကြည့်ခံရတဲ့ရက်စွဲလေးကို လွယ်ကူစွာပဲ ပြက္ခဒိန်ပေါ်လာပြီးတော့ ဖြည့်သွင်းနိုင်မှာဖြစ်ပါတယ်။ ပြီးရင် သူ့ကို အရေးပေါ်ဆက်သွယ်ရမယ့် မိခင်၊ အစ်ကို ဖြည့်ပြီးရင် နောက်ထပ် Page ကို ရောက်သွားပါ့မယ်။ နောက်ထပ် Page မှာ သူသည် ဆေးရုံမှာ Quarantine လုပ်ခံရတာလား၊ ဟိုတယ်မှာလား၊ အစိုးရစီစဉ်ထားတဲ့ အဆောင်မှာလား၊ ဘုန်းကြီးကျောင်းမှာလား၊ ရပ်ရွာက ပြင်ဆင်ထားတဲ့နေရာမှာလား၊ ရပ်/ရွာက စောင့်ကြည့်နေတဲ့ နေအိမ်(သို့) အခြားနေရာမှာလား၊ အဲဒါလေးကို လက်ညှိုးလေးတစ်ချောင်းတည်းနဲ့ ရွေးချယ်ဖြည့်တင်းဖို့ပဲလိုပါတယ်။

အဲဒါလေးရွေးချယ်ပြီးတာနဲ့ တစ်ပြိုင်နက်တည်း App code လေးကျလာမှာဖြစ်ပါတယ်။ အလိုအလျောက် App ကုတ်လေးဟာ ဖုန်းရဲ့ SMS ကိုလည်း ပို့ပေးမှာ ဖြစ်ပါတယ်။ သူဖြည့်သွင်းသွားပြီးရင် Active ဆိုတာနဲ့တစ်ပြိုင်နက် သူ့ရဲ့ရောဂါလက္ခဏာကို စပြီးမေးပါမယ်။ သူဟာကောင်းမွန်သလား၊ ဖျားနာသလား၊ ချောင်းဆိုးသလား၊ အားအင်ကုန်ခန်းသလား၊ အသက်ရှူကျပ်သလား သူ့ရဲ့ ရောဂါအခြေအနေကို မေးပါမယ်။ အဲဒါလေးကို Metal report လို့ခေါ်တဲ့ အကွက်လေးတွေရှိပါတယ်။ အဲဒီအကွက်လေးမှာ ကောင်းမွန်တယ်ဆိုရင် ကောင်းမွန်တဲ့နေရာလေးမှာ ခြစ်လိုက်ပါ။ အဲဒီအချိန်မှာ ဖျားနာတယ်။ ချောင်းဆိုးတယ်ဆိုရင် ဖျားနာတဲ့နေရာမှာ တစ်ခါနှိပ်မယ်။ ချောင်းဆိုးတဲ့နေရာမှာတစ်ခါနှိပ်မယ်ဆိုရင် ပြီးရင် သူဖြစ်တဲ့ရောဂါလက္ခဏာကို သတင်းပေးပို့ပါဆိုတဲ့ ခလုတ်ကလေးပါပါတယ်။

သတင်းပို့ပါကိုနှိပ်လိုက်ရင် ကျွန်မတို့ရဲ့ Database ထဲကို အချက်အလက်က အလိုအလျောက်ရောက်ရှိလာမှာ ဖြစ်ပါတယ်။ နောက်တစ်ခုကတော့ ဖုန်းရဲ့ ဆင်းကတ်ကတစ်ဆင့်၊ အင်တာနက်ကတစ်ဆင့် ဖုန်းထဲမှာရှိတဲ့ GPS ကို အသုံးပြုပြီးတော့ သူ့ရဲ့တည်နေရာကို သိနိုင်ပါတယ်။ သူဟာ မြဝတီက ဝင်လာတယ် ပဲခူးတိုင်းဒေသကြီးကို သွားတယ်။ မြဝတီက ဝင်လာတယ် ရန်ကုန်တိုင်းဒေသကြီးကို သွားတယ်။ ဗဟို Database ကနေ စောင့်ကြည့်နိုင်မှာဖြစ်ပါတယ်။ သူက သတင်းပို့ပြီးရင် အောက်မှာ Icon လေးနှစ်ခုရှိပါတယ်။ အကူအညီနဲ့ သတင်းနဲ့ကြေညာချက်များ အကူအညီဆိုတာကို နှိပ်လိုက်မယ်ဆိုရင် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက သူအကူအညီတောင်းလို့ရမယ့် တိုင်းဒေသကြီးနဲ့ ပြည်နယ်အလိုက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနရဲ့ ဖုန်းနံပါတ်များပေါ်လာပါမယ်။ ဖုန်းနံပါတ်ကို သူနှိပ်စရာမလိုပါဘူးရှင်။

### ကျန်းမာရေးအကူအညီများတောင်းနိုင်

အလိုအလျောက် အဲဒီဖုန်းကိုခေါ်ဆိုပြီးရင် ကျန်းမာရေးနဲ့ပတ်သက်တဲ့ အကူအညီများကို ချက်ချင်းတောင်းနိုင်မှာ ဖြစ်ပါတယ်။ နောက်တစ်ခုကတော့ အကူအညီရဲ့ နောက်တစ်ဖက်မှာတော့ သတင်းအချက်အလက်ဆိုတာ ပါပါတယ်။ သတင်းနှင့် ကြေညာချက်ဆိုတဲ့ Icon လေးကို နှိပ်မယ်ဆိုရင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနရဲ့ ဝက်ဘ်ဆိုက်ကို ရောက်ပါမယ်။ အဲဒီဝက်ဘ်ဆိုက်ထဲမှာ COVID-19 နဲ့ ပတ်သက်ပြီး ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားတဲ့ သတင်းအချက်အလက်တွေကို အပြည့်အစုံရရှိမှာဖြစ်ပါတယ်”။

Quarantine လုပ်နေသည့် ပြည်သူတစ်ဦးချင်းကို MPT၊ Telenor ၊ Ooredoo နှင့် Mytel စသည့် အော်ပရေတာ (၄)ခုလုံးမှ တယ်လီဖုန်း Sim Card နှင့် အင်တာနက်ဒေတာ 1 GB အခမဲ့ ပေးအပ်ကြမည်ဖြစ်သည်။ Quarantine ဝင်နေရသည့် ပြည်သူတစ်ဦးချင်းစီအနေဖြင့် နေ့စဉ် ကိုယ်အပူချိန်တိုင်းတာရန်၊ နှာချေခြင်း၊ ချောင်းဆိုးခြင်း ရှိ မရှိ စသည့် ကျန်းမာရေးစစ်ဆေးမှုဆိုင်ရာ အချက်အလက်များကို နေ့စဉ် သတိပေးစစ်ဆေးပေးသွားမည်ဖြစ်သည်။ အလားတူ Location ကိုလည်း ဖုန်းထဲရှိ GPS ကို အသုံးပြုပြီး အပေါ်မှ အချက်အလက်များနှင့်အတူ စောစောပြော Platform ကို ပေးပို့မည်ဖြစ်သည်။ သတင်းပေးပို့မှုကို မှတ်တမ်းတင်ပြီး Database နှင့် သိမ်းဆည်းထားမည်ဖြစ်ကြောင်း သိရသည်။

ထို Mobile App ထဲတွင် အရေးပေါ် ခေါ်ဆိုနိုင်မည့် Hot Line ဖုန်းနံပါတ်လည်း ထည့်သွင်းထားမည်ဖြစ်သည့်အတွက် App မှ တစ်ခါတည်း ဖုန်းခေါ်ဆိုသတင်းပို့နိုင်မည်ဖြစ်သည်။ Quarantine ဝင်နေရသည့် ပြည်သူတစ်ဦးချင်းစီ၏ တင်ပြချက်များ၊ ကျန်းမာရေးအခြေအနေများနှင့် တည်နေရာများကို အချိန်အလိုက် မှတ်တမ်းတင်ထားမည်ဖြစ်ပြီး ကျန်းမာရေးဝန်ထမ်းများအနေဖြင့် တစ်ဦးချင်းအလိုက်၊ နေ့ရက်အလိုက်၊ အချိန်အပိုင်းအခြားအလိုက် ပြန်လည်ကြည့်ရှုနိုင်မည်ဖြစ်ကြောင်း သိရသည်။

နိုင်ငံအနှံ့အပြားမှ နည်းပညာကျွမ်းကျင်သူ စေတနာ့ဝန်ထမ်းလူငယ်များအနေဖြင့် “စောစောပြော” Mobile App အသုံးပြုရေးလှုပ်ရှားမှုတွင် ပါဝင်ဆောင်ရွက်လိုပါက ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီး နော်ပန်းသဇ္ဇာမျိုး၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးထက်အောင်၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် ဦးရဲနိုင်မိုး ၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ် တာဝန်ရှိသူများနှင့် ဦးသောင်းစုငြိမ်းတို့ထံ ဆက်သွယ်စာရင်းပေးသွင်းကြပါရန် တိုက်တွန်းထားသည်။

**သတင်းအဖွဲ့**

# မြို့နယ်များ၌ အလှူရှင်များမှ COVID-19 ကာကွယ်၊ ထိန်းချုပ်၊ ကုသနိုင်ရေးပစ္စည်းများ လာရောက်လှူဒါန်းလျက်ရှိ

**ပုဗ္ဗသီရိ**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ပုဗ္ဗသီရိမြို့နယ် ရတနာဒီပရပ်ကွက်အတွင်းရှိ မြို့နယ်ပြည်သူ့ဆေးရုံ ခုတင်(၅၀)တွင် အသက်ရှူလမ်းကြောင်းဆိုင်ရာ COVID-19 ရောဂါ စောင့်ကြည့်ခံရသူ ၅၅ ဦး၏ စားသောက်ရေး အဆင်ပြေစေရန်အတွက် အလှူငွေနှင့် ကြက်ဥများ လှူဒါန်းပွဲ အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီက ကျင်းပသည်။

ရေးဦးစွာ နေပြည်တော်တိုင်း တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်မော်က အလှူငွေများ လှူဒါန်းရခြင်းနှင့် ပတ်သက်၍ ပြောကြားပြီး မြို့နယ်ပြည်သူ့ဆေးရုံ ခုတင်(၅၀)ဆေးရုံအုပ်ကြီး ဒေါက်တာသိမ့်သိမ့်ထွေးက စောင့်ကြည့်ခံရသူများအား ကြပ်မတ်ကုသပေးမှု အခြေအနေများကို ရှင်းလင်းတင်ပြခဲ့သည်။ ထို့နောက် နေပြည်တော်တိုင်း တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်မော်က အလှူငွေကျပ် ငါးသိန်းနှင့် ကြက်ဥများအား လှူဒါန်းရာ COVID-19 ရောဂါ စောင့်ကြည့်ခံရသူ ၅၅ ဦး၏ စားသောက်ရေး အဆင်ပြေစေရန်အတွက် တာဝန်ယူထားသော NCVT ဒုဥက္ကဋ္ဌ ဦးသိန်းဝင်းက အလှူငွေများကို လက်ခံယူခဲ့သည်။

**ပုဗ္ဗသီရိ (ပြန်/ဆက်)**

**ပင်းတယ**

ရှမ်းပြည်နယ်တောင်ပိုင်း ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့နယ် ပြည်သူ့ဆေးရုံသို့ Forever Group နှင့် အခြားအလှူရှင်များက COVID-19 ရောဂါ ကာကွယ်ရေး ပစ္စည်းနှင့် အလှူငွေများ ပေးအပ်လှူဒါန်းမှုကို ယမန်နေ့နံနက်ပိုင်းက ပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါလှူဒါန်းမှုတွင် Forever Group မှ တာဝန်ရှိသူများက PPE ရောဂါ ကာကွယ်ရေးဝတ်စုံ ၁၀ စုံ၊ Face Mask အခုတစ်ရာပါ ပါကင်သုံးထုပ်၊ ဆေးရုံသုံးလက်အိတ် အစုံ ၅၀ ၊ ဆင်ခေါင်းရပ်ကွက် ပုန်းတလုတ်ရိုးရာ စားသောက်ဆိုင်က အလှူငွေကျပ်တစ်သိန်း၊ New Memory ဘော်ဒါဆောင်က အလှူငွေကျပ် တစ်သိန်းတို့ကို ပေးအပ်လှူဒါန်းရာ ပြည်သူ့ဆေးရုံမှ လက်ထောက်ဆရာဝန် ဒေါက်တာမျိုးသက်နိုင်က လက်ခံရယူပြီး ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။

**ခင်မျိုးနွယ်(ပင်းတယ)**

**တပ်ကုန်း**

နေပြည်တော် တပ်ကုန်းမြို့ ခုတင်(၁၀၀) ပြည်သူ့ဆေးရုံ၌ COVID-19 ရောဂါ ကူးစက်ပြန့်ပွားမှု မရှိရေးအတွက် လိုအပ်သော အထောက်အကူပြုပစ္စည်းများ လှူဒါန်းခြင်းကို မတ် ၂၉ ရက် ညနေ ၅ နာရီခွဲက အဆိုပါဆေးရုံတွင် ကျင်းပသည်။

အဆိုပါပစ္စည်းများလှူဒါန်းရာတွင် တပ်ကုန်းမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်တင့်၊ မြို့နယ် အုပ်ချုပ်ရေးမှူး ဦးဇော်မင်း၊ မြို့နယ်စည်ပင်သာယာ အုပ်ချုပ်ရေးမှူး၊ မြို့နယ်အထောက်အကူပြုကော်မတီတို့ ဦးဆောင်ပြီး မြို့သူ မြို့သားများ၊ စေတနာရှင်ပြည်သူများ စုပေါင်းငွေဖြင့် PPE ဝတ်စုံ ၃၀ နှင့် Untouch Digital Thermometer တစ်ခုအား မြို့နယ်ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာထွန်းထွန်းထံ လွှဲပြောင်းပေးအပ် လှူဒါန်းခဲ့ကြောင်း သိရသည်။ **တင်စိုးလွင်(ပြန်/ဆက်)**

**ကျောက်ဆည်**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့ အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမတွင် မတ် ၃၀ ရက် နံနက် ၉ နာရီက တိုင်းဒေသကြီးဝန်ကြီး ဒေါက်တာစိုးသန်း၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးထွန်းမင်းဇော်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကျောက်ဆည်၊ မြစ်သား၊ စဉ့်ကိုင်၊ တံတားဦးမြို့နယ်များမှ လွှတ်တော် ကိုယ်စားလှယ်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူးများ၊ လူမှုရေး အသင်းအဖွဲ့ဝင်များနှင့် တွေ့ဆုံပြီး COVID-19 ရောဂါနှင့် ပတ်သက်၍ ကျန်းမာရေးအထောက်အကူပြုပစ္စည်းများ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**သက်မောင် (ကျောက်ဆည်)**

**ရန်ကုန်**

COVID-19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းများတွင် အသုံးပြုရန် ငွေကျပ်သိန်း ၅၀၀ တန်ဖိုးရှိ ပစ္စည်းများ လှူဒါန်းမှုကို ယနေ့နံနက်ပိုင်းက ရန်ကုန်တိုင်း ဒေသကြီး အစိုးရအဖွဲ့ရုံးတွင် ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

အဆိုပါလှူဒါန်းမှုအား ရွှေပြည်သာစက်မှုဇုန်(၁)၊ သာခုကန်စက်မှုဇုန်နှင့် ဝါးတရာစက်မှုဇုန် စီမံခန့်ခွဲမှု ကော်မတီတို့က ဦးဆောင်လှူဒါန်းခဲ့ရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက လက်ခံ၍ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့သည်။ **(အောက်ပုံ)**

COVID-19 ရောဂါ စောင့်ကြည့်လူနာ ၁၄ ရက်အတွင်း လူ ၅၀ အတွက် ငွေသိန်း ၅၀၀ တန်ဖိုးရှိ ပစ္စည်းများကို လှူဒါန်းခြင်းဖြစ်ပြီး ရွှေပြည်သာစက်မှုဇုန်(၁)ဥက္ကဋ္ဌ ဦးမျိုးသိန်းက "စက်မှုဇုန်တွေက တာဝန်ရှိသူတွေကို COVID-19 ရောဂါအတွက် အသိပညာပေးပြီး တစ်ချိန်မှာ စောင့်ကြည့်လူနာတွေ၊ ကုသမှုတွေ ရှိလာနိုင်တဲ့အခါ ကုန်ကျစရိတ်တွေ ရှိလာမှာဖြစ်တဲ့အတွက် တစ်ဖက် တစ်လမ်းက ကူညီနိုင်အောင် အားလုံးပူးပေါင်း ထည့်ဝင်ငွေနဲ့ ဇုန်ဖွံ့ဖြိုးရေးရန်ပုံငွေပေါင်းပြီး ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်ထံမှာ ပေးအပ်လှူဒါန်းခဲ့တာပါ။ အခုလို အချိန်မှာ ကျွန်တော်တို့တွေ လက်တွဲပူးပေါင်းဆောင်ရွက်ရမယ့် အချိန် ဖြစ်တာကြောင့် အမျိုးသားရေးစိတ်ဓာတ်နဲ့ ပူးပေါင်းပါဝင်ခွင့်ရတာကို ကျေးဇူးလည်းတင်ပါတယ်"ဟု ပြောသည်။ **သန်းထိုက်၊ ဓာတ်ပုံ – သန်းစိုး**



# ကမ္ဘောဇဘဏ်မှ လှူဒါန်းထားသည့် ဆေးရုံသုံးပစ္စည်းများ မြန်မာနိုင်ငံသို့ စတင်ရောက်ရှိ ဖြန့်ဝေလှူဒါန်း




**နေပြည်တော် မတ် ၃၀**

မြန်မာနိုင်ငံတွင် COVID-19 ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းစဉ်များ ထိရောက်စွာ ဆောင်ရွက်နိုင်ရန်အတွက် ကမ္ဘောဇဘဏ်မှ လှူဒါန်းထားသည့် ငွေကျပ်သိန်း ၁၄၀၀၀ ကျော်တန်ဖိုးရှိ ဆေးရုံသုံးပစ္စည်းများကို ကုန်းလမ်းမှ မူဆယ်မြို့နှင့် မန္တလေးမြို့သို့ စတင်ရောက်ရှိကြောင်း သိရသည်။

မတ် ၃၀ ရက် မွန်းလွဲပိုင်းတွင် မူဆယ်မြို့သို့ စတင်ရောက်ရှိလာသော ဆေးရုံသုံး နှာခေါင်းစည်း ခုရေ ၃၀၀၀၀၀ ကို မူဆယ်ခရိုင် ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဟန်နိုင်စိုးသို့ လှူဒါန်းခဲ့သည်။ အဆိုပါ လှူဒါန်းခဲ့သော ဆေးရုံသုံးပစ္စည်းများကို ကျန်းမာရေးနှင့် အားကစား ဝန်ကြီးဌာနအစီအစဉ်ဖြင့် မူဆယ်မြို့မှ မြန်မာနိုင်ငံ အနှံ့အပြားသို့ ဆက်လက်ပေးပို့သွားမည်ဖြစ်သည်။

ကမ္ဘောဇဘဏ်နှင့် KBZ MS General Insurance တို့သည် မတ် ၁၈ ရက်မှစတင်၍ သက်ဆိုင်ရာ ပြည်သူ့ဆေးရုံအသီးသီးရှိ ကျန်းမာရေးဝန်ထမ်းများနှင့် သံသယနှင့် ကူးစက်ခံရသော လူနာများအတွက် ကနဦး မတည်ငွေကျပ်သိန်း ၁၀၀၀ ကို လှူဒါန်းခဲ့ပြီး တရုတ်နိုင်ငံမှ တိုက်ရိုက်မှာယူထားသည့် ဥရောပအရည်အသွေးမီ ဆေးရုံသုံးပစ္စည်း ခေါင်းစွပ်၊ မျက်မှန်၊ နှာခေါင်းစည်း၊ လက်အိတ်များ အပြည့်အစုံပါဝင်သော CE Standard PPE ဝတ်စုံ ၂၃၀၀၀၊ ၅၀၀ မီလီဂရမ် ပါဝင်သည့် Hand Gel ဘူး ၁၀၀၀၀ တို့ မြန်မာနိုင်ငံသို့ ရောက်ရှိလာလျှင် ဆက်လက်လှူဒါန်းသွားမည် ဖြစ်သည်။ ထို့အပြင် ရှမ်းပြည်နယ် အစိုးရနှင့် ပူးပေါင်း၍ ဆန် နှစ်ပြည်၊ ဆီတစ်ဘူး၊ ကုလားပဲ တစ်ပိဿာနှင့် ငွေကျပ် တစ်သောင်းစီပါသော ရိက္ခာထုပ်ပေါင်း ၁၀၀၀၀၀ ကို အရေးပေါ်လိုအပ်လာပါက လှူဒါန်းသွားရန် အသင့်ပြင်ဆင်ထားသည်။

ကမ္ဘောဇဘဏ်သည် မတ် ၃၀ ရက်အထိ COVID-19 ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းစဉ်များ ထိရောက်စွာ ဆောင်ရွက်နိုင်ရန်အတွက် ကျပ်သိန်း ၁၄၀၀၀ ကျော် လှူဒါန်းထားပြီး တစ်နိုင်ငံလုံး အတိုင်းတာဖြင့် လိုအပ်သည့်အချိန်၊ လိုအပ်သည့်နေရာများတွင် လိုအပ်သည်တို့ကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ပူးပေါင်းလှူဒါန်းသွားရန် စီစဉ်ထားသည်။ **ကိုဇော်**

# ရောဂါကြိုတင်ကာကွယ်ရေး အခမဲ့ဆေးဖျန်းခြင်းလုပ်ငန်း မြို့နယ်များမှ ဆက်သွယ်အကူအညီတောင်းခံရယူနိုင်

**ရန်ကုန် မတ် ၃၀**

လတ်တလော ကြုံတွေ့နေရသည့် COVID – 19 ရောဂါ ကြိုတင်ကာကွယ် တားဆီးနိုင်ရေးအတွက် ဆေးဖျန်းခြင်းလုပ်ငန်းကို ဆောင်ရွက်လျက်ရှိရာ အေးချမ်းဖြူစင် မေတ္တာရှင် လူမှုကူညီရေးအသင်းက ရန်ကုန်တိုင်းဒေသကြီး အတွင်းရှိ မြို့နယ်များတွင် ဆေးဖျန်းခြင်းလုပ်ငန်းကို အခမဲ့ သွားရောက်လုပ်ဆောင်လျက်ရှိသည်။

မတ် ၃၀ ရက်က တောင်ဥက္ကလာပမြို့နယ် အမှတ်(၁၁)ရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးသက်တင်ထွန်း ဦးဆောင်မှုဖြင့် အေးချမ်းဖြူစင်မေတ္တာရှင် လူမှုကူညီရေး အသင်းမှ လာရောက်၍ ရပ်ကွက်အတွင်း ပိုးမွှားအန္တရာယ် မကျရောက်စေရန် ဆေးဖျန်းခြင်းလုပ်ငန်းကို ဆောင်ရွက်ကြသည်။ **(ယာပုံ)**

အဆိုပါအသင်း အတွင်းရေးမှူး ဒေါ်သီရိဇော်က "အခုဆေးဖျန်းရာမှာ ကျန်းမာရေးဌာနက ညွှန်ကြားတဲ့အတိုင်း ကလိုရင်းတစ်ဇွန်းကို ရေတစ်လီတာနဲ့ ရောပါတယ်။ အသင်းဝင် ကိုးဦးနဲ့ ကိုယ်ပိုင်စက်ကိရိယာ၊ ကားအသုံးပြုပြီး တစ်နေကုန် ပက်ဖျန်းပေးပါတယ်။ အခြားမြို့နယ်များက အကူအညီ တောင်းခံရင် သွားရောက်ကူညီပါမယ်။ ဘာမှမလိုအပ်ပါဘူး။ ဆေးဖျော်စပ်ဖို့ ရေအကူအညီသာ လိုအပ်ပါတယ်"ဟု ပြောသည်။

တောင်ဥက္ကလာပမြို့နယ်အတွင်း ဆေးဖျန်းခြင်းလုပ်ငန်းကို မတ် ၂၇ ရက်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ ရပ်ကွက် လေးခုအထိ ဆေးဖျန်းပြီးဖြစ်သည်။ ပိုးမွှားရောဂါ ကြိုတင်ကာကွယ် တားဆီးနိုင်ရေးအတွက် အခမဲ့ဆေးဖျန်းခြင်းလုပ်ငန်းကို ရယူလိုပါက တောင်ဥက္ကလာပမြို့နယ် အမှတ် (၁၃) ရပ်ကွက် အနော်မာလမ်းရှိ အေးချမ်းဖြူစင် မေတ္တာရှင် လူမှုကူညီရေးအသင်း ဖုန်း ၀၉-၇၆၈၁၀၁၀၁၀၊ ၀၉-၇၆၈၂၀၂၀၂၀ သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

**အောင်သူရ**



# စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးသန်းနှင့်အဖွဲ့ COVID-19 ရောဂါကာကွယ်ရေး ကြိုတင်ပြင်ဆင်ထားမှုများအား ကြည့်ရှုစစ်ဆေး

**ကောလင်း မတ် ၃၀**

စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးသန်း၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဗိုလ်မှူးကြီး သန်းထွန်းအောင်၊ ကောလင်းမြို့နယ် လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌတို့သည် မတ် ၃၀ ရက် မွန်းလွဲ ၁နာရီခွဲက ကောလင်းမြို့၌ COVID –19 ရောဂါ ကာကွယ်ရေးအတွက် ကြိုတင်ပြင်ဆင်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးခဲ့သည်။

စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌနှင့် အဖွဲ့သည် ကောလင်းမြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနတွင် ဖွင့်လှစ်ထားရှိသည့် COVID–19 အထောက်အကူပြုအဖွဲ့ရုံးခန်းတွင် အထောက်အကူပြု အဖွဲ့ဝင်များနှင့် တွေ့ဆုံပြီး အကာအကွယ်ပစ္စည်း (PPE)ဝတ်စုံများ၊ နှာခေါင်းစည်းများ၊ အပူချိန်တိုင်း ကိရိယာများ လျှာဒါန်းလက်ခံရရှိမှုနှင့်သုံးစွဲမှုတို့ကို မေးမြန်းဆွေးနွေးခဲ့သည်။

ထို့နောက် မြို့နယ်ပြည်သူ့ဆေးရုံတွင် သံသယလူနာများ တွေ့ရှိလာပါက ထားရှိမည့် အခန်းနေရာများကို မြို့နယ်ဆရာဝန်ကြီးက စီမံဆောင်ရွက်ထားရှိသည်များကို ရှင်းလင်းဆွေးနွေးသည်။

ယင်းနောက် ပြည်ပမှ ပြန်လာသူများ ထားရှိသည့် အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းရှိ သတ်မှတ်ထားသော နေရာတွင် အသွားအလာ ကန့်သတ်ခြင်းတွင် နေထိုင်စားသောက်မှုနှင့် ပတ်သက်၍ လွှတ်တော် ကိုယ်စားလှယ်များ၊ မြို့နယ်စီမံခန့်ခွဲမှု ကော်မတီနှင့် အလှူရှင်များ ပူးပေါင်းပြီး စီမံဆောင်ရွက်ထားရှိမှုများကို မြို့နယ်အုပ်ချုပ်ရေးမှူးက ရှင်းလင်းတင်ပြသည်။

ထို့နောက် ရွှေဘို- မြစ်ကြီးနားလမ်းပေါ်ရှိ ကျောက်တန်းစစ်ဆေးရေးဂိတ်တွင် အပူချိန်တိုင်းကိရိယာဖြင့် ကျန်းမာရေး စစ်ဆေးဆောင်ရွက်မှုများကို ကြည့်ရှုစစ်ဆေးသည်။

ကောလင်းမြို့နယ်၌ COVID – 19 ရောဂါ ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အသုံးပြုရန် ပြည်သူများမှ လှူဒါန်းငွေကျပ် ယနေ့အထိ ခြောက်ဆယ့်တစ်သိန်း ကိုးသောင်းငါးထောင်ကျပ်နှင့် အခြားကာကွယ်ရေးထောက်ပံ့ပစ္စည်းများ လက်ခံရရှိခဲ့ကြောင်း အထောက်အကူပြုအဖွဲ့ဝင် ဦးသန်းမြင့်ထံမှ သိရသည်။

**မြင့်ထွန်းမင်း(ကောလင်း)**



စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးသန်းနှင့်အဖွဲ့ ကောလင်းမြို့နယ် ပြည်သူ့ဆေးရုံ၌ COVID – 19 ရောဂါ ကာကွယ်ရေး ပြင်ဆင်ထားမှုများအား ကြည့်ရှုစစ်ဆေးစဉ်။

# စစ်တွေခရိုင် COVID - 19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းညှိနှိုင်း စည်းဝေး

**စစ်တွေ မတ် ၃၀**

စစ်တွေခရိုင် COVID – 19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးနှင့် ပတ်သက်၍ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မတ် ၂၉ ရက် မွန်းလွဲ ၃ နာရီက စစ်တွေခရိုင်အုပ်ချုပ်ရေးမှူးရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ရခိုင်ပြည်နယ် လျှပ်စစ်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်ကျော်ဇံက COVID – 19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းများနှင့် စပ်လျဉ်း၍ အချိန်နှင့်တစ်ပြေးညီ စနစ်တကျ ဆောင်ရွက်ကြရမည်ဖြစ်ရာ ပြည်သူများ ပူးပေါင်းပါဝင်ရန်လိုကြောင်း၊ ပြည်ပမှ နေရပ်ပြန်လည်ရောက်ရှိလာသူများနှင့် ထပ်မံ ရောက်ရှိလာမည့်သူများအား စောင့်ကြပ်ကြည့်ရှုခြင်း ပြုလုပ်နိုင်ရန် ပြည်သူများက ဝိုင်းဝန်းကူညီပေးရမည်ဖြစ်ကြောင်း၊ ယခုလုပ်ငန်းသည် အစိုးရတစ်ဖွဲ့တည်း ဆောင်ရွက်၍ မရပါကြောင်း၊ အားလုံးပူးပေါင်းပါဝင်ခြင်းဖြင့် ကာကွယ်သွားရမည် ဖြစ်ကြောင်း၊ လူစည်ကားသော နေရာများ၊ ဈေးများ၊ ရပ်ကွက် ကျေးရွာများတွင် အသံချဲ့စက်ဖြင့် အသိပညာပေးမှုများကို အဆက်မပြတ် လုပ်ဆောင်ပေးရန် လိုပါကြောင်း ပြောကြားသည်။

ဆက်လက်၍ COVID – 19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး စစ်တွေခရိုင်ကော်မတီဥက္ကဋ္ဌ၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်မြင့်ဦးက ပြည်ပမှ နေရပ်ပြန်လည်ရောက်ရှိလာသူများ အခြေအနေ၊ နေအိမ်များတွင် စောင့်ကြပ်ကြည့်ရှုထားမှုအခြေအနေ၊ ၁၄ ရက်တာ သီးသန့်စောင့်ကြည့်ထားရှိရန် စီစဉ်ထားရှိမှု အခြေအနေနှင့် ထပ်မံ၍ နေရပ်ပြန်လည်ရောက်ရှိလာသူများအား လူမှုရေးအဖွဲ့အစည်း ၂၁ ဖွဲ့နှင့် ဌာနဆိုင်ရာများ ပူးပေါင်းပြီး အဝင်အထွက် စစ်ဆေးရေးဂိတ်များနှင့် တိုက်ပွဲရှောင်စခန်းများတွင် ကျန်းမာရေး စစ်ဆေးသွားမည့်အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ကော်မတီအတွင်းရေးမှူး၊ ခရိုင် ပြည်သူ့ကျန်းမာရေးဦးစီးမှူး ဒေါက်တာ ခိုင်နှင်းဝေက စစ်တွေဆေးရုံကြီးရှိ သံသယလူနာများ၏ အခြေအနေနှင့် COVID – 19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးနှင့် ပတ်သက်၍ စီစဉ်ဆောင်ရွက်ထားရှိမှုနှင့်လိုအပ်ချက်များကို တင်ပြခဲ့ကြောင်း သိရသည်။ **တင်ထွန်း(ပြန်/ဆက်)**




COVID– 19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပစဉ်။

❊ *ကျောဖုံးမှ*

အဝေးပြေးကားဂိတ် ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းများကို ချင်းပြည်နယ်စည်ပင်သာယာရေး၊ လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီး ဦးစိုးထက်၊ ချင်းပြည်နယ် COVID–19 ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ပြည်နယ်အဆင့် လုပ်ငန်းကော်မတီဥက္ကဋ္ဌ ပြည်နယ်လူမှုရေးဝန်ကြီး ဦးပေါင်လွှန်းမင်ထန်နှင့် ကော်မတီဝင်များက လိုက်လံကြည့်ရှုစစ်ဆေးခဲ့ကြရာ ချင်းပြည်နယ် သယ်ယူပို့ဆောင်ရေးနှင့် လုပ်ငန်းလိုင်စင်မှတ်ပုံတင်ရေး ကြီးကြပ်ညှိနှိုင်းမှု ဦးစီးဌာနဦးစီးမှူး ဦးစောမြင့်လွင်က မော်တော်ယာဉ်များတွင် စီးနင်းလိုက်ပါမည့် ခရီးသွားပြည်သူများအား COVID– 19 ရောဂါကူးစက်မှု မရှိစေရေး မော်တော်ယာဉ်ပိုင်ရှင်များ၊ ဂိတ်မှူးများ၊ ယာဉ်မောင်းများနှင့် ပူးပေါင်း၍ အသိပညာပေးဆောင်ရွက်မှုအခြေအနေများ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ အမှုဆောင်အရာရှိ ဦးတမ်အောင်ရှိန်းက ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အခြေအနေများကို ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။ **မြင့်နိုင်စိုး (ပြန်/ဆက်)**

## အများအားဖြင့် သာယာ

**နေပြည်တော် မတ် ၃၀**

ထူးခြားသည့်နေ့အပူချိန်များမှာ ချောက်မြို့တွင် ၄၄ ဒီဂရီစင်တီဂရိတ်၊ ဂန့်ဂေါမြို့နှင့် ဘော်လခဲမြို့တို့တွင် ၄၃ ဒီဂရီစင်တီဂရိတ်စီနှင့် မုံရွာမြို့၊ ကြေးမုံမြို့၊ မြင်းမူမြို့၊ မြင်းခြံမြို့၊ ညောင်ဦးမြို့၊ မကွေးမြို့၊ ပခုက္ကူမြို့နှင့် ဆင်ဖြူကျွန်းမြို့တို့တွင် ၄၂ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အနည်းငယ်မှ တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့် သာယာနေသည်။ **(မိုး/ဇလ)**

❍ *ကျောဖုံးမှ*

ဘုန်းတော်ကြီးကျောင်း၊ တောင်ရွာသစ်ကျေးရွာ၊ အခြေခံပညာမူလတန်းလွန်ကျောင်း၊ သာစည်ကျေးရွာ အခြေခံပညာမူလတန်းကျောင်း၊ ကန့်ဒေါင့်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်းနှင့် မဲဇရပ်ကျေးရွာ ဘုန်းတော်ကြီးကျောင်းတွင် ဖွင့်လှစ်ထားရှိသော COVID–19 ရောဂါပြန့်ပွားမှုမရှိစေရေး ကူညီစောင့်ရှောက်မှုစခန်း၌ ပြည်တွင်းမှ ပြန်လည်ဝင်ရောက်လာသည့် ဒေသခံပြည်သူများအား ၁၄ ရက်ထားရှိပြီး ကျန်းမာရေး စောင့်ကြည့်စစ်ဆေးရေးလုပ်ငန်းဆောင်ရွက်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေး၍ လုပ်ငန်းလိုအပ်ချက်များကို ဆရာတော်များ၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများ၊ ရပ်မိရပ်ဖများနှင့် ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ပြီး နှောကန်ကျေးရွာအနီး ပုလဲ-ဂန့်ဂေါ ကားလမ်းဘေးရှိ မြို့နယ် လမ်းဦးစီးဌာန ညှော်ရိပ်သာဝင်းအတွင်း၌ COVID–19 ရောဂါ ပြန့်ပွားမှုမရှိစေရေး ကျန်းမာရေးစစ်ဆေးအဖွဲ့(၂)၏ ခရီးသည်တင်မော်တော်ယာဉ်များနှင့် ကုန်တင်ယာဉ်များတွင် လိုက်ပါလာသည့် ယာဉ်မောင်းများ၊ ခရီးသွားပြည်သူများအား အပူချိန်တိုင်းကိရိယာဖြင့် ကျန်းမာရေးစစ်ဆေးပေးခြင်းနှင့် အသိပညာပေး ဆွေးနွေးခြင်းလုပ်ငန်း ဆောင်ရွက်နေမှုများကို ကြည့်ရှုအားပေးခဲ့ပြီး လုပ်ငန်း လိုအပ်ချက်များကို ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ပုလဲမြို့နယ် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးသန်းနိုင်က "ကျွန်တော်တို့ ပုလဲမြို့နယ်မှာ COVID–19 ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးမြို့နယ်အဆင့် လုပ်ငန်းကော်မတီကို ဖွဲ့စည်းထားရှိပြီး COVID–19 ရောဂါပြန့်ပွားမှု မရှိစေရေး အသိပညာပေးဆွေးနွေးတဲ့လုပ်ငန်းတွေကို လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဆရာဝန်များနှင့် ဝန်ထမ်းများ၊ မြို့မိမြို့ဖများ၊ ရပ်ကွက်/ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများ၊ လူမှုရေးအသင်းအဖွဲ့များ၊ စေတနာ့ဝန်ထမ်းများက အရှိန်တိုးမြှင့် ဆောင်ရွက်လျက်ရှိပါတယ်။ တိုင်းဒေသကြီးအစိုးရအဖွဲ့ COVID–19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးတိုင်းဒေသကြီးအဆင့်လုပ်ငန်းကော်မတီက ညွှန်ကြားချက် ထုတ်ပြန်ထားတဲ့ မြို့နယ်အတွင်း ဖွင့်လှစ်ရောင်းချလျက်ရှိတဲ့ ထမင်းဆိုင်တွေ၊ စားသောက်ဆိုင်တွေ ဆိုင်ထိုင်ရောင်းချခြင်း မပြုလုပ်ဘဲ ပါဆယ်နဲ့ ကန့်သတ်ရောင်းချသွားနိုင်ရေးအတွက်ကိုလည်း မြို့နယ်စည်ပင်သာယာရေးကော်မတီနဲ့ ရပ်ကွက်/ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးတွေက မတ် ၂၈ ရက်က စတင်ပြီး ဆိုင်ရှင်တွေကို စည်းရုံးပြောဆို ဆောင်ရွက်ခဲ့ကာ ဆိုင်ရှင်တွေကလည်း ညွှန်ကြားချက်တွေကို လိုက်နာဆောင်ရွက်ပေးခဲ့ပါတယ်။ ထိုင်းနိုင်ငံကနေ မုံရွာမြို့အထိ ပြန်လည်ရောက်ရှိလာတဲ့ ဒေသခံပြည်သူတွေကို နေ့စဉ် မုံရွာမြို့သို့ မော်တော်ယာဉ်များ စေလွှတ်ကြိုဆိုပြီး အဆင်ပြေချောမွေ့စွာ ပုလဲမြို့ကို ရောက်ရှိစေရေးအတွက်လည်း စီစဉ်ဆောင်ရွက်ပေးလျက်ရှိပါတယ် " ဟု ပြောကြားသည်။

ပုလဲမြို့ အခြေခံပညာအထက်တန်းကျောင်း COVID–19 ရောဂါ ပြန့်ပွားမှုမရှိစေရေး ကူညီစောင့်ရှောက်မှုစခန်း၌ မတ် ၂၈ ရက်တွင် ပြည်ပနိုင်ငံများမှ ပြန်လည်ဝင်ရောက်လာသည့် ဒေသခံပြည်သူ အမျိုးသား ၃၄ ဦး၊ အမျိုးသမီး ၁၄ ဦးနှင့် မတ်၂၉ ရက်တွင် အမျိုးသားကိုးဦး၊ အမျိုးသမီးနှစ်ဦးတို့အား ၁၄ ရက်ထားရှိ၍ ကျန်းမာရေးစောင့်ကြည့်စစ်ဆေးရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပြီး ပုလဲမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများနှင့် ဘုန်းတော်ကြီးကျောင်းများ၌ ပြည်တွင်းမှ ပြန်လည်ရောက်ရှိလာသည့် ဒေသခံပြည်သူများကို ၁၄ ရက်ထားရှိ၍ ကျန်းမာရေး စောင့်ကြည့်စစ်ဆေးရေးလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်းနှင့် ပုလဲမြို့နယ်တွင် မတ် ၂၉ ရက်အထိ COVID–19 ရောဂါနှင့်ပတ်သက်၍သံသယလူနာမရှိကြောင်း မြို့နယ်စီမံခန့်ခွဲမှုကော်မတီရုံးမှ သိရသည်။

**မြင့်သိန်းစိုး(ပြန်/ဆက်)**



COVID– 19 ရောဂါ ကာကွယ်ရေးအတွက် ကျန်းမာရေးဝန်ထမ်းများက အပူချိန်တိုင်းစစ်ဆေးပေးစဉ်။

# တိုင်ကြားပေးပို့လာသော မူးယစ်ဆေးဝါးသတင်းများနှင့် စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများထုတ်ပြန်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**သတင်းထုတ်ပြန်ချက်အမှတ်၊ ၁၃ / ၂၀၂၀**
**၁၃၈၁ ခုနှစ်၊ တန်ခူးလဆန်း ၇ ရက်**
**(၂၀၂၀ ပြည့်နှစ်၊ မတ်လ ၃၀ ရက်)**

**"တိုင်ကြားပေးပို့လာသော မူးယစ်ဆေးဝါးသတင်းများနှင့် စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများ ထုတ်ပြန်ခြင်း"**

၁။ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသည့် ဆေးဝါးအန္တရာယ်တားဆီးကာကွယ်နှိမ်နင်းရေးအတွက် ပြည်သူလူထုထံမှ ပေးပို့တိုင်ကြားလာသည့် သတင်းအချက်အလက်များကို စနစ်တကျ လက်ခံရယူနိုင်ရန် **"မူးယစ်ဆေးဝါး အထူးသတင်းတိုင်ကြားရေးဌာန"** ကို ဤရုံးတွင် ဖွင့်လှစ်ထားရှိကြောင်း ၂၀၁၈ ခုနှစ်၊ ဇွန်လ ၂၆ ရက်နေ့တွင် အများပြည်သူသို့ ထုတ်ပြန်ကြေညာခဲ့ပါသည်။

၂။ **"မူးယစ်ဆေးဝါး အထူးသတင်းတိုင်ကြားရေးဌာန"**သို့ ၂၀၂၀ ပြည့်နှစ်၊ မတ်လ ၂၈ ရက်နေ့အထိ ပေးပို့တိုင်ကြားလာသည့် မူးယစ်ဆေးဝါးသတင်းများနှင့်စပ်လျဉ်း၍ နိုင်ငံတော်သမ္မတရုံး၏ ညွှန်ကြားချက်အရ ပြည်ထဲရေးဝန်ကြီးဌာနက အောက်ပါအတိုင်း ထပ်မံဖော်ထုတ် ဖမ်းဆီးအရေးယူနိုင်ခဲ့ပါသည်-

| စဉ် | သတင်းလက်ခံရရှိမှု | ဖော်ထုတ်ဖမ်းဆီးအရေးယူမှု |
|---|---|---|
| ၁ | စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့၊ တပ်ဦး သီတာရပ်ကွက်နေ မဝေဝေသည် မူးယစ်ဆေးဝါးများ သုံးစွဲ/ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၂၃-၃-၂၀၂၀ ရက်နေ့တွင် ကလေးမြို့၊ တပ်ဦး သီတာရပ်ကွက်နေ မဝေဝေ(ခ)ခက်ခက်ဝေ(၃၂)နှစ်၊ (ဘ) ဦးစန်းဝင်း၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ (ကလေး) မယ(ပ) ၃၅/၂၀၂၀၊မူး/စိတ်ပုဒ်မ ၁၆(ဂ)ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၂ | စစ်ကိုင်းတိုင်းဒေသကြီး၊ ကောလင်းမြို့နယ်၊ လယ်ရင်းတဲကျေးရွာတွင် မူးယစ်ဆေးဝါး သုံးစွဲ/ဖြန့်ဖြူးရောင်းချသူများ ပေါ်များလျက်ရှိကြောင်း သတင်းပေးပို့ခြင်း။ | ၂၄-၃-၂၀၂၀ ရက်နေ့တွင် ကောလင်းမြို့နယ်၊ လယ်ရင်းတဲကျေးရွာ၊ အင်ပိုင်ကြီးလယ်ကွင်းအတွင်း၌ မူးယစ်ဆေးဝါးသတင်းအရ စိစစ်ရန်သွားရောက်စဉ် ၎င်းမြို့နယ်၊ ကြေးအင်းကျေးရွာနေ ကျော်စိုးဦး(ခ)ကြွက်နီ(၂၉)နှစ်၊ (ဘ)ဦးမြင့်မောင်၊ လယ်ရင်းကျေးရွာနေ မြို့မောင်(ခ) ဒင်ဟို (၂၉)နှစ်၊ (ဘ)ဦးသံမောင်နှင့် အောင်မျိုးဦး (ခ)မျိုးဦး (၄၁)နှစ်၊ (ဘ)ဦးဖိုးဆက်တို့ (၃)ဦးအနက် ကျော်စိုးဦး (ခ)ကြွက်နီနှင့် မြို့မောင်(ခ)ဒင်ဟိုတို့(၂)ဦးမှာ ထွက်ပြေးသွားပြီး အောင်မျိုးဦး(ခ)မျိုးဦးအား ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် ၎င်းတို့(၃)ဦးအား မမစ (ကောလင်း) မယ(ပ)၄၂/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)/ ၂၁ ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၃ | စစ်ကိုင်းတိုင်းဒေသကြီး၊ ဟုမ္မလင်းမြို့နယ်၊ နမ့်တောကျေးရွာတွင် မူးယစ်ဆေးဝါး သုံးစွဲ/ ဖြန့်ဖြူးရောင်းချသူများ ပေါ်များလျက်ရှိကြောင်း သတင်းပေးပို့ခြင်း။ | ၂၆-၃-၂၀၂၀ ရက်နေ့တွင် ဟုမ္မလင်းမြို့နယ်၊ နမ့်တောကျေးရွာနေ ထွန်းနိုင်(ခ)မောင်အဲ(၂၈)နှစ်၊ (ဘ) ဦးသာမြင့်၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ဘိန်းဖြူ များနှင့်အတူ ဖမ်းဆီးရမိပြီး ၎င်းကျေးရွာနေ မောင်ခါး (၃၆)နှစ်၊(ဘ)ဦးဖိုးထူးထံမှ ဝယ်ယူရရှိခဲ့ကြောင်း သိရှိရသဖြင့် ၎င်းတို့(၂)ဦးအား နမစ(မိုင်းကိုင်း)မယ (ပ)၂၅/ ၂၀၂၀၊မူး/စိတ်ပုဒ်မ ၁၉(က)/၂၁ ဖြင့် အမှုဖွင့်အရေးယူထားရှိပြီး ၎င်းကျေးရွာနေ မောင်ခါး၏ နေအိမ်အား ဆက်လက်ရှာဖွေရာ ၎င်းနှင့်အတူ တစ်ရွာတည်းနေ ရန်နိုင်အောင်(ခ)ရန်နိုင် (၄၉)နှစ်၊ (ဘ)ဦးခင်မြနှင့် မော်လိုက်မြို့၊ တံတားဦးရပ်ကွက်နေ မင်းသူ (၃၀) နှစ်၊(ဘ)ဦးတင်လှတို့ (၃)ဦးအား ဘိန်းဖြူများနှင့်အတူ ထပ်မံဖမ်းဆီးရမိသဖြင့် နမစ(မိုင်းကိုင်း)မယ (ပ)၂၆/ ၂၀၂၀၊မူး/စိတ်ပုဒ်မ၁၉(က)/၂၁ ဖြင့်လည်းကောင်း အသီးသီး အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၄ | မွန်ပြည်နယ်၊ မုဒုံမြို့နယ်၊ အဘစ်-ခလယ်တံခွန်တိုင် ကျေးရွာသွားလမ်းပေါ်၌ မူးယစ်ဆေးဝါး သုံးစွဲ/ဖြန့်ဖြူးရောင်းချသူများ ပေါ်များလျက်ရှိကြောင်း သတင်းပေးပို့ခြင်း။ | ၂၂-၃-၂၀၂၀ ရက်နေ့တွင် အဘစ်-ခလယ်တံခွန်တိုင်ကျေးရွာသွားကားလမ်းပေါ်၌ ကျိုက္ကမီရောမြို့နယ်၊ ရေတွင်းကုန်းကျေးရွာနေ ကိုကိုဝင်း (၂၃)နှစ်၊ (ဘ) ဦးစိုးဝင်းနှင့် မာမက်ရာဟင် (၄၈)နှစ်၊ (ဘ) ဦးအဒူမာတင်တို့(၂)ဦး စီးနင်းလာသည့် ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရာ WY နှင့် R စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ(ကမာဝက်)မယ (ပ)၉/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၉(က)/၂၁ ဖြင့် လည်းကောင်း၊ အလားတူ ၎င်းကားလမ်းပေါ်၌ပင် မော်လမြိုင်မြို့နယ်၊ ကြာအင်းကျေးရွာနေ တေဇာဟိန်း (ခ)ကတုံး (၃၂)နှစ်၊(ဘ) ဦးကိုကိုနှင့် အောင်ဇေယျ(ခ)အရ (၄၉)နှစ်၊(ဘ)ဦးဖိုးရင်တို့(၂)ဦး စီးနင်းလာသည့် ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရာ WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ(ကမာဝက်) မယ(ပ) ၁၀/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)/၂၁ ဖြင့် လည်းကောင်း အသီးသီး အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၅ | မွန်ပြည်နယ်၊ မုဒုံမြို့နယ်၊ တော်ကူးကျေးရွာတွင် မူးယစ်ဆေးဝါး သုံးစွဲ/ဖြန့်ဖြူးရောင်းချသူများ ပေါ်များလျက်ရှိကြောင်း သတင်းပေးပို့ခြင်း။ | ၂၆-၃-၂၀၂၀ ရက်နေ့တွင် မုဒုံမြို့နယ်၊ တော်ကူးကျေးရွာနေ ဖုန်းမြင့်ဦး (၄၂)နှစ်၊ (ဘ)ဦးမင်းအောင်၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(မုဒုံ) မယ(ပ) ၁၉/ ၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၉(က)/ ၂၀(က)ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၆ | ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့၊ မြို့ဟောင်း အရှေ့ရပ်ကွက်နေ သိန်းမင်းနိုင်သည် မူးယစ်ဆေးဝါးများ သုံးစွဲ/ဖြန့်ဖြူးရောင်းချလျက်ရှိကြောင်း သတင်းပေးပို့ခြင်း။ | ၂၂-၃-၂၀၂၀ ရက်နေ့တွင် သန်လျင်မြို့နယ်၊ သောက်တော်တွင်းရပ်ကွက်၊ ကျိုက်ခေါက်ဘုရားကြီးလမ်းဘေးရှိ လက်ဖက်ရည်ဆိုင်၌ မြို့ဟောင်းအရှေ့ရပ်ကွက်နေ သိန်းမင်းနိုင် (၄၀)နှစ်၊ (ဘ)ဦးမြသန်းအား WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ (သန်လျင်) မယ(ပ)၁၈/၂၀၂၀၊မူး/စိတ်ပုဒ်မ ၁၉(က)/ ၂၁ ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၇ | ရန်ကုန်တိုင်းဒေသကြီး၊ ဆိပ်ကြီးခနောင်တိုမြို့နယ်၊ ဆိပ်ကြီး အနောက်ရပ်ကွက်နေ ကျော်စိုးသည် မူးယစ်ဆေးဝါးများ သုံးစွဲ/ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၂၃-၃-၂၀၂၀ ရက်နေ့တွင် ဆိပ်ကြီးခနောင်တိုမြို့နယ်၊ ဆိပ်ကြီးအနောက်ရပ်ကွက်နေ ကျော်စိုး(ခ)ကျော်စိုးထွန်း (၂၆)နှစ်၊(ဘ) ဦးကုလား၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(ဆိပ်ကြီးခနောင်တို) မယ(ပ)၂/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၉(က)ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |

၃။ တိုင်ကြားလာသော သတင်းများအနက် အထက်ဖော်ပြပါ ယခုသီတင်းပတ်အတွင်း ဖော်ထုတ်ဖမ်းဆီးရမိမှုအပါအဝင် မူးယစ်ဆေးဝါးအထူးသတင်းတိုင်ကြားရေးဌာန စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့သည့် ၂၆-၆-၂၀၁၈ ရက်နေ့မှ ၂၈-၃-၂၀၂၀ ရက်နေ့အထိ စုံစမ်းဖော်ထုတ်ချက်များအရ အမှုပေါင်း (၁၀၄၂)မှု ဖွင့်လှစ်အရေးယူခဲ့ပြီး တရားခံကျား(၁၃၃၈) ဦး၊ မ(၂၆၂) ဦး၊ ပေါင်း(၁၆၀၀)ဦး ဖမ်းဆီးရမိခဲ့၍ ဘိန်းဖြူ(၈၅၇၁.၀၀၁၄)ဂရမ်၊ ICE(၁၃၄၇.၄၂) ဂရမ်၊ ဘိန်း(၄၀၄၀၄.၃၃၈၈၆)ဂရမ်၊အဆင့်နိမ့်ဘိန်း (၆၆၅.၂၇)ဂရမ်၊ ဘိန်းစာမှုန့်(၅၃၂၅၂.၇၆)ဂရမ်၊ ဘိန်းစာရွက် (၁၂၀၉၇.၃၂) ဂရမ်၊ ဘိန်းစာရည် (၂.၅)လီတာ၊ စိတ်ကြွဆေးပြား(၅၁၅၆၇၃)ပြား၊ ဆေးခြောက် (၁၀၃၁၁.၆၇)ဂရမ်၊ ဘိန်းရည်(၀.၁)လီတာ၊ ဘိန်းဆီခဲ (၅၂၀.၂၈)ဂရမ်၊ ဘိန်းစေ့(၆၀)ဂရမ်၊စိတ်ကြွဆေးပြားအကြေမှုန့်(၅၅.၄၅)ဂရမ်၊ Ecstasy အကြေ(၀.၀၀၁)ဂရမ်၊ လက်နက်မျိုးစုံ(၂၅)လက်၊ ကျည်မျိုးစုံ(၆၀၉)တောင့်၊ လက်ပစ်ဗုံး(၁) လုံးတို့အား သိမ်းဆည်းရမိခဲ့ကြောင်းနှင့် မူးယစ်ဆေးဝါးသတင်းများနှင့် ပတ်သက်၍ ဖော်ထုတ်ဖမ်းဆီး အရေးယူမှုကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိပြီး ထပ်မံဖော်ထုတ်ဖမ်းဆီးအရေးယူနိုင်မှု အခြေအနေအား ဆက်လက်ထုတ်ပြန်သွားမည်ဖြစ်ပါသည်။

၄။ မူးယစ်ဆေးဝါးများ ပိုမိုဖမ်းဆီးရမိနိုင်ရေးနှင့်စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာနနှင့် တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များသို့ တိုင်ကြားနိုင်သည့်အပြင် ထူးခြားသည့်ကိစ္စရပ်များနှင့် ကြီးမားသည့် မူးယစ်ဆေးဝါး ရောင်း/ဝယ်မှုကိစ္စရပ်များကို နိုင်ငံတော်သမ္မတရုံး၏ **"မူးယစ်ဆေးဝါးအထူးသတင်းတိုင်ကြားရေးဌာန"** အောက်ဖော်ပြပါ တယ်လီဖုန်း/ဖက်စ်ဖုန်းနှင့် အီးမေးလ်လိပ်စာတို့သို့ ရုံးချိန်အတွင်း လုံခြုံစိတ်ချစွာ တိုင်ကြားနိုင်ပါကြောင်း ထပ်မံအသိပေးအပ်ပါသည်-

**ဆက်သွယ်ရန်-**
**အော်တိုတယ်လီဖုန်းနံပါတ်** - ၀၆၇-၃၉၀၂၀၀
**ဖက်စ်ဖုန်းနံပါတ်** - ၀၆၇-၃၉၀၂၃၃
**အီးမေးလ်လိပ်စာ** - antinarcotics@presidentoffice.gov.mm

## မုံရွာမြို့ကုန်စည်ဒိုင် ဧပြီလတွင် အွန်လိုင်းစနစ်ဖြင့် အရောင်းအဝယ်ပြုလုပ်မည်

**မုံရွာ မတ် ၃၀**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ ကုန်စည်ဒိုင်မှ COVID-19 ရောဂါအန္တရာယ် ကာကွယ်ရန်အတွက် ကျန်းမာရေးဌာန၏ ညွှန်ကြားချက်နှင့် ကိုက်ညီစေရန် ဧပြီ ၁ ရက်မှ ၆ ရက်အထိ ကုန်စည်ဒိုင်အတွင်း အရောင်းအဝယ်မပြုလုပ်ဘဲ အွန်လိုင်းစနစ်ဖြင့် အရောင်းအဝယ် ပြုလုပ်မည်ဖြစ်ကြောင်း မုံရွာမြို့ ကုန်စည်ဒိုင် သတင်းပြန်ကြားရေးတာဝန်ခံ ဦးတင်ကိုကိုက ပြောသည်။

ကုန်စည်ဒိုင်အတွင်း လူအများအပြား အဝင်အထွက်ဖြင့် အရောင်းအဝယ်မပြုလုပ်ဘဲ ဖုန်းဖြင့်ဆက်သွယ်၍ လည်းကောင်း၊ အွန်လိုင်းစနစ်ဖြင့် အရောင်းအဝယ် ပြုလုပ်ရမည်ဖြစ်ကြောင်း၊ တောင်သူများနှင့် အသင်းသူ၊ အသင်းသားများအတွက် ဈေးနှုန်းအမှန်ရရှိရေးနှင့် ကုန်စည်စီးဆင်းမှု မြန်ဆန်စေရေးအတွက် ဆောင်ရွက်ရခြင်းဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ကုန်စည်ဒိုင်အတွင်းသို့ ဝင်ရောက်ရာတွင် အသင်းသူ၊ အသင်းသားများနှင့် အစိုးရဌာနဆိုင်ရာ ကျန်းမာရေး စစ်ဆေးမှုအဖွဲ့များသာ ဝင်ရောက်ခွင့်ပြုကြောင်း၊ နိုင်ငံခြားသားများ ဝင်ရောက်မှုကို တားမြစ်ထားကြောင်း၊ လက်ဆေးခြင်း၊ နှာခေါင်းစည်းတပ်ခြင်း၊ အပူချိန်တိုင်းခြင်းများ ပြုလုပ်ပြီးမှသာ ကုန်စည်ဒိုင်အတွင်းသို့ ဝင်ရောက်ခွင့်ပြုကြောင်း ၎င်းက ပြောကြားသည်။ **မွေးကြူဇင်**



## နေ့အပူချိန်များ အနည်းငယ်တိုးလာနိုင်

**နေပြည်တော် မတ် ၃၀**

နေပြည်တော်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ကယားပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် နေ့အပူချိန်များ အနည်းငယ် တိုးလာနိုင်သည်။

**မိုး/ဇလ**

# မြန်မာနိုင်ငံ ဘူမိသိပ္ပံကောင်စီ ဥပဒေပြဋ္ဌာန်း

**မြန်မာနိုင်ငံဘူမိသိပ္ပံကောင်စီဥပဒေ**

**(၂၀၂၀ ပြည့်နှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၄ ။)**

**၁၃၈၁ ခုနှစ်၊ တန်ခူးလဆန်း ၇ ရက်**

**(၂၀၂၀ ပြည့်နှစ်၊ မတ်လ ၃၀ ရက်)**

**ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။**

## အခန်း(၁)
## အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို မြန်မာနိုင်ငံဘူမိသိပ္ပံကောင်စီဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **ဘူမိသိပ္ပံပညာ** ဆိုသည်မှာ ကမ္ဘာဂြိုဟ်နှင့် စကြဝဠာဖြစ်ပေါ်လာပုံ၊ ဖွဲ့စည်းထားပုံ၊ အချိန်နှင့်အမျှ လှုပ်ရှားပြောင်းလဲဖြစ်ပေါ်နေပုံ၊ သက်ရှိများ ရှင်သန်ပျံ့နှံ့ခဲ့ပုံ၊ မြေမျက်နှာအသွင်အပြင် အမျိုးမျိုး ဖြစ်တည်လာပုံအစရှိသည့် ကမ္ဘာဂြိုဟ်နှင့် သက်ဆိုင်သည်များကို လေ့လာသောပညာရပ်ဖြစ်ပြီး ၎င်းလေ့လာတွေ့ရှိချက်များကို အခြေခံ၍ ပိုမိုသိရှိနားလည်ရန် ဆက်လက် လေ့လာခြင်းဖြင့် ရရှိလာသော အသိပညာများကို အသုံးပြုကာ လူ့လောက ကောင်းကျိုးအတွက် အသိဉာဏ်နှင့်ယှဉ်၍ အသုံးချရသော သိပ္ပံပညာရပ်ကို ဆိုလိုသည်။

(ခ) **အသုံးချဘူမိသိပ္ပံအထူးပြုပညာရပ်** ဆိုသည်မှာ ဘူမိသိပ္ပံပညာကို အခြေခံပြီး အခြားသက်ဆိုင်သော သိပ္ပံပညာရပ်များနှင့်ပေါင်းစပ်၍ လူသားတို့အကျိုးအတွက် သတ္တုနှင့် တွင်းထွက်သယံဇာတများ၊ စက်မှုကုန်ကြမ်းများ၊ ရေနံ၊သဘာဝဓာတ်ငွေ့နှင့် ဘူမိအပူ စွမ်းအင် ရှာဖွေတူးဖော်ထုတ်လုပ်ခြင်းနှင့် သုတေသနပြုခြင်း၊ စီးပွားဖြစ် မြေအောက်ရေ ရှာဖွေဖော်ထုတ်အသုံးချခြင်းနှင့် ထိန်းသိမ်း စီမံခန့်ခွဲခြင်း၊ သဘာဝပတ်ဝန်းကျင်နှင့် သဘာဝဘေးအန္တရာယ် ဘူမိဆိုင်ရာလေ့လာစစ်ဆေးအကြံပေးခြင်း၊ အဆောက်အအုံ၊ လမ်းတံတားနှင့် ဆည်မြောင်းတာတမံများ တည်ဆောက်ရေးတွင် အင်ဂျင်နီယာ ဘူမိဗေဒပညာနှင့် ဘူမိနည်းပညာဆိုင်ရာ ဆန်းစစ် စမ်းသပ်တိုင်းတာခြင်း စသည့် လုပ်ငန်းများတွင်အသုံးပြုသော လက်တွေ့အသုံးချ ဘူမိသိပ္ပံပညာများကို ဆိုသည်။ ယင်းစကားရပ်တွင် အင်ဂျင်နီယာပညာရပ်ဆိုင်ရာ လုပ်ငန်းများ ပါဝင်ခြင်းမရှိစေရ။

(ဂ) **ဝန်ကြီးဌာန** ဆိုသည်မှာ ပြည်ထောင်စုအစိုးရ ပညာရေးဝန်ကြီးဌာနကို ဆိုသည်။

(ဃ) **သက်ဆိုင်ရာဝန်ကြီးဌာန** ဆိုသည်မှာ ဘူမိသိပ္ပံပညာ လုပ်ငန်းတာဝန်များထမ်းဆောင်ရန် ဘူမိသိပ္ပံပညာရှင်များအား ခန့်အပ်တာဝန်ပေးသည့် ပြည်ထောင်စုအစိုးရဝန်ကြီးဌာနများကို ဆိုသည်။

(င) **ကောင်စီ** ဆိုသည်မှာ ဤဥပဒေအရဖွဲ့စည်းသည့် မြန်မာနိုင်ငံ ဘူမိသိပ္ပံကောင်စီကို ဆိုသည်။

(စ) **ကောင်စီဝင်** ဆိုသည်မှာ မြန်မာနိုင်ငံဘူမိသိပ္ပံကောင်စီဝင်တစ်ဦး ဦးကို ဆိုသည်။

(ဆ) **အလုပ်အမှုဆောင်အဖွဲ့** ဆိုသည်မှာ ကောင်စီ၏ အလုပ်အမှုဆောင် အဖွဲ့ကို ဆိုသည်။

(ဇ) **မှတ်ပုံတင်ဘူမိသိပ္ပံပညာရှင်** ဆိုသည်မှာ ဤဥပဒေအရ ကောင်စီက ထုတ်ပေးသည့် မှတ်ပုံတင်လက်မှတ်ရရှိသူကို ဆိုသည်။

(ဈ) **မှတ်ပုံတင်လက်မှတ်** ဆိုသည်မှာ ဤဥပဒေအရ ကောင်စီက ထုတ်ပေးသည့် မှတ်ပုံတင် အလုပ်သင် ဘူမိသိပ္ပံပညာရှင်လက်မှတ်၊ မှတ်ပုံတင်ဘူမိသိပ္ပံပညာရှင်လက်မှတ်၊ မှတ်ပုံတင် ကျွမ်းကျင် ဘူမိသိပ္ပံပညာရှင်လက်မှတ်၊ နိုင်ငံခြားသားမှတ်ပုံတင် ဘူမိသိပ္ပံ ပညာရှင်လက်မှတ်၊ နိုင်ငံခြားသား မှတ်ပုံတင်ကျွမ်းကျင် ဘူမိသိပ္ပံပညာရှင်လက်မှတ်တို့ကို ဆိုသည်။

## အခန်း(၂)
## ရည်ရွယ်ချက်

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ဘူမိသိပ္ပံပညာနှင့် အသုံးချဘူမိသိပ္ပံ အထူးပြုပညာရပ်များ စဉ်ဆက်မပြတ် ခေတ်မီ ဖွံ့ဖြိုးတိုးတက်လာစေရန်၊

(ခ) ဘူမိသိပ္ပံပညာရှင်များ၏ ကျင့်ဝတ်နှင့် အရည်အသွေးတို့ကို ထိန်းသိမ်းကြပ်မတ်မြှင့်တင်ရန်၊

(ဂ) နိုင်ငံတော်၏ ဓာတ်သတ္တုကဏ္ဍ၊ စွမ်းအင်ကဏ္ဍ၊ ဆောက်လုပ်ရေး ကဏ္ဍနှင့် ရေအရင်း အမြစ်ရှာဖွေရေးကဏ္ဍ၊ သဘာဝပတ်ဝန်းကျင် နှင့် သဘာဝဘေးအန္တရာယ် ကာကွယ်ထိန်းသိမ်းရေးကဏ္ဍ စသည်များတွင် ခေတ်မီဘူမိသိပ္ပံပညာများကို ထိရောက်မှန်ကန်စွာ စနစ်တကျ အသုံးချလာစေခြင်းဖြင့် နိုင်ငံသားတို့၏ လူမှုစီးပွားဘဝ ပိုမိုတိုးတက် ကောင်းမွန်လာစေရန်၊

(ဃ) ဒေသဆိုင်ရာနှင့် အပြည်ပြည်ဆိုင်ရာ အစိုးရနှင့် အစိုးရမဟုတ်သော လုပ်ငန်းအဖွဲ့အစည်းများနှင့် ချိတ်ဆက်၍ ဘူမိသိပ္ပံပညာကိစ္စရပ်များ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ပူးပေါင်းဆောင်ရွက်ရန်၊

(င) နိုင်ငံတကာအဆင့်မီ မှတ်ပုံတင်ဘူမိသိပ္ပံပညာရှင်များ ပေါ်ထွန်းလာစေရန်နှင့် ဘူမိသိပ္ပံပညာ အလုပ်အကိုင် အခွင့်အလမ်းများ ပိုမိုဖြစ်ထွန်းလာစေရန်၊

(စ) နိုင်ငံတကာရှိ ဘူမိသိပ္ပံပညာ အဖွဲ့အစည်းများနှင့်ညှိနှိုင်း၍ ပညာရှင်များအား အပြန်အလှန် အသိအမှတ်ပြုမှု ရယူနိုင်ရန်၊

(ဆ) ဘူမိသိပ္ပံပညာများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်ရေး ဆိုင်ရာ လုပ်ငန်းများကို ထောက်ပံ့ကူညီရန်။

## အခန်း(၃)
## မြန်မာနိုင်ငံ ဘူမိသိပ္ပံကောင်စီ ဖွဲ့စည်းခြင်း

၄။ ဝန်ကြီးဌာနသည် ဝန်ကြီးဌာနအပါအဝင် သက်ဆိုင်ရာ ဝန်ကြီးဌာန၊ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းနှင့် အစိုးရမဟုတ်သောအဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များပါဝင်သည့် ခုနစ်ဦးထက်မပိုသော ကောင်စီ၏ နာယကအဖွဲ့ကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဖွဲ့စည်းရမည်။

၅။ နာယကအဖွဲ့သည်-

(က) ကောင်စီကို သတ်မှတ်ချက်များနှင့်အညီ အဖွဲ့ဝင် ၅၅ ဦးဖြင့် အောက်ပါအတိုင်း ဖွဲ့စည်းပေးရမည် -

(၁) ဝန်ကြီးဌာနနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများမှ သင့်လျော်သည့် ကျွမ်းကျင်ဘူမိသိပ္ပံပညာရှင်များ၊ ၁၅ ဦး

(၂) ပြည်တွင်းတက္ကသိုလ်၊ ကောလိပ်နှင့် သိပ္ပံများမှ ဘူမိသိပ္ပံပညာ ပါမောက္ခအဆင့်ထက်မနိမ့်သော တာဝန်ရှိသူများ၊ ၁၅ ဦး

(၃) ပြည်တွင်းရှိ အစိုးရမဟုတ်သော ဘူမိသိပ္ပံပညာ အသင်းအဖွဲ့များနှင့် လုပ်ငန်းအဖွဲ့အစည်းများက အဆိုပြုသော နိုင်ငံသားကျွမ်းကျင် ဘူမိသိပ္ပံ ပညာရှင်များ။ ၂၅ ဦး

(ခ) ပုဒ်မခွဲ (က) အရ ဖွဲ့စည်းသော ကောင်စီကို လိုအပ်ပါက ပြင်ဆင် ဖွဲ့စည်းနိုင်သည်။

၆။ နာယကအဖွဲ့သည် ကောင်စီ၏ ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌတစ်ဦးနှင့် တွဲဖက်အတွင်းရေးမှူးတစ်ဦး တို့ကို ပုဒ်မ ၁၁ ပါ အရည်အချင်းများနှင့်အညီ ကောင်စီဝင်များထဲမှ ရွေးချယ်ခန့်အပ် တာဝန်ပေးရမည်။ ကောင်စီဝင်များသည် ဒုတိယဥက္ကဋ္ဌတစ်ဦး၊ အတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူးတစ်ဦး၊ ဘဏ္ဍာရေးမှူးနှင့် အလုပ်အမှုဆောင် အဖွဲ့ဝင်ရှစ်ဦး တို့ကို သတ်မှတ်ချက်များနှင့် အညီ မိမိတို့ထဲမှ လျှို့ဝှက်ဆန္ဒမဲဖြင့် ရွေးကောက်တင်မြှောက်ရမည်။

၇။ ကောင်စီနှင့် ကောင်စီဝင်များ၏ သက်တမ်းသည် အောက်ပါအတိုင်း ဖြစ်သည်-

(က) ကောင်စီ၏ သက်တမ်းသည် စတင်ဖွဲ့စည်းသည့်နေ့မှစ၍ ငါးနှစ် ဖြစ်သည်။

(ခ) ကောင်စီဝင်များ၏သက်တမ်းသည် ကောင်စီ၏သက်တမ်းနှင့်အညီ ဖြစ်သည်။

(ဂ) ကောင်စီဥက္ကဋ္ဌသည် ကောင်စီသက်တမ်းတစ်ဆက်တည်း နှစ်ကြိမ် ထမ်းဆောင်ခြင်း မပြုရ။

(ဃ) ကောင်စီဝင်တစ်ဦးသည် ကောင်စီသက်တမ်းတစ်ဆက်တည်း နှစ်ကြိမ်သာ ဆောင်ရွက်ခွင့်ရှိသည်။

(င) ကောင်စီဝင်တစ်ဦး၏ နေရာလစ်လပ်သည့်အခါ သတ်မှတ်ထားသည့်နည်းလမ်းနှင့်အညီ ကောင်စီဝင်အသစ်ကို ဖြည့်စွက်ခန့်ထားရမည်။ ထိုသို့ ဖြည့်စွက်ခန့်ထားခြင်းခံရသည့် ကောင်စီဝင်၏ တာဝန် ယူရသည့်ကာလကို သက်တမ်းတစ်ခုအဖြစ် သတ်မှတ်ခြင်းမပြုရ။

(စ) ကောင်စီသည် သက်တမ်းကုန်ဆုံးသည့်အခါ ကောင်စီအသစ် ဖွဲ့စည်းပြီးသည့်အချိန်ထိ မိမိတို့၏ လုပ်ငန်းတာဝန်များကို ထမ်းဆောင်ရမည်။

## အခန်း(၄)
## အလုပ်အမှုဆောင်အဖွဲ့နှင့် လုပ်ငန်းကော်မတီများ ဖွဲ့စည်းတာဝန်ပေးခြင်း

၈။ ကောင်စီသည် လုပ်ငန်းတာဝန်များကို ထမ်းဆောင်ရန် အလုပ်အမှုဆောင် အဖွဲ့ကို အောက်ပါ အတိုင်း ဖွဲ့စည်းရမည်-

| | |
|---|---|
| (က) ကောင်စီ၏ ဥက္ကဋ္ဌ | ဥက္ကဋ္ဌ |
| (ခ) ကောင်စီ၏ ဒုတိယဥက္ကဋ္ဌ | ဒုတိယဥက္ကဋ္ဌများ |
| (ဂ) ကောင်စီ၏ အတွင်းရေးမှူး | အတွင်းရေးမှူး |
| (ဃ) ကောင်စီ၏ တွဲဖက်အတွင်းရေးမှူး | တွဲဖက်အတွင်းရေးမှူးများ |
| (င) ကောင်စီ၏ ဘဏ္ဍာရေးမှူး | ဘဏ္ဍာရေးမှူး |
| (စ) ကောင်စီ၏ အလုပ်အမှုဆောင် ရှစ်ဦး | အဖွဲ့ဝင် |

၉။ ကောင်စီ၏ သက်တမ်းအတွင်း အလုပ်အမှုဆောင်အဖွဲ့ဝင် လစ်လပ်ပါက အနီးကပ်ဆုံးကျင်းပသည့် ကောင်စီအစည်းအဝေးတွင် အစားထိုးရွေးချယ်ရမည်။

၁၀။ အလုပ်အမှုဆောင်အဖွဲ့သည်-

(က) ကောင်စီကို တာဝန်ခံရမည်။

(ခ) ကောင်စီ၏ သက်တမ်းနှင့်အညီဖြစ်သည်။

(ဂ) မိမိ၏ဆောင်ရွက်ချက်များကို ကောင်စီ၏အနီးကပ်ဆုံးကျင်းပသည့် အစည်းအဝေးသို့တင်ပြ၍ အတည်ပြုချက်ရယူရမည်။

(ဃ) အလုပ်အမှုဆောင်အဖွဲ့၏ ပုံမှန်နှင့် အထူးအစည်းအဝေးများကို သတ်မှတ်ချက်များနှင့်အညီ ခေါ်ယူကျင်းပရမည်။

၁၁။ အလုပ်အမှုဆောင်အဖွဲ့၏ ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများ၊ အတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူးနှင့် အလုပ်အမှုဆောင်အဖွဲ့ဝင်များသည် အောက်ပါ အရည်အချင်းများနှင့် ပြည့်စုံရမည်-

(က) နိုင်ငံသား ဖြစ်ရမည်။

(ခ) ကောင်စီ၏ လုပ်ငန်းတာဝန်များကို ကျေပွန်စွာထမ်းဆောင်နိုင်သူ ဖြစ်ရမည်။

(ဂ) ကောင်စီ၏ လုပ်ငန်းတာဝန်များကို စိတ်ဝင်စားမှုရှိပြီး ဦးဆောင် စီမံခန့်ခွဲနိုင်သူ ဖြစ်ရမည်။

(ဃ) ဘူမိသိပ္ပံပညာလုပ်ငန်းများကို ကျွမ်းကျင်၍ လုပ်ငန်းအတွေ့အကြုံ ရှိသူ ဖြစ်ရမည်။

(င) ပြည်တွင်းပြည်ပရှိ အစိုးရအသိအမှတ်ပြု တက္ကသိုလ်ကောလိပ် တစ်ခုခုက အပ်နှင်းသည့် ဘူမိသိပ္ပံပညာဘွဲ့ရရှိသူ ဖြစ်ရမည်။

၁၂။ ကောင်စီသည် မိမိ၏လုပ်ငန်းတာဝန်များကို ပိုမိုထိရောက်စွာဆောင်ရွက် နိုင်ရန် အောက်ပါ လုပ်ငန်းကော်မတီများကို သတ်မှတ်ချက်များနှင့်အညီ ဖွဲ့စည်းပြီး လုပ်ငန်းတာဝန်များကို သတ်မှတ်ပေးရမည် -

(က) မှတ်ပုံတင်လက်မှတ် စိစစ်ထုတ်ပေးရေး လုပ်ငန်းကော်မတီ၊

(ခ) ကျင့်ဝတ်နှင့် စည်းကမ်းထိန်းသိမ်းရေး လုပ်ငန်းကော်မတီ၊

(ဂ) ဘူမိသိပ္ပံပညာနှင့် အသုံးချဘူမိသိပ္ပံ အထူးပြုပညာရပ်များ စဉ်ဆက်မပြတ် ခေတ်မီဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းကော်မတီ၊

(ဃ) ဘူမိသိပ္ပံပညာနှင့် အသုံးချဘူမိသိပ္ပံအထူးပြုပညာရပ်ဆိုင်ရာ စံချိန်စံညွှန်းများ၊ လုပ်ငန်းအခြေခံနှုန်းများ စိစစ်ရေးလုပ်ငန်းကော်မတီ၊

(င) ကျင့်ထုံးများ ပြုစုရေးဆွဲပြဋ္ဌာန်းရေးလုပ်ငန်းကော်မတီ၊

(စ) ဘူမိသိပ္ပံပညာနှင့် အသုံးချဘူမိသိပ္ပံအထူးပြုပညာရပ်ဆိုင်ရာ လုပ်ငန်းများ အရည်အသွေး စစ်ဆေးအသိအမှတ်ပြုရေး လုပ်ငန်း ကော်မတီ၊

(ဆ) ခေတ်မီဘူမိသိပ္ပံပညာများနှင့် အသုံးချဘူမိသိပ္ပံအထူးပြုပညာရပ် များ သင်ကြားရေးနှင့် သုတေသနပြုရေး လုပ်ငန်းကော်မတီ၊

(ဇ) အခြားလိုအပ်သောလုပ်ငန်းကော်မတီများ။

၁၃။ ကောင်စီသည် လုပ်ငန်းကော်မတီများကို ကောင်စီဝင်များနှင့် ပြင်ပမှ သင့်လျော်သည့် ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းတာဝန်ပေးနိုင်သည်။

၁၄။ လုပ်ငန်းကော်မတီများသည် အလုပ်အမှုဆောင်အဖွဲ့မှတစ်ဆင့် ကောင်စီကို တာဝန်ခံရမည်။

## အခန်း(၅)
## ကောင်စီ၏တာဝန်၊ လုပ်ပိုင်ခွင့်နှင့် ရပိုင်ခွင့်များ

၁၅။ ကောင်စီ၏တာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) မှတ်ပုံတင်လက်မှတ် အမျိုးအစားအလိုက် လိုအပ်သည့်အရည် အချင်းများသတ်မှတ်ခြင်း၊ သတ်မှတ်သည့် အရည်အချင်း ပြည့်မီရေးအတွက် သင်တန်းများဖွင့်လှစ်ပို့ချခြင်း၊ ကျွမ်းကျင်မှုနှင့် အရည်အချင်းစစ်ဆေးခြင်းများကို ကြီးကြပ်ဆောင်ရွက်ခြင်း၊

(ခ) မှတ်ပုံတင်လက်မှတ် အမျိုးအစားအလိုက် လုပ်ကိုင်ခွင့်ပြုသည့် ဘူမိသိပ္ပံပညာလုပ်ငန်းများ သတ်မှတ်ခြင်း၊ လိုက်နာရမည့် တာဝန် နှင့် စည်းကမ်းချက်များသတ်မှတ်ခြင်း၊

(ဂ) ဘူမိသိပ္ပံပညာရှင်များ လိုက်နာရမည့်ကျင့်ဝတ်နှင့် စည်းမျဉ်း စည်းကမ်းများကို သတ်မှတ်ခြင်း၊

(ဃ) မှတ်ပုံတင်လက်မှတ်များ ထုတ်ပေးခြင်း၊ မှတ်ပုံတင်စာရင်းပြုစု ထားရှိခြင်းနှင့် အခါအားလျော်စွာ ထုတ်ပြန်ခြင်း၊

(င) ဘူမိသိပ္ပံပညာရှင်များ၏ စွမ်းဆောင်ရည်နှင့် ကျင့်ဝတ်သိက္ခာ မြင့်မားလာရေးအတွက် စီမံဆောင်ရွက်ခြင်း၊

(စ) အရည်အသွေးနှင့် အဆင့်အတန်း ထိန်းသိမ်းမြှင့်တင်နိုင်ရန် အလို့ငှာ ဘူမိသိပ္ပံပညာ စံချိန်စံညွှန်း၊ လုပ်ငန်းဆိုင်ရာ အခြေခံ စံနှုန်းနှင့် ကျင့်ထုံးများကို ဝန်ကြီးဌာနနှင့် ပြည်ထောင်စုအစိုးရအဖွဲ့ ၏ အကူအညီရယူ ရေးဆွဲသတ်မှတ်ခြင်း၊

(ဆ) ပြည်ထောင်စုအစိုးရ၏ တာဝန်ပေးချက်အရ အစိုးရနှင့် အစိုးရ မဟုတ်သော လုပ်ငန်းဌာနအဖွဲ့အစည်းများက ဆောင်ရွက်နေသော ဘူမိသိပ္ပံပညာ လုပ်ငန်းများကို လိုအပ်သလို စိစစ်ကြီးကြပ်ခြင်း၊ လမ်းညွှန်မှုပေးခြင်း၊ အကြံဉာဏ်ပေးခြင်းနှင့် ကူညီဆောင်ရွက်ခြင်း၊

(ဇ) ဘူမိသိပ္ပံပညာ စဉ်ဆက်မပြတ် ခေတ်မီဖွံ့ဖြိုးတိုးတက်စေရေး အတွက် စာတွေ့လက်တွေ့ သင်တန်းများ၊ အလုပ်ရုံဆွေးနွေးပွဲများ၊ သုတေသန စာတမ်းဖတ်ပွဲများ၊ ညီလာခံများကို အခါအားလျော်စွာ ကြီးမှူးကျင်းပပေးခြင်း၊

(ဈ) သင့်လျော်သည့် နိုင်ငံသား ဘူမိသိပ္ပံပညာရှင်များကို ရွေးချယ်၍ နိုင်ငံတကာအစိုးရနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများက ကျင်းပပြုလုပ်သော ဘူမိသိပ္ပံပညာ သင်တန်းများ၊ အစည်းအဝေးများ နှင့် ညီလာခံများသို့ ပါဝင်တက်ရောက်နိုင်ရန် စီမံဆောင်ရွက်ပေးခြင်း၊

(ည) နိုင်ငံတကာအစိုးရနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများက ကောင်စီသို့ ကမ်းလှမ်းလာပါက သင့်လျော်သည့် နိုင်ငံသား ဘူမိသိပ္ပံ ပညာရှင်များအား နိုင်ငံခြားပညာတော်သင်အဖြစ် ရွေးချယ်စေလွှတ် ခြင်း၊ ပြည်တွင်း ပညာတော်သင်ဆုများ ရွေးချယ်ပေးအပ်ခြင်း၊

(ဋ) နိုင်ငံ့ဝန်ထမ်းမဟုတ်သော နာယကအဖွဲ့ဝင်များ၊ ကောင်စီဝင်များ၊ အလုပ်အမှုဆောင် အဖွဲ့ဝင်များ၊ ရုံးအဖွဲ့ဝင်များ၊ လုပ်ငန်း ကော်မတီဝင်များနှင့် ကောင်စီက တာဝန်ပေးအပ်သည့် ပြင်ပ ပုဂ္ဂိုလ်များအား ကောင်စီက အခါအားလျော်စွာ သတ်မှတ်သည့် ချီးမြှင့်ငွေ၊ စရိတ်နှင့် အခြားခံစားခွင့်များကို ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် ခံစားခွင့်ပြုခြင်း၊

(ဌ) ကောင်စီသည် မိမိ၏ လုပ်ငန်းဆောင်ရွက်ချက်များနှင့် ပတ်သက်၍ ဝန်ကြီးဌာနသို့ အခါအားလျော်စွာ အစီရင်ခံစာနှင့် အကြံပြုချက်များ ကို တင်ပြခြင်း၊

(ဍ) ဝန်ကြီးဌာနက အခါအားလျော်စွာ ပေးအပ်လာသည့် လုပ်ငန်း တာဝန်များကို ထမ်းဆောင်ခြင်း၊

(ဎ) နိုင်ငံတကာရှိ ဘူမိသိပ္ပံပညာ အဖွဲ့အစည်းများနှင့် ချိတ်ဆက် ညှိနှိုင်း၍ အဆင့်တူမှတ်ပုံတင် ဘူမိသိပ္ပံပညာရှင်များ အပြန်အလှန် အသိအမှတ်ပြုနိုင်ရန် စီစဉ်ဆောင်ရွက်ခြင်း။

*(ဆက်လက်ဖော်ပြပါမည်)*

# COVID–19 Fund ချေးငွေလျှောက်လွှာများကို UMFCCI ၌ ယနေ့ စတင်လက်ခံ

ရန်ကုန် မတ် ၃၀

**COVID – 19 သက်ရောက်မှုကြောင့် ထိခိုက်မှုရှိနေသော စီးပွားရေးလုပ်ငန်းများအတွက် နိုင်ငံတော်အစိုးရ၏ COVID–19 Fund မှ အတိုးနှုန်းသက်သာစွာဖြင့် ထုတ်ချေးမည့် ချေးငွေအတွက် လျှောက်လွှာများကို မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုအသင်းချုပ် မင်္ဂလာခန်းမ၌ ယနေ့နံနက်ပိုင်းမှ စတင်၍ လက်ခံပေးလျက်ရှိသည်။**

"ဒီနေ့ စလက်ခံတာမှာ လျှောက်လွှာလာတင်သူ ရှစ်ဦးခန့် ရှိပါတယ်။ စာရွက်စာတမ်း မပြည့်စုံလို့ နောက်နေ့ ထပ်လာတင်မှာပါ။ တကယ်လက်ခံဖြစ်တာက နှစ်ဦးပဲ တင်သွားပါတယ်။ လာစုံစမ်းတဲ့သူတွေတော့ ၅၀ ကျော်ခန့် ရှိပါတယ်။ ရန်ကုန်မှာက ဒီ UMFCCI ရုံးတစ်နေရာတည်းမှာ လက်ခံပေးပါတယ်။ နယ်ကလုပ်ငန်းတွေက နယ် CCI ရုံးတွေက လက်ခံပေးပါတယ်" ဟု ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနမှ ဒုတိယ ညွှန်ကြားရေးမှူး ဒေါက်တာပပညွန့်က ပြောသည်။

လျှောက်လွှာပုံစံများကို ပူးတွဲပါရုံးဌာနများနှင့် Web–site အသီးသီးတွင် ရယူနိုင်ပြီး ကုမ္ပဏီလိုင်စင်ဖြစ်ပါက သတ်မှတ်ချက် ၁၂ ချက်နှင့် SME လုပ်ငန်းဖြစ်ပါက သတ်မှတ်ချက် ၉ ချက်ဖြင့် လျှောက်ထားနိုင်ပြီး အမှန်တကယ်လိုအပ်သူများကို စိစစ်ချေးပေးသွားမည်ဟု သိရသည်။

UMFCCI ရုံး၊ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံ အထည်ချုပ်လုပ်ငန်းရှင်များအသင်းတို့မှ တာဝန်ရှိသူများက လျှောက်လွှာများကို ပူးပေါင်း၍ စိစစ်လက်ခံဆောင်ရွက်ပေးနေပြီး ယနေ့မှပြေ ၉ ရက်အထိ လျှောက်ထားနိုင်ကြောင်း သိရသည်။

"ကျွန်တော်တို့လုပ်ငန်းက အီတလီကကုန်ကြမ်းနဲ့ လုပ်ပြီး ဟိုတယ်တွေ၊ စားသောက်ဆိုင်တွေဆီ သွင်းရတာပါ။ ဒီဇင်ဘာကစပြီး တရုတ်ပြည် ဝူဟန်မှာ COVID – 19 စဖြစ်ပြီဆိုကတည်းက ရောင်းအားကျသွားတာ အခုဆို ဝန်ထမ်း ၄၀ လောက်က တချို့ကို ညှိနှိုင်းပြီး နားခိုင်းလိုက်ရတယ်။ ပြန်ဖွင့်ရင် ခေါ်မယ်လို့ ပြောထားရတယ်။ တချို့လည်း ဆင်းတဲ့လူဆင်း၊ အိမ်တွေက လုပ်နေသူက လုပ်နဲ့ လည်ပတ်နေရပါတယ်။ အခုလို ချေးငွေအတိုးနှုန်း တစ်ကျပ်ပဲဆိုတော့ အဆင်ပြေပါတယ်။ ဒါက တစ်နှစ်အတွင်း ပြန်ဆပ်ရမယ်။ ဒီကရတာနဲ့ လုပ်သင့်တာလုပ်ဖို့နဲ့ ဝန်ထမ်းလူမှုဖူလုံရေးအတွက်ပါ လုပ်ပေးရမှာပါ" ဟု ချေးငွေလျှောက်ထားသည့် Right Field Myanmar Group of Co., Ltd. မှ MD ဦးဆန်းလင်းဦးက ပြောသည်။

ခရီးသွားလုပ်ငန်းများ၊ ဟိုတယ်လုပ်ငန်းများ၊ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ၊ အထည်ချုပ်လုပ်ငန်းများ၊ အထည်ချုပ်လုပ်ငန်းမဟုတ်သည့် CMP လုပ်ငန်းများ ချေးငွေလျှောက်ထားနိုင်ပြီး သက်ဆိုင်ရာ စာရွက်စာတမ်းများ Link နှင့် လျှောက်လွှာများ – https://bit.ly/3bBJqj4 တွင် လေ့လာကြည့်ရှုနိုင်ကြောင်း သိရသည်။

**သန့်ဇင်ဝင်း**



COVID – 19 သက်ရောက်မှုကြောင့် ထိခိုက်မှုရှိသောစီးပွားရေးလုပ်ငန်းများအတွက် ချေးငွေလျှောက်လွှာများ လာရောက်လျှောက်ထားနေမှုကို တွေ့ရစဉ်။

# ရီးရဲမက်ဒရစ်အသင်း အူဘာမီယန်ကို ခေါ်ယူမည်




ရီးရဲမက်ဒရစ်နည်းပြ ဇီဒန်းသည် နွေရာသီ အပြောင်းအရွှေ့ကာလ ကစားသမားခေါ်ယူမှုတွင် ဒေ့ါမွန်အသင်းမှ နော်ဝေတိုက်စစ်ကစားသမား ဟာလန်း(၁၉နှစ်) နှင့် လီဗာပူးအသင်းမှ ဆီနီဂေါတိုက်စစ်ကစားသမား မာနေး (၂၇နှစ်) တို့ကို ခေါ်ယူရန် မအောင်မြင်ခဲ့ပါက အာဆင်နယ်အသင်းမှ ဂါဘွန်တိုက်စစ်ကစားသမား အူဘာမီယန်ကို ခေါ်ယူသွားဖွယ်ရှိကြောင်း သတင်းများတွင် ဖော်ပြထားသည်။

အသက် ၃၀ အရွယ် ဂါဘွန်တိုက်စစ်ကစားသမား၏ အခြေအနေကို ဥရောပထိပ်သီးကလပ်အသင်းအများအပြားက ခေါ်ယူရန် စောင့်ကြည့်လျက်ရှိနေသည်။ ၎င်းသည် ယခုနှစ်ရာသီတွင်လည်း အာဆင်နယ်အသင်းအတွက် ပြိုင်ပွဲအရပ်ရပ် ဂိုး ၂၀ သွင်းယူပေးထားနိုင်သည်။ ပရီမီယာလိဂ် သွင်းဂိုးအများဆုံး စာရင်းတွင်လည်း ၁၇ ဂိုးဖြင့် ဒုတိယနေရာတွင် ရပ်တည်နေသူဖြစ်သည်။ ပထမနေရာတွင် လက်စတာအသင်းမှ တိုက်စစ်ကစားသမား ဗာဒီက ၁၉ ဂိုးဖြင့် ဦးဆောင်နေသည်။

နည်းပြ ဇီဒန်းသည်အသင်းမှ လူကာဂျိုဗစ်၏ခြေစွမ်းကို စိတ်ပျက်လျက်ရှိနေသည့်အတွက် နွေရာသီ အပြောင်းအရွှေ့ကာလတွင် တိုက်စစ်ကစားသမား ခေါ်ယူလိုနေခြင်းဖြစ်သည်။ နည်းပြဇီဒန်းသည် ၎င်းဦးစားပေး ခေါ်ယူသွားမည့် ကစားသမားများမှာ ဒေ့ါမွန်အသင်းမှ ဟာလန်းနှင့် လီဗာပူးအသင်းမှ မာနေးတို့ဖြစ်သည်။ အဆိုပါ ကစားသမားများကို ခေါ်ယူရန် မအောင်မြင်ခဲ့ပါက Plan B အနေနဲ့ အူဘာမီယန်ကို ခေါ်ယူလိုနေခြင်းလည်း ဖြစ်သည်။ ရီးရဲမက်ဒရစ်အသင်းအပြင် ဘာစီလိုနာနှင့် မန်ယူအသင်းတို့ကလည်း အူဘာမီယန်၏ အခြေအနေကို စောင့်ကြည့်လျက်ရှိနေသည်။

အာဆင်နယ်အသင်းသည်ဒေ့ါမွန်အသင်းမှ အူဘာမီယန်ကို ကလပ်စံချိန်တင်ပြောင်းရွှေ့ကြေးပေါင် ၅၆ သန်းဖြင့် ၂၀၁၈ ခုနှစ်တွင် ခေါ်ယူခဲ့ခြင်းဖြစ်သည်။ ၎င်း အာဆင်နယ်အသင်းသို့ ရောက်ရှိလာပြီးနောက် အသင်းအတွက် ၉၇ ပွဲ ကစားထားပြီး ၆၁ ဂိုးသွင်းယူထားနိုင်ကာ ဂိုးရရှိအောင် ၁၃ ကြိမ် ဖန်တီးပေးထားနိုင်သည်။

အခြား သတင်းတစ်ရပ်တွင်မူ ရီးရဲမက်ဒရစ်အသင်းသည် ပေါင် ၄၅ သန်းခန့် ကုန်ကျနိုင်ဖွယ်ရှိသော ဆော်ပေါလိုအသင်းမှ အသက် ၂၁ နှစ်အရွယ် ဘရာဇီးကွင်းလယ်ကစားသမား ဂိုမက်စ်ကိုလည်း ခေါ်ယူလိုနေကြောင်း သတင်းများတွင် ဖော်ပြထားသည်။

**အောင်ဇော်**

◆ *ကျောဖုံးမှ*

အာဆီယံဘောလုံးအဖွဲ့ချုပ်သည် အရှေ့တောင်အာရှနိုင်ငံများမှ ကလပ်အသင်းများအတွက် ပြိုင်ပွဲအရေအတွက် ပိုများလာစေရန် ဆောင်ရွက်ခြင်းဖြစ်ပြီး လိဂ်အလိုက် ချန်ပီယံအသင်းများဖြင့် ကျင်းပရန် စီစဉ်ထားခြင်း ဖြစ်သည်။ ယခုနှစ်တွင်ကျင်းပမည့် အာဆီယံကလပ်ပြိုင်ပွဲတွင် မလေးရှားမှလွဲ၍ ကျန်အရှေ့တောင်အာရှအသင်းများ ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ပြီး မြန်မာကိုယ်စားပြုအသင်းအဖြစ် ၂၀၁၉ MNL အမှတ်ပေးချန်ပီယံ ရှမ်းယူနိုက်တက်အသင်း ယှဉ်ပြိုင်ခွင့်ရထားသည်။

သို့သော် ပြိုင်ပွဲကို တစ်နှစ်နောက်ဆုတ်ခဲ့သောကြောင့် ဝင်ရောက်ယှဉ်ပြိုင်မည့်အသင်းကို ပြန်လည်အတည်ပြုမည်ဖြစ်သည်။ အာဆီယံဘောလုံးအဖွဲ့ချုပ်သည် ကျင်းပခဲ့သည့်နှစ်ကြိမ်တွင် အရှေ့တောင်အာရှအသင်းများအပြင် အိန္ဒိယကလပ်အသင်းကိုလည်း ဖိတ်ခေါ်ယှဉ်ပြိုင်စေခဲ့ပြီး ၂၀၀၃ ပြိုင်ပွဲတွင် အိန္ဒိယကလပ် အရှေ့ဘင်ဂေါအသင်း၊ ၂၀၀၅ ပြိုင်ပွဲတွင် စင်ကာပူကလပ် တမ်ပနိစ်ရိုဗာအသင်းတို့ ချန်ပီယံဆုရရှိခဲ့သည်။ မြန်မာနိုင်ငံကိုယ်စားပြုအဖြစ် ဘဏ္ဍာ/အခွန်အသင်း ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရခဲ့ပြီး ၂၀၀၃ ပြိုင်ပွဲတွင် နုတ်ထွက်ခဲ့သော်လည်း ၂၀၀၅ ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ရာ အုပ်စုအဆင့်မှ ထွက်ခဲ့ရသည်။ အုပ်စုသုံးပွဲတွင် တစ်ပွဲနိုင်၊ နှစ်ပွဲရှုံး သုံးမှတ်ဖြင့် အုပ်စုမှ ထွက်ခဲ့ရသည်။

**ညီမြတ်သော်တာ**

## လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်

နေပြည်တော် မတ် ၃၀

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်း တစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် သုံးပေမှ ခြောက်ပေခန့် ရှိနိုင်သည်။ **မိုး/ဇလ**

# မှတ်ပုံတင်ရရှိထားသော်လည်း အနောက်တိုင်းဆေးရောနှောသော တိုင်းရင်းဆေးဝါးဖြစ်ကြောင်း အသိပေးနှိုးဆော်ချက်

၁။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသည် အရည်အသွေး စစ်မှန်ကောင်းမွန်ပြီး ဘေးဥပဒ် အန္တရာယ်ကင်းရှင်းကာ အကျိုးအာနိသင်ရှိသော တိုင်းရင်းဆေးဝါးများကို အများပြည်သူတို့ သုံးစွဲနိုင်ရန် စဉ်ဆက်မပြတ် စနစ်တကျ စစ်ဆေးလျက်ရှိပါသည်။

၂။ ယင်းသို့စစ်ဆေးရာတွင် ဈေးကွက်အတွင်းရောင်းချလျက်ရှိသော အောက်ဖော်ပြပါ တိုင်းရင်းဆေးဝါးသည် မှတ်ပုံတင်ရရှိထားသော်လည်း အနောက်တိုင်းဆေးရောနှောကြောင်း စစ်ဆေးတွေ့ရှိရသဖြင့် စစ်မှန်အစွမ်းထက်မှုကို အာမခံချက်မပေးနိုင်သောကြောင့် အများပြည်သူများသုံးစွဲရန် မသင့်လျော်ကြောင်း အသိပေးအပ်ပါသည်။

| စဉ် | အမှတ်တံဆိပ် | ဆေးအမည် | ဆေးဝါးပုံစံ | ထုတ်လုပ်/ဖြန့်ချိဌာန | ရောနှောသည့်အနောက်တိုင်းဆေး |
|---|---|---|---|---|---|
| ၁။ | အာရှရွှေကြယ် | အဆစ်အမျက်ရောင်ရောဂါသောက်ဆေး | ဆေးမှုန့် / ထုပ် | ဒေါ်ဟုန်ဆန်ဆိုင်၊ အမှတ် (၅၁)၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ မြိုင်သာယာ၊ မော်လမြိုင်မြို့။ | Paracetamol |
| ဘေးထွက်ဆိုးကျိုးအနေဖြင့် အသည်းထိခိုက်ပျက်စီးခြင်း၊ ကျောက်ကပ်ထိခိုက်ပျက်စီးခြင်းများ ဖြစ်စေနိုင်ပါသည်။ | | | | | |





Paracetamol ရောနှောသည့် ဆေးထုပ် နမူနာ

၃။ တိုင်းရင်းဆေးဝါး ထုတ်လုပ်ဖြန့်ဖြူးသည့် လုပ်ငန်းများနှင့် ဆေးဝါးရောင်းချသည့် ဆေးဆိုင်များသည် တိုင်းရင်းဆေးပညာဦးစီးဌာနတွင် မှတ်ပုံတင်ထားခြင်းမရှိသော တိုင်းရင်းဆေးဝါးများ၊ ဆေးဝါးအတုများ၊ စံမညီ တိုင်းရင်းဆေးဝါးများ၊ အများပြည်သူသုံးစွဲရန်မသင့်ကြောင်း ကြေညာထားသည့် တိုင်းရင်းဆေးဝါးများ တင်သွင်းဖြန့်ဖြူးရောင်းချခြင်းများကို ကျင့်ဝတ် (Ethic) အရ လုံးဝ (လုံးဝ) မပြုလုပ်ရန်နှင့် လိုက်နာဆောင်ရွက်ခြင်းမရှိပါက တိုင်းရင်းဆေးဝါးဥပဒေပုဒ်မ (၃၁)၊ (၃၂) အရ တရားစွဲဆိုအရေးယူမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**

# မောင်တောမြို့နယ်၌ ARSA အဖွဲ့က ဆွဲမိုင်း တစ်လုံး ဖောက်ခွဲပြီး လက်နက်ငယ်များဖြင့် ပစ်ခတ်မှုကြောင့် အမျိုးသား နှစ်ဦး သေဆုံး၊ သုံးဦး ဒဏ်ရာရ



ကျေးရွာသားများအား မိုင်းဖောက်ခွဲပြီး လက်နက်ငယ်ဖြင့်ပစ်ခတ်သည့် တည်နေရာပြမြေပုံ။

**နေပြည်တော် မတ် ၃၀**

မောင်တောမြို့နယ်၌ ယနေ့နံနက်ပိုင်းတွင် ARSA အဖွဲ့က ဆွဲမိုင်း တစ်လုံး ဖောက်ခွဲပြီး လက်နက်ငယ်များဖြင့် ပစ်ခတ်မှုကြောင့် အမျိုးသား နှစ်ဦး သေဆုံးကာ သုံးဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ နံနက် ၈ နာရီ ၅၅ မိနစ်တွင် မောင်တောမြို့နယ် မင်္ဂလာညွန့်ကျေးရွာနေ ဦးစံအောင်ဖြူ (အသက် ၅၀) အပါအဝင် ဒိုင်းနက်အမျိုးသား ၁၂ ဦးသည် ငှက်ထောင်ချောက်များ သိမ်းရန်အတွက် ၎င်းတို့၏ ဆိုင်ကယ် လေးစီးအား ခမောင်းဆိပ်ကျေးရွာနှင့် အောင်ဇူကျေးရွာကြား ရပ်တန့်ထားခဲ့ကာ တောအတွင်းသို့ ခြေကျင်ဝင်ရောက်စဉ် ဘော်တလာကျေးရွာသွား လမ်းဆုံအနီး လှိုင်သီချောင်းတံတားနှင့် ပေ ၂၀ ခန့်အကွာ အရောက်၌ ARSA အဖွဲ့က ဆွဲမိုင်း တစ်လုံး ဖောက်ခွဲပြီး လက်နက်ငယ်များဖြင့် ပစ်ခတ်ခဲ့ကြောင်း၊ ဦးစံအောင်ဖြူနှင့် အဖွဲ့ ထွက်ပြေးစဉ် ၎င်းတို့၏ ဆိုင်ကယ်များအား မီးရှို့ဖျက်ဆီးထားသည်ကို တွေ့ရှိရကြောင်း၊ နံနက် ၉ နာရီကျော်တွင် ဦးစံအောင်ဖြူပါ ၁၀ ဦးသည် ခမောင်းဆိပ်ကျေးရွာသို့ ပြန်လည်ရောက်ရှိခဲ့ကြောင်း၊ ဦးစံအောင်ဖြူအပါအဝင် သုံးဦးတွင် ပေါက်ပြဲဖူးရောင်ဒဏ်ရာများ (မစိုးရိမ်ရ)ရရှိကာ အောင်သပြေကျေးရွာနေ ဦးကျော်သိန်းမောင် (၃၅)နှစ်နှင့် ခမောင်းဆိပ်ကျေးရွာနေဦးမောင်မဲ (အသက် ၂၀)တို့ နှစ်ဦး ပျောက်ဆုံးနေခဲ့ကြောင်း။

နံနက် ၉ နာရီခွဲတွင် ခမောင်းဆိပ်ဗျူဟာမှ တပ်ဖွဲ့ဝင်များနှင့် ရဲတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ခမောင်းဆိပ်မှထွက်ခွာ၍ အခင်းဖြစ်နေရာသို့ ရောက်ရှိပြီး နယ်မြေရှင်းလင်းခဲ့ရာ မိုင်းပေါက်ကွဲမှုကြောင့် မြေသားလမ်းတွင် အကျယ် ၁၀ ပေ၊ အနက် ၈ ပေခန့် မြေကျင်း တစ်ခု ဖြစ်ပေါ်ပြီး အရှည်ပေ ၅၀ ခန့် နီ/နက် ဝိုင်ယာကြိုး တစ်ချောင်း၊ AK 47 ကျည်အ တစ်တောင့်၊ ၎င်းကျည်ခွံ သုံးခု၊ ပျောက်ဆုံးနေသူ ဦးကျော်သိန်းမောင်နှင့် အနီးရှိ လှိုင်သီချောင်းဘေးတွင် ဦးမောင်မဲတို့အား ဒဏ်ရာများဖြင့် သေဆုံးနေသည်ကို တွေ့ရှိခဲ့ကြောင်း။

နံနက် ၉ နာရီ ၅၅ မိနစ်တွင် ဦးစံအောင်ဖြူအပါအဝင် ဒဏ်ရာရရှိသူ သုံးဦးသည် ခမောင်းဆိပ်မှတစ်ဆင့် မောင်တောမြို့ ပြည်သူ့ဆေးရုံသို့ လွှဲပြောင်း၍ ဆေးကုသပေးလျက်ရှိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သတင်းရရှိသည်။

**သတင်းစဉ်**

## မြန်မာ့ရုပ်မြင်သံကြား

၃၁ . ၃ . ၂၀၂၀ (အင်္ဂါနေ့)

**နံနက်ပိုင်း**

- ၆:၀၀ – မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော် (ရတနသုတ်)
- ၇:၀၀ – Breakfast News
- ၈:၃၅ – "၂၀၁၈ ခုနှစ်၊ အမျိုးသား စာပေဆုရ စာရေးဆရာကြီး များနှင့် စာပေစကားဝိုင်း" (ပထမပိုင်း)
- ၉:၁၅ – ပြည်သူ့အကျိုးပြုမှတ်တိုင်များ" မသန်စွမ်းသူများ အားထားရာ ဘားအံမြို့မှ HORC စင်တာ"
- ၁၀:၃၀ – ဥပဒေရေးရာအဖြာဖြာ " ကာကွယ်ခုခံပိုင်ခွင့် အကြောင်းသိကောင်းစရာ" (အပိုင်း–၁)
- ၁၃:၃၀ – နိုင်ငံခြားဇာတ်လမ်းတွဲ "ခန်းဆောင်နီအိပ်မက်" (အပိုင်း–၃၂) (၁)

**ညပိုင်း**

- ၁၆:၃၅ – "မြင်တွေ့စေချင် ကယားတို့ဌာနေ"
- ၁၇:၃၅ – "သိပ္ပံပညာနှင့် ယနေ့ကမ္ဘာ" (ကျွန်ုပ်တို့၏ပတ်ဝန်းကျင်က ဆူညံသံများ)
- ၁၈:၂၅ – သယံဇာတနှင့်တို့ဝန်းကျင် ထိန်းသိမ်းကြစို့ထာဝစဉ် "ရိုးမပေါ်က ကျွန်းစိုက်ခင်းများဆီသို့"
- ၂၀:၀၀ – ပြည်တွင်းသတင်း နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
- – "၂၀၁၈ ခုနှစ်၊ အမျိုးသား စာပေဆုရ စာရေးဆရာကြီး များနှင့် စာပေစကားဝိုင်း" (ဒုတိယပိုင်း)
- – မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော် (ရတနသုတ်)

## မြဝတီမြို့ အမှိုက်ပုံမီးလောင်မှု ခြောက်ရက်ကြာအထိ ဆက်လက်ငြိမ်းသတ်နေရ

**မြဝတီ မတ် ၃၀**

ကရင်ပြည်နယ် မြဝတီမြို့ အမှတ် ၄ ရပ်ကွက် ဇရစ်ချောင်းဘက်တွင် ရှိသော အမှိုက်ပုံကြီးမှာ တောမီးမှ ကူးစက်ပြီး မတ် ၂၄ ရက်မှစ၍ မီးစလောင်လျက်ရှိရာ ယနေ့အထိတိုင် ငြိမ်းသတ်နေရဆဲဖြစ်ကြောင်း သိရသည်။

မီးလောင်မှုဖြစ်ပွားရာသို့ မြဝတီမီးသတ်တပ်ဖွဲ့စခန်းမှ သန္ဓေမီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ တပ်မတော်သားများက မီးသတ်ယာဉ် ခုနစ်စီး၊ ရေသယ်ယာဉ် ခြောက်စီးဖြင့် ဝိုင်းဝန်းငြိမ်းသတ်နေကြောင်း၊ မီးလောင်အားများပြီး ဝိုင်းဝန်းငြိမ်းသတ်မှုကြောင့် မီးညွန့်ကျိုးသော်လည်း အောက်မှလှိုက်၍ တငွေ့ငွေ့ပြန် လောင်နေသည့်အတွက် ဘက်ဟိုးဖြင့် ထိုးကော်ပြီး ဆက်လက်ငြိမ်းသတ်နေရဆဲဖြစ်ကြောင်း အရန်မီးသတ်တပ်ဖွဲ့မှူး ဦးအောင်စိုးက ပြောသည်။

အဆိုပါ အမှိုက်ပုံမှာ မြဝတီမြို့မှ တစ်နေ့လျှင် အမှိုက်တန်ချိန် ၇၀ ခန့် စွန့်ပစ်နေရပြီး ယခင်နှစ်ကလည်း မီးလောင်ခဲ့သဖြင့် မီးငြိမ်းသတ်ခဲ့ရကာ ယခုအကြိမ်နှင့်ဆိုလျှင် နှစ်ကြိမ်ရှိကြောင်း သိရသည်။

**ထိန်လင်းအောင် (ပြန်/ဆက်)**


အမှိုက်ပုံမီးလောင်မှုအား စက်ယန္တရားများအကူအညီဖြင့် ငြိမ်းသတ်နေမှုကို တွေ့ရစဉ်။

## တပ်ကုန်းမြို့နယ် ညောင်လွန့်ကျေးရွာအနီး ယာဉ်တိုက်မှု တစ်ဦးသေဆုံး

**နေပြည်တော် မတ် ၃၀**

တပ်ကုန်းမြို့နယ် ညောင်လွန့်ကျေးရွာ အထက်တန်းကျောင်းရှေ့ ရန်ကုန်–မန္တလေး လမ်းဟောင်းပေါ်တွင် ယနေ့ မွန်းလွဲ ၁ နာရီခန့်က လောင်စာဆီများ တင်ဆောင်လာသည့်ယာဉ်နှင့် နစ်ဆန်းခြောက်ဘီးယာဉ်တို့ မျက်နှာချင်းဆိုင်တိုက်မိရာ တစ်ဦးသေဆုံးကြောင်း သိရသည်။

ရမည်းသင်းမြို့မှ တပ်ကုန်းမြို့ဘက်သို့ မိတ္ထီလာမြို့နေသူ ယာဉ်မောင်း အောင်ကိုမြင့်(၃၄ နှစ်) မောင်းနှင်လာသည့် နစ်ဆန်းခြောက်ဘီးယာဉ်သည် ညောင်လွန့် အထက ကျောင်းရှေ့အရောက်ရှေ့မှ ဆိုင်ကယ်ကို ကျော်တက်မောင်းနှင်ရာ တစ်ဖက်ယာဉ်ကြောသို့ ရောက်ရှိသွားပြီး တပ်ကုန်းမြို့မှ ရမည်းသင်းမြို့ဘက်သို့ ညောင်လေးပင်မြို့နေသူ ယာဉ်မောင်း ရဲလင်းထွန်း(၂၉ နှစ်) မောင်းနှင်လာသော ဆီဂါလန် ၇၂၀၀ တင်ဆောင်လာသော ယာဉ်နှင့် မျက်နှာချင်းဆိုင် တိုက်မိခဲ့သည်။

ယာဉ်တိုက်မှုကြောင့် ခြောက်ဘီးယာဉ်မှာ တိမ်းမှောက်သွားပြီး ယာဉ်မောင်း အောင်ကိုမြင့် (စိုးရိမ်ရ)နှင့် ယာဉ်နောက်လိုက် သက်နိုင်ဦး (ခ) ထော်ကြီးတို့ကို တပ်ကုန်းမြို့ ခုတင် ၁၀၀ ဆေးရုံသို့ပို့ဆောင်စဉ် သက်နိုင်ဦး (ခ)ထော်ကြီးမှာ သေဆုံးသွားသဖြင့် အဆိုပါအမှုနှင့်ပတ်သက်၍ တပ်ကုန်းမြို့မရဲစခန်းက အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။ **တင်ထွန်းတာ(တပ်ကုန်း)**

## ကလိန်အောင်မြို့၌ တရားမဝင်ရွှေဖောင်လုပ်ငန်းလုပ်ကိုင်နေသူများအား ဆက်စပ်ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိ

**ကလိန်အောင် မတ် ၃၀**

တနင်္သာရီတိုင်းဒေသကြီး ကလိန်အောင်မြို့ အမှတ်(၄)ရပ်ကွက် ကလိန်အောင်ချောင်းအတွင်း ယမန်နေ့က တရားမဝင်ရွှေဖောင်လုပ်ငန်းလုပ်ကိုင်နေသူများအား ဆက်စပ်ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိကြောင်း သိရသည်။

တပ်မတော်ရေမှ ဗိုလ်ကြီးသန်းထိုက် ဦးစီးအဖွဲ့သည် အမှတ်(၄)ရပ်ကွက် ကလိန်အောင်ချောင်းအတွင်း တရားမဝင်ရွှေဖောင်လုပ်ငန်းများလုပ်ဆောင်နေကြောင်းသတင်းအရ ဝင်ရောက်စစ်ဆေးရာ တရားမဝင် ရွှေတူးဖော်ရာတွင် အသုံးပြုသောပစ္စည်းများနှင့်အတူ ရွှေတူးဖော်နေသည့် သန်းဇော်၊ သန်းနိုင်ဦး၊ ညွန့်ဝင်း၊ သိန်းဝင်း၊ စိုင်းလတ်နှင့် ဆန်းဝင်းတို့ ခြောက်ဦးကို ဖမ်းဆီးရမိခဲ့သည်။

အဆိုပါ ဖမ်းဆီးရမိသူများကို ကလိန်အောင်နယ်မြေရဲစခန်းသို့ လွှဲပြောင်းပေးအပ်ခဲ့ပြီး တရားမဝင် ရွှေဖောင်လုပ်ငန်းလုပ်ကိုင်သူ ခြောက်ဦးတို့အား အမှုဖွင့်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## ရေပူနှင့် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းများတွင် တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးဆောင်ရွက်

**ရန်ကုန် မတ် ၃၀**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့်မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့အား ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် စစ်ဆေးဆောင်ရွက်ခဲ့ရာ ယမန်နေ့က မန္တလေး–မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၁၉၆၈ စီး၊ သွင်းကုန် ၂၀၄၃ စီး၊ ရန်ကုန်–မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် သွင်းကုန် ၂၅၅ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါစစ်ဆေးရေးစခန်းများက တင်သွင်းတင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုများပြုလုပ်လျက်ရှိရာ ယမန်နေ့က မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှု တစ်မှု ခန့်မှန်းတန်ဖိုးငွေကျပ် တစ်သန်းရှိအကောက်ခွန်မဲ့ Puratos CARAT Coverlux Dark Chocolate (1 x 8 Kg) 10 PKgs အား ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## နောင်ချိုမြို့နယ်တွင် စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**နေပြည်တော် မတ် ၃၀**

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ယမန်နေ့ ညနေ ၅ နာရီခွဲက နောင်ချိုမြို့နယ် မူဆယ်–မန္တလေးကားလမ်း မိုင်တိုင်အမှတ် (၈၀/၄)တွင် ခရီးသည်တင် ဗင်ကားကို ရပ်တန့်ရှာဖွေရာ ယာဉ်၏ ရှေ့ခန်းတွင် လိုက်ပါလာသည့် စိုးမင်းထိုက် (ခ) ကိုထိုက် ထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၃၈၀ နှင့် ဖုန်းတစ်လုံးတို့ကို သိမ်းဆည်းရမိသဖြင့် ၎င်းအား ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**

## ခင်ဦးမြို့၌ ဆိုင်ကယ် ၁၂ စီး ခိုးယူသူများ ဖမ်းဆီးရမိ

**ခင်ဦး မတ် ၃၀**

စစ်ကိုင်းတိုင်းဒေသကြီး ခင်ဦးမြို့၌ ယမန်နေ့ ညနေပိုင်းက ဆိုင်ကယ် ၁၂ စီး ခိုးယူသူများကို ဖမ်းဆီးရမိခဲ့ကြောင်း ခင်ဦးမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကျော်တင့် ထံမှ သိရသည်။

ခင်ဦးမြို့နယ် အင်းပတ်ကွေ့ ကုန်စျေးတန်းရှိ စျေးဆိုင်ရှေ့တွင် ရပ်ထားသည့် ဒေါ်သောင်းခို၏ ကလစ်ဆိုင်ကယ်တစ်စီး ယနေ့ နံနက်ပိုင်းက ခိုးယူခံရမှုနှင့်ပတ်သက်၍ ခင်ဦးမြို့မရဲစခန်းနှင့် ရွှေဘိုခရိုင်မှုခင်းနှိမ်နင်းရေးဌာနစိတ်မှ ရဲတပ်ဖွဲ့ဝင်များက စုံစမ်းဖော်ထုတ်ခဲ့သည်။

အဆိုပါအမှုမှ ရေဦးမြို့နေသူ ပြစ်မှုကျူးလွန်သူများဖြစ်ကြသည့် ခန့်ညားလွင် (ခ) ရှောက်ပေါင်း (၁၈ နှစ်)၊ နေရှိုင်း (ခ) ဘောကြီး (၁၉ နှစ်)နှင့် သူရိန်ရဲရင့်(ခ) ကိုကို (၂၄ နှစ်) တို့ သုံးဦးကို ဖမ်းဆီးရမိခဲ့ပြီး သက်သေခံဆိုင်ကယ် ၁၂ စီးကို သိမ်းဆည်းရမိခဲ့သဖြင့် ခန့်ညားလွင်(ခ) ရှောက်ပေါင်းပါ သုံးဦးကို ခင်ဦးမြို့မရဲစခန်းက ဖမ်းဆီးအရေးယူထားကြောင်း သိရသည်။ **မိုးသောက်(ရွှေဘို)**

# အလွန်ကြီးမားသည့် ဒုံးကျည်များ စမ်းသပ်အောင်မြင်ခဲ့ကြောင်း မြောက်ကိုရီးယားပြော

**ပြုံယမ်း မတ် ၃၀**

နျူကလီးယားလက်နက်ပိုင်ဆိုင်သည့် မြောက်ကိုရီးယားနိုင်ငံသည် အလွန်ကြီးမားသည့် ဒုံးကျည်များ၊ လောင်ချာများကို အောင်မြင်စွာစမ်းသပ်နိုင်ခဲ့ကြောင်း ဒေသမီဒီယာက မတ် ၃၀ ရက်တွင် ပြောကြားခဲ့သည်။ သို့ရာတွင် မြောက်ကိုရီးယား ခေါင်းဆောင် ကင်ဂျုံအန်းက အဆိုပါ လေ့ကျင့်မှုကို အမိန့်ပေးညွှန်ကြားခဲ့ကြောင်း ဖော်ပြခြင်း မရှိခဲ့ပေ။

တစ်ကမ္ဘာလုံးက COVID- 19 ကူးစက်ဖြစ်ပွားမှုအပေါ် အာရုံစိုက်နေကြချိန်တွင် မြောက်ကိုရီးယားက နိုင်ငံအတွင်း COVID- 19 ကူးစက်ခံရသူတစ်ဦးမျှ မရှိခဲ့ကြောင်း အခိုင်အမာပြောကြားခဲ့ပြီး ယခုလအတွင်း ဒုံးကျည်စမ်းသပ်ပစ်ခတ်မှု လေးကြိမ်လုပ်ဆောင်ခဲ့သည်။

**ခေါင်းဆောင်ကင်ညွှန်ကြားခဲ့ခြင်းမရှိ**

သို့ရာတွင် ကိုရီးယားဗဟိုသတင်းအေဂျင်စီက မတ် ၂၉ ရက်ကလုပ်ဆောင်ခဲ့သည့် စမ်းသပ်မှုကို ခေါင်းဆောင်ကင်၏ အမိန့်ပေးညွှန်ကြားချက်ဖြင့် လုပ်ဆောင်ခဲ့သည်ဟု ဖော်ပြထားခြင်းမရှိပေ။

မြောက်ကိုရီးယားကလုပ်ဆောင်ခဲ့သည့် ဒုံးကျည်စမ်းသပ်ပစ်ခတ်မှုများတွင် ခေါင်းဆောင်ကင် ကြီးကြပ်ဆောင်ရွက်ခဲ့မှုများကို အမြဲလိုလိုမြင်တွေ့ခဲ့ ရသော်လည်း ယခုတစ်ကြိမ်စမ်းသပ်မှုကို အာဏာရပါတီ ဒုတိယဥက္ကဋ္ဌ ရီပြုံချို၏ ဦးဆောင်မှုဖြင့် အမျိုးသားကာကွယ်ရေးသိပ္ပံ အကယ်ဒမီက ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**ဂျပန်ပင်လယ်ပြင်ထဲသို့ ပစ်ခတ်ခဲ့**

တိုက်ချင်းပစ်ဒုံးကျည်များဟု ယူဆရသည့် ဒုံးကျည်နှစ်စင်းကို မတ် ၂၉ ရက်တွင် မြောက်ကိုရီးယားရှိ ဝုန်ဆန်ဆိပ်ကမ်းမှ ဂျပန်ပင်လယ်ပြင်ထဲသို့ ပစ်ခတ်ခဲ့ကြောင်း တောင်ကိုရီးယားက ပြောကြားခဲ့သည်။

သို့ရာတွင် ခေါင်းဆောင်ကင်၏ ဦးဆောင်မှုမပါခဲ့သည်ကို တွေ့မြင်ရသည့်အတွက် မြောက်ကိုရီးယားအနေဖြင့် သိသာထင်ရှားသည့် ဒုံးကျည်လက်နက်စမ်းသပ်မှုတစ်ခု မဖြစ်စေရန်နှင့် သာမန်စစ်ရေးလေ့ကျင့်မှု တစ်စိတ်တစ်ပိုင်းအနေဖြင့်သာ ထင်မြင်စေရန် ကြိုးပမ်းခဲ့ဟန်ရှိကြောင်း ကျွမ်းကျင်သူအချို့က သုံးသပ်ခဲ့သည်။ **အေအက်ဖ်ပီ**


မြောက်ကိုရီးယားနိုင်ငံက ဒုံးကျည်စမ်းသပ်ပစ်လွှတ်ခဲ့မှုကို တွေ့ရစဉ်။

## ဖိလစ်ပိုင်၌ ဆေးပစ္စည်းတင်ဆောင်လာသည့် လေယာဉ်တစ်စင်းပျက်ကျမှုကြောင့် ရှစ်ဦးသေဆုံး

**မနီလာ မတ် ၃၀**

ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့၌ မတ် ၂၉ ရက်က နီနွိုင်အကွီနို နိုင်ငံတကာ လေဆိပ်မှ ပျံသန်းထွက်ခွာလာသည့် လေယာဉ်တစ်စင်းပျက်ကျမှု ဖြစ်ပွားခဲ့ရာ လေယာဉ်ပေါ်လိုက်ပါလာသူ ရှစ်ဦးလုံးသေဆုံးခဲ့ကြောင်း လေဆိပ်တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။


ပျက်ကျလေယာဉ် ထိခိုက်ပျက်စီးမှုကို တွေ့ရစဉ်။

လိုင်ယင်း လေကြောင်းလိုင်းမှ လေယာဉ်သည် လေဆိပ်မှ ထွက်ခွာလာပြီးနောက် လေယာဉ်မီးစွဲလောင်ကာ ပျက်ကျခဲ့ရာ ခရီးသည်များအားလုံးသေဆုံးခဲ့ရကြောင်း မနီလာနိုင်ငံတကာလေဆိပ် အာဏာပိုင်အဖွဲ့က ပြောကြားခဲ့သည်။

လေယာဉ်ပေါ်၌ အမေရိကန်နိုင်ငံသားတစ်ဦးနှင့် ကနေဒါနိုင်ငံသားတစ်ဦးလိုက်ပါလာခဲ့ကာ ကျန်ခြောက်ဦးမှာ ဖိလစ်ပိုင်နိုင်ငံသားများဖြစ်ကြသည်။

ခရီးသည်များထဲတွင် ဆေးဘက်တာဝန်ရှိသူများ ပါဝင်ကြောင်း ကြက်ခြေနီအဖွဲ့ ပြောရေးဆိုခွင့်ရှိသူ ရစ်ချတ် ဂေါ်ဒွန်က ပြောသည်။

အဆိုပါ လေယာဉ်ပေါ်တွင် ဆေးဝါးအထောက်အပံ့ ပစ္စည်းများ သယ်ဆောင်လာကြောင်း ဖိလစ်ပိုင်သတင်းအေဂျင်စီက ပြောကြားခဲ့သည်။

**ဆင်ဟွာ**

## ဂျာမနီ၌ COVID–19 ကူးစက်ခံရသူအရေအတွက် ငါးသောင်းကျော်သွားပြီဖြစ်

**ဘာလင် မတ် ၃၀**

ဂျာမနီနိုင်ငံ၌ ၂၄ နာရီအတွင်း COVID–19 ကူးစက်ခံရသူ ၃၉၆၅ ဦး ထပ်မံပေါ်ထွက်လာခဲ့ရာ ယခုအခါရောဂါကူးစက်ခံရသူအရေအတွက် စုစုပေါင်း ၅၂၅၄၇ ဦးအထိ တိုးပွားလာခဲ့ကြောင်း သိရသည်။ COVID–19 ကူးစက်မှုကြောင့် သေဆုံးသူ ၃၈၉ ဦးရှိကြောင်း ဂျာမနီ ရောဂါထိန်းချုပ်ရေး အေဂျင်စီတစ်ခုဖြစ်သည့် ရောဘတ်ကို့စ်ချ်အင်စတီကျု၏ ဖော်ပြချက်အရ သိရသည်။

ဘာဒင် ဝဲသန်ဘာ့ဂ်၊ ဟက်စီနှင့် ဆာလန်းပြည်နယ်တို့တွင် ရောဂါကူးစက်ခံရမှုမရှိခဲ့ကြောင်း အဆိုပါအေဂျင်စီက ပြောသည်။ သို့ရာတွင် COVID–19 ကူးစက်ခံထားရသူ အရေအတွက် ၅၆၂၈၁ ဦးရှိပြီး COVID–19 ကြောင့် သေဆုံးရသူ ၄၂၅ ဦးရှိကြောင်း ဂျာမန်သတင်းမီဒီယာ အန်တီဗွီဒီက တွက်ချက်ဖော်ပြထားသည်။ **ဆင်ဟွာ**


ဂျာမနီ၌ နှာခေါင်းစည်းတပ်ဆင်ထားသည့် စက်ဘီးစီးနင်းသူတစ်ဦးကို တွေ့ရစဉ်။

## COVID–19 ကူးစက်မှု အရှိန်မြင့်နေသည့်အတွက် တရုတ်နိုင်ငံက အသက်ရှူစက်များ တိုးမြှင့်ထုတ်လုပ်

**ပေကျင်း မတ် ၃၀**

COVID–19 ကူးစက်ဖြစ်ပွားမှုကိုတိုက်ဖျက်ရန် ကြိုးပမ်းအားထုတ်နေချိန်အတွင်း ဆေးရုံများ၌ အသက်ရှူစက်မလုံလောက်သည့် အခြေအနေများကို ကျော်လွှားနိုင်ရန်အတွက် တရုတ်နိုင်ငံရှိ ကုမ္ပဏီများက အသက်ရှူစက်ထုတ်လုပ်မှုကို တိုးမြှင့်လိုက်ကြောင်း စက်မှုလုပ်ငန်းနှင့် သတင်းအချက်အလက်နည်းပညာ ဝန်ကြီးဌာနက မတ် ၃၀ ရက်တွင် ပြောကြားခဲ့သည်။

ကပ်ရောဂါဖြစ်ပွားနေချိန်အတွင်း ဆေးဝါးကုသမှုဆိုင်ရာ ပစ္စည်းကိရိယာများ လိုအပ်ချက်ပြည့်မီအောင် ထုတ်လုပ်နိုင်ရေးမှာ အဓိကဦးစားပေးကိစ္စရပ်ဖြစ်ကြောင်း အဆိုပါဝန်ကြီးဌာန အာဏာပိုင်တစ်ဦးဖြစ်သည့် ကျူကီမင်က သတင်းစာရှင်းလင်းပွဲ၌ ပြောကြားခဲ့သည်။

မတ် ၂၉ ရက်က တရုတ်နိုင်ငံတစ်ဝန်းရှိ အသက်ရှူစက်ထုတ်လုပ်သည့် စက်ရုံများက အသက်ရှူစက်အလုံးရေ ၂၇၀၀၀ကိုထုတ်လုပ်ပေးခဲ့သည်။ ပြည်တွင်း၌ လိုအပ်ချက်ပြည့်မီရေး ကြိုးပမ်းလျက်ရှိချိန်တွင် မတ်၁၉ ရက်မှစတင်ကာ အခြားနိုင်ငံများသို့လည်း အသက်ရှူစက် ၁၇၀၀ ခန့်ကို ရောင်းချပေးခဲ့ကြောင်း သိရသည်။

အခြားနိုင်ငံများက တရုတ်နိုင်ငံမှ အသက်ရှူစက်အလုံးရေ ၂၀၀၀၀ ခန့်မှာယူခဲ့ကြောင်း၊ စက်မှုလုပ်ငန်းနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာနက ထုတ်လုပ်မှုစွမ်းရည်ကို ဆက်လက်မြှင့်တင်သွားမည်ဖြစ်ကြောင်း ကျူကီမင်က ပြောကြားခဲ့သည်။ **ဆင်ဟွာ**

## လူမှုကွန်ရက်၌ COVID– 19 နှင့် ပတ်သက်သည့် ကောလာဟလသတင်းများပျံ့နှံ့

**ဝါရှင်တန် မတ် ၃၀**

၂၀၂၀ ပြည့်နှစ်တွင် ဖေ့ဘုတ်စ်သို့မဟုတ် လူမှုမီဒီယာကုမ္ပဏီ အများအပြားက မျှော်မှန်းထားသည့် အကြီးကျယ်ဆုံး နာမည်ဂုဏ်သတင်းဆိုင်ရာ လွှမ်းမိုးမှုမှာ အမေရိကန်သမ္မတရွေးကောက်ပွဲနှင့် ပတ်သက်သည့် သတင်းအမှားများ ဖြစ်ကြောင်း သိရသည်။ မဟုတ်မမှန် သတင်းအတုများသည် ပြည်တွင်း၌သာမက ပြည်ပ၌ပါ ခြိမ်းခြောက်မှု တစ်ခုအဖြစ် တွေ့မြင်ရလျက်ရှိသည်။



နှာခေါင်းစည်းတပ်ဆင်ထားသူတစ်ဦး လူမှုကွန်ရက်အသုံးပြုနေစဉ်။

COVID– 19 ကူးစက်ဖြစ်ပွားမှုသည် ဆေးဝါးကုသမှုမှတစ်ဆင့် အသက်အန္တရာယ်ထိခိုက်စေသည့် နောက်ဆက်တွဲဆိုးကျိုးသက်ရောက်မှုများ၊ သတင်းအချက်အလက်မှားယွင်းဖော်ပြမှုများ၊ ဗိုင်းရပ်စ်နှင့် ပတ်သက်သည့် မှားယွင်းသောထင်မြင်ယူဆချက်များ စသည်ဖြင့် ခြားနားသည့် ပြဿနာအကြောင်းအရာအများအပြားကို ထပ်မံပေါ်ထွက်လာစေခဲ့ကြောင်း သိရသည်။

အေအက်ဖ်ပီ သတင်းဌာနသည် ယုံတမ်းစကားများနှင့် ကောလာဟလများပါဝင်သည့် သတင်းအမှား ၂၀၀ ခန့်ကို မကြာသေးမီက ပယ်ဖျက်မှုများ ပြုလုပ်ခဲ့သော်လည်း နည်းပညာကုမ္ပဏီများအနေဖြင့် သတင်းအမှားများ ပျံ့နှံ့မှုရပ်တန့်စေရန်နှင့် အဆိုပါသတင်းမှားများ အွန်လိုင်းပေါ် ပျံ့နှံ့နိုင်မှုအတိုင်းအတာကို ထိန်းချုပ်နိုင်စေရေး ပိုမိုပြင်းထန်သည့် အရေးယူဆောင်ရွက်မှုများ ပြုလုပ်ရန် လိုအပ်ကြောင်း ကျွမ်းကျင်သူများက သုံးသပ်ခဲ့သည်။

COVID– 19 နှင့် ပတ်သက်သည့် မဟုတ်မမှန် သတင်းများသည် လူအများကိုကြောက်လန့်တကြားဖြစ်စေလျက်ရှိသည်။ အမေရိကန်၊ပြင်သစ်နှင့် အခြားနိုင်ငံများမှ ကျွမ်းကျင်သူပညာရှင်များက ဗိုင်းရပ်စ်ကူးစက်မှုကို ထိရောက်သည့် ကုသမှုများ မြန်ဆန်စွာဆောင်ရွက်နိုင်ရေး ကြိုးစားလုပ်ဆောင်လျက်ရှိသော်လည်း နိုင်ငံအများအပြားတွင် လွဲမှားစွာ သတင်းဖော်ပြမှုများ ထွက်ပေါ်ခဲ့ကြောင်း သိရသည်။

**အေအက်ဖ်ပီ**

# ဂျပန်နိုင်ငံတွင် COVID – 19 ကပ်ရောဂါကူးစက်မှုမြင့်တက်လာ

**တိုကျို မတ် ၃၀**

ဂျပန်နိုင်ငံတွင် COVID –19 ကပ်ရောဂါကူးစက်မှုများ မြင့်တက်လာကြောင်း၊ တနင်္လာနေ့ မွန်းလွဲပိုင်းအချိန်အထိ COVID –19 အတည်ပြုလူနာဦးရေသည် ၁၈၉၆ ဦးအထိ မြင့်တက်လာကြောင်း၊ အဆိုပါအတည်ပြုလူနာများထဲတွင် တရုတ်နိုင်ငံ ဟူပေပြည်နယ်မှ ကြိုပို့လေယာဉ်ဖြင့်ပြန်လာသူ ၁၄ ဦးလည်း ပါဝင်ကြောင်း သိရသည်။

အဆိုပါသတင်းအချက်အလက်များကို ဂျပန်နိုင်ငံ ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ထားခြင်းဖြစ်သည်။ အဆိုပါကူးစက်ခံရသူများထဲတွင် ကျန်းမာရေးဝန်ကြီးဌာနမှ အရာရှိများ၊ သီးသန့်ခွဲခြားစောင့်ကြည့်မှုကို ကွပ်ကဲလျက်ရှိသော အရာရှိများ၊ လေဆိပ်ဆိုက်ရောက်ဌာနတွင် တာဝန်ထမ်းဆောင်လျက်ရှိသော အရာရှိများအပါအဝင် စုစုပေါင်း ၄၁ ဦးပါဝင်ကြောင်း သိရသည်။

ဂျပန်နိုင်ငံစီရင်စုများအနေဖြင့် COVID –19 အတည်ပြုလူနာပေါင်းမှာ တိုကျိုတွင် ၄၃၀၊ အိုဆာကာတွင် ၂၀၈ ဦး၊ ဟော့ကိုင်းဒိုးတွင် ၁၇၅ ဦး၊ အိုင်ချီတွင် ၁၆၇ ဦး၊ ချီဘာတွင် ၁၅၈ ဦး၊ ယိုဂိုတွင် ၁၃၃ ဦးအထိရှိကြောင်း သိရသည်။

တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် COVID –19 အတည်ပြုလူနာပေါင်းမှာ ဒိုင်းမွန်းပရင့်ဆက်စ် အပျော်စီးဇိမ်ခံသင်္ဘောပေါ်မှ COVID –19 အတည်ပြုလူနာပေါင်း ၇၁၂ ဦး အပါအဝင် ၂၆၀၈ ဦးအထိ မြင့်တက်လာကြောင်း သိရသည်။

အပျော်စီးဇိမ်ခံသင်္ဘောမှ COVID –19 ကြောင့် သေဆုံးသူ ၁၀ ဦးအပါအဝင် စုစုပေါင်းသေဆုံးသူ ၆၇ ဦးအထိရှိကြောင်း ကျန်းမာရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ဖော်ပြထားသည်။ သောကြာနေ့တွင် ဒိုင်းမွန်းပရင့်ဆက်စ် သင်္ဘောပေါ်မှ ကိုးဦး အပါအဝင် စုစုပေါင်း ၆၅ ဦးမှာ အခြေအနေဆိုးရွားလျက်ရှိကြောင်း သိရသည်။

အပျော်စီးဇိမ်ခံသင်္ဘောပေါ်မှ COVID –19 အတည်ပြုလူနာ ၆၀၃ဦးအပါအဝင် စုစုပေါင်း ၉၇၅ ဦးဆေးရုံမှ ဆင်းသွားပြီဖြစ်ကြောင်းလည်း သိရသည်။

အင်န်အိတ်ချ်ကေ




မတ် ၂၇ ရက်က ဂျပန်နိုင်ငံ တိုကျိုမြို့ရှိ ထင်ရှားသည့်ဈေးဝယ်နေရာများတွင် လူများသွားလာနေမှုကို တွေ့ရစဉ်။

# COVID -19 ကိုထိန်းချုပ်ရာတွင် အမေရိကန်သမ္မတဒေါ်နယ်ထရမ့် ဧပြီ ၃၀ ရက်အထိ လမ်းညွှန်ချက်များတိုးမြှင့်

**ဝါရှင်တန် မတ် ၃၀**

အမေရိကန်သမ္မတဒေါ်နယ်ထရမ့်က မိမိသည် COVID –19 ကူးစက်ပျံ့နှံ့ခြင်းကို ထိန်းချုပ်ရန် ဧပြီ ၃၀ ရက်အထိ လမ်းညွှန်ချက်များ၊ မူဝါဒသစ်များကို ထပ်မံတိုးမြှင့်လိုက်ကြောင်း နိုင်ငံတကာသတင်းတစ်ရပ်တွင် မတ် ၃၀ ရက်က ဖော်ပြလိုက်သည်။

မတ် ၁၆ ရက်က ထုတ်ပြန်ခဲ့သော လမ်းညွှန်ချက်များနှင့်မူဝါဒများသည် ၁၅ ရက်အတွင်း အဆုံးသတ်ဖွယ်ရှိကြောင်း သိရပြီး မလိုအပ်ဘဲ ၁၀ ဦးထက်ပိုသည့် လူစုလူဝေးမလုပ်ရန်နှင့် မလိုအပ်ဘဲ အပြင်ထွက်ခြင်းမပြုလုပ်ရန် တားမြစ်ထားကြောင်းလည်း သိရသည်။

COVID –19 ကြောင့် သေဆုံးသည့် လူအရေအတွက်သည် နောက်ထပ်ရက်သတ္တနှစ်ပတ်အတွင်း ထပ်မံမြင့်တက်လာနိုင်ကြောင်းနှင့် ယခုကာလအတွင်း ပြည်သူများအားလုံးလမ်းညွှန်ချက်များကို တိကျစွာလိုက်နာကြရန် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က တိုက်တွန်းပြောကြားလိုက်သည်။



အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်

COVID –19 ကပ်ရောဂါကို မထိန်းချုပ်ဘဲထားလျှင် လူပေါင်း ၂ ဒသမ ၂ သန်းခန့် သေဆုံးနိုင်ကြောင်း အချက်အလက်များက ဖော်ပြနေသည်ဟု သမ္မတထရမ့်က ဆက်လက်ပြောကြားလိုက်သည်။

ထို့အပြင် အမေရိကန်သမ္မတ ထရမ့်က ဇွန် ၁ ရက်လောက်အထိသာ အခုလိုမျိုးဖြစ်နိုင်ကြောင်းနှင့် မကြာမီ COVID –19 ကို ထိန်းချုပ်နိုင်တော့မည် ဖြစ်ကြောင်းနှင့် ကောင်းမွန်သည့် ကိစ္စရပ်များနောက်ပိုင်းတွင် ဆက်လက်ပေါ်ပေါက်လာတော့မည်ဟု အမေရိကန်သမ္မတထရမ့်က ထပ်လောင်းပြောကြားလိုက်သည်။

ဧပြီ ၁၂ ရက်တွင်ကျရောက်မည့် အက်စတာပွဲတော်ရာသီကုန်လွန်ပြီးနောက်တွင် စီးပွားရေးဆောင်ရွက်ချက်များ ပြန်လည်လုပ်ဆောင်နိုင်ရန် မျှော်လင့်ကြောင်း သမ္မတ ထရမ့်က လွန်ခဲ့သော ရက်သတ္တပတ်က ပြောကြားလိုက်သည်။

သမ္မတထရမ့်က ထိုသို့မှတ်ချက်ပြုပြောကြားလိုက်ခြင်းသည် COVID –19 ကြောင့် အတည်ပြုလူနာနှင့် သေဆုံးသူများမြင့်တက်လာသည့်အချိန်တွင် ဝေဖန်မှုများနှင့် ရင်ဆိုင်ခဲ့ရသည်။ **အင်န်အိတ်ချ်ကေ**

## တရုတ်နိုင်ငံက COVID -19 ကြောင့် အထိနာခဲ့သော စီးပွားရေးကို ကုစားရန် ဘဏ္ဍာရေးစနစ်ထဲသို့ အမေရိကန်ဒေါ်လာ ခုနစ်ဘီလီယံထည့်ဝင်

**ပေကျင်း မတ် ၃၀**

တရုတ်နိုင်ငံတော်ဗဟိုဘဏ်က အခြားဘဏ်များသို့ ချေးထားသည့်အတိုးနှုန်းကို လျှော့ချဖြတ်တောက်လိုက်ပြီး ဘဏ္ဍာရေးစနစ်ထဲသို့ အမေရိကန်ဒေါ်လာ ခုနစ်ဘီလီယံ ထည့်ဝင်လိုက်ခြင်းဖြင့် COVID –19 ကြောင့် အထိနာခဲ့သော ကမ္ဘာ့ဒုတိယအကြီးဆုံး စီးပွားရေးနိုင်ငံကို ပြန်လည်ထူထောင်ရန် လုပ်ဆောင်လျက်ရှိကြောင်း နိုင်ငံတကာသတင်းတစ်ရပ်တွင် မတ် ၃၀ ရက်က ဖော်ပြလိုက်သည်။

တရုတ်နိုင်ငံတော် ဗဟိုဘဏ်က တနင်္လာနေ့မှစပြီး ယွမ် ဘီလီယံ ၅၀ တန်ဖိုးရှိ အတိုးနှုန်းလျှော့ချဖြတ်တောက်မှုကို စတင်ခဲ့ကြောင်း သိရသည်။ ခုနစ်ရက်ကြာ အတိုးနှုန်းလျှော့ချဖြတ်တောက်မှုနှုန်းသည် ၂ ဒသမ ၄၀ မှ ၂ ဒသမ ၂၀ ရာခိုင်နှုန်းအထိ ကျဆင်းခဲ့သည်။

ယခုလိုမျိုး အတိုးနှုန်းလျှော့ချဖြတ်တောက်မှုနှုန်းလျှော့ချခြင်းသည် ၂၀၁၅ ခုနှစ်မှစကာ အကြီးမားဆုံးလျှော့ချခြင်းဖြစ်ပြီး အနိမ့်ဆုံးအဖြစ် မှတ်တမ်းတင်ခဲ့ကြောင်း တရုတ်ဝါရင့် စီးပွားရေးကျွမ်းကျင်ပညာရှင် ဂျူလီယန် အီဗန်–ပရစ်ချာ့ဒ်က ပြောခဲ့သည်။

**အေအက်ဖ်ပီ**

## နီပေါတစ်နိုင်ငံလုံး အသွားအလာ ကန့်သတ်ခြင်းကို ဧပြီ ၇ ရက်အထိ တိုးမြှင့်

**ခတ္တမန္ဒူ မတ် ၃၀**

COVID –19 ဖြစ်စဉ်မြင့်တက်လာပြီးနောက် နီပေါနိုင်ငံလုံးဆိုင်ရာ အသွားအလာကန့်သတ်ခြင်းကို နောက်ထပ်ရှစ်ရက်အထိထပ်မံတိုးမြှင့်လိုက်ကြောင်း နီပေါအစိုးရက သတင်းထုတ်ပြန်ဖော်ပြလိုက်သည်။

နီပေါနိုင်ငံတွင် မရှိမဖြစ် အခြေခံစားသောက်ကုန်များရောင်းချသော ဆိုင်များမှတစ်ပါး တခြားဆိုင်များကို မဖွင့်ရန် ပိတ်ပင်မှုနှင့်အတူ လေကြောင်းလိုင်းများ၊ ယာဉ်များဖြင့် သွားလာမှုများကိုလည်း လွန်ခဲ့သော အင်္ဂါနေ့ကတည်းက တားမြစ်လိုက်ကြောင်း သိရသည်။

နောက်ထပ် နိုင်ငံလုံးဆိုင်ရာ အသွားအလာကန့်သတ်ခြင်းကို ဧပြီ ၇ ရက်သန်းခေါင်အထိ ထပ်မံတိုးမြှင့်ရန် ဝန်ကြီးအဖွဲ့အစည်းအဝေးက ဆုံးဖြတ်လိုက်ကြောင်း ဘဏ္ဍာရေးဝန်ကြီးနှင့် ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်ဝန်ကြီး ယူဘာရက်ခါတီဝါတာက နိုင်ငံပိုင်ရုပ်မြင်သံကြားသို့ ပြောခဲ့သည်။

နိုင်ငံကို အသွားအလာကန့်သတ်လိုက်ခြင်းတွင် မည်သူမျှ အိမ်အပြင်မထွက်ရဘဲ အိမ်ထဲမှာသာနေထိုင်ရန်နှင့် မဝယ်မဖြစ် ဝယ်ရမည့်အခါမှသာ အနည်းဆုံးလူတစ်ယောက်သာ ထွက်ဝယ်ရန်ကိုလည်း ညွှန်ကြားထားကြောင်း သိရသည်။

**ဆင်ဟွာ**

## ဂျပန်နိုင်ငံက အမေရိကန်၊ တရုတ်နှင့် တောင်ကိုရီးယားအပါအဝင် နိုင်ငံအတော်များများကို ဝင်ခွင့်ပိတ်ပင်

**တိုကျို မတ် ၃၀**

COVID –19 ရောဂါဖြစ်ပွားမှုကို ထိန်းချုပ်ရန် ဂျပန်နိုင်ငံက ဝင်ခွင့်ငြင်းမည့်နိုင်ငံများစာရင်းတွင် အမေရိကန်၊ တရုတ်နှင့် တောင်ကိုရီးယား အပါအဝင် အချို့ဥရောပနိုင်ငံများနှင့် အရှေ့တောင်အာရှနိုင်ငံများကိုလည်း ထည့်သွင်းသွားမည်ဖြစ်ကြောင်း သိရသည်။

ခရီးသွားလာခွင့် သတိပေးအဆင့်အဖြစ် အမေရိကန်ဒေသအားလုံးကို အဆင့် ၃ အဖြစ် တိုးမြှင့်သတ်မှတ်ရန် ဆုံးဖြတ်ခဲ့ပြီး နိုင်ငံတွင်းသို့ ဝင်ရောက်မည့် ခရီးစဉ်များအားလုံးကိုလည်း ဖျက်သိမ်းရန် အကြံပြုပြောကြားထားကြောင်း သိရသည်။

အလားတူ အမေရိကန်ပြည်ထောင်စုတွင် လွန်ခဲ့သည့် ရက်သတ္တနှစ်ပတ်ခန့်က နေထိုင်ခဲ့ဖူးသူများကိုလည်း တားမြစ်သွားမည်ဖြစ်ကြောင်း သိရသည်။

အမေရိကန်ပြည်ထောင်စုတွင် COVID –19 ဖြစ်စဉ်များမြင့်တက်လာပြီးနောက် ယခုလို ဆုံးဖြတ်ချက်ထွက်ပေါ်လာခြင်းဖြစ်သည်။

အလားတူ ဆောင်ရွက်ချက်မျိုးကိုလည်း တရုတ်နိုင်ငံနှင့် တောင်ကိုရီးယား၊ ဗြိတိန်အပါအဝင် ဥရောပနိုင်ငံအတော်များများ၊ ထိုင်းနိုင်ငံအပါအဝင် အရှေ့တောင်အာရှနိုင်ငံများပေါ်တွင်လည်း ပြုလုပ်သွားမည် ဖြစ်ကြောင်း သိရသည်။

အထူးအကြောင်းပြချက်မရှိပါက ဝင်ထွက်ခွင့်ကို ပိတ်ပင်လိုက်ခြင်းအပါအဝင် နိုင်ငံပေါင်း သုံးပုံတစ်ပုံခန့်ကို ယခုလို ဝင်ခွင့်ငြင်းဆန်ထားကြောင်းလည်းသိရသည်။

အခြားနိုင်ငံများကို အဆင့် ၂ အဖြစ် သတ်မှတ်ပြဋ္ဌာန်းလိုက်ကြောင်း သိရသည်။

ထို့အတူ ဂျပန်နိုင်ငံသားများကိုလည်း ၎င်းတို့နှင့် ထိတွေ့မှုမပြုလုပ်ရန် လမ်းညွှန်မှာကြားထားကြောင်း သိရသည်။ **အင်န်အိတ်ချ်ကေ**

## အိန္ဒိယတွင် ၂၁ ရက်ကြာ အသွားအလာကန့်သတ်မှုကို ထပ်မံတိုးမြှင့်မည်မဟုတ်

**နယူးဒေလီ မတ် ၃၀**

အိန္ဒိယဝန်ကြီးချုပ် နာရိန်ဒရာမိုဒီက COVID –19 ရောဂါကို တားဆီးရန် မျှော်လင့်ချက်ဖြင့် လူဦးရေ ၁ ဒသမ ၃ ဘီလီယံရှိသော အိန္ဒိယနိုင်ငံကို ဧပြီ ၁၅ ရက်အထိ ၂၁ ရက်ကြာ အသွားအလာကန့်သတ်လိုက်သည့်အတွက် အိန္ဒိယဆင်းရဲသားပေါင်း သန်းချီ အလုပ်လက်မဲ့ဖြစ်ကုန်ပြီး ငတ်မွတ်ကုန်ကြသည်။

ယခုအဆိုပါ၂၁ရက်ကြာအသွားအလာကန့်သတ်မှုကို ထပ်မံတိုးမြှင့်မည့် အစီအစဉ်မရှိကြောင်း အစိုးရက မတ် ၃၀ ရက်က ပြောကြားလိုက်သည်။

ထို့အတူ အစိုးရအဖွဲ့အတွင်းရေးမှူး ရာဂျစ်ဂူဘာက အိန္ဒိယဝန်ကြီးချုပ် မိုဒီက COVID –19 ရောဂါကို ထိန်းချုပ်ရန် ကြေညာခဲ့သည့် ၂၁ ရက်ကြာ အသွားအလာကန့်သတ်မှုကို ထပ်မံတိုးမြှင့်သွားမည် မဟုတ်ကြောင်း ပြောကြားလိုက်သည်။

အသွားအလာကန့်သတ်မှု ပမာဏကို ထပ်မံတိုးမြှင့်မည်ဆိုသည့် သတင်းဖော်ပြမှုများကို သူ့အနေဖြင့် အလွန်အံ့အားသင့်ကြောင်း ဖော်ပြခဲ့သည်။ ၂၁ ရက်ကြာ အသွားအလာကန့်သတ်မှုသည် မတ် ၂၄–၂၅ စပ်ကူးမပ်ကူးကြားကာလတွင် စတင်သက်ရောက်ခဲ့ပြီးလာမည့် ဧပြီ ၁၅ ရက်တွင် ပြီးဆုံးမည်ဖြစ်သည်။

ကောလာဟလများနှင့် မီဒီယာသတင်းဖော်ပြမှုများတွင် အစိုးရအနေဖြင့် ၂၁ ရက်ကြာအသွားအလာကန့်သတ်မှုပမာဏကို ထပ်မံတိုးမြှင့်မည့် ဖော်ပြချက်များသည် အခြေအမြစ်မရှိကြောင်း အစိုးရအဖွဲ့ အတွင်းရေးမှူးက ပြောကြားခဲ့သည်။

အိန္ဒိယအစိုးရသည် COVID –19 ရောဂါကို တိုက်ဖျက်ရန် အဖွဲ့ ၁၁ ဖွဲ့ ဖွဲ့စည်းတာဝန်ပေးအပ်ထားကြောင်းနှင့် အဆိုပါ ၁၁ ဖွဲ့တွင် ဝါရင့်နိုင်ငံ့ဝန်ထမ်း ၈၀ ပါဝင်ကြောင်း သိရသည်။

အိန္ဒိယတွင် COVID –19 အတည်ပြုလူနာ ၁၀၇၁ ဦးရှိပြီး ၂၉ ဦး သေဆုံးခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ဖော်ပြခဲ့သည်။ **အေအက်ဖ်ပီ**

# မိုဒီရဲ့တောင်းပန်မှု၊ ဩစတြေးလျရဲ့ လူနှစ်ဦးအထိလျှော့ချကန့်သတ်မှုနဲ့အတူ အာရှရဲ့ COVID-19 ကပ်ရောဂါအခြေအနေ

*ထွန်းသစ်စ*

COVID-19 ကပ်ရောဂါဟာ ကြောက်စရာအရှိန်အဟုန်နဲ့ ကမ္ဘာတစ်လွှား ကူးစက်ပျံ့နှံ့နေပါတယ်။ COVID-19 ကပ်ရောဂါကို သက်ဆိုင်ရာ တိုင်းနိုင်ငံ အသီးသီးမှာရှိတဲ့ အစိုးရတွေကလည်း အပြင်းအထန်တားဆီးထိန်းချုပ်ဖို့ စီမံချက်တွေ၊ မူဝါဒတွေချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။ အာရှတစ်လွှားမှာလည်း COVID-19 ကပ်ရောဂါကိုကာကွယ်ထိန်းချုပ်ဖို့ အကောင်းဆုံးကြိုးစားနေကြတာ တွေ့ရပါတယ်။ ယခုတစ်ခါ COVID-19 ကပ်ရောဂါနဲ့ပတ်သက်ပြီး အာရှတစ်လွှားမှာ နောက်ဆုံးဖြစ်ပေါ်နေတဲ့ အခြေအနေတွေကို ဖော်ပြလိုက်ပါတယ်။

**အိန္ဒိယရဲ့ COVID-19**

COVID-19 ကပ်ရောဂါကိုထိန်းချုပ်ရန် လူဦးရေ ၁ ဒသမ ၃ ဘီလီယံရှိတဲ့ အိန္ဒိယနိုင်ငံကို ၂၁ ရက်ကြာ အသွားအလာကန့်သတ်ထိန်းချုပ်လိုက်ခြင်းကြောင့် ရွှေ့ပြောင်းလုပ်သားတွေကို အလုပ်လက်မဲ့ဖြစ်စေပြီး ခြူးတစ်ပြားမရှိတဲ့ဘဝတွေဖြစ်စေတဲ့အတွက် ဒီအရေးနဲ့ပတ်သက်ပြီး အိန္ဒိယဝန်ကြီးချုပ်မိုဒီက သူ့နိုင်ငံသားတွေကို ခွင့်လွှတ်ပေးဖို့ တောင်းဆိုလိုက်ပါတယ်။ နိုင်ငံသားတွေအနေနဲ့ မိမိကို ခွင့်လွှတ်ပေးနိုင်လိမ့်မည်ဟု ယုံကြည်ကြောင်း၊ နိုင်ငံသားတွေနဲ့ မသင့်တော်တဲ့ ဆုံးဖြတ်ချက်တွေကိုလည်း တစ်ခါတစ်ရံမှာ ချမှတ်ရကြောင်း၊ အထူးသဖြင့် ဆင်းရဲသားညီအစ်ကို မောင်နှမများအတွက် စိတ်မကောင်းဖြစ်မိကြောင်း အပတ်စဉ်ရေဒီယို မိန့်ခွန်းမှာပြောကြားခဲ့ပါတယ်။ ဒီလိုမှမလုပ်ရင်လည်း COVID-19 ကပ်ရောဂါကိုတိုက်ဖျက်ဖို့ တခြားနည်းလမ်းမရှိတော့ကြောင်း ၎င်းကဆက်လက်ပြောပါတယ်။

တစ်ချိန်တည်းမှာပဲ ဒေလီမြို့တော်ဝန်ကြီးချုပ် အာဗင့်ကတ်ဂျရီဝယ်က ကျေးလက်ဒေသ ရွှေ့ပြောင်းလုပ်သားတွေကို အခုလို ၂၁ ရက်ကြာ အသွားအလာကန့်သတ်လိုက်တဲ့အချိန်မှာ မိမိတို့ရဲ့အိမ်တွေကို မပြန်ကြဘဲ ကိုယ်ရှိတဲ့နေရာမှာပဲ နေထိုင်ကြဖို့၊ ဘာဖြစ်လို့လဲဆိုရင် COVID-19 ကပ်ရောဂါဟာ လူအုပ်ကြီးနဲ့သွားလာလှုပ်ရှားမှုမှာ ပိုမိုပျံ့နှံ့လွယ်တဲ့အတွက် အန္တရာယ်ကိုဖိတ်ခေါ်နေသလိုဖြစ်ကြောင်း သူက တွစ်တာမှာ ပြောကြားလိုက်ပါတယ်။ ထို့အတူပဲ ဗဟိုအစိုးရက COVID-19 ကပ်ရောဂါ ကူးစက်ပျံ့နှံ့မှုကို လျှော့ချဖို့ တိုင်းဒေသကြီးနဲ့ နယ်ပယ်များအားလုံးကို အသွားအလာတွေ ကန့်သတ်ဖို့လည်း ညွှန်ကြားချက်များထုတ်ပြန်ထားပါတယ်။ ကျေးလက်ဒေသရွှေ့ပြောင်းလုပ်သားတွေကိုလည်း ထောက်ပံ့ပေးဖို့ စီစဉ်ထားပါတယ်။

**စင်ကာပူရဲ့ COVID-19**

စင်ကာပူနိုင်ငံကလည်း သူ့ရဲ့သတ်မှတ်ထားတဲ့ အသွားအလာကန့်သတ်စောင့်ကြည့်မှုအတွင်း နိုင်ငံသားတွေရဲ့ နိုင်ငံကူးလက်မှတ်တွေကို ငြင်းဆန်ထားပါတယ်။ အခုနောက်ဆုံး စင်ကာပူနိုင်ငံမှာ တစ်ဦးနဲ့ တစ်ဦး ခပ်ခွာခွာနေရမယ်ဆိုတဲ့ ပြဋ္ဌာန်းချက်တွေတောင် ထုတ်ပြန်ထားပြီး မလိုက်နာတဲ့သူတွေကိုလည်း သက်ဆိုင်ရာဥပဒေများနဲ့အညီ အရေးယူသွားမယ်လို့လည်း ဆိုထားပါတယ်။ အသက် ၅၄နှစ်ရှိတဲ့ အင်ဒိုနီးရှားနိုင်ငံကပြန်လာတဲ့ စင်ကာပူနိုင်ငံသားတစ်ဦးကိုလည်း ၁၄ ရက်ကြာ သီးသန့်စောင့်ကြည့်မှုတွေ လုပ်ဆောင်လျက်ရှိပါတယ်။ စင်ကာပူနိုင်ငံမှာလည်း COVID-19 ကပ်ရောဂါ ကူးစက်ပျံ့နှံ့မှုကိုကာကွယ်တဲ့နေရာမှာ တစ်ဦးက တစ်ဦးကို ရည်ရွယ်ချက်ရှိရှိ အနားကပ်ရပ်နေပါက ထောင်ဒဏ်ခြောက်လချမှတ်နိုင်တဲ့ တင်းကျပ်တဲ့ စည်းမျဉ်းစည်းကမ်းတွေလည်းပါဝင်သလို ငွေဒဏ်လည်း အရိုက်ခံရမှာဖြစ်ပါတယ်။

**ဩစတြေးလျရဲ့ COVID-19**

ဩစတြေးလျနိုင်ငံမှာလည်း အများဆုံး လူ ၁၀ ယောက်စုစည်းခွင့်ကနေ တနင်္လာနေ့ကစပြီး လူနှစ်ယောက်တစ်တွဲအထိ လျှော့ချလိုက်ပါတယ်။ ထို့အတူ နိုင်ငံတစ်ဝန်းမှာရှိတဲ့ ကစားကွင်းတွေ၊ အားကစားခန်းမတွေ၊ စကိတ်ကွင်းတွေကိုလည်း ပိတ်လိုက်ပါတယ်။ ထို့အတူ အသက် ၇၀ ကျော်သူတွေ၊ ရောဂါအခံရှိတဲ့ အသက် ၅၀ ကျော်သူတွေကို အိမ်မှာပဲ သီးသန့်နေထိုင်ဖို့ ဝန်ကြီးချုပ် စကော့မော်ရစ်ဆင်က အကြံပေးထားပါတယ်။ ဇိမ်ခံသင်္ဘောစီး ခရီးသည်တွေ ဩစတြေးလျအနောက်ဘက် ကမ်းရိုးတန်းကမ်းလွန်မှာ ရက်အတော်ကြာကြာသောင်တင်နေပြီး ဂျာမနီကိုပြန်မယ့်အချိန်မှာ ဝန်ကြီးချုပ်အနေနဲ့ သူ့နိုင်ငံကအသက်ကြီးသူတွေကို အခုလိုမျိုးအကြံပေးခဲ့တာဖြစ်ပါတယ်။ ဩစတြေးလျနိုင်ငံမှာ COVID-19 ကပ်ရောဂါအတည်ပြုလူနာပေါင်း ၄၀၀၀ နီးပါးရှိပြီး ၁၆ ဦးသေဆုံးခဲ့ကြောင်း သတင်းထုတ်ပြန်ဖော်ပြခဲ့သလို နယူးဇီလန်နိုင်ငံမှာလည်း COVID-19 ကပ်ရောဂါကြောင့် တစ်ဦးသေဆုံးခဲ့ပါတယ်။

ဩစတြေးလျနိုင်ငံမှာ COVID-19 ကပ်ရောဂါကြောင့် ပြည်တွင်းမှာ COVID-19 နဲ့ နှီးနွှယ်တဲ့ မိသားစုတစ်စု အကြမ်းဖက်ခံရပြီးနောက်မှာ အဲဒီလိုမျိုးအခြေအနေတွေကနေကာကွယ်ဖို့ ရန်ပုံငွေအမေရိကန်ဒေါ်လာသန်း ၁၀၀ နီးပါး ထည့်ဝင်ခဲ့ပါတယ်။ COVID-19 နဲ့ နှီးနွှယ်တဲ့သူတွေ ပြည်တွင်းမှာ အကြမ်းဖက်ခံရတဲ့အခြေအနေက ကာကွယ်ပေးနေတဲ့ ကမ္ဘာတစ်ဝန်းက အဖွဲ့အစည်းတွေကလည်း COVID-19 ကပ်ရောဂါအလျင်အမြန်ကူးစက်ပျံ့နှံ့လာတဲ့အပေါ် စိုးရိမ်နေကြပါတယ်။ ထို့အတူ COVID-19 ကပ်ရောဂါကို ကာကွယ်ဖို့ လူများသီးသန့်ခွဲခြားထားခြင်းကလည်း ဝေဒနာသည်တွေအတွက် ဖိအားတွေ ပိုမိုဖြစ်ပေါ်စေပါတယ်။

**တရုတ်ရဲ့ COVID-19**

တရုတ်နိုင်ငံမှာလည်း တနင်္ဂနွေနေ့က COVID-19 အသစ်ထပ်မံကူးစက်ခံရသူပေါင်း ၄၅ ဦးရှိလာကြောင်း သတင်းဖော်ပြခဲ့ပါတယ်။ သို့သော်လည်း သူတို့ထဲက တစ်ဦးကတော့ နိုင်ငံခြားတိုင်းပြည်ကပြန်လာသူတစ်ဦးဖြစ်ပါတယ်။ အဲဒီပမာဏဟာ အရင်ရက်တွေကဖြစ်ပွားခဲ့တဲ့ ပြည်ပမှ ပြန်လည် ရောက်ရှိလာကာ COVID-19 ကူးစက်ခံရသူပေါင်း ၅၄ ဦးနဲ့ နှိုင်းယှဉ်လိုက်မယ် ဆိုရင် မပြောပလောက်တော့ပါဘူး။ တရုတ်နိုင်ငံဟာ COVID-19 ကူးစက် ပြန့်ပွားမှုကို ပြည်တွင်းမှာ ထိန်းချုပ်နိုင်ခဲ့ပြီဖြစ်သလို ယခုအခါမှာလည်း ပြည်ပမှ ပြန်လည်ရောက်ရှိလာကာ COVID-19 ကူးစက်ခံရသူတွေကို အလားတူ ကာကွယ်မှုတွေ လုပ်ဆောင်နိုင်ပြီဖြစ်ပါတယ်။ ယခုရက်သတ္တပတ်မှာ တရုတ်နိုင်ငံဟာ သူ့ရဲ့နိုင်ငံတကာလေကြောင်းလိုင်းတွေကို လျှော့ချဖြတ်တောက်လိုက်သလို နိုင်ငံခြားသား ပြည်ပမှ ပြန်လည်ရောက်ရှိလာသူတွေကိုလည်း စနေနေ့ကစပြီး တားမြစ်သွားတော့မယ်လို့ သတင်းတွေမှာ ဖော်ပြခဲ့ပါတယ်။

**သီရိလင်္ကာရဲ့ COVID-19**

သီရိလင်္ကာနိုင်ငံမှာလည်း လေကြောင်းလိုင်းတွေက ဝင်ရောက်လာတဲ့ ခရီးသွားတွေအကုန်လုံးကို နောက်ထပ် ရက်သတ္တပတ် ဧပြီ ၇ ရက်အထိ ထပ်မံတိုးမြှင့်ပိတ်ပင် တားဆီးသွားမယ်လို့ ပြောပါတယ်။ သို့သော်လည်း နိုင်ငံရဲ့ အဓိကလေဆိပ်ကိုတော့ နိုင်ငံမှထွက်ခွာမယ့်သူတွေအတွက် ဆက်လက်ဖွင့်လှစ်ထားမယ်လို့ ဆိုပါတယ်။ ကျွန်းနိုင်ငံလေးတစ်နိုင်ငံဖြစ်တဲ့ သီရိလင်္ကာနိုင်ငံမှာ စနေနေ့ညက COVID-19 ကပ်ရောဂါကြောင့် သေဆုံးသူတစ်ဦးရှိခဲ့ကြောင်း သတင်းထုတ်ပြန်ဖော်ပြခဲ့ပါတယ်။

**ဘင်္ဂလားဒေ့ရှ်ရဲ့ COVID-19**

ဘင်္ဂလားဒေ့ရှ်နိုင်ငံမှာတော့ လွန်ခဲ့တဲ့ ၂၄ နာရီအတွင်း နောက်ထပ် COVID-19 ရောဂါကူးစက်ခံထားရသူတစ်ဦးတစ်ယောက်မျှ မတွေ့ရသေးဘူးလို့ ရောဂါထိန်းချုပ်ရေးဆိုင်ရာ အကြီးအကဲမာဂျာဒီဆာဘရီနာဖလော်ရာက ပြောပါတယ်။ ယခုလိုမျိုး COVID-19 ရောဂါထပ်မံမတွေ့ခြင်းဟာ ဒုတိယမြောက်ရက်ထဲ ဝင်ရောက်လာခဲ့သော်လည်း ယခင်က COVID-19 အတည်ပြုလူနာ ၄၈ ဦးရှိကာ ငါးဦးသေဆုံးခဲ့ပါတယ်။

**ဖိလစ်ပိုင်ရဲ့ COVID-19**

ဖိလစ်ပိုင်နိုင်ငံမှာ COVID-19 ထပ်မံတွေ့ရှိသူဦးရေသည် တနင်္ဂနွေ နေ့က ၃၄၃ ဦးရှိခဲ့ပြီး တစ်နေ့တည်းကိုပဲ COVID-19 တွေ့ရှိသူ အများအပြား တိုးပွားလာခြင်းအဖြစ် မှတ်တမ်းတင်ခဲ့ပါတယ်။ ဖိလစ်ပိုင်နိုင်ငံမှာ ယခုအချိန်အထိ COVID-19 အတည်ပြုလူနာပေါင်း ၁၄၁၈ ဦးအထိရှိပြီး ၇၁ ဦးသေဆုံးခဲ့ကြောင်း ကျန်းမာရေးဌာနက သတင်းထုတ်ပြန်ဖော်ပြခဲ့သည်။ ယခုလိုမျိုး COVID-19 ရောဂါပိုးတွေ့ရှိသူ ရုတ်တရက်မြင့်တက်သွားခြင်းသည် နိုင်ငံခြားမှ ဝင်ရောက်လာသည့် အသုံးအဆောင်ပစ္စည်းကိရိယာများကြောင့်ဖြစ်ကြောင်း သက်ဆိုင်ရာအာဏာပိုင်တွေက ဆက်လက်ပြောကြားပါတယ်။

အခုဆိုရင် COVID-19 ရောဂါဟာ တစ်ကမ္ဘာလုံးကို ခြိမ်းခြောက်လာတဲ့ အနေအထား ရောက်နေပါတယ်။ ပြည်သူတွေကလည်း သက်ဆိုင်ရာဌာနတွေရဲ့ သတင်းထုတ်ပြန်ကြေညာချက်တွေ အတိအကျလိုက်နာခြင်းဖြင့် COVID-19 ရောဂါကို အကောင်းဆုံး ရင်ဆိုင်တွန်းလှန်သွားနိုင်ကြရမှာပဲ ဖြစ်ပါတယ်။ ။

**ကိုးကား -အေအက်ဖ်ပီ**



အစိုးရက ၂၁ ရက်ကြာ အသွားအလာကန့်သတ်ထိန်းချုပ်လိုက်ပြီးနောက် မွမ်ဘိုင်းတွင်တွေ့ရသော နှာခေါင်းစည်းများ စည်းထားသည့် အိမ်ရာမဲ့များ

## နိုင်ငံတကာသတင်းတိုထွာ

### COVID-19 အတည်ပြုလူနာ တစ်ကမ္ဘာလုံးတွင် ခုနစ်သိန်းကျော်လာ

**ဝါရှင်တန် မတ် ၃၀**

တစ်ကမ္ဘာလုံး အတိုင်းအတာအနေဖြင့် COVID-19 ကပ်ရောဂါ ခုနစ်သိန်းကျော်အထိ ကူးစက်ဖြစ်ပွားခဲ့ကြောင်း ဂျွန်ဟော့ကင်းတက္ကသိုလ်၏ သိပ္ပံနှင့် အင်ဂျင်နီယာဌာန၏စာရင်းဇယားများအရ သိရသည်။ တနင်္ဂနွေနေ့ မွန်းလွဲ ၂ နာရီ ၄၅ အချိန်အထိ ကမ္ဘာတစ်ဝန်းလုံး၌ COVID-19 အတည်ပြုလူနာပေါင်း ၇၀၄၀၀၀ ကျော်ရှိခဲ့ပြီး သေဆုံးသူ ၃၃၅၀၉ ဦးထိမြင့်တက်လာကြောင်း သိရသည်။

COVID-19 နောက်ဆုံးသတင်းများအရ အမေရိကန်ပြည်ထောင်စုတွင် အတည်ပြုလူနာအရေအတွက် အများဆုံးဖြစ်ပြီး ၁၃၂၀၀၀ ကျော်အထိရောက်ရှိလာကာ အီတလီနိုင်ငံတွင် သေဆုံးသူပေါင်း ၁၀၀၀၀ ကျော်ခဲ့ပြီး COVID-19 ကူးစက်ခံရသည့်နိုင်ငံများတွင် သေဆုံးသူအများဆုံးဖြစ်ကြောင်း သိရသည်။

ဆင်ဟွာ

### ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ COVID-19 တိုက်ဖျက်ရာတွင် ဂျက်မားဖောင်ဒေးရှင်းနှင့် အလီဘာဘာဖောင်ဒေးရှင်းတို့ ဆေးပစ္စည်းများလှူဒါန်း

**ဒါကာ မတ် ၃၀**

ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ COVID-19 တိုက်ဖျက်ရေးလုပ်ငန်းများဆောင်ရွက်ရာတွင် ဂျက်မားဖောင်ဒေးရှင်းနှင့် အလီဘာဘာဖောင်ဒေးရှင်းတို့နှင့်အတူ ဒါကာရှိ တရုတ်သံရုံးတို့ပူးပေါင်းပြီး ဘင်္ဂလားဒေ့ရှ်နိုင်ငံ ကျန်းမာရေးနှင့် မိသားစုရေးရာဝန်ကြီးဌာနကို ဆေးဘက်ဆိုင်ရာပစ္စည်းများလှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

လှူဒါန်းမှုများတွင် COVID-19 စမ်းသပ်ပစ္စည်း ၃၀၀၀၀ အပါအဝင် ဆေးဘက်ပစ္စည်းများနှင့် နှာခေါင်းစည်း ၃၀၀၀၀၀ တို့ပါဝင်ကြောင်း သိရသည်။ ထောက်ပံ့ရေးပစ္စည်းများတင်ဆောင်လာသော တရုတ်အထူးလေယာဉ်သည် ဒါကာမြို့ ဟာ့ဇ်ရက်ရှာဂျာလာလာအပြည်ပြည်ဆိုင်ရာလေဆိပ်သို့ရောက်ရှိခဲ့ပြီး လှူဒါန်းမှုများပြုလုပ်ခဲ့ခြင်းဖြစ်သည်။

သောကြာနေ့အစောပိုင်းကလည်း ဂျက်မားဖောင်ဒေးရှင်းနှင့် အလီဘာဘာဖောင်ဒေးရှင်းတို့သည် ပထမအသုတ်အနေဖြင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံကျန်းမာရေးနှင့် မိသားစုရေးရာဝန်ကြီးဌာနသို့ COVID-19 စမ်းသပ်ရေးပစ္စည်း ၃၀၀၀၀ ပေးပို့ခဲ့ကြောင်း သိရသည်။

ဆင်ဟွာ

# COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၃၀-၃-၂၀၂၀) ရက်နေ့၊ ည (၇:၃၀) နာရီ

၁။ အမျိုးသားကျန်းမာရေး ဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) မှ (၃၀-၃-၂၀၂၀) ရက်နေ့၊ ညနေ (၅:၁၅) နာရီတွင် ထုတ်ပြန်သော ဓာတ်ခွဲစစ်ဆေးမှုအဖြေများအရ စောင့်ကြည့်လူနာနှင့် ဆေးရုံတွင် အသွားအလာကန့်သတ်၍ စောင့်ကြပ်ကြည့်ရှုလျက်ရှိသော လူနာ ၅၅ ဦး၏ ဓာတ်ခွဲနမူနာများအား စစ်ဆေးခဲ့ရာ **(ဇယား-၁)** တွင် ဖော်ပြထားရှိသော လူနာ (၄) ဦး၏ ဓာတ်ခွဲအဖြေများတွင် COVID-19 ရောဂါပိုး တွေ့ရှိ (တွေ့ရှိ) ရပြီး ကျန်လူနာ (၅၁) ဦး၏ ဓာတ်ခွဲအဖြေများတွင် COVID-19 ရောဂါပိုး မရှိကြောင်း (မရှိကြောင်း) တွေ့ရှိရပါသည်။

၂။ COVID-19 ရောဂါဓာတ်ခွဲအတည်ပြုလူနာ (Case-08) (ညော့်လမ်းညွှန်) ၏ ရောဂါဖြစ်ပွားမှု ရာဇဝင်စစ်ဆေးချက်အရ ၎င်းညော့်လမ်းညွှန်လုပ်ငန်း ဆောင်ရွက်ခဲ့သည့် ပြင်သစ်နိုင်ငံသား ခရီးသွားညော့်သည် (၄) ဦးအား (၂၈-၃-၂၀၂၀) ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်မြို့ရှိ ဟိုတယ်တစ်ခုတွင် အသွားအလာကန့်သတ်၍ စောင့်ကြပ်ကြည့်ရှုခြင်း ဆောင်ရွက်ခဲ့ပြီး (၂၉-၃-၂၀၂၀) ရက်နေ့တွင် ဓာတ်ခွဲနမူနာ ရယူစစ်ဆေးခြင်းများ ဆောင်ရွက်ခဲ့ခြင်း ဖြစ်ပါသည်။ အဆိုပါ (၄)ဦး အနက် (၃)ဦး (Case-11)၊ (Case-12) နှင့် (Case-13) တို့တွင် COVID-19 ရောဂါပိုး စစ်ဆေးတွေ့ရှိခဲ့သဖြင့် ၎င်းတို့ (၃)ဦးအား ဝေဘာဂီအထူးကုဆေးရုံသို့ လွှဲပြောင်းကုသမှုခံယူစေမည် ဖြစ်ပါသည်။ အဆိုပါ (၃)ဦးတွင် လက်ရှိအခြေအနေအရ ရောဂါလက္ခဏာတစ်စုံတစ်ရာ မတွေ့ရှိရပါ။

၃။ ဓာတ်ခွဲအတည်ပြုလူနာ (Case-14) သည် ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ ကျောက်မဲမြို့နယ်တွင် နေထိုင်သော အသက်(၂၄)နှစ်အရွယ် မြန်မာနိုင်ငံသား အမျိုးသားတစ်ဦးဖြစ်ပြီး (၂၅-၃-၂၀၂၀) ရက်နေ့တွင် ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့မှ မြန်မာနိုင်ငံ တာချီလိတ်မြို့သို့ ပြန်လည်ရောက်ရှိခဲ့ကာ တာချီလိတ်မြို့တွင် (၂) ညတာ တည်းခိုနေထိုင်ခဲ့ပါသည်။ (၂၇-၃-၂၀၂၀)ရက်နေ့၊ ညနေတွင် တာချီလိတ်မြို့မှ မန္တလေးမြို့သို့ လေကြောင်းဖြင့် ရောက်ရှိခဲ့ပြီး အဆိုပါနေ့ ညနေပိုင်းတွင် ကိုယ်ပိုင်မော်တော်ယာဉ်ဖြင့် မန္တလေးမြို့မှ ကျောက်မဲမြို့သို့ ရောက်ရှိခဲ့ပါသည်။ (၂၈-၃-၂၀၂၀) ရက်နေ့တွင် အလွန်အမင်း အန်ခြင်း၊ ချောင်းဆိုးခြင်း လက္ခဏာများ ခံစားခဲ့ရသဖြင့် ပြည်သူ့ဆေးရုံ၊ ကျောက်မဲမြို့သို့ (၂၈-၃-၂၀၂၀) ရက်နေ့၊ ညပိုင်းတွင် လာရောက်ပြသခဲ့ပြီး စောင့်ကြည့်လူနာအဖြစ် သီးသန့်ထားရှိ၍ ဆေးကုသမှုခံယူကာ ဓာတ်ခွဲနမူနာအား ပေးပို့စစ်ဆေးခဲ့ခြင်း ဖြစ်ပါသည်။ အဆိုပါ လူနာ၏ လတ်တလော ကျန်းမာရေးအခြေအနေမှာ ကောင်းမွန်လျက်ရှိပါသည်။

၄။ ယခုအခါ မြန်မာနိုင်ငံတွင် COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာများ တွေ့ရှိလာသဖြင့် အဆိုပါလူနာများနှင့် အနီးကပ်ထိတွေ့ဆက်စပ်မှုရှိသူများအား ရှာဖွေဖော်ထုတ်ပြီး အသွားအလာ တားမြစ်ပိတ်ပင်၍ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါသည်။ ပြည်သူလူထုအနေဖြင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသောရောဂါကာကွယ်ရေးဆိုင်ရာ ကျန်းမာရေးပညာပေးအချက်အလက်များအား တိကျစွာလိုက်နာ ဆောင်ရွက်ရန် နှိုးဆော်အပ်ပါသည်။

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**

ဇယား -၁

COVID-19 ရောဂါအတွက် ဓါတ်ခွဲစမ်းသပ်မှုအခြေအနေ

(၃၀-၃-၂၀၂၀) ရက်နေ့၊ ည (၇:၃၀) နာရီ

| စဉ် | အသက် | ကျား/မ | လွန်ခဲ့သော (၁၄) ရက်အတွင်း ခရီးသွားရာဇဝင် | ယခုဆေးကုသမှုခံယူ လျက်ရှိသည့် ဆေးရုံ | အသွားအလာကန့်သတ်သည့်/ ဆေးရုံစတင်တက်ရောက်သည့် ရက်စွဲ | COVID-19 ဓာတ်ခွဲ အဖြေ |
|---|---|---|---|---|---|---|
| 11 | ၆၆ နှစ် | မ | ရှိ (ပြင်သစ်နိုင်ငံ) | ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်မြို့ရှိ ဟိုတယ် (၁)ခု | ၂၈-၃-၂၀၂၀ | တွေ့ရှိ |
| 12 | ၆၅ နှစ် | ကျား | ရှိ (ပြင်သစ်နိုင်ငံ) | ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်မြို့ရှိ ဟိုတယ် (၁)ခု | ၂၈-၃-၂၀၂၀ | တွေ့ရှိ |
| 13 | ၆၁ နှစ် | မ | ရှိ (ပြင်သစ်နိုင်ငံ) | ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်မြို့ရှိ ဟိုတယ် (၁)ခု | ၂၈ -၃-၂၀၂၀ | တွေ့ရှိ |
| 14 | ၂၄ နှစ် | ကျား | ရှိ (ထိုင်းနိုင်ငံ) | ပြည်သူ့ဆေးရုံ၊ ကျောက်မဲမြို့နယ်၊ ရှမ်းပြည်နယ် (မြောက်ပိုင်း) | ၂၈-၃-၂၀၂၀ | တွေ့ရှိ |

- ကျန်စောင့်ကြည့်လူနာ (၅၁) ဦး၏ ဓာတ်ခွဲအဖြေများတွင် COVID-19 ရောဂါပိုး မရှိပါ။

## ချင်းပြည်နယ်အစိုးရအဖွဲ့မှ ဆန်၊ ဆီ၊ ဆားနှင့် ကုလားပဲ လှူဒါန်း

**မင်းတပ် မတ် ၃၀**

မင်းတပ်မြို့နယ်အတွင်း စားနပ်ရိက္ခာများ ပြတ်လပ်မှု မရှိစေရန်အတွက် ချင်းပြည်နယ်အစိုးရအဖွဲ့မှ ဆန်အိတ် ၅၀၀၊ ဆီပိဿာ ၃၂၀၊ ဆားပိဿာ ၃၂၀၊ ကုလားပဲ ပိဿာ ၃၂၀ တို့ကို လှူဒါန်းထားကြောင်း သိရသည်။

ချင်းပြည်နယ် လူဝင်မှုကြီးကြပ်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဝန်ကြီး ဦးဖွေအားနှင့် အဖွဲ့သည် ယနေ့မွန်းလွဲ ၃ နာရီခွဲက မင်းတပ်မြို့နယ်အတွင်း COVID -19 ရောဂါဖြစ်ပွားချိန်တွင် စားနပ်ရိက္ခာပြတ်လပ်မှုများရှိလာပါက ပြည်သူများ



စားသုံးနိုင်ရန်အတွက် ချင်းပြည်နယ်အစိုးရအဖွဲ့မှ လှူဒါန်းထားသည့် ဆန်၊ ဆီ၊ ဆား၊ ကုလားပဲ သိုလှောင်ထားသည့် အထက(၁) ကျောင်းသို့ သွားရောက် ကြည့်ရှုခဲ့ကြောင်း သိရသည်။

**ခိုင်ရှိန်းမောင်(ပြန်/ဆက်)**

## ဖလမ်းမြို့ရှိ စားဝတ်နေရေးခက်ခဲသော အိမ်ထောင်စု ၁၇၇ စုအား ဆန်များ အခမဲ့ ဖြန့်ဝေပေး

**ဖလမ်း မတ် ၃၀**

ဖလမ်းမြို့ရှိ စားဝတ်နေရေးခက်ခဲသော ပြည်သူများအား မတ် ၃၀ ရက် နံနက်ပိုင်းမှစ၍ မိုးလုံလေလုံအားကစားခန်းမ၌ ချင်းလူမှုကယ်ဆယ်ရေး၊ ပြန်လည်ထူထောင်ရေးနှင့် ဖွံ့ဖြိုးရေးဖောင်ဒေးရှင်း( CRCDF ) အဖွဲ့က ဆန်အခမဲ့ စတင်ဖြန့်ဝေသည်။

ဖလမ်းမြို့ရှိ ရပ်ကွက်(၄)ရပ်ကွက်အတွင်း စားဝတ်နေရေးခက်ခဲသော ပြည်သူများကို ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက စာရင်းကောက်ပြီး အဆိုပါစာရင်းအရ CRCDF အဖွဲ့က ဦးဆောင်ကာ ဆန်အခမဲ့ ဖြန့်ဝေပေးခြင်းဖြစ်သည်။

အဆိုပါ ဆန်အိတ် ၁၀၀ သည် ရန်ကုန်မြို့ရှိ Business Plus Travel & Tour ကုမ္ပဏီပိုင်ရှင် Andrew လာလ်လျန်ထန်းက ဖလမ်းမြို့ ပြည်သူများ COVID-19 ရောဂါကြောင့် ဆန်ခက်ခဲမှုမရှိစေရေးအတွက် လှူဒါန်းခြင်းဖြစ်ပြီး မြို့ပေါ်ရှိ စားဝတ်နေရေး ခက်ခဲသော အိမ်ထောင်စု ၁၇၇ စုကို ဖြန့်ဝေပေးခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

**ဂျွန်(ပြန်/ဆက်)**

## ပူတာအိုခရိုင်ရှိ မူလာရှီးဒီ စစ်ဆေးရေးဂိတ်နှင့်ဆေးရုံများတွင် COVID-19 ရောဂါကာကွယ်ရေးဆိုင်ရာ ဆေးရုံသုံးပစ္စည်းများလိုအပ်လျက်ရှိ

**ပူတာအို မတ် ၃၀**

ကချင်ပြည်နယ် ပူတာအိုခရိုင်အတွင်း COVID – 19 ရောဂါကာကွယ်ထိန်းချုပ်ကုသရေးလုပ်ငန်းများ အရှိန်မြှင့်ဆောင်ရွက်လျက်ရှိရာ ရောဂါကာကွယ်ရေးဝတ်စုံများနှင့် ဆေးရုံသုံးပစ္စည်းများ လိုအပ်လျက်ရှိကြောင်း သိရသည်။

ပူတာအိုခရိုင်အတွင်းရှိ ပူတာအို၊ မချမ်းဘော့၊ နောင်မွန်း၊ ခေါင်လန်ဖူးမြို့နယ်များသို့ ဝင်ထွက်သွားလာရာ တစ်ခုတည်းသော ကုန်းလမ်းဖြစ်သည့် မြစ်ကြီးနား-ဆွမ်ပရာဘွမ်-ပူတာအိုကားလမ်းမပေါ်ရှိ မူလာရှီးဒီစုပေါင်းစစ်ဆေးဂိတ်တွင် ကျန်းမာရေးစစ်ဆေးခြင်းများအတွက် ကိုယ်အပူချိန် တိုင်းကိရိယာများ၊ လက်သန့်ဆေးရည်နှင့် နှာခေါင်းစည်းများ လုံလောက်မှု မရှိသေးကြောင်း အဆိုပါ စစ်ဆေးရေးဂိတ်တွင် တာဝန်ကျ ကျန်းမာရေးဆရာမတစ်ဦးက ပြောကြားသည်။

ပူတာအိုခရိုင်တွင် ပြည်ပမှ ပြန်လည်ဝင်ရောက်လာသောသူများကို နေအိမ်တွင် ၁၄ ရက်ကြာ ကန့်သတ်စောင့်ကြည့်မှုများ ဆောင်ရွက်ထားပြီး နေ့စဉ် ကျန်းမာရေးစစ်ဆေးပေးနေကြောင်း၊ လိုအပ်ပါက သတ်မှတ်နေရာများတွင် စောင့်ကြပ်ကြည့်ရှုပေးနိုင်ရန်အတွက် အထက (ပူတာအို ) တွင် ပြင်ဆင်ဆောင်ရွက်ထားကြောင်း၊ လက်ရှိချိန်အထိ သံသယလူနာ မတွေ့ရှိသေးသော်လည်း ကြိုတင်ပြင်ဆင်မှုအနေဖြင့် (၁၆) ခုတင်ဆံ့ မူလာရှီးဒီတိုက်နယ်ဆေးရုံကို ကုသရေးဆေးရုံအဖြစ် ပြင်ဆင်ထားရှိကြောင်း ခရိုင်ပြည်သူ့ဆေးရုံအုပ်ကြီး ဦးသန့်ဇင်ထွန်းထံမှ သိရသည်။

“ဆေးရုံမှာ ဆေးပစ္စည်းနဲ့ ရောဂါကာကွယ်ရေး ပစ္စည်းတွေကတော့ ကုသရေးနှင့်ထိန်းချုပ်ရေးအတွက်တော့ လုံလောက်ပါတယ်။ ဒါပေမယ့် ဆေးရုံပြင်ပထွက်ပြီး ကျန်းမာရေးစောင့်ကြည့် ကြပ်မတ်စစ်ဆေးမယ့် ကျန်းမာရေးဝန်ထမ်းအားလုံးအတွက်တော့ လုံလောက်မှု မရှိသေးပါဘူး” ဟု ၎င်းက ပြောကြားသည်။

ပူတာအိုခရိုင်တွင် မတ် ၂၉ ရက်အထိ ပြည်ပမှ ပြန်လာသူ ၇၀ အနက် ကန့်သတ်စောင့်ကြည့် ကာလ ၁၄ ရက် ကျော်လွန်၍ ကျန်းမာရေးကောင်းမွန်သူ ၂၅ ဦးကို ပြန်လည်စေလွှတ်ခဲ့ပြီး ကျန် ၄၅ ဦးကို နေအိမ်များတွင် ကန့်သတ်စောင့်ကြည့်ကာ နေ့စဉ် ကျန်းမာရေးစစ်ဆေးမှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**ဆန်းညွှန့်(ပူတာအို)**

## ချင်းတွင်းအထက်ပိုင်းဒေသများသို့ ပြေးဆွဲလျက်ရှိသော ရေယာဉ်အသင်း လေးသင်း ဧပြီ ၁ ရက်မှ စတင်ပြီး ယာယီရပ်နားမည်

**မုံရွာ မတ် ၃၀**

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ဖြတ်သန်းစီးဆင်းလျက်ရှိသော ချင်းတွင်းမြစ်ကြောင်းတစ်လျှောက် မုံရွာမြို့မှ ခန္တီးမြို့အထိ ပြေးဆွဲလျက်ရှိသော ရေယာဉ်အသင်း သုံးသင်းနှင့် မုံရွာမြို့မှ ကနီမြို့နယ် ကင်းကျေးရွာသို့ ပြေးဆွဲလျက်ရှိသော ရေယာဉ်လိုင်း တစ်လိုင်းတို့အား ဧပြီ ၁ ရက်မှ ၁၈ ရက်အထိ ပြေးဆွဲမှုများကို ယာယီရပ်နားသွားမည်ဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး ရေကြောင်းညွှန်ကြားမှုဦးစီးဌာနမှ ဦးစီးအရာရှိ ဦးဖြိုးမင်းခင်၏ ပြောကြားချက်အရ သိရသည်။

ယခုအချိန် ချင်းတွင်းအထက်ပိုင်း ဒေသများသို့ ခရီးသည်များ လိုက်ပါစီးနင်းမှု အလွန်နည်းလာခြင်း၊ လတ်တလော ဖြစ်ပွားလျက်ရှိသော COVID-19 ရောဂါ ကြိုတင်ကာကွယ်ရေးကို တစ်စိတ်တစ်ဒေသအရ အထောက်အကူဖြစ်စေရန်နှင့် ချင်းတွင်းမြစ်ရေလမ်းကြောင်းများ ကျပ်တည်းလာခြင်းကြောင့် ခရီးစဉ်များ နှောင့်နှေးမှုများ ဖြစ်ပေါ်နေသဖြင့် ရေယာဉ်လိုင်းများ၏ သဘောဆန္ဒအရ ခရီးစဉ်ပြေးဆွဲခြင်းများကို ယာယီရပ်နားခြင်း ဖြစ်ကြောင်း သိရသည်။

“ချင်းတွင်းအထက်ပိုင်းကို ပြေးဆွဲနေတဲ့ အမြန်ရေယာဉ်လိုင်း လေးလိုင်းက ဧပြီ ၁ ရက်ကနေ ၁၈ ရက်အထိ ခေတ္တယာယီရပ်နားထားမှာ ဖြစ်ပါတယ်။ ကျန်တဲ့ အမြန်ရေယာဉ်အသင်း သုံးသင်းက တစ်ရက်ကို တစ်စင်းနှုန်းနဲ့ ဆက်လက်ပြေးဆွဲပေးမှာ ဖြစ်ပါတယ်။ သင်္ကြန်ကာလအတွင်းမှာတော့ အသင်းအားလုံး ရပ်နားသွားမှာ ဖြစ်ပါတယ်” ဟု စစ်ကိုင်းတိုင်းဒေသကြီး ရေကြောင်းညွှန်ကြားမှုဦးစီးဌာနမှ ဦးစီးအရာရှိက ပြောသည်။

မုံရွာ-ခန္တီးသို့ ပြေးဆွဲလျက်ရှိသော ရွှေလမ်းသစ်၊ ဖွဲ့ထက်နိုင်၊ ရွှေပြည်ကမ္ဘာအမြန်ရေယာဉ် သုံးသင်းနှင့် မုံရွာနှင့် ကင်းကျေးရွာပြေးဆွဲနေသည့် အောင်စိုးမိုးကျော် ရေယာဉ်လိုင်းများ ယာယီရပ်နားမည်ဖြစ်ပြီး ယင်းကာလအတွင်း ခရီးသွားပြည်သူများ သွားလာမှုအဆင်ပြေစေရေး အမ်ဂျီအာဂျီ၊ ငွေဇင်ဦး၊ မိုးဇင်ယော် အမြန်ရေယာဉ်သုံးသင်းတို့မှ နေ့စဉ် နံနက် ၅ နာရီတွင် မုံရွာမှခန္တီးသို့ လည်းကောင်း၊ မုံရွာ-မောက္ကတော်ပြေးဆွဲလျက်ရှိသော မြန်မာဇမ္ဗူထွန်း အမြန်ရေယာဉ်တစ်သင်း ပြေးဆွဲပေးသွားမည်ဖြစ်ပြီး ဆက်လက်ပြေးဆွဲနေသည့် အမြန်ရေယာဉ်အသင်းများသည် သင်္ကြန် ကာလတွင် နှစ်စဉ် ဧပြီ ၁၁ ရက်မှ ဧပြီ ၁၈ ရက်အထိ ပိတ်ထားမည်ဖြစ်ကြောင်း သိရသည်။

**ဝင်းဦး(ဧယျာတိုင်း)**

# အားလုံးကို သတိပေးချင်တာကတော့ မစိုးရိမ်ပါနဲ့၊ မကြောက်ရွံ့ပါနဲ့။ ဒါပေမယ့်လည်း လက်လွတ်စပယ်လည်း မနေမိပါစေနဲ့။ အထူးဂရုစိုက်ပါလို့ ပြောလိုပါတယ်

တေးသံရှင် တင်ဇာမော်

## COVID-19 အသိပညာပေးဆွေးနွေးပွဲ ကျင်းပ

မှတ်တမ်း- သီတာဌေး (ပြန်/ဆက်)၊ ဓာတ်ပုံ- ရဲသူရအောင် (ပြန်/ဆက်)

COVID-19 ရောဂါနဲ့ ပတ်သက်ပြီး ထိခိုက်လွယ်တဲ့လူတွေကို ရောဂါပိုးကူးစက်မှုကနေ ဘယ်လိုကာကွယ်မလဲ အသိပညာပေးဆွေးနွေးပွဲကို မတ်လ ၂၄ ရက်နေ့ ညပိုင်းက မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတွင် ထုတ်လွှင့်ခဲ့သည်။

အဆိုပါဆွေးနွေးပွဲကို ဦးဆောင်ဆွေးနွေးသူအဖြစ် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူး(ငြိမ်း) ဒေါက်တာခင်မောင်လွင်၊ ကျန်းမာရေးအသိပညာမြှင့်တင်ရေးဌာနခွဲ ညွှန်ကြားရေးမှူး ဒေါက်တာသန်းနိုင်စိုး၊ ရုပ်ရှင်ဒါရိုက်တာ ထူးပိုင်ဇော်ဦး၊ တေးသံရှင် တင်ဇာမော်၊ စာရေးဆရာ မိုးနီလွင်တို့က ပါဝင်ဆွေးနွေးခဲ့ကြသည်။



ညွှန်ကြားရေးမှူး(ငြိမ်း)
ဒေါက်တာခင်မောင်လွင်



ညွှန်ကြားရေးမှူး
ဒေါက်တာသန်းနိုင်စိုး



ရုပ်ရှင်ဒါရိုက်တာ
ထူးပိုင်ဇော်ဦး



တေးသံရှင်
တင်ဇာမော်



စာရေးဆရာ
မိုးနီလွင်

*ယမန်နေ့မှအဆက်*

**ဒေါက်တာခင်မောင်လွင်**

ရောဂါကွင်းဆက်ကို ဖြတ်တောက်ဖို့က ဆွေးနွေးတဲ့အခါမှာ ရောဂါမကူးအောင်တားတဲ့အပိုင်းက တစ်ပိုင်း၊ ရောဂါဖြစ်နေပြီမှန်း သိသည်ဖြစ်စေ၊ မသိသည်ဖြစ်စေ ကိုယ်ကနေပြီး သူများမကူးအောင် တားရမယ့်အပိုင်းတွေ ရှိတယ်။ ဒါနဲ့ပတ်သက်ပြီး ကျန်းမာရေးဌာနအနေနဲ့ လုပ်ဆောင်နေတာတွေ နည်းနည်းဖြည့်စွက်ပြီး ပြောစေချင်ပါတယ်။

**ဒေါက်တာသန်းနိုင်စိုး**

အခုပြောသွားတဲ့အချက်တွေထဲမှာ ဒါတကယ့်လက်တွေ့ဖြစ်ပျက်နေတဲ့ ဖြစ်ရပ်တွေပါပဲ။ တစ်ကမ္ဘာလုံးမှာ ဒီလိုပဲဖြစ်နေတာပေ့ါ။ ကျွန်တော်တို့အနေနဲ့ကတော့ အချက်ငါးချက်ကို အဓိကထား ဆောင်ရွက်နေတာပေ့ါ။ နံပါတ် (၁) ကတော့ လက်ဆေးခြင်းပေ့ါ။ လူတိုင်း လူတိုင်းက လက်ဆေးဖို့လိုတယ်။ လက်ဆေးခြင်းဆိုတာကလည်း ကိုယ့်အတွက် ကိုယ်ဆေးတာထက်စာရင် ကိုယ့်မိသားစုအတွက်ဆေးပါ။ ကိုယ့်ကလေးတွေအတွက် ဆေးပါ။ ကိုယ့်ရပ်ရွာအတွက် ဆေးပါ။ ဘာဖြစ်လို့လဲဆိုတော့ ခုနကပြောတဲ့ဟာ။ ကိုယ်ကနေပြီးတော့ ဖြန့်တဲ့သူဖြစ်သွားနိုင်သလို ကိုယ်ကနေပြီးတော့ မသိဘဲနဲ့ ဝင်လာတဲ့သူလည်း ဖြစ်နိုင်တယ်။ ကိုယ်က ဝင်သွားမယ်။ အများအားဖြင့် လက်မှာကပ်ပြီး ပါလာတယ်။ လက်ကမှ တစ်ဆင့် နှာခေါင်း၊ ပါးစပ်၊ မျက်လုံး ပေ့ါနော်။ ဒီဟာတွေကို ထိတွေ့မိရင် ဝင်သွားမယ်။ ဝင်သွားရင် ကိုယ်ကမသိဘူးလေ။

ဆရာပြောတဲ့ Window Period။ ကျွန်တော်တို့ကတော့ Induration Period လို့ ခေါ်တာပေ့ါနော်။ အဲဒီအချိန်မှာ Asymptomatic ဖြစ်နေတယ်။ ဘာမှ လက္ခဏာမပေါ်သေးဘူး။ ဒါပေမယ့် သူ့ခန္ဓာကိုယ်ထဲမှာ ဗိုင်းရပ်စ်က Repetition လာနေပြီ။ လာနေတာ ထွက်နေပြီပေ့ါ။ အဲဒီအခါကျတော့ အိမ်မှာရှိတဲ့ အဖေ၊ အမေ၊ Vulnerable ထဲ ပါသွားပြီ။ နောက်တစ်ခုက ဆီးချိုရောဂါဝေဒနာရှင်။ ဒါက ဒီခေတ်မှာ တော်တော်ပေါတယ်။ နောက်တစ်ခုက သွေးတိုးမရှိဘူးလို့လည်း မပြောနိုင်ဘူး။ တော်တော်များများက NCD ဆိုတဲ့ မကူးစက်နိုင်သောရောဂါတွေက ကျွန်တော်တို့တိုင်းပြည်မှာ တစ်ကမ္ဘာလုံးနီးတူ Burden ဖြစ်နေတာ။ နောက်တစ်ချက်က နှာစေး၊ ချောင်းဆိုးတဲ့အခါ ကျင့်ရမယ့် ကျင့်ဝတ်ပေ့ါ။ နှာစေး ချောင်းဆိုးလိုက်တိုင်း ကာကွယ်လိုက်တာနဲ့ ကိုယ့်ဆီက လွင့်စဉ်သွားတဲ့ အမှုန်အမွှားက တစ်ဖက်သားက မရှူရတော့ဘူး။ ဒါက ကိုယ့်ကိုယ်ကိုယ်လည်း ကာကွယ်ရာကျတယ်။ မိသားစုလည်း ကာကွယ်ရာကျတယ်။ အသိုင်းအဝိုင်းလည်း ကာကွယ်ရာဖြစ်တဲ့အတွက် ကျင့်ဝတ်အရ ပြည်သူ့နီတိကျင့်ဝတ်အရ လုံခြုံအောင် ကာကွယ်တာ။ တစ်ရှူးသုံးမယ်ဆိုလည်း သုံးပါ။ ပြီးရင် စနစ်တကျ အမှိုက်ပုံးထဲ စွန့်ပစ်ပါ။ ဒါကို ကျွန်တော်တို့က Promote လုပ်တယ်။

တတိယအချက်ကတော့ Social Distancing ပါ။ တစ်ဦးနဲ့တစ်ဦး နီးနီးကပ်ကပ် မနေပါနဲ့။ ဘာကြောင့်လဲဆိုတော့ ခုနကပြောသလို လူအုပ်စုထဲသွားတယ်။ လူစုလူဝေး။ ဥပမာ လူစုလူဝေး ၅၀၀၀ လာတယ်။ ၁၀၀၀၀ လာတယ်။ ဘယ်သူ့မှာ ဖြစ်နေပြီလဲ မသိဘူး။ သူကလည်း နှာချေပြီးတော့ တောက်လျှောက် ဒီပွဲထဲမှာ သွားလို့ကောင်းနေတယ်။ ဒီနေရာကြည့်လို့မကောင်းလို့ ဟိုဘက်နေရာ ပြောင်းကြည့်တာမျိုးရှိတဲ့အခါကျတော့ ရှူမိတဲ့သူဟာ အကုန်လုံး Infection ရကုန်မယ်။ အဲဒီ Infection ရတဲ့သူကလည်း ကျွန်တော်တို့ ကိုရီးယားဖြစ်စဉ်လို ဖြစ်မယ်။ ကိုရီးယား Case 31 ဆိုရင် နောက်ရက်တွေမှာလည်း ဘုရားကျောင်း လေးခါလောက် လာတက်တယ်။

ပထမရက်မှာ ဝင်သွားတယ်ဆိုရင် သုံးရက်၊ လေးရက်ဆို ဗိုင်းရပ်စ်က လက္ခဏာ မပြပေမယ့် အတော်ကူးလို့ကောင်းတဲ့အချိန် ဖြစ်ပြီး သူ့ရဲ့ ဖြန့်လိုက်တဲ့ပမာဏက လူစုလူဝေးထဲမှာ ဖြန့်လိုက်တဲ့အခါ အများကြီးဖြစ်သွားတယ်။ အများကြီးကနေ ထပ်ပြီးတော့ ထပ်ထိတဲ့သူတွေကလည်း နောက်ထပ်အများကြီး။ အဲဒီအများကြီးကနေ နောက်ထပ် သုံးခါလောက်ဆို ကိုရီးယားက Contact Tracing ပေ့ါ။ ကူးတဲ့ဟာက တစ်ယောက်ချင်းနဲ့ တစ်ယောက်ချင်း ထိလိုက်တိုင်းမှာ သိန်းနဲ့ချီပြီးဖြစ်လာတယ်။

နံပါတ် (၄) အချက် ပြောချင်တာက Quarantine ။ Quarantine ရဲ့ အကျိုးကျေးဇူး မတင်ဇာမော်ပြောသလို Local Transmission ရေယာက ပြန်လာတယ်။ လာတဲ့အခါကျတော့ သူက မသိလိုက်ဘူး။ မသိတာလည်း ဖြစ်နိုင်တယ်။ သိသိကြီးနဲ့ သူ့အလုပ်ပျက်မှာစိုးလို့ ဝင်လာတယ်။ လူအမျိုးမျိုးဆိုတာ ရှိတယ်။ သူ့မှာ ပါလာပြီဆိုတော့ တွေ့တဲ့သူရဲ့ Work Place မှာရှိတဲ့ လူအားလုံးက Risk ရှိသွားပြီ။ အဲဒီလိုနိုင်ငံတွေက ပြန်လာခဲ့ရင်တော့ အရင်ဆုံး ကိုယ့်ကိုယ်ကိုယ် ကျန်းမာရေးဌာနကို သတင်းပို့ပါ။ သတင်းပို့တဲ့အခါ ကျွန်တော်တို့ဆီမှာ Case Definition ရှိတယ်။ ဒီလူက ဖြစ်နိုင်တယ်၊ မဖြစ်နိုင်ဘူးဆိုတာ ဒီလူကတော့ အိမ်မှာပဲ သတိထားပြီး စောင့်ကြည့်ရမယ့်လူ။ ဒီလူကတော့ ထိတွေ့မှုက အလွန်နီးစပ်ခဲ့ရင် ဆေးရုံမှာ ၁၄ ရက်ထားပြီး စောင့်ကြည့်ရမယ်။ ဘာပဲပြောပြော ပြန်လာတဲ့သူတိုင်းက အဲဒီအချက်ကို ကျွန်တော်တို့နဲ့ ပူးပေါင်းဆောင်ရွက်ဖို့ လိုပါတယ်။ ဒါမှ ကျွန်တော်တို့က သူလည်း ၁၄ ရက်ထားပြီး ဘာမှမဖြစ်ဘူးဆိုရင် သူ့အတွက်လည်း အန္တရာယ်ကင်းတယ်။

ကျွန်တော် ပထမဦးဆုံးပြောခဲ့တဲ့အတိုင်းပဲ။ ဖြစ်လာရင် သူက ၈၀ ရာခိုင်နှုန်းလောက်က Mild Symptom နဲ့ ကောင်းတယ်ဆိုပေမယ့် ၁၄ ရာခိုင်နှုန်း၊ ၆ ရာခိုင်နှုန်းက သူကိုယ်တိုင် Critically Ill ဖြစ်သွားတယ်။ အသက်ရှူစက်တွေ လိုလာမယ်။ လိုလာတဲ့အခါမှာ ဆေးရုံမတက်ထားရင် သူအရင်ဆုံး အသက်ဆုံးရှုံးမယ်။ အသက်မဆုံးရှုံးခင် ကာလမှာလည်း ဘာမှန်းမသိဘဲနဲ့ သူ့ကို ပြုစုတဲ့မိသားစုတွေ၊ အဲဒီမိသားစုတွေနဲ့ ထပ်မံထိတွေ့သူအားလုံးလည်း ဒုက္ခတသီတတန်းရောက်မယ်။ အဲဒီလို သူတို့ပြန်လာခဲ့ရင် ရောဂါခြေချုပ်ဆိုတာ သူကိုယ်တိုင်အတွက် အကျိုးရှိရုံမက သူ့ရဲ့ ချစ်ခင်ရတဲ့ မိသားစုတွေ၊ သူ့ရဲ့ ချစ်ခင်ရတဲ့ ရပ်ရွာအတွက်၊ နိုင်ငံအတွက် အလွန်အကျိုးရှိတဲ့ လုပ်ငန်းဖြစ်တဲ့အတွက်ကြောင့် ဒီ ၁၄ ရက်ကို သည်းခံပြီးတော့ Quarantine အလုပ်ခံကြမယ်၊ ပူးပေါင်းဆောင်ရွက်မယ်ဆိုရင် ကျွန်တော်တို့ဆီမှာ Risk က တော်တော်နည်းသွားမယ်။

နံပါတ် (၅) နဲ့ နောက်ဆုံးအရေးကြီးတာ ဆရာပြောတဲ့ Social Media ပဲ။ ကျွန်တော်ကတော့ ဒါကို Rumor Cancellation လို့ ခေါ်တာပေ့ါ။ Panic Buying ဖြစ်တယ်။ ကြောက်တာက ကြောက်တာတစ်ပိုင်း။ ကျွန်တော်လည်း ကြောက်တာပဲ။ ဒါပေမယ့် ကြောက်တဲ့အနောက်မှာ လုပ်ရမယ့်အရာတွေကတော့ (၁) က လက်ဆေးဖို့ရယ်၊ အသက်ရှူလမ်းကြောင်းဆိုင်ရာ ကျင့်ဝတ်ကို လိုက်နာဖို့ရယ်၊ လူစုလူဝေး တတ်နိုင်သမျှ မသွားဖို့ရယ်၊ အသက်ကြီးတဲ့လူတွေ၊ ရောဂါရှိတဲ့လူတွေ၊ *စာမျက်နှာ ၁၇ သို့*

**“လူတိုင်းလူတိုင်းက လက်ဆေးဖို့ လိုတယ်။ လက်ဆေးခြင်းဆိုတာကလည်း ကိုယ့်အတွက် ကိုယ်ဆေးတာထက်စာရင် ကိုယ့်မိသားစုအတွက် ဆေးပါ။ ကိုယ့်ကလေးတွေအတွက် ဆေးပါ။ ကိုယ့်ရပ်ရွာအတွက် ဆေးပါ။ ဘာဖြစ်လို့လဲဆိုတော့ ခုနကပြောတဲ့ဟာ။ ကိုယ်ကနေပြီးတော့ ဖြန့်တဲ့သူဖြစ်သွားနိုင်သလို ကိုယ်ကနေပြီးတော့ မသိဘဲနဲ့ ဝင်လာတဲ့သူလည်း ဖြစ်နိုင်တယ်”**

# မြောင်းမြမြို့တွင် COVID-19 ရောဂါ ကာကွယ်ထိန်းချုပ်ရေးအတွက် မြို့ဝင်ဂိတ်တွင် စောင့်ကြည့်စစ်ဆေးလျက်ရှိ

**မြောင်းမြ မတ် ၃၀**

မြောင်းမြမြို့တွင် COVID-19 ကာကွယ်ထိန်းချုပ်ရေးအတွက် ကျန်းမာရေးပူးပေါင်းအဖွဲ့က နေ့စဉ် နံနက် ၇ နာရီမှ ည ၁၁ နာရီအထိ မြို့တွင်းသို့ ပြန်လည်ဝင်ရောက်လာသည့် အဝေးပြေးယာဉ်လိုင်းများမှ ခရီးသွားပြည်သူများအား အဖျားရောဂါ ရှိ/မရှိ၊ ကိုယ်အပူချိန်မြင့်တက်နေခြင်း ရှိ/မရှိ ကျန်းမာရေးပူးပေါင်းအဖွဲ့ဖြင့် စစ်ဆေးဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်ရာတွင် မြောင်းမြမြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ဆွေ၊ ခရိုင်ပြည်သူ့ကျန်းမာရေးမှူး ဒေါက်တာတင့်တင့်ကျော်နှင့် ကျန်းမာရေးဝန်ထမ်းများ၊ တာဝန်ရှိသူများက မြောင်းမြမြို့အဝင်တွင် မြို့နယ်အတွင်းသို့ ဝင်ရောက်လာကြသည့် ခရီးသည်တင်ယာဉ်များမှ ခရီးသည်များအား အများပြည်သူများ အသုံးပြုနိုင်ရန် ပြုလုပ်ထားသော လက်ဆေးကန်များ၌ ရောဂါကာကွယ်နိုင်ရေးအတွက် စနစ်တကျလက်ဆေးခြင်းနှင့် လက်ဆေးခြင်း၏ ကောင်းကျိုးများ၊ ရောဂါကုသခြင်းထက် ကာကွယ်ခြင်းက အရေးကြီးပုံတို့ကို အသိပညာပေးပြောကြားပြီး ခရီးသွားပြည်သူများအား အဖျားရောဂါ ရှိ/မရှိ၊ ကိုယ်အပူချိန်မြင့်တက်နေခြင်း ရှိ/မရှိ COVID-19 ရောဂါ ကူးစက်ပြန့်ပွားမှု မရှိစေရေးအတွက် ကျန်းမာရေးအသိပညာပေးလုပ်ငန်းများ ဆောင်ရွက်မှုကို ကြည့်ရှုစစ်ဆေးသည်။

မြောင်းမြမြို့နယ်အတွင်း ပြည်ပမှ ပြန်လည်ဝင်ရောက်လာသူ ၂၀၆ ဦးရှိပြီး ၁၉ ဦးမှာ မိမိသဘောဆန္ဒအလျောက် ရှူခင်းသာကျေးရွာ စွမ်းအားတောရကျောင်း၌ အသွားအလာကန့်သတ်ခြင်း ပြုလုပ်ကာ စောင့်ရှောက်ထားလျက်ရှိကြောင်း သိရသည်။

**သင်းရနံ့ (မြရာမြေ)**



*စာမျက်နှာ ၁၆ မှ*

ဒီအချိန်မှာ လုံးဝကိုမသွားသင့်ဘူး။ အထူးအကြံပေးလိုတယ်။ ရောဂါခြေချုပ်လုပ်ခြင်း (Quarantine)ရဲ့ အကျိုးကျေးဇူးဟာ ကိုယ်ကိုယ်တိုင်သာမက မိသားစုနဲ့ တိုင်းပြည်အတွက်ပါ အကျိုးရှိတယ်ဆိုတာ သိစေချင်ပါတယ်။

**ဒါရိုက်တာ ထူးပိုင်ဇော်ဦး**

ဒါ တကယ့်ကို သည်းထိတ်ရင်ဖိုပါ။ သည်းထိတ်ရင်ဖိုဆိုတာ အခုလက်ရှိ မြန်မာနိုင်ငံမှာ ကျွန်တော်တို့ ရုပ်ရှင်အရဆိုရင် Horror နဲ့ Suspense Thriller ဆိုပြီး နှစ်မျိုးရှိတယ်။ Horror ဆိုတာ ကြောက်ဖို့ကောင်းတယ်။ ဖြဲခနဲခြောက်လိုက်တယ်။ ကြောက်ပြီးသွားရင် ပြီးသွားပြီပေါ့။ သည်းထိတ်ရင်ဖိုကျတော့ ဒီလိုမဟုတ်ဘူး။ သူက ဒီဟာဖြစ်တော့မယ်။ မဖြစ်ခင်မှာ ဘယ်လိုတွေ လူတွေရဲ့ စိတ်က ဘယ်လိုတွေ လှုပ်ရှားနေတယ်ဆိုတာ ပြတာ။ ကိုယ့်မှာ ကိုယ့်ကိုယ်ကိုယ် သံသယရှိရင်ပဲဖြစ်ဖြစ်၊ ကိုယ့်မိသားစုဝင်၊ သူငယ်ချင်း၊ မိတ်ဆွေအပေါင်းအသင်းဒါမှမဟုတ် ကိုယ်သတိထားမိတဲ့သူမှာ သံသယရှိရင်ပဲဖြစ်ဖြစ် အသိပေးဖို့ လိုတယ်။ ကိုယ့်ကိုယ်ကိုယ် အိမ်မှာကုနေတာ၊ ဒါမှမဟုတ် အိမ်မှာ နားနေတာပဲဖြစ်ဖြစ်၊ ဘာမှမဖြစ်ပါဘူးဆိုပြီး လျှောက်သွားနေတာပဲဖြစ်ဖြစ်၊ အလုပ်ပျက်မှာစိုးလို့ အလုပ်ပျက်မှာကြောက်တဲ့စိတ် ပိုပြီးတော့ ဖျားနေရက်နဲ့ သွားတာပဲဖြစ်ဖြစ် ဖြန့်တဲ့သူမဖြစ်စေဘဲနဲ့ ကိုယ်ကိုယ်တိုင်က ဒီစိတ်နဲ့ စစ်ဆေးစရာရှိတာ စစ်ဆေးဖို့၊ အသိပေးစရာရှိတာ အသိပေးဖို့ လိုမယ်။

ဒီရုပ်ရှင်လုပ်ငန်းတွေ လုပ်တယ်။ လူတွေအများကြီးနဲ့ ထိတွေ့ကြတယ်။ ကိုယ်ကိုယ်တိုင်က ရှောင်လို့ တိမ်းလို့ရပေမယ့် သရုပ်ဆောင်တွေကျတော့ တစ်ယောက်နဲ့တစ်ယောက် မထိဘဲ သရုပ်ဆောင်လို့မရတော့ ပိုပြီးတော့ Hand Gel ဖိုးတွေ တစ်ရက် တစ်ရက် အများကြီးကုန်တယ်။ ရိုက်ကူးရေးအဖွဲ့အားလုံး ၁၀ မိနစ်တစ်ခါ၊ ၁၅ မိနစ်တစ်ခါ တစ်ခုခုကိုင်ပြီးတိုင်း ဆေးရမယ်။ စွန့်ပစ်တဲ့အခါ ပုံမှန်ဆိုရင် တစ်ရှူးလေး တစ်ခုခုသုတ်ပြီး ဒီအတိုင်းထားလိုက်တယ်။ အဲဒါကို နောက်တစ်ယောက်က ကောက်သိမ်းသွားရင် ကိုယ့်ဆီကပိုးက နောက်တစ်ယောက်ဆီရောက်သွားနိုင်တယ်။ အဲဒီအချိန်မှာ ကျွန်တော်တို့က စည်းကမ်းတွေလည်း ပိုလုပ်ရတယ်။ ကိုယ်သုတ်ထားတဲ့ တစ်ခုခုလုပ်ပြီးသား၊ ကိုင်ပြီးသား အရာဝတ္ထုတွေဆို ကိုယ်ကိုယ်တိုင် တာဝန်ယူပြီးတော့ အမှိုက်ပုံးထဲကို ပြန်သိမ်းဖို့။ Mask တပ်တာနဲ့ Hand Gel သုံးတဲ့အပိုင်းမှာလည်း ဒါက စနစ်ကျတဲ့၊ ကာကွယ်တဲ့ဟာဖြစ်သလို ကူးစက်တဲ့အရာလည်း ဖြစ်နိုင်တယ်။ Hand Gel ကလည်း အကုန်လုံးဝိုင်းကိုင်ကြလို့ အကုန်လုံးကူးသွားတာမျိုးတို့၊ Mask တပ်ပြီးတော့ ခဏလေးချွတ်ပြီး လျှောက်သွားနေကြတယ်။ အဲဒီ Mask ကိုပဲ နောက်တစ်ယောက်က သွားကိုင်မိနိုင်တယ်။

အဲဒီလိုမျိုးဖြစ်တဲ့အတွက် ကျွန်တော်တို့အနေနဲ့က တော်တော်လေးလည်း ပညာပေးရတယ်။ ဒါပုံမှန်ကတော့ Mask တွေ သုံးတယ်ဆိုတာက ဆေးကျောင်းသားတွေ၊ ဆရာဝန်တွေမှာကတော့ ရင်းနှီးပြီးသား။ လက်ဆေးရင်လည်း ဘယ်လိုမျိုးဆေးရမလဲ ကျွန်တော်တို့ သိထားပြီးသားဖြစ်ပေမယ့် ပြင်ပလူတွေကျတော့ ပုံမှန်လက်ဆေးတယ်ဆိုရင် ပုံမှန်ပဲ ဆေးလိုက်တယ်။ ရေပိုက်ခေါင်းကို ပြန်ပိတ်တယ်ဆိုရင်လည်း ကိုယ့်လက်ကလေးနဲ့ ပိတ်တာတို့ သေချာစနစ်ကျသော လက်ဆေးနည်းတွေကိုလည်း ကိုယ့်ပတ်ဝန်းကျင်မှာ ပိုပြီးတော့ ကိုယ်တတ်နိုင်သလောက် ပြောရတယ်။ ကိုယ်ကာကွယ်နိုင်တယ်လို့ထင်တဲ့ နည်းလမ်းတွေကလည်း ကိုယ့်ကို ကူးစက်သွားစေမယ့် အကြောင်းရင်းလည်း ဖြစ်သွားနိုင်တဲ့အတွက် အဲဒီအပိုင်းမှာလည်း တော်တော်လေး ဂရုပြုရပါတယ်။

နိုင်ငံသားတစ်ယောက်ချင်းစီက အသိ၊ ကျန်းမာရေးအသိရှိဖို့ လိုတယ်။ ပိုပြီး ကျယ်ကျယ်ပြန့်ပြန့်သိဖို့ မြန်မာနိုင်ငံမှာက တစ်ခုပြန်ပြီးအသုံးချရမှာက ဖေ့စ်ဘုတ်က ပျံ့နှံ့လွယ်တယ်ဆိုတော့ ဖေ့စ်ဘုတ်မှာ တကယ်သိနားလည်သော ပညာရှင်တွေက ပိုပြီး ကျန်းမာရေးအသိပညာပေးတဲ့ စာတွေ၊ အသိပညာပေးတွေ ပိုပြီးရေးပေးဖို့၊ ဘာလို့လဲဆိုတော့ ဒီမှာက ဘာရေးရေး ယုံကြတာလည်းများတဲ့အတွက် ခွဲခြမ်းစိတ်ဖြာပြီး သူတို့ စိတ်ထဲမှာ တကယ်ကို ဘယ် Page တွေ၊ ဘယ်လိုပုဂ္ဂိုလ်တွေ၊ ဘယ်အဖွဲ့အစည်းတွေဆီက သတင်းတွေကိုပဲ ယုံကြည်ဖို့၊ တွေ့သမျှသတင်းတွေကို လိုက်ပြီး ယုံပြီးတော့ လျှောက်မလုပ်ဖို့ပေါ့။ ဒီမှာ အဲဒီအပိုင်းလေးတွေ နည်းနည်းရှိတယ်။ အဲဒီအပိုင်းကို ပညာပေးဖို့ များများတိုက်တွန်းဖို့ လိုမယ်လို့ ထင်ပါတယ်။ အဲဒီလို လုပ်တဲ့အချိန်မှာလည်း အနုပညာရှင်တွေဘက်က များများပါဝင်ဖို့ လိုမယ်ပေါ့။ အနုပညာရှင်တွေဘက်က ပြောတယ်ဆိုရင် ပျံ့နှံ့နှုန်းတွေ ပိုများတဲ့အတွက် အဲဒီအပိုင်းမှာ ပိုပြီးပူးပေါင်းပါဝင်ဖို့လိုမယ်။

တိကျသေချာတဲ့ သတင်းတွေဖြန့်ဝေတဲ့အပိုင်းမှာလည်း လူတွေရဲ့စိတ်ကို သည်းထိတ်ရင်ဖိုတွေ ထပ်ဆင့်မဖြစ်အောင် အဓိကကြံရတာက သံသယလူနာ၊ စောင့်ကြည့်လူနာတွေ တွေ့တယ်၊ ဆုံးသွားတယ်။ သူ့အဖြေကို ဓာတ်ခွဲခန်းမှာ ပို့ထားတယ်ဆိုတဲ့ သတင်းတွေက ပိုပြန့်ပြီးတော့ သူ့မှာ ရောဂါပိုးမရှိဘူးဆိုတဲ့ သတင်းတွေက ထပ်ပြီးမတက်လာတော့ လူတွေက သူ့မှာရှိတာလား၊ မရှိတာလားဆိုပြီး သည်းထိတ်ရင်ဖို ထပ်ဆင့်ထပ်ဆင့်ဖြစ်ရတဲ့အတွက် အဲဒီအပိုင်းတွေမှာလည်း အားလုံးပူးပေါင်းပါဝင်ပေးဖို့ကို ကျွန်တော်တို့အနေနဲ့က ပိုပြီးလိုလားပါတယ်။

**ဒေါက်တာခင်မောင်လွင်**

ဆရာမိုးနီလွင်အနေနဲ့ ဓာတ်လမ်းဓာတ်ညွှန်းနဲ့ COVID-19 နဲ့ ဘယ်လိုများ ဆက်စပ်ပေးမလဲ။

**စာရေးဆရာ မိုးနီလွင်**

ကျွန်တော် ဒီရောဂါသတင်းစကြားတဲ့ အချိန်ကတည်းက အင်္ဂလန်တို့၊ ယူကေတို့ အီတလီတို့ ဖြစ်ကတည်းက ကျွန်တော် အပြင်သိပ်မထွက်ဖြစ်တော့ဘူး။ Home Isolate လုပ်တယ်။ သို့သော်လည်း နေ့စဉ်အပြင်က ပြန်လာတဲ့ အစ်မကျတော့ ဆေးရုံဆေးခန်းက ပြန်လာတဲ့အခါကျတော့ အမေကလည်း ရှိတဲ့အခါကျတော့ အိမ်ထဲရောက်တာနဲ့ လက်ဆေး၊ အင်္ကျီလဲ ပြောရတယ်။ သူ့တစ်ယောက်တည်းအတွက် မဟုတ်ဘူး။ အိမ်ကလူအတွက်ပါ။ ကိုယ်က အတွေ့အကြုံရှိထားတော့ Vulnerable Person ကို စိုးရိမ်လို့ပြောပေမယ့် အပြင်ကလူတွေက မသိကြတာဖြစ်နေတယ်။ အပြင်ကလူတွေ ငါတို့ကတော့ သေမထူး၊ နေမထူး မကြောက်ဘူးပြောနေတယ်။ သူ့ဘေးပတ်ဝန်းကျင်ကလူကို ထိခိုက်သွားတယ်ဆိုတာ ပြည်သူလူထုက မသိကြဘူး။ Vulnerable Person ကို ကူးနိုင်တယ်။ သူတို့အတွက်က ပိုပြီးဆိုးနိုင်တယ်။

**ဒေါက်တာသန်းနိုင်စိုး**

ကျွန်တော်တို့ စကတည်းက MOHS ရဲ့ ဖေ့စ်ဘုတ်နဲ့ ဝက်ဘ်ဆိုက်ပေါ်မှာ လုပ်နေပြီး ဖေ့စ်ဘုတ်ပေါ်မှာတော့ နေ့တိုင်း အချိန်နှင့် တစ်ပြေးညီ ထုတ်လွှင့်ပေးတယ်။ ၈ နာရီတစ်ကြိမ်၊ ၈ နာရီ ၁၅၊ ကြားထဲမှာ အရေးပေါ်တို့၊ ၁၀ နာရီအချိန်များမှာ ထုတ်လွှင့်ပေးတယ်။ ပညာပေးတဲ့ဟာတွေဆိုလည်း တောက်လျှောက်ထွက်တယ်။ အဲဒီဟာကနေ Link ကနေ ဝင်လိုက်ရင်လည်း ကျွန်တော်တို့ဝက်ဘ်ဆိုက်ထဲမှာ One Stop Service လုပ်ပေးထားတယ်။ အဲဒီနေရာမှာဆိုရင် ကျန်းမာရေးအသိပညာမြှင့်တင်တဲ့ စာရွက်စာတမ်းတွေ၊ ပညာပေးတဲ့ဟာတွေ အကုန်ရှိတယ်။ ကျွန်တော်တို့ရဲ့ သတင်းထုတ်ပြန်ချက်တွေ၊ လုပ်ငန်းဆောင်ရွက်ချက်၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ထုတ်ပြန်ချက် Audio ၊ Video တွေ။ သီချင်းဆိုလည်း အဆိုတော် မနော၊ သွန်းတို့နဲ့ အသံဖိုင်လေးလုပ်ပြီး ဖြန့်တယ်။ ကျေးလက်ဒေသကျတော့ လက်ကိုင်စပီကာလေးတွေနဲ့ အော်လို့ရအောင် လုပ်တယ်။

ပြည်သူတွေအားလုံးက Responsible ပေါ့။ ကိုယ်တိုင်သိပြီးတော့ ကြောက်နေတာထက်စာရင် လုပ်သင့် လုပ်ထိုက်တဲ့ အလုပ်တွေကို ဝိုင်းလုပ်ကြမယ်ဆိုလို့ရှိရင် ကျွန်တော်က ဒီဟာကို ထိခိုက်ရှုနာမှု အနည်းဆုံးနဲ့ ကျော်ဖြတ်နိုင်မှာပါ။ အဲဒီလိုမှမဟုတ်ဘဲနဲ့ ကြောက်ပြီးတော့ ကိုယ်လုပ်ရမယ့်အလုပ်တွေ မလုပ်ဘဲနဲ့ အလွန်အကျွံလုပ်တယ်ပေါ့။ ဆရာပြောသလို ဒီမကြောက်ခြင်းနဲ့ ကြောက်ခြင်းရဲ့ကြား ရှိနေတဲ့လူတွေကို အတော်ကြီး အလွန်အကျွံဖြစ်ပြီးတော့ ဖြစ်သွားတဲ့ဟာတွေကျတော့လည်း မကောင်းဘူး။ အစွန်းရောက်သွားတယ်။ မကြောက်ဘူးကွာ။ ဘာမှမဖြစ်ဘူး။ တို့ကတော့ သေရင်လည်း သေပလေ့စေဆိုပြီးတဲ့ အထဲပါသွားတဲ့ လူတွေကျတော့လည်း အလွန်အန္တရာယ်များတယ်။ အဲဒီတော့ ဒီနှစ်ခုကြားထဲမှာ ချိန်ပါ။ အဓိကကတော့ ကြောက်လာရင်လည်း ကြောက်ပါ။ ကျွန်တော်က မကြောက်ဘူးလို့လည်း မပြောဘူး။ ကမ္ဘာ့အခြေအနေနဲ့ကြည့်လိုက်ရင် ကြောက်စရာကြီး။ ဒီလို ကြောက်တဲ့အခါ အင်အားအဖြစ်ပြန်ပြီးအသုံးချပါ။ ကိုယ်တစ်ယောက်တည်း မရင်ဆိုင်ပါနဲ့။ မိသားစုနဲ့အတူ ရင်ဆိုင်ပါ။ မိတ်ဆွေအပေါင်းအသင်းတွေနဲ့အတူ ရင်ဆိုင်ပါ။ လုပ်ရမယ့်အလုပ်တွေကို လုပ်ပါ။ ဖြစ်လာရင်လည်း သတင်းပို့ပြီး အတူတကွ ဝိုင်းဝန်းကူပြီးတော့ သူ့အသက်ကိုလည်း စောင့်ရှောက်သလို ပတ်ဝန်းကျင်အသိုင်းအဝိုင်းကိုလည်း မပျံ့နှံ့ဖို့ ဒါကတော့ ကျွန်တော်တို့ထင်ပါတယ်။ ပြည်သူအားလုံး ပူးပေါင်းဆောင်ရွက်မှ ရမယ့်ကိစ္စပါ။

**ဒေါက်တာခင်မောင်လွင်**

ကျွန်တော်တို့ဆွေးနွေးခန်းကို နိဂုံးချုပ်ပေါ့လေ။ တေးသံရှင် တင်ဇာမော်ကိုမေးပြီး နိဂုံးချုပ်ချင်တယ်။ ဒီကနေ အင်္ဂလန်ကို ပြန်မယ်ဆိုရင် ဒီမှာ ဘာလုပ်မလဲ။ အင်္ဂလန်ပြန်ရောက်ရောက်ချင်းမှာ ဘာတွေလုပ်မလဲ။ COVID-19 နဲ့ ပတ်သက်ပြီးတော့ နားထောင်ချင်ပါတယ်။

**အဆိုတော် တင်ဇာမော်**

မပြန်ခင်မှာရော၊ ပြန်ဖို့လိုနေသေးတဲ့ အချိန်မှာရော အရေးကြီးဆုံးက မိမိကိုယ်ကို စောင့်ရှောက်ခြင်းဟာ ကိုယ့်ရဲ့ပတ်ဝန်းကျင်ကို စောင့်ရှောက်ခြင်းပါပဲ။ ကိုယ့်ကိုယ်ကိုယ် ဂရုတစိုက်နဲ့ ကိုယ့်ရဲ့လှုပ်ရှားပြုမူအားလုံးကို ဂရုစိုက်မယ်ဆိုရင် ကိုယ့်ရဲ့ ပတ်ဝန်းကျင်ကို ဂရုစိုက်ကယ်တင်တာနဲ့ အတူတူပါပဲ။ အခုလိုမျိုးဖြစ်နေတဲ့အချိန်မှာ အထူးဂရုပြုပြီးတော့ နေထိုင်မယ်၊ ဆင်ခြင်မယ်၊ ကိုယ့်ကိုယ်ကိုယ် သံသယရှိသည်ပဲဖြစ်စေ၊ နေမကောင်းဖြစ်လာသည်ပဲဖြစ်စေ၊ ချောင်းဆိုး၊ နှာချေတာလိုတာထက်၊ ပုံမှန်ထက် ပိုပြီးတော့ပဲဖြစ်စေ၊ ဖြစ်လာရင်တော့ နီးစပ်ရာ ဆရာဝန်၊ ဆေးရုံ၊ ကျန်းမာရေးဌာန တစ်တိုင်းပြည်လုံးမှာ ရှိပါတယ်။ ကိုယ်လည်း ပြည်သူ ပြည်သားထဲက တစ်ယောက်ဆိုတော့ ကိုယ်လည်း သွားပြီးတော့ စစ်ဆေးမယ်၊ တွေ့သွားမလား၊ စစ်လိုက်လို့ တွေ့သွားရင်ဆိုတဲ့စိတ်မျိုး မရှိဖို့ အရေးကြီးပါတယ်။ ကိုယ့်အသက်ကို ကာကွယ်စောင့်ရှောက်တာဟာ ပတ်ဝန်းကျင်၊ တစ်ကမ္ဘာလုံးကို စောင့်ရှောက်တာ၊ ကာကွယ်တာနဲ့ အတူတူပါပဲ။ မပြန်ခင်မှာ ကိုယ့်ကိုယ်ကိုယ် အဲဒီလို နေထိုင်ကျင့်သုံး နေထိုင်သွားပါမယ်။ ကိုယ့်ရဲ့ ပတ်ဝန်းကျင်က လူအားလုံးကိုလည်း အသိပညာပေးဝေမယ်။ အားပေးမယ်။

အကယ်၍ ဖြစ်ပြီဆိုရင်လည်း ရင်ဆိုင်ပြီး စိတ်ရှည်ရှည်နဲ့ ဖြေရှင်းမယ်။ ကိုယ့်မှာရှိနေတဲ့ ရောဂါကို သူများရမသွားအောင်လို့၊ ကိုယ့်ရဲ့ အိမ်ထဲမှာ နေတယ်ဆိုပေမယ့်လည်း၊ ဘယ်သူနဲ့မှ Contact မဖြစ်ဘူးဆိုပေမယ့်လည်း အိမ်သားတွေထဲက အပြင်မှာ အလုပ်လုပ်ပြီး ပြန်လာတဲ့သူတွေ ပါနေ၊ ရှိနေမှာပဲ။ အနည်းဆုံးတော့ တစ်ယောက်ယောက်က ဈေးကိုတော့ သွားလိုက်မှာပဲ။ ဈေးထဲကနေပြီးတော့လည်း ပိုက်ဆံတွေ ထိတွေ့မယ်၊ ကိုင်တွယ်မယ်ဆိုတော့ အိမ်ထဲမှာ နေတဲ့သူတွေကလည်း အိမ်ထဲမှာနေလို့ဆိုပြီးတော့ လက်လွတ်စပယ် မနေမိလိုက်ကြပါနဲ့။ ကိုယ်ကိုယ်တိုင် တစ်ဦးတည်းသုံးမယ်ဆိုရင် မျက်နှာသုတ်ပဝါ၊ လက်သုတ်ပဝါ ကောင်းပါတယ်။ အများသုံးမယ်ဆိုရင်လည်း အိမ်သူအိမ်သားတွေ အချင်းချင်းပဲဆိုတဲ့စိတ်နဲ့ လက်လွတ်စပယ် အတူတူသုံးတာ၊ လက်သုတ်ပဝါတွေကို လက်ဆေးပြီးတိုင်း တစ်ခုတည်းသုံးတာမျိုး မဖြစ်မိဖို့ အရေးကြီးတယ်လို့ မြင်မိပါတယ်။ အတတ်နိုင်ဆုံး Kitchen Towel သို့မဟုတ်လည်း တစ်ရှူး Box လေး ဆောင်ထားဖို့၊ ကိုယ့်ကိုယ်ပိုင် လက်သုတ်ပဝါ၊ မျက်နှာသုတ်ပဝါလေးတွေ သီးသန့်ထားပြီး နေ့စဉ်လျှော်ပေးဖို့၊ ဒီနိုင်ငံက နေပူတော့လည်း အခြောက်မြန်တော့ အများကြီးကောင်းပါတယ်။ အေးတဲ့တိုင်းပြည်ဒေသတွေထက်စာရင် နေရောင်ခြည်လည်း ထိတွေ့နိုင်တယ်။ အဲဒီလိုနည်းနဲ့ နေပါမယ်ရှင့်။

ဟိုပြန်ရောက်တဲ့ အခါကျရင်လည်း သေချာပါတယ်။ အရင်ဆုံးတော့ ပြည်ဝင်ခွင့်စစ်မှာပါ။ စစ်တဲ့အခါကျရင် ကိုယ်က ရောဂါကင်းရှင်းတယ်လို့ သူတို့ယူဆမှပဲ ပေးလွှတ်မယ်လို့ ယုံကြည်ပါတယ်။ အကယ်၍များ ကိုယ်က စောစောကပြောသလို အမျိုးသားရဲ့ အလုပ်ထဲကလိုမျိုး လွတ်ထွက်လာတဲ့သူတွေထဲက တစ်ယောက်ဖြစ်ရင် ဘယ်လိုလုပ်မလဲ။ အဲဒီလိုမျိုး တွေးမိပါတယ်။ အဓိက အရေးအကြီးဆုံးကတော့ ရောဂါက ကူးကူးပြီးချင်းလည်း ဘာမှ ရုတ်တရက်မပြဘဲနဲ့ သူက ဖြန့်ဝေနိုင်တဲ့ ဗိုင်းရပ်စ်မျိုးဖြစ်နေတာဆိုတော့ အတတ်နိုင်ဆုံးတော့ ကိုယ်ရဲ့ တစ်ကိုယ်ရေသန့်ရှင်းမှု၊ ဂရုစိုက်မှု အဲဒါနဲ့ နေပါမယ်။ အားလုံးကို သတိပေးချင်တာကတော့ မစိုးရိမ်ပါနဲ့၊ မကြောက်ရွံ့ပါနဲ့။ ဒါပေမယ့်လည်း လက်လွတ်စပယ်လည်း မနေမိပါစေနဲ့။ အထူး ဂရုစိုက်ပါလို့ ပြောလိုပါတယ်။

**ဒေါက်တာခင်မောင်လွင်**

ကျွန်တော်တို့ ဆွေးနွေးခန်းဟာ လက်တွေ့ဘဝထဲမှာ ဘယ်လို တစ်ယောက်ကိုတစ်ယောက် ဂရုစိုက်ကြမလဲဆိုတဲ့ အကြောင်းအရာပေါ်မှာ မူတည်ပြီးတော့ ဆွေးနွေးကြတာ ဖြစ်ပါတယ်။ အဲဒီတော့ ကိုယ့်ကိုယ်ကိုယ် ဂရုစိုက်ပါ။ မိမိရဲ့ ချစ်ခင်တဲ့၊ မြတ်နိုးတဲ့ အပေါင်းအသင်း၊ မိတ်ဆွေ၊ မိသားစု အားလုံးကိုလည်း ဂရုစိုက်ပါ။ မိမိနေတဲ့ ဒေသနဲ့ မိမိနိုင်ငံအပေါ်မှာလည်း ဂရုစိုက်ခြင်းဆိုတဲ့ ဂရုစိုက်မှုကို စနစ်တကျပြုလုပ်မယ်ဆိုရင် ကျွန်တော်တို့တွေ ဘေးဆိုး၊ ကပ်ဆိုး၊ အန္တရာယ်ဆိုးက အားလုံး အတူတကွ ကျော်လွှားနိုင်မယ်လို့ ယုံကြည်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျာ။ ။

# COVID-19 နှင့် ပတ်သက်၍ ဂီတ၊ ရုပ်ရှင် အနုပညာရှင်များ၏ အသိပညာပေးနှိုးဆော်ရေးအစီအစဉ်

ကမ္ဘာတစ်ဝန်း COVID–19 ကူးစက်ပျံ့နှံ့မှုသည် မြန်ဆန်လျက်ရှိသည့်အတွက် မြန်မာနိုင်ငံ၌ အစိုးရအဖွဲ့အစည်းများက ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်မြင့် ဆောင်ရွက်လျက်ရှိပြီး ကျန်းမာရေးဝန်ထမ်းများ၊ သက်ဆိုင်ရာဒေသများရှိ အရပ်ဘက်အဖွဲ့အစည်းများက ကျန်းမာရေးအသိပညာပေး နှိုးဆော်ရေးအစီအစဉ်များတွင် ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့ကြသည်။ ထို့အတူ ဂီတ၊ ရုပ်ရှင် အနုပညာရှင်များကလည်း COVID–19 နှင့် ပတ်သက်၍ အသိပညာပေးနှိုးဆော်ရေးအစီအစဉ်တွင် ပါဝင်ခဲ့ကြပါသည်။



## ရဲအောင်

နှာချေ/ချောင်းဆိုးပြီးတိုင်း၊
အပြင်မှပြန်လာတဲ့အခါတိုင်း၊ လှေကားလက်ရန်း၊
ဓာတ်လှေကားခလုတ်၊ တံခါးလက်ကိုင်တို့လို
အများသုံးပစ္စည်းတွေကို ကိုင်တွယ်ပြီးတိုင်း
စနစ်တကျ လက်ဆေးရပါမယ်။



## စည်သူလွင်

လူနာကိုပြုစုစောင့်ရှောက်ပြီးတိုင်း၊
အစားအစာများကို ချက်ပြုတ်ပြင်ဆင်ပြီးတိုင်း၊
အစာမစားမီအချိန်တိုင်း
စနစ်တကျ သန့်ရှင်းသောရေနှင့် ဆပ်ပြာကို အသုံးပြုကာ
လက်ဆေးရပါမယ်။



## ဖိုးသောကြာ

အိမ်သာအသုံးပြုပြီးတိုင်း၊
တိရစ္ဆာန်နှင့် တိရစ္ဆာန်အညစ်အကြေးများကို
ကိုင်တွယ်ပြီးတိုင်း သန့်ရှင်းသောရေနှင့်
ဆပ်ပြာကို အသုံးပြုပြီး
စနစ်တကျ လက်ဆေးရပါမယ်။



## လွှမ်းပိုင်၊ ထက်ထက်(Bobby Soxer)

စနစ်တကျ လက်ဆေးပုံအဆင့်ဆင့်ကတော့
“ဖဝါး၊ ဖမိုး၊ လက်ခေါက်ချိုး၊ လက်ကြား၊ လက်မ
မကျန်စေရ။ ကုတ်၍ ခြစ်ပါ လက္ခဏာ။
လက်ကောက်ဝတ်မှာ အဆုံးသတ်ပါ။”




## COVID-19 ရောဂါ ကာကွယ်ကုသရေးအတွက် အလှူငွေများလှူဒါန်း


ကောလင်း မတ် ၃၀

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းမြို့နယ်တွင် COVID–19 ရောဂါ ကာကွယ်ကုသရေးလုပ်ငန်းများတွင် အသုံးပြုနိုင်ရေး အလှူငွေနှင့် ပစ္စည်းများကို ယနေ့ နံနက်ပိုင်းတွင် COVID–19 ရောဂါ ကာကွယ်ရေးအထောက်အကူပြုအဖွဲ့ထံသို့ လာရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။

ထိုသို့ ပေးအပ်လှူဒါန်းရာတွင် ဦးညွန့်ရင်နှင့်ဇနီး ဒေါ်ခင်ကြွေ (ရွှေအောင်ဟိန်းထက်စက်သုံးဆီရောင်းဝယ်ရေး)က အလှူငွေကျပ် ငါးသိန်း၊ ဒေါ်အေးအေးယဉ် (မန္တလေး)က အလှူငွေကျပ် ငါးသိန်း၊ ကိုအောင်သူဖြိုးနှင့် ဇနီး မစန်းစန်းသင်း(ကျော်ဇေယျာ)က ငွေကျပ် ငါးသောင်း၊ ဒုရဲအုပ် ဇင်ဘိုဘိုကျော်က ငွေကျပ် တစ်သိန်း၊ ဦးမြင့်နှင့် ဇနီး ဒေါ်ခင်ခင်အေးက ငွေကျပ် ငါးသောင်း၊ ဦးဖိုးထွန်းနှင့် ဇနီး ဒေါ်ဝါဝါနွယ် (ဆေးသုတ်လုပ်ငန်း) က နှာခေါင်းစည်း အခု ၇၀ တန်ဖိုးငွေကျပ် သုံးသောင်း၊ ဒေါ်စိန်စိန်မိသားစုက ငွေကျပ် တစ်သိန်း၊ ဒေါ်ထွေးမေမိသားစုက လက်ဆေးဆပ်ပြာခဲ ၄၅ ခဲ တန်ဖိုးငွေကျပ် နှစ်သောင်း၊ အရှင်ဇယန္တ (မြစကြာကျောင်းတိုက်)က ငွေကျပ် ငါးသောင်း၊ ဦးဝင်းဇော်ထူးနှင့်ဇနီး ဒေါ်စိုးစန္ဒာထွန်းက နှာခေါင်းစည်း ၂၂၅ ခု တန်ဖိုးငွေကျပ် ရှစ်သောင်းငါးထောင်၊ ကျွန်ကလုံး (စုပေါင်းအလှူအဖွဲ့)က ငွေကျပ် ငါးသောင်း စုစုပေါင်းငွေကျပ် ၁၅၃၅၀၀၀ တို့ကို အလှူရှင်များကိုယ်စား ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင့်နိုင်ဝင်းက ပေးအပ်ရာ အထောက်အကူပြုအဖွဲ့မှ ဦးစန်းအောင်က လက်ခံရယူခဲ့သည်။

COVID–19 ရောဂါ ကာကွယ်ရေးအထောက်အကူပြုအဖွဲ့သို့ ယနေ့ နံနက်ပိုင်းအထိ ပြည်သူများက အလှူငွေကျပ် ၆၁၉၅၀၀၀ လှူဒါန်းထားကြောင်း သိရသည်။

မြင့်ထွန်းမင်း (ကောလင်း)



## မန္တလေးမဟာမုနိဘုရားကြီး ပိတ်ချိန်ပြောင်းလဲပြီး ဘုရားဖူးများအား တောင်ဘက်ဝင်ပေါက်မှသာ ဝင်ထွက်ခွင့်ပြု

**မန္တလေး မတ် ၃၀**

COVID-19 ရောဂါ ကြိုတင်ကာကွယ်သည့်အနေဖြင့် မန္တလေးမြို့ မဟာမုနိဘုရားကြီးတွင် နေ့စဉ်နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိသာ စောင်းတန်းတံခါး ဖွင့်ပေးမည်ဖြစ်ပြီး ကျန်းမာကြောင်း ထောက်ခံချက်ပါရှိသူများသာ ဝင်ရောက်ပူဇော်ခွင့်ပြုမည်ဖြစ်ကြောင်း သိရသည်။

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ ညွှန်ကြားမှုအရ ဘုရားကြီး ဝင်ပေါက်တောင်ဘက်အပေါက်သာ နေ့စဉ်ဖွင့်လှစ်ပေးထားမည် ဖြစ်ကြောင်း ကြေညာချက်ထုတ်ပြန်ထားပြီး ဘုရားဖူးလာပြည်သူများကို မတ် ၃၀ ရက်မှစ၍ နေ့စဉ်နံနက်၉နာရီမှ ညနေ၄နာရီအထိ မဟာမုနိဘုရား စောင်းတန်းတံခါးဖွင့်ချိန် ပိတ်ချိန်အတွင်း တောင်ဘက်ပေါက်မှသာ ကျန်းမာကြောင်း ထောက်ခံချက်ပါရှိသူများသာ ဝင်ရောက်ပူဇော်ရန် သတ်မှတ်လိုက်ကြောင်း ဂေါပကအဖွဲ့ဥက္ကဋ္ဌထံမှ သိရသည်။

အလားတူ စေတီဘုရား၊ ကျောင်းများနှင့် အခြားဘာသာရေး အဆောက်အအုံများကိုလည်း သက်ဆိုင်ရာ မြို့နယ်ပြည်သူ့ကျန်းမာရေး ဦးစီးဌာန၏ ကျန်းမာကြောင်း ထောက်ခံချက်ပါမှသာ ဝင်ရောက်ဝတ်ပြုခြင်း ခွင့်ပြုပေးမည်ဖြစ်ကြောင်း၊ အဆိုပါညွှန်ကြားချက်မှာ ဧပြီ ၃၀ ရက်အထိ အတည်ဖြစ်ပြီး လူစုလူဝေးကို ရှောင်ရှားနိုင်ရန် ဆောင်ရွက်ခြင်းဖြစ်ကြောင်း မဟာမုနိဘုရားကြီး ဂေါပကဥက္ကဋ္ဌ ဦးစိုးလင်းထံမှ သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

## ရန်ကုန် - ဝါးခယ်မ ကားလမ်းပိတ်မည်ဆိုသောသတင်း မမှန်

**ဝါးခယ်မ မတ် ၃၀**

ဧရာဝတီတိုင်းဒေသကြီး ဝါးခယ်မမြို့နယ်နှင့် ဆက်သွယ်သွားလာလျက်ရှိသော ရန်ကုန် - ဝါးခယ်မ ကားလမ်းပိတ်မည်ဆိုသော သတင်းမှာ ကောလာဟလသတင်းသာဖြစ်ကြောင်း သိရသည်။

"ဒီသတင်းက ကောလာဟလသတင်းပါပဲ။ အမှန်က ယာဉ်လိုင်း တစ်လိုင်းက ယာယီရပ်နားမယ်ဆိုတာပဲပါတယ်။ ရန်ကုန် - ဝါးခယ်မ ပြေးဆွဲနေတဲ့ အောင်ချမ်းသာကားဂိတ်က ဧပြီ ၁ ရက်ကစပြီး ယာယီရပ်နားမယ်ဆိုပြီး စာနဲ့တင်ပြတာမျိုး ရှိပါတယ်။ ပြည်သူတွေအနေနဲ့ ရန်ကုန် - ဝါးခယ်မ ကားလမ်းပိတ်မယ်ဆိုတဲ့ သတင်းက မဟုတ်ပါဘူး " ဟု မြို့နယ် မော်တော်ယာဉ်များ စနစ်တကျပြေးဆွဲရေးကြီးကြပ်မှု ကော်မတီဥက္ကဋ္ဌ ဦးသန်းအောင်က ပြောသည်။

"ဒီမနက်တင် ခရီးက ပြန်လာတာပါ။ ကားလမ်းပိတ်တာ မဟုတ်ပါဘူး။ လူမှုကွန်ရက်ပေါ်မှာရော အပြင်မှာပါ ကားလမ်းပိတ်တယ်၊ ကားလမ်းပိတ်တယ်နဲ့ကြားနေရတာပဲ။ အခြားသူတွေအနေနဲ့ ချင့်ချိန်ယုံကြဖို့ ပြောလိုပါတယ်"ဟု ယနေ့နံနက်ပိုင်းက ရန်ကုန်မှ ဝါးခယ်မသို့ ပြန်လာသော ဘိုးဘောအညာစုကျေးရွာမှ ဦးကျော်စိုးက ပြောသည်။ **လွှမ်းသီဟ (ပြန်/ဆက်)**

## ကော့သောင်းမြို့တွင် ကုန်စည်စီးဆင်းမှုနှင့် ကုန်စည်ဈေးနှုန်းများ ပုံမှန်အခြေအနေရှိ

**ကော့သောင်း မတ် ၃၀**

တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့သည် ထိုင်းနိုင်ငံတောင်ပိုင်း ရနောင်းမြို့နှင့် နီးကပ်သည့် နယ်စပ်မြို့တစ်မြို့ဖြစ်ပြီး နိုင်ငံနှင့်အဝန်း စိုးရိမ်မှု မြင့်တက်လျက်ရှိသည့် COVID-19 အန္တရာယ်ဖြစ်ပေါ်နေသော်လည်း ကုန်စည်စီးဆင်းမှုနှင့် အခြေခံစားသောက် ကုန်ပစ္စည်းဈေးနှုန်းများ ပုံမှန်အခြေအနေဖြင့် ဒေသတွင်းပြည်သူများ ရောင်းဝယ်ဖောက်ကားလျက်ရှိသည်။



ကော့သောင်းမြို့၏ ကုန်စည်ဝင်ရောက်ရာ ဆိပ်ကမ်းတစ်နေရာ။

မြန်မာနိုင်ငံ မြို့ကြီးတချို့တွင် အခြေခံစားသောက်ကုန်ပစ္စည်းများ စိုးရိမ်တကြီး အများအပြားတိုးဝှေ့ဝယ်ယူကြသည့်ဖြစ်စဉ်များကြောင့် ကုန်ပစ္စည်းပြတ်လပ်မှုနှင့် ဈေးနှုန်းမြင့်တက်မှုများ ဖြစ်ပေါ်ခဲ့ကြသော်လည်း နယ်စပ်မြို့ဖြစ်သည့် ကော့သောင်းမြို့ ပြည်သူများအနေဖြင့် အသီးအရွက်၊ သားငါးနှင့် စားသောက်ကုန်တချို့ကို တစ်ဖက် ထိုင်းနိုင်ငံ ရနောင်းမြို့မှ တစ်ဆင့် ဝယ်ယူတင်သွင်းမှု၊ စားသုံးမှု ယခင်ကတည်းကရှိခဲ့ရာ ယခုကာလအတွင်း ဗိုင်းရပ်စ်ကူးစက်မှု ထိန်းချုပ်နိုင်ရေး နှစ်နိုင်ငံကူးသန်း သွားလာမှု ပိတ်ပင်တားမြစ်ထားသော်လည်း ထိုင်းနိုင်ငံမှ ဒေသသုံးအခြေခံစားသောက်ကုန်တင်သွင်းမှုနှင့် မြန်မာနိုင်ငံမှ ရေထွက်ကုန်ပစ္စည်းတင်ပို့မှုများကို နှစ်နိုင်ငံဒေသအာဏာပိုင်အဖွဲ့အစည်းများ၏ ညှိနှိုင်းမှုဖြင့် COVID-19 တားဆီး ကာကွယ်ထိန်းချုပ်မှုလုပ်ငန်းများ အပြန်အလှန်စနစ်တကျသတိပြု ဆောင်ရွက်လျက် ဆက်လက် ခွင့်ပြုထားရှိကြောင်းလည်းသိရသည်။

အခြေခံစားသောက်ကုန်ပစ္စည်းများဖြစ်သည့် ဆန်၊ ဆီ၊ ဆေး၊ ဆား၊ ငရုတ်၊ ကြက်သွန်နှင့် ပြည်တွင်းပို့ အခြားကုန်ပစ္စည်းများမှာ ကော့သောင်း- ရန်ကုန်ပြည်ထောင်စုလမ်းပိုင်းမှ မော်တော်ယာဉ်များဖြင့် ပုံမှန်စီးဆင်းပို့ဆောင်ရောင်းဝယ်မှုများကြောင့် ဒေသတွင်းကုန်ပစ္စည်းပြတ်လပ်ရှားပါးမှု မဖြစ်ပေါ်သည့်အပြင် ခရိုင်နှင့် မြို့နယ်အုပ်ချုပ်ရေး အဖွဲ့အစည်းများ၏ ကြီးကြပ်ကွပ်ကဲမှု ၊ နယ်စပ်ကုန်သွယ်မှု၊ ပုဂ္ဂလိက အသင်းအဖွဲ့များ၏ ပူးပေါင်းပါဝင်ဆောင်ရွက်မှုများကြောင့် ကုန်ဈေးနှုန်းမြင့်တက်ခြင်းများ ဖြစ်ပေါ်မှုမရှိဘဲ ဒေသတွင်း အခြေခံစားသောက်ကုန်နှင့် လူသုံးကုန်ပစ္စည်းများ မူလပုံမှန်ဈေးနှုန်းဖြင့် ရောင်းဝယ်ဖောက်ကားလျက် မြို့၏ အခြေအနေမှာ ပုံမှန်တည်ငြိမ်အေးချမ်းလျက်ရှိကြောင်း သိရသည်။

**ကျော်စိုး(ကော့သောင်း)**

## မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ငွေထုတ်ချေးလျှင် တိုးမြှင့်ထုတ်ချေးပေးရန် တောင်သူများလိုလား

**ညောင်ဦး မတ် ၃၀**

ယခုနှစ်တွင် လာမည့်မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေကို တောင်သူလယ်သမားများထံ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ပုံစံ(၇)သိမ်းပြီး စပါးစိုက်တစ်ဧကလျှင် ငွေကျပ် ၁၅၀၀၀၀၊ အခြားသီးနှံစိုက်ဧက ငွေကျပ်တစ်သိန်းထုတ်ချေးပေးလျက်ရှိရာ ယင်းလက်ရှိနှုန်းထက် ပိုမိုရရှိရန်လိုကြောင်း ညောင်ဦးမြို့နယ် တောင်သူလယ်သမားများထံမှ သိရသည်။ ယင်းဒေသခံတောင်သူများသည် အမှန်တကယ် မြေပြင်စိုက်ပျိုးစရိတ်ချေးငွေမှာ အတိုးနှုန်းအားဖြင့် သက်သာသော်လည်း တောင်သူများ၏ စိုက်ပျိုးကုန်ကျစရိတ် လုံလောက်မှုမရှိဘဲ သီးနှံပေါ်ချိန် အထွက်နှုန်းမကောင်းခြင်း၊ ဈေးကွက်မရှိခြင်းတို့ဖြင့် အရှုံးပေါ်နေကြသည်ဟု သိရသည်။

"တောင်သူအများစုက လယ်ယာဖွံ့ဖြိုးရေးဘဏ်ကို ပုံစံ(၇) အစစ်မူရင်းကို မအပ်ချင်ကြဘူး။ ပုံစံ (၇) မူရင်းအစစ်ရှိရင် အရပ်ထဲမှာ ငွေလှည့်လို့ရတယ် အဆင်ပြေတယ်။ ပုံစံ(၇)ပါရင် ယုံကြည်မှုရှိကြတယ်။ ပုံစံ(၇)မရှိရင် ငွေရှာရတာ မလွယ်ဘူး။ ငွေရှာရတာတော်တော်ခက်တယ်။ ဖြစ်နိုင်ရင် ပုံစံ(၇)ကို မသိမ်းစေချင်ဘူး။ သိမ်းရင်လည်း နှစ်ရှည်ငွေထုတ်ပေးစေချင်တယ်"ဟု ပျော့ကံကျေးရွာတောင်သူဦးကြီးလှက ပြောသည်။

"ဒီနှစ်စိုက်ပျိုးစရိတ်ချေးငွေ လယ်မြေတစ်ဧက ကျပ်တစ်သိန်းခွဲ အခြားယာစိုက်မြေတစ်ဧကကျပ် တစ်သိန်းထုတ်ချေးပေးရုံနှင့် လုံလောက်မှု မရှိနိုင်ဘူး။ လယ်ယာမြေစိုက်ပျိုးစရိတ်၊ အလုပ်သမားငှားရမ်းခ၊ လယ်ယာမြေထွန်ယက်ခ ကုန်ကျစရိတ်၊ ဓာတ်မြေဩဇာ သွင်းအားစုများနှင့် ကုန်ကျစရိတ်များစွာ အရင်းအနှီးများမလောက်မငဖြစ်ကာ အခက်အခဲကြုံတွေ့နိုင်ပါတယ်" ဟု ကံတောကျေးရွာ တောင်သူဦးခင်မောင်သောင်းက ပြောသည်။ ထို့ကြောင့် တောင်သူများအနေဖြင့် နှစ်စဉ်အဆင်မပြေမှုများနှင့် ကြုံတွေ့လာသည့်အတွက် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ထုတ်ချေးငွေတစ်မျိုးကို လုံလောက်စွာ ထုတ်ချေးပေးစေလိုကြောင်း ညောင်ဦးမြို့နယ်တောင်သူလယ်သမားများထံမှ သိရသည်။

**ကျော်ဌေး-ညောင်ဦး**

# သစ်ပင်နည်းလာ တို့ကမ္ဘာ၊ လွန်စွာပူအေး ဥတုဘေး

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၃၀-၃-၂၀၂၀

**ရွှေ**

| | | | | |
|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၁၄၇၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၀၇၉၅၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၁၄၇၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၀၇၉၅၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | | လက်လီဈေး(မန္တလေး) | |
|---|---|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၄၉၀/၅၅၀ | ကျပ် | ၅၃၀/၅၅၅ | ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၅၀၀/၅၆၅ | ကျပ် | ၅၄၅/၅၇၀ | ကျပ် |
| အောက်တိန်း ၉၂ | ၃၇၀/၄၃၀ | ကျပ် | ၄၃၀/၄၇၀ | ကျပ် |
| အောက်တိန်း ၉၅ | ၅၁၀/၅၈၀ | ကျပ် | ၆၀၅/၆၁၅ | ကျပ် |

(Yangon Petrol မှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၃၉၃ . ၆ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၅၄၅ . ၅ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၉၇၇ . ၉၀ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် | ၁၇၂၇ . ၅ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် | ၁၂၉၅ . ၇ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် | ၈၅၈ . ၃၀ |
| တရုတ် | တစ်ယွမ် | ကျပ် | ၁၉၆ . ၅၀ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၁၈ . ၄၄၈ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် | ၁၁၃ . ၇၆ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၂၂ . ၀၀ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၄၂ . ၆၈၃ |

(ဗဟိုဘဏ်ပေါက်ဈေးဖြစ်ပါသည်)

**စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၁၀၀၀ | ၁၀၀၀၀ | ၁၆၈၀ | ၁၆၈၀၀၀၀၀ |
| MTSH | ၃၄၅၀ | ၃၅၀၀ | ၄၀၇၃ | ၁၃၉၃၅၆၀၀ |
| MCB | ၇၇၀၀ | ၇၇၀၀ | ၄ | ၃၀၈၀၀ |
| FPB | ၂၁၀၀၀ | ၂၁၀၀၀ | ၄၂ | ၈၈၂၀၀၀ |
| TMH | ၂၆၀၀ | ၂၆၀၀ | ၅၀၉ | ၁၃၂၃၇၀၀ |

(ရန်ကုန်စတော့အိတ်ချိန်းမှ ရရှိပါသည်) ခင်ရတနာ-စုစည်းသည်။

မြန်မာ့အလင်း

စာတည်းမှူးချုပ် - အောင်နိုင်ဦး
သတင်းထောက်ချုပ် - မြင့်ဆွေ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်၊ ခြူးစန္ဒီဋွေး၊ ကလျာမိုးမြင့်၊ ခင်ရတနာ
အကြီးတန်း သတင်းထောက်များ - ကျော်သူဝင်း၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး(ဓာတ်ပုံ)၊ မြတ်မွန်ထွေး၊ ဇင်ဦး၊ တင်လင်းအောင်၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်
အငယ်တန်း သတင်းထောက်များ - နေဝင်းထွန်း(၂)၊ ဝေသူနွယ်
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com

www.facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၆၊ **ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm

# ရိက္ခာပေါလှိုင် ဖျာပုံခရိုင်သို့

မောင်သာ(ရှေးဟောင်းသုတေသန)

မြန်မာနိုင်ငံ ပြည်သူပြည်သားများအတွက် လိုအပ်သည့် စားရေရိက္ခာများကို ပြည်နယ်၊ တိုင်းဒေသကြီးအသီးသီးမှ ထုတ်လုပ်ပေးလျက်ရှိရာ မြစ်ဝကျွန်းပေါ်ဒေသ ဧရာဝတီတိုင်းဒေသကြီးသည် နိုင်ငံတော်၏စပါးကျီဟု တင်စားခေါ်ဆိုသည့်အတိုင်း ဆန်စပါးကို အများဆုံးစိုက်ပျိုးထုတ်လုပ်နေသည့် ဒေသဖြစ်သည်။ မြစ်ချောင်းပေါများ၍ မိုးရွာသွန်းမှုများပြားပြီး မြေဆီဩဇာကောင်းမွန်သည့် မြစ်ဝကျွန်းပေါ်ဒေသမှထွက်ရှိသည့် ဆန်စပါးများသည် စားသုံးသူများအကြား အလွန်ထင်ရှားလျက်ရှိရာ ဖျာပုံပေါ်ဆန်းမွှေးဆန်သည်လည်း အပါအဝင်ဖြစ်ပေသည်။

ဆန်စပါးစိုက်ပျိုးမှုသာမက ပင်လယ်ငါးထုတ်လုပ်မှုလုပ်ငန်းပါ ဖွံ့ဖြိုးသည့် ဖျာပုံခရိုင်သည် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ခရိုင်များအနက် ရန်ကုန်မြို့နှင့်အနီးဆုံး တည်ရှိသည်။ ရှေးအခါက ရေကြောင်းခရီးဖြင့်သာ သွားလာခဲ့ကြရသည့် ဖျာပုံခရိုင်အတွင်းမှ မြို့ရွာများသည် မအူပင်-ဖျာပုံ-ဘိုကလေး ကားလမ်းကို ၁၉၉၇ ခုနှစ်က စတင်ဖောက်လုပ်ခဲ့ပြီးနောက် ကုန်းလမ်းခရီးဖြင့် လွယ်ကူလျင်မြန်စွာ သွားလာနိုင်ခဲ့ကြသည်။

ဖျာပုံခရိုင်ကို ဖျာပုံ၊ ကျိုက်လတ်၊ ဘိုကလေးနှင့် ဒေးဒရဲမြို့နယ်တို့ဖြင့် ဖွဲ့စည်းထားကာ ခရိုင်တစ်ခုလုံးသည် ၁၈၆၃ ဒသမ ၄၄၂ စတုရန်းမိုင်ကျယ်ဝန်း၍ ဘိုကလေးမြို့နယ်သည် အကြီးဆုံးဖြစ်သည်။

### ဖျာပုံမြို့သို့

ဖျာပုံခရိုင်ရုံးစိုက်သည့် ဖျာပုံမြို့သို့ ရန်ကုန်မြို့မှ ရေလမ်းခရီးဖြင့်သွားပါက ၆၄ မိုင်ကွာဝေးကာ ကုန်းလမ်းမှသွားလျှင် လှိုင်သာယာ၊ မအူပင်နှင့် ကျိုက်လတ်မြို့တို့ကို ဖြတ်သန်း၍လည်းကောင်း၊ ဒလ၊ ကွမ်းခြံကုန်း၊ ကော့မှူးနှင့် ဒေးဒရဲမြို့တို့ကို ဖြတ်သန်း၍လည်းကောင်း နှစ်သက်ရာလမ်းမှ သွားရောက်နိုင်ကြသည်။

မော်တော်ကားလမ်းများမရှိစဉ်က ဖျာပုံမြို့မှ ၂၀၅ မိုင်ကွာဝေးသည့် ပုသိမ်မြို့၊ ၁၅၄ မိုင်ကွာဝေးသည့် ဟင်္သာတမြို့ အပါအဝင် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ ခုသို့ ရေလမ်းခရီးဖြင့် သွားရောက်ခဲ့ကြရပြီး ယခုအခါတွင် မြို့နယ်အားလုံးသို့ ကုန်းလမ်းခရီးဖြင့် သွားလာနိုင်ကြပြီဖြစ်၍ ရေလမ်းကြောင်းကို ကုန်စည်တင်ဆောင်သည့် ရေယာဉ်များကသာ အများဆုံး အသုံးပြုလျက်ရှိကြသည်။

ဖျာပုံခရိုင်သည် တစ်ချိန်က မွန်လူမျိုးတို့၏ဒေသဖြစ်ခဲ့ကာ ဖျာပုံဟူသည့် အမည်သည် မွန်စကား "ဖျာပုင်"ဖြစ်၍ ထမင်းဈေး သို့မဟုတ် ထမင်းဆိုင်ဟု အဓိပ္ပာယ်ရှိသည်။ ဖျာပုံမြို့သည် မြစ်ချောင်းများဆုံစည်းသည့်နေရာတွင် တည်ရှိနေကာ ချောင်းရိုးများအတွင်းပိုင်းမှ မြစ်အထက်ပိုင်းသို့ သွားလိုသူများသည် ဒီရေတက်ချိန်ကို စောင့်ဆိုင်းကြရသည်။ ရှေးအခါက ရေစောင့်ကြသည့် ခရီးသည်များ စခန်းချကာ ထမင်းဟင်းများ ချက်ပြုတ်စားသောက်ကြသည့် နေရာသည် ဖျာပုင်ဟု အမည်တွင်ခဲ့သည်။ ယင်းနေရာ၏ရှေ့တွင် ပေါ်လာခဲ့သည့်ကျွန်းပေါ်၌ မွန်လူမျိုးများ စတင်နေထိုင်ခဲ့ကြသည်။ နောက်ပိုင်းတွင် ကျွန်းမြေပြင်ကျယ်ပြန့်၍ စည်ကားလာခဲ့ပြီး ကုန်းဘောင်မင်းဆက်၊ ဗဒုံမင်းလက်ထက် မြန်မာသက္ကရာဇ် ၁၁၄၃ ခုနှစ်တွင် ရွာကြီးတစ်ရွာ ဖြစ်လာခဲ့ကာ ရွာအုပ် ဦးဖားက အုပ်ချုပ်ခဲ့သည်။ ပုဂံမင်းလက်ထက် ၁၂၀၈ ခုနှစ်က ပွဲနင်းကြီး တာဝန် ပေးအပ်ခံရသည့် ဦးရွှေပေါ်သည် ဖျာပုံမြို့၌ ပွဲနင်းရုံးစိုက်ခဲ့သည်။

ဗြိတိသျှအစိုးရလက်ထက်တွင် ဖျာပုံကို ကျိုက်လတ်မြို့အုပ် ဦးစန္ဒာက အုပ်ချုပ်ခဲ့ပြီး ၁၀၇၂ ခုနှစ် အောက်တိုဘာ ၃၁ ရက်တွင် ဖျာပုံမြို့နယ်ကို ဖွဲ့စည်းခဲ့သည်။ ဖျာပုံမြို့နယ်သည် အရှေ့မှ အနောက်သို့ ၀ ဒသမ ၉၄ မိုင်နှင့် တောင်မှမြောက်သို့ ၃ ဒသမ ၃၂ မိုင် ကျယ်ဝန်းကာ ဧရိယာ ၃၁၈ ဒသမ ၅၃၆ စတုရန်းမိုင်ရှိပြီး ပင်လယ်ရေမျက်နှာပြင်အထက် ပျမ်းမျှ ၈ ဒသမ ၂ ပေသာ မြင့်သည်။

လက်ရှိ ဖျာပုံမြို့နယ်ကို မြို့နှစ်မြို့(ဖျာပုံနှင့် အမာ)၊ ရပ်ကွက် ၂၃ ခု၊ ကျေးရွာအုပ်စု ၅၂ အုပ်စု၊ ကျေးရွာ ၂၁၂ ရွာဖြင့် ဖွဲ့စည်းကာ ဖျာပုံမြို့နယ်၏ အရှေ့ဘက်တွင် ဒေးဒရဲမြို့နယ်၊ အနောက်ဘက်တွင် ဘိုကလေးမြို့နယ်၊ တောင်ဘက်တွင် မုတ္တမပင်လယ်ကွေ့နှင့် မြောက်ဘက်တွင် ကျိုက်လတ်မြို့နယ်တို့ တည်ရှိကြသည်။ ဖျာပုံမြစ်သည် မုတ္တမပင်လယ်ကွေ့အတွင်းသို့ စီးဝင်နေသော်လည်း မြစ်ကြောင်းကျဉ်းမြောင်းသဖြင့် ပင်လယ်ကူးသင်္ဘောများ မဝင်ရောက်နိုင်ချေ။ ထို့အတူ ပင်လယ်ရေအတက်အကျရှိသဖြင့် ဖျာပုံမြစ်ရေကို သောက်သုံးနိုင်ခြင်းမရှိချေ။

ပူအိုက်စွတ်စိုသည့် ရာသီဥတုရှိသော ဖျာပုံမြို့နယ်သည် အပူချိန် ၁၈ ဒီဂရီနှင့် ၃၆ ဒီဂရီစင်တီဂရိတ်အတွင်းရှိ၍ လွန်ခဲ့သည့်သုံးနှစ်အတွင်း နှစ်စဉ် ပျမ်းမျှမိုးရေချိန် ၁၂၆ ဒသမ ၆၆ လက်မ ရွာသွန်းခဲ့သည်။ မြို့နယ်အတွင်း၌ သဘာဝပေါက်ပင်များဖြစ်သည့် ကနစို၊ လမု၊ ကန့်ကလာ၊ မဒမ၊ သင်ပေါင်း၊ ဓနိနှင့် ခရေပင်များ ပေါက်ရောက်လျက်ရှိကာ တောရိုင်းတိရစ္ဆာန်များ မရှိချေ။

ပတ်ဝန်းကျင်ထိန်းသိမ်းမှုတစ်ရပ်အဖြစ် ရေမြေမြစ်ချောင်းများ ပျက်စီးမှုမရှိစေရန် ဒီရေတောစိုက်ခင်းများထူထောင်၍ ၂၀၁၈ ခုနှစ် မတ်လအထိ အပင် ၁၂၀၀၀ စိုက်ပျိုးခဲ့သည်။ ဖျာပုံမြို့နယ်သည် ပင်လယ်နှင့်နီးကပ်စွာ တည်ရှိသဖြင့် ရေကြီးခြင်း၊ မုန်တိုင်းတိုက်ခြင်း၊ ဆူနာမီရေလှိုင်းများတက်ရောက်ခြင်း စသည့် သဘာဝဘေးအန္တရာယ်များ ကျရောက်နိုင်သော ဒေသဖြစ်သည်။

ဖျာပုံမြို့နယ်တွင် ဗမာလူမျိုးများ အများဆုံးနေထိုင်ကြကာ ကရင်နှင့် ရခိုင်တိုင်းရင်းသားများလည်း နေထိုင်ကြသည်။ ၂၀၁၈ စက်တင်ဘာလကုန်အထိ ဖျာပုံမြို့နယ်လူဦးရေသည် ၃၀၄၈၄၂ ဦးဖြစ်၍ မြို့နယ်လူဦးရေ၏ ၉၅ ဒသမ ၄ ရာခိုင်နှုန်း(၂၉၁၀၇၃ ဦး) သည် ဗုဒ္ဓဘာသာကို ကိုးကွယ်ကြပြီး ခရစ်ယာန်၊ ဟိန္ဒူနှင့် အစ္စလာမ်ဘာသာတို့ကို ကိုးကွယ်သူများလည်း ရှိကြသည်။

မြို့နယ်နေပြည်သူများသည် စိုက်ပျိုးရေးလုပ်ငန်းနှင့် ရေလုပ်ငန်းတို့ဖြင့် အဓိကအသက်မွေးကြကာ မြို့နယ်အတွင်း၌ အသားတင်စိုက်ပျိုးမြေ ၁၉၆၃၂၆ ဧကရှိ၍ နွေစပါးနှင့် မိုးစပါးကို အများဆုံးစိုက်ပျိုးကြသည်။ ဆန်စပါးထွက်ရှိမှု မြင့်မားသဖြင့် ၂၀၁၇-၂၀၁၈ ခုနှစ်က ဆန်ဖူလုံမှု ၃၄၈ ဒသမ ၁၉ ရာခိုင်နှုန်းရှိခဲ့သည်။ ထို့အတူ ရေချိုရေငန် ငါးဖမ်းလုပ်ငန်း ၇၅၃ ခုမှ ငါး ၃၀၅၁၁ တန်နှင့် ပုစွန် ၁၁၄၅၉ တန် ထုတ်လုပ်နိုင်ခဲ့သည်။

ဖျာပုံမြို့နယ်အတွင်း၌ ပညာရေးကဏ္ဍတွင် အစိုးရအထက်တန်းကျောင်း ၁၄ ကျောင်း၊ အထက်တန်းကျောင်းခွဲ ၁၀ ကျောင်း၊ အလယ်တန်းကျောင်း ၂၀၊ အလယ်တန်းကျောင်းခွဲ ၃၈ ကျောင်း၊ မူလတန်းလွန် ၄၆ ကျောင်း၊ မူလတန်းကျောင်း ၂၃၈ ကျောင်း ဖွင့်လှစ်ထားပြီး ကျန်းမာရေးကဏ္ဍတွင် ခုတင် ၂၀၀ ဆံ့ ခရိုင်ဆေးရုံကြီးအပါအဝင် အစိုးရဆေးရုံ ခြောက်ရုံနှင့် ပုဂ္ဂလိကဆေးရုံ နှစ်ရုံ ဖွင့်လှစ်ထားသည်။ ထို့အတူ ကျေးလက်ကျန်းမာရေးဌာန ၁၂ ခုနှင့် ကျေးလက်ကျန်းမာရေးဌာနခွဲ ၆၀ ကိုလည်း ဖွင့်လှစ်ထားသည်။



ဖျာပုံမြို့ရှိ ပြည်လုံးချမ်းသာ သာစည်ဘုရား

ဘာသာရေးကဏ္ဍအနေဖြင့် ဖျာပုံမြို့နယ်တွင် ဘုရား၊ စေတီ စုစုပေါင်း ၁၅၅ ဆူရှိသည့်အနက် ဖျာပုံမြို့ပေါ်ရှိ ပြည်လုံးချမ်းသာ သာစည်ဘုရား၊ ရွှေနတ်ကူဘုရား၊ ရွှေသာလျောင်းဘုရားနှင့် ကျိုက္ကမ္မမ်စေတီတို့သည် အထင်ရှားဆုံးဖြစ်သည်။ မြို့နယ်အတွင်း၌ ဘုန်းကြီးကျောင်း ၂၈၄ ကျောင်းနှင့် သီလရှင်ကျောင်း လေးကျောင်းရှိပြီး ရဟန်း အပါး ၁၅၆၀၊ သာမဏေ ၁၀၉၂ ပါးနှင့် သီလရှင် ၁၂၉ ပါး သီတင်းသုံး နေထိုင်ကြသည်။

ကုန်းလမ်း၊ ရေလမ်းတို့မှ မြန်မာနိုင်ငံတစ်နိုင်ငံလုံးသို့ ဆက်သွယ်သွားလာနိုင်ပြီး ဒေသစီးပွားရေးကောင်းမွန်သဖြင့် ဒေသနေပြည်သူများ၏ လူနေမှုဘဝများသည် ပုံမှန်တိုးတက်လျက်ရှိနေပေသည်။

### ကျိုက်လတ်မြို့သို့

ပြည်ထဲရေးဝန်ကြီးဌာန မှတ်တမ်းနှင့် မြန်မာ့စွယ်စုံကျမ်းတွင် ဖော်ပြချက်များအရ ကျိုက်လတ်မြို့ကို ခရစ်နှစ် ၁၈၄၀ ပြည့်နှစ်တွင် ဧရာဝတီတိုင်းနှင့် ပဲခူးတိုင်းတို့မှ ရောက်ရှိလာသည့် မွန်လူမျိုးများက တည်ထောင်ခဲ့သည်။ ထိုစဉ်က ကျေးရွာကြီးတစ်ရွာဖြစ်သည့် ကျိုက်လတ်၏အနောက်ဘက် (ယခု ၆ ဖြတ်လမ်းနှင့် ၇ ဖြတ်လမ်းအကြား ဗိုလ်ချုပ်လမ်းနေရာ)၌ ရှိခဲ့သော ဉာဏ်တော်ကိုးတောင်ရှိသည့် စေတီသည် ရေတိုက်စားမှုကြောင့် မြစ်ကမ်းပါးနှင့်အတူ ပြိုကျခဲ့သဖြင့် မွန်ဘာသာစကားဖြင့် ကျိုက်လှိုက်(ဘုရားပြို)ဟု ခေါ်တွင်ခဲ့ရာမှ ကာလရွေ့လျောလာချိန်တွင် ကျိုက်လတ်ဟု ပြောင်းလဲခဲ့သည်။ ဘုရားပြိုကျသည့်နေရာသည် မူကွဲများလည်းရှိနေခဲ့ကာ ၁၁ ဖြတ်လမ်းနှင့် ၁၂ ဖြတ်လမ်းအကြားရှိ ချောင်းငယ်အနီးမှ ပြိုကျခဲ့သည့် အုတ်စေတီဟောင်းကို အစွဲပြုလျက် ကျိုက်လှိုက်ဟု ခေါ်ဆိုခဲ့ကြောင်း ယူဆမှုများလည်းရှိသည်။

ထို့အတူ ကျိုက်လတ်မြို့ အရှေ့ဘက်ထိပ်ရှိ မြစ်သုံးခွဆိုင်၊ မြို့ဘက်ကမ်းတွင် ရေထဲသို့ပြိုကျနေသည့် စေတီတစ်ဆူရှိခဲ့သည်။ မအူပင်၊ ဒေးဒရဲ၊ တွံတေး၊ ဖျာပုံ၊ ဘိုကလေး၊ မော်လမြိုင်ကျွန်း၊ ဝါးခယ်မ စသည့်မြို့များသို့ သွားလာကြသည့် လှေသမ္ဗန်များသည် ယင်းနေရာတွင်ရပ်နားကာ ရေအတက်အကျစောင့်ကြသဖြင့် မွန်လူမျိုးများက ဘုရားပြိုဟု အမှတ်အသားပြုခဲ့ကြောင်းလည်း ဆိုခဲ့ကြသည်။

ခရစ်နှစ် ၁၈၆၁ ခုနှစ်တွင် ကျိုက်လတ်ကို မြို့အဖြစ်ထူထောင်ပြီး ၁၈၈၂ ခုနှစ်တွင် အင်္ဂလိပ်မြို့အုပ် မစ္စတာမက္ကဆွဲနှင့် အတွင်းရေးမှူး ဦးစိန်ထူးတို့က ပန်တပွတ်မြစ်ကမ်းပေါ်၌ မြို့ကွက်ရိုက်ခဲ့သည်။ ကျိုက်လတ်မြို့နယ်သည် ခရစ်နှစ် ၁၈၇၅ ခုနှစ်က ဖွဲ့စည်းခဲ့သည့် သုံးခွခရိုင်တွင် မအူပင်မြို့နယ်နှင့်အတူ ပါဝင်ခဲ့ပြီး ၁၉၀၃ ခုနှစ်မှစ၍ ဖျာပုံခရိုင်တွင် ပါဝင်ခဲ့သည်။ ၁၉၀၀ ပြည့်နှစ်တွင် ကျိုက်လတ်မြို့ကော်မတီကို ဖွဲ့စည်း၍ ၁၉၀၅ ခုနှစ်တွင် မြူနီစီပယ်အဖွဲ့ကို ဖွဲ့စည်းကာ ၁၉၀၅ ခုနှစ် မေ ၂၇ ရက်တွင် မြူနီစီပယ်နှင့် ဒေသန္တရအဖွဲ့က မြို့အဖြစ် သတ်မှတ်ခဲ့သည်။

ယခုအချိန်တွင် ကျိုက်လတ်မြို့နယ်ကို ရပ်ကွက် ခြောက်ခု၊ ကျေးရွာအုပ်စု ၈၇ အုပ်စု၊ ကျေးရွာ ၄၂၁ ရွာဖြင့် ဖွဲ့စည်းထားပြီး ကျိုက်လတ်မြို့သည် ၁ ဒသမ ၂၂ မိုင်သာ ကျယ်ဝန်းသည့် မြို့ငယ်တစ်ခုဖြစ်၍ မြို့နယ်တစ်ခုလုံး၏ အကျယ်အဝန်းမှာ ၂၇၄ ဒသမ ၃၁ စတုရန်းမိုင်ဖြစ်သည်။ ကျိုက်လတ်မြို့နယ်၏ အရှေ့ဘက်တွင် ဒေးဒရဲမြို့နယ်၊ အနောက်ဘက်တွင် ဝါးခယ်မနှင့် မော်လမြိုင်ကျွန်းမြို့နယ်၊ တောင်ဘက်တွင် ဖျာပုံမြို့နယ်နှင့် မြောက်ဘက်တွင် မအူပင်မြို့နယ်တို့ တည်ရှိသည်။

မြစ်ချောင်းများပေါများပြီး မြေပြန့်ဒေသတစ်ခုဖြစ်သည့် ကျိုက်လတ်မြို့နယ်သည် ပင်လယ်ရေမျက်နှာပြင်အထက် ၁၆ ဒသမ ၅၃ ပေမြင့်ကာ မြစ်ချောင်းများက ဝိုင်းပတ်နေသည့်တိုင် ရေကြီးရေလျှံမှုများ ဖြစ်ပွားမှုနည်းပါးခဲ့သည်။ သို့သော် သဘာဝလေပြင်းမုန်တိုင်းဒဏ်များကို ၁၉၇၂၊ ၁၉၇၆၊ ၂၀၀၆ နှင့် ၂၀၀၈ ခုနှစ်များတွင် ရင်ဆိုင်ခဲ့ရသဖြင့် လူနှင့်တိရစ္ဆာန်များ သေဆုံးခဲ့ရပြီး အဆောက်အအုံများ ပျက်စီးခဲ့သည်။ နှစ်စဉ် မိုးရေချိန်လက်မ ၁၀၀ အထက် ရွာသွန်းလေ့ရှိသည့် ကျိုက်လတ်မြို့နယ်တွင် စပါးကို အဓိကစိုက်ပျိုးပြီး အုန်းသီး၊ ကွမ်းသီး၊ ကွမ်းရွက်၊ ငှက်ပျောနှင့် သရက်များလည်း ထွက်ရှိသည်။ မြို့နယ်အတွင်း၌ ဆန်စက် ၄၃ လုံးနှင့် တစ်နိုင်တစ်ပိုင်ကြိတ်ခွဲသည့် ဟာလာဆန်စက် ၂၀၂ လုံးရှိကာ ရန်ကုန်နှင့် အညာဒေသများသို့ ဆန်များတင်ပို့ရောင်းချသည်။

ပူအိုက်စွတ်စိုသည့် ရာသီဥတုရှိသော ကျိုက်လတ်မြို့နယ်သည် အပူချိန် ၁၈ ဒီဂရီမှ ၃၉ ဒီဂရီ စင်တီဂရိတ်အတွင်းရှိ၍ လွန်ခဲ့သည့်သုံးနှစ်အတွင်း နှစ်စဉ် ပျမ်းမျှမိုးရေချိန် ၁၁၆ ဒသမ ၀၈ လက်မ ရွာသွန်းခဲ့သည်။ မြို့နယ်အတွင်း၌ သဘာဝပေါက်ပင်များဖြစ်သည့် ကုက္ကို၊ လမု၊ မိုးမခနှင့် ဓနိပင်များ ပေါက်ရောက်လျက်ရှိကာ တောရိုင်းတိရစ္ဆာန်များ မရှိချေ။

ကျိုက်လတ်မြို့နယ်တွင် ဗမာလူမျိုးများ အများဆုံးနေထိုင်ကြကာ ကရင်တိုင်းရင်းသားများလည်း နေထိုင်ကြသည်။ ၂၀၁၈ စက်တင်ဘာလကုန်အထိ ကျိုက်လတ်မြို့နယ် လူဦးရေသည် ၁၉၅၀၅၂ ဦးဖြစ်၍ မြို့နယ်လူဦးရေ၏ ၉၀ ဒသမ ၉၉ ရာခိုင်နှုန်း (၁၇၇၄၉၁ ဦး)သည် ဗုဒ္ဓဘာသာကို ကိုးကွယ်ကြပြီး ခရစ်ယာန်၊ ဟိန္ဒူနှင့် အစ္စလာမ်ဘာသာတို့ကို ကိုးကွယ်သူများလည်းရှိသည်။

မြို့နယ်နေပြည်သူများသည် စိုက်ပျိုးရေးလုပ်ငန်းဖြင့် အဓိကအသက်မွေးကြကာ မြို့နယ်အတွင်း၌ အသားတင်စိုက်ပျိုးမြေ ၁၄၉၇၉၄ ဧကရှိ၍ နွေစပါးနှင့် မိုးစပါးကို အများဆုံးစိုက်ပျိုးသည်။ ဆန်စပါးထွက်ရှိမှု မြင့်မားသဖြင့် ၂၀၁၇-၂၀၁၈ ခုနှစ်က ဆန်ဖူလုံမှု ၅၂၈ ဒသမ ၃၅ ရာခိုင်နှုန်းအထိ ရှိခဲ့သည်။ ထို့အတူ ရေချိုရေငန် ငါးဖမ်းလုပ်ငန်း ၇၈ ခုမှ ငါးတန်ချိန် ၇၄၀ နှင့် ပုစွန် ၁၉၃ တန် ထုတ်လုပ်နိုင်ခဲ့သည်။

ကျိုက်လတ်မြို့နယ်တွင် ပညာရေးကဏ္ဍ၌ အစိုးရစက်မှုသိပ္ပံ တစ်ကျောင်း၊ အစိုးရအထက်တန်းကျောင်း ၁၁ ကျောင်း၊ အထက်တန်းကျောင်းခွဲ ရှစ်ကျောင်း၊ အလယ်တန်းကျောင်း ၁၀ ကျောင်း၊ အလယ်တန်းကျောင်းခွဲ ၁၅ ကျောင်း၊ မူလတန်းလွန် ၃၂ ကျောင်း၊ မူလတန်းကျောင်း ၁၂၁ ကျောင်း ဖွင့်လှစ်ထားသကဲ့သို့ ကျန်းမာရေးကဏ္ဍတွင် ခုတင် ၅၀ ဆံ့ မြို့နယ်ဆေးရုံ အပါအဝင် အစိုးရဆေးရုံ တစ်ရုံ၊ တိုက်နယ်ဆေးရုံတစ်ရုံနှင့် အစိုးရဆေးပေးခန်း သုံးခန်း ဖွင့်လှစ်ထားသည်။ ထို့အတူ ကျေးလက်ကျန်းမာရေးဌာန ခုနစ်ခုနှင့် ကျေးလက်ကျန်းမာရေးဌာနခွဲ ၃၄ ခု ဖွင့်လှစ်ထားသည်။

ဘာသာရေးကဏ္ဍ၌ ကျိုက်လတ်မြို့နယ်တစ်ခုလုံးတွင် ဘုရားစေတီပေါင်း ၅၂၃ ဆူ ရှိသည့်အနက် ကျိုက်လတ်မြို့ပေါ်ရှိ တိလောကမာရဇိန်၊ စန္ဒာမုနိနှင့် ရပ်တော်မူဘုရားတို့သည် အထူးထင်ရှားကြသည်။ မြို့နယ်အတွင်း၌ ဘုန်းကြီးကျောင်း ၂၂၈ ကျောင်းနှင့် သီလရှင်ကျောင်း ရှစ်ကျောင်းရှိပြီး ရဟန်း ၈၃၆ ပါးနှင့် သာမဏေ ၂၈၄ ပါး သီတင်းသုံးနေထိုင်ကြသည်။

ယခင်က ကျိုက်လတ်မြို့နယ်သူ၊ မြို့နယ်သားများသည် သယ်ယူပို့ဆောင်သွားလာရေးတွင် ရေလမ်းကိုသာ အသုံးပြုခဲ့ကြရသည်။ ရေလမ်းကြောင်းအတိုင်း ရန်ကုန်မြို့မှ ၄၈ မိုင်၊ မအူပင်မြို့မှ ၁၆ မိုင်၊ မော်လမြိုင်ကျွန်းမြို့မှ ၄၅ မိုင်ကွာဝေးသည့် ကျိုက်လတ်မြို့ကိုဖြတ်သန်း၍ ရန်ကုန်-မအူပင်-ကျိုက်လတ်-ဖျာပုံ-ဘိုကလေး ကားလမ်းကို ၁၉၉၇ ခုနှစ်က ဖောက်လုပ်ခဲ့သည်။

### ဘိုကလေးမြို့သို့

လွန်ခဲ့သည့်နှစ် ၁၀၀ ကျော်က ဘိုကလေးမြို့နေရာသည် သားကောင်များပေါများသည့် တောနက်ကြီးတစ်ခုဖြစ်ခဲ့ကြောင်း ပြည်ထဲရေးဝန်ကြီးဌာန မှတ်တမ်းတွင် ဖော်ပြထားသည်။ မြန်မာ့စွယ်စုံကျမ်းတွင် လွန်ခဲ့သည့် နှစ် ၆၀-၇၀ ခန့်က ယခု ဘိုကလေးမြို့ တစ်ဖက်ကမ်းတွင် ကနစိုတောကြီးရှိခဲ့ကြောင်း၊ အင်္ဂလိပ်ကပြား မုဆိုးတစ်ဦးသည် ယခု ဘိုကလေးမြို့နေရာအနီးရှိ

*စာမျက်နှာ ၂၁ သို့*

## ကယားပြည်နယ်အတွင်း ပြည်ပမှ ပြန်လည်ဝင်ရောက်လာသူများအား အသွားအလာကန့်သတ်မှုဆောင်ရွက်ထား

**လွိုင်ကော် မတ် ၃၀**

ကယားပြည်နယ်အတွင်း ပြည်ပမှပြန်လည်ဝင်ရောက်လာသူများအား ခရိုင်နှင့် မြို့နယ်များ၏ စစ်ဆေးရေးဂိတ်များတွင် ပူးပေါင်းစစ်ဆေးရေးအဖွဲ့များနှင့် စောင့်ကြည့်ပြီး ရောဂါဖြစ်ပွားမှုကို ထိန်းချုပ်ကာကွယ်ကုသနိုင်ရန်အတွက် သတ်မှတ်ထားသောနေရာများတွင် အသွားအလာကန့်သတ်၍ စောင့်ကြပ်ကြည့်ရှုခြင်း ဆောင်ရွက်လျက်ရှိသည်။ **(ယာပုံ)**



ကယားပြည်နယ်အတွင်း ပြည်ပမှ ပြန်လည်ဝင်ရောက်လာသူများအား သတ်မှတ်ထားသော နေရာတွင် အသွားအလာကန့်သတ်ခြင်း ဆောင်ရွက်ထားရှိမှု အခြေအနေမှာ ယမန်နေ့ ညနေ ၄ နာရီအထိ လွိုင်ကော်မြို့နယ်ရှိ သာသနာ့ဗိမာန်တွင် ၉၈ ဦး၊ အား/ကာသိပ္ပံတွင် ၁၁၀၊ သူနာပြု/သားဖွားသင်တန်းကျောင်းတွင် ၇၅ ဦး၊ ဒီးမော့ဆိုမြို့နယ် ရှိ ဒီးမော့ဆို အ.ထ.က ကျောင်းတွင် ၃၅ ဦး ၊ နန်းမယ်ခုံ အ.ထ.က ကျောင်းတွင် ၇၄ ဦး၊ ပန်ပက် အ.လ.ကကျောင်းတွင် ၆၅ ဦး ၊ ဒေါ်တမကြီး အ.ထ.က(ခွဲ) ကျောင်းတွင် ၃၇ ဦး ၊ အင်ကုန်း အ.ထ.က ကျောင်းတွင် ၁၈ ဦး၊ လေးမိုင်မြေနီကုန်း အ.ထ.က (ခွဲ) ကျောင်းတွင် ကိုးဦး ၊ ဖရူဆိုမြို့နယ်ရှိ မြို့နယ်ခန်းမတွင် ၂၂ ဦး ၊ လောဘူးဒါး အ.လ.က (ခွဲ) ကျောင်းတွင် ၁၈ ဦး၊ ရှားတောမြို့နယ်ရှိ ရှားတောအ.ထ.က ကျောင်းတွင် ၂၄ ဦး၊ ဘောလခဲမြို့နယ်ရှိ မြို့နယ်ခန်းမတွင် သုံးဦး၊ ဖားဆောင်းမြို့နယ်ရှိ ဖားဆောင်း အ.ထ.က ကျောင်းတွင် တစ်ဦး၊ လိုခါးလို ကြယ်ဖြူခန်းမတွင် ခြောက်ဦး၊ မယ်စဲ့ မြို့နယ်ရှိဆေးရုံတွင်ခြောက်ဦး စုစုပေါင်း ၆၀၁ ဦးရှိကြောင်း သိရသည်။

**ထွန်းလေး (ပြန်/ဆက်)**

## တကူကျေးရွာစံပြတိုက်နယ်ဆေးရုံ၌ COVID-19 ကာကွယ်ရေးဆောင်ရွက်

**တနင်္သာရီ မတ် ၃၀**

တနင်္သာရီမြို့နယ် တကူကျေးရွာ စံပြတိုက်နယ်ဆေးရုံနယ်မြေတွင် ယမန်နေ့က စ၍ COVID-19 ရောဂါကူးစက်ပြန့်ပွားမှု မဖြစ်ပွားစေရေးအတွက် ကြိုတင်ကာကွယ်ရေးအစီအစဉ်အဖြစ် ထိုင်းနိုင်ငံမှ နေရပ်သို့ ပြန်လည်ရောက်ရှိသူ ၁၂ ဦးနှင့် သံတွဲမြို့မှ ခရီးသွားတစ်ဦးတို့အား သတ်မှတ်ထားသော နေရာ၌ အထက-တကူကျောင်းဆောင်တွင် COVID-19 ရောဂါ ကာကွယ်ထိန်းချုပ်ကုသရေးလုပ်ငန်းများ အဆင့်တိုးမြှင့်ဆောင်ရွက်လျက်ရှိကြောင်း တိုက်နယ်ဆရာဝန် ဒေါက်တာ ဖြိုးမြင့်ကြည်ထံမှ သိရသည်။

ယင်းသတ်မှတ်ထားသောနေရာတွင် အသွားအလာကန့်သတ်ခြင်း သီးခြားလူနာခန်းအဖြစ် အထက-တကူကျောင်းဆောင်ကို ပြင်ဆင်သတ်မှတ်၍ တကူစံပြတိုက်နယ်ဆရာဝန် ဒေါက်တာဖြိုးမြင့်ကြည်၊ ပြည်သူ့ကျန်းမာရေးဆရာမ၊ တကူရဲကင်း စခန်းမှူးဒုရဲအုပ်သန်းကျော်၊ တကူကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး ဦးကျော်ငွေနှင့် ချမ်းမြေ့ လူမှုရေးကူညီမှုအသင်းမှတာဝန်ရှိသူများက ထိုင်းနိုင်ငံမှပြန်လာသူ ၁၂ ဦးနှင့် ရန်ကုန်မှတစ်ဆင့် လာရောက်သည့် သံတွဲမြို့နယ်မှ ခရီးသွားတစ်ဦးတို့အား ကျန်းမာရေးစစ်ဆေးပေးခြင်းနှင့် လိုအပ်သည့် ဆေးဝါးထောက်ပံ့မှုပေးပြီး စောင့်ကြည့်ကာလ ၁၄ ရက်အတွင်း အစားအသောက်များ ကျွေးမွေးထားမည်ဖြစ်ကြောင်း ၎င်းတို့အားလုံး လက်ရှိတွင်ကျန်းမာရေးကောင်းမွန်လျက်ရှိကြောင်း သိရသည်။

**နန်းသာရီ-ထိန်ဝင်း(ပြန်/ဆက်)**

## ဖားကန့်၌ ပြည်ပမှ ပြန်လည်ရောက်ရှိလာသူ ၁၇၅ ဦးအား အသွားအလာကန့်သတ်စောင့်ကြည့်နေ

**ဖားကန့် မတ် ၃၀**

ကချင်ပြည်နယ် ဖားကန့်မြို့နယ်၌ ပြည်ပမှ အကြောင်းအမျိုးမျိုးဖြင့် ပြန်လည်ရောက်ရှိလာသူများအား COVID-19 ကြိုတင်ကာကွယ်ရေးနှင့် အချိန်မီကုသမှုများ ဆောင်ရွက်နိုင်ရေးအတွက် အသွားအလာကန့်သတ်စောင့်ကြည့်မှုများ ဆောင်ရွက်လျက်ရှိရာ မတ် ၂၉ ရက် အထိ ဆေးရုံ၊ အိမ်၊ ရိပ်သာ၊ ဟိုတယ်နှင့် ကျောင်းစသည့် သတ်မှတ်နေရာများတွင် ၁၄ ရက် စောင့်ကြည့်ခံရသူဦးရေ ၁၇၅ ဦးရှိကြောင်း မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနမှ သိရသည်။

ဖားကန့်မြို့နယ်အတွင်းသို့ ပြည်ပမှ ပြန်လည်ရောက်ရှိလာသူအများစုမှာ တရုတ်နိုင်ငံ ရွှေလီ၊ ရင်ကျန်းနှင့် ကျယ်ဂေါင်မြို့တို့မှဖြစ်ပြီး နေအိမ်တွင် အသွားအလာကန့်သတ်ခြင်းဖြင့် နေအိမ်၌ နေထိုင်သူ ၁၄၉ ဦး၊ သတ်မှတ်ထားသောနေရာတွင် အသွားအလာကန့်သတ်ခြင်းဖြင့် အ.ထ.က (တာမခန်)တွင် ၂၅ ဦး၊ မိသားစုနှင့် မနေထိုင်လိုဘဲ မိမိသဘောဖြင့် ဖားကန့်ပြည်သူ့ဆေးရုံတွင် စောင့်ကြည့်ခံနေသူတစ်ဦး စုစုပေါင်း ၁၇၅ ဦး ရှိသည်။

ဖားကန့်မြို့နယ်၌ COVID-19 ကူးစက်ပြန့်ပွားမှုမရှိစေရေး စောင့်ကြည့်နှင့် သံသယလူနာများထားရှိရန် နေရာခုနစ်ခုတွင် လူဦးရေ ၂၃၅ ဦးစာအတွက် သီးသန့်ခွဲထားနိုင်ရန် အသင့်ကြိုတင်ပြင်ဆင်ထားကြောင်း သိရသည်။

ဗိုင်းရပ်စ်ကူးစက်မှုများမှ ကြိုတင်ကာကွယ်နိုင်ရေးအတွက် မြို့နယ်၏ ဝင်ထွက်ပေါက်များဖြစ်သော ကာမိုင်းမြို့စုပေါင်းဂိတ်၊ လုံးခင်း (လယ်ပြင်ဂိတ်)၊ မကားပင်(ဝှေခါဂိတ်)နှင့် တာမခန် (ဆယ်ဇင်းဂိတ်)စသည့် ဂိတ်လေးခုတွင် ကျန်းမာရေးဌာနမှ ဝန်ထမ်းများ၊ ရှေ့တန်းတပ်မဌာနမှ တပ်မတော်သားများ၊ မြို့နယ်ရဲတပ်ဖွဲ့ ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင် ရာများ၊ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် လူမှုရေးအသင်းအဖွဲ့များ ပူးပေါင်းပြီး ကိုယ်အပူချိန်တိုင်း ကျန်းမာရေးစစ်ဆေးခြင်းများ ဆောင်ရွက်လျက်ရှိရာ ယမန်နေ့က ခရီးသွားဦးရေ ၃၁၂၄ ဦးကို စစ်ဆေးခဲ့ပြီး COVID-19 သံသယလူနာတွေ့ရှိခြင်းမရှိကြောင်း ကျန်းမာရေးစစ်ဆေးဆောင်ရွက်နေသူများထံမှ သိရသည်။

ဖားကန့်မြို့နယ်၌ COVID-19 ကူးစက်ပြန့်ပွားမှုမှ ကြိုတင်ကာကွယ်ရေး စီမံဆောင်ရွက်လျက်ရှိရာတွင် ထိရောက်စေရေးနှင့် အများပြည်သူအထိတ်တလန့်မဖြစ်စေရေး မမှန်သတင်းကောလာဟလများ ဖြန့်ဝေခြင်းမပြုလုပ်ရန် မတ် ၂၈ ရက် ရက်စွဲဖြင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒေသန္တရအမိန့်ကို ထုတ်ပြန်ကြေညာထားသည်။

**တာလင်းမောင်(ပြန်/ဆက်)**

## ချောင်းဆုံမြို့နယ်၌ ပြည်ပပြန်များအား ကျောင်း ၄၈ ကျောင်းတွင် စောင့်ကြည့်မည်

**ချောင်းဆုံ မတ် ၃၀**

မွန်ပြည်နယ် ချောင်းဆုံမြို့နယ်တွင် နိုင်ငံရပ်ခြားမှ ပြန်လည်ရောက်ရှိလာသူများအား COVID-19 ရောဂါ ကူးစက်ပြန့်ပွားမှု ထိန်းချုပ်နိုင်ရေးအတွက် မြို့နယ်အတွင်းရှိ စာသင်ကျောင်း ၄၈ ကျောင်းတွင် စောင့်ကြည့်နိုင်ရန် ပြင်ဆင်ထားခြင်းကို ယမန်နေ့က အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးလင်းတင်ဌေး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းအောင်ကျော်၊ မြို့နယ် ကျန်းမာရေးဦးစီးဌာနမှူးနှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးခဲ့သည်။

ကွင်းဆင်းရာတွင် ပြည်ပမှ ပြန်လည်ရောက်ရှိလာသူများ ထားရှိရန် ကျောင်း ၄၈ ကျောင်းတွင် ပြင်ဆင်ထားမှုအခြေအနေနှင့် ကျန်းမာရေးစစ်ဆေးမှု စောင့်ကြည့် ၁၄ ရက်အတွင်း လိုအပ်သည့် အသုံးအဆောင်ပစ္စည်းများကို သီးသန့်ထားရှိခြင်းများ စနစ်တကျရှိစေရန် ကြပ်မတ်ဆောင်ရွက်ခဲ့ပြီး ချောင်းဆုံမြို့နယ်အတွင်း ပြည်ပမှ ပြန်လည်ရောက်ရှိလာသူ အမျိုးသား ၁၄၄ ဦး၊ အမျိုးသမီး ၇၇ ဦးတို့အား ၁၄ ရက် စောင့်ကြည့် သွားမည်ဖြစ်ကြောင်း မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ သိရသည်။

**ကေအေ(ချောင်းဆုံ)**

*စာမျက်နှာ ၂၀ မှ*

နတ်ချောင်းဝ၌ ဗိုလ်တဲသဏ္ဍာန် အိမ်တစ်လုံးဆောက်၍ နေထိုင်ခဲ့ကြောင်း၊ နတ်ချောင်းကမ်းစပ်တွင် အိမ် လေးငါးလုံးရှိခဲ့ပြီး ယင်းနေရာကို အင်္ဂလိပ်ကပြားမုဆိုးကိုအစွဲပြုလျက် ဗိုလ်တဲစုဟု ခေါ်ဆိုခဲ့ရာမှ တစ်စတစ်စ လူနေထိုင်မှုများပြားလာချိန်တွင် ဗိုလ်ကလေး(ဘိုကလေး)ဟု ခေါ်တွင်ခဲ့ကြောင်း ရေးသားထားသည်။

ဘိုကလေးမြို့နယ်သည် အရှေ့မှ အနောက်သို့ ၃၃ ဒသမ ၉၄ မိုင်နှင့် တောင်မှမြောက်သို့ ၃၈ ဒသမ ၀၂ မိုင် ရှည်လျားကာ ဧရိယာ ၈၆၈ ဒသမ ၈၈ စတုရန်းမိုင် ကျယ်ဝန်းပြီး ဘိုကလေးမြို့သည် ၁ ဒသမ ၅၅ စတုရန်းမိုင် ကျယ်ဝန်းသည်။ ဘိုကလေးမြို့နယ်၏ ပင်လယ်ရေမျက်နှာပြင်အထက် အမြင့်သည် ပျမ်းမျှ ၈ ဒသမ ၂ ပေ ဖြစ်သည်။ မြို့နယ်ကို ရပ်ကွက် ၁၀ ခု၊ ကျေးရွာအုပ်စု ၇၆ အုပ်စု၊ ကျေးရွာ ၅၇၅ ရွာဖြင့် ဖွဲ့စည်းထားကာ အရှေ့ဘက်တွင် ဖျာပုံမြို့နယ်၊ အနောက်ဘက်တွင် လပွတ္တာနှင့် မော်လမြိုင်ကျွန်းမြို့နယ်၊ တောင်ဘက်တွင် အမာမြို့နှင့် မြောက်ဘက်တွင် ကျိုက်လတ်မြို့နယ် တည်ရှိသည်။

ပူအိုက်စွတ်စိုသည့် ရာသီဥတုရှိသော ဘိုကလေးမြို့နယ်သည် အပူချိန် ၁၈ ဒီဂရီနှင့် ၄၀ ဒီဂရီ စင်တီဂရိတ်အတွင်းရှိ၍ လွန်ခဲ့သည့် သုံးနှစ်အတွင်း နှစ်စဉ် ပျမ်းမျှမိုးရေချိန် ၁၃၂ ဒသမ ၆၆ လက်မ ရွာသွန်းခဲ့သည်။ မြို့နယ်အတွင်း၌ ကနစို၊ လမု အပါအဝင် သဘာဝပေါက်ပင်များ ပေါက်ရောက်လျက်ရှိကာ တစ်ချိန်က မီးသွေးဖုတ်သည့်လုပ်ငန်းကို တွင်ကျယ်စွာ လုပ်ကိုင်ခဲ့သည်။ ဘိုကလေးမြို့နယ်အတွင်း နို့တိုက်သတ္တဝါ မျိုးစိတ် ၁၄ မျိုး၊ တွားသွားနှင့် ကုန်းနေရေနေသတ္တဝါ မျိုးစိတ် ၃၆ မျိုး၊ လိပ်ပြာ မျိုးစိတ် ၃၅မျိုး၊ ငှက်မျိုးစိတ် ၁၄၈ မျိုး၊ ငါးမျိုးစိတ် ၆၂ မျိုး၊ ပုစွန်မျိုးစိတ် ၁၂ မျိုးနှင့် ကဏန်းမျိုးစိတ်ကိုးမျိုး နေထိုင်ကျက်စားလျက်ရှိပြီး ရေချိုရေငန်စပ် မိကျောင်းများကိုလည်း တွေ့ရှိနိုင်သည်။ ၂၀၁၈ စက်တင်ဘာလကုန်တွင် ဘိုကလေးမြို့နယ်၏ လူဦးရေသည် ၃၄၅၄၄၀ ဖြစ်၍ ဗမာလူမျိုးများက အများဆုံးဖြစ်ပြီး ကရင်နှင့် ရခိုင်တိုင်းရင်းသားများလည်း နေထိုင်ကြသည်။ မြို့နယ်လူဦးရေ၏ ၉၅ ဒသမ ၆၄ ရာခိုင်နှုန်း(၃၃၀၃၈၈ ဦး)သည် ဗုဒ္ဓဘာသာကို ကိုးကွယ်ကြကာ ခရစ်ယာန်၊ ဟိန္ဒူနှင့် အစ္စလာမ်ဘာသာတို့ကို ကိုးကွယ်သူများလည်းရှိသည်။

မြို့နယ်နေပြည်သူများသည် စိုက်ပျိုးရေးလုပ်ငန်းနှင့် မွေးမြူရေးလုပ်ငန်းတို့ဖြင့် အဓိကအသက်မွေးကြကာ မြို့နယ်အတွင်း၌ အသားတင်စိုက်ပျိုးမြေ ၃၃၀၆၈၄ ဧကရှိ၍ နွေစပါးနှင့် မိုးစပါးကို အများဆုံးစိုက်ပျိုးကြသည်။ ဆန်စပါးထွက်ရှိမှုမြင့်မားသဖြင့် ၂၀၁၇-၂၀၁၈ ခုနှစ်က ဆန်ဖူလုံမှု ၄၃၅ ဒသမ ၄၂ ရာခိုင်နှုန်း ရှိခဲ့သည်။ ထို့အတူ ရေချိုရေငန်ငါးဖမ်းလုပ်ငန်း ၃၆၂ ခုမှ ငါး တန်ချိန် ၂၈၀၀၀ နှင့် ပုစွန်တန်ချိန် ၃၈၇၆၀ ထုတ်လုပ်နိုင်ခဲ့သည်။

ဘိုကလေးမြို့နယ်အတွင်း၌ ပညာရေးကဏ္ဍတွင် အစိုးရအထက်တန်းကျောင်း ၁၄ ကျောင်း၊ အထက်တန်းကျောင်းခွဲ ခုနစ်ကျောင်း၊ အလယ်တန်းကျောင်း ၁၇ ကျောင်း၊ အလယ်တန်းကျောင်းခွဲ ၅၂ ကျောင်း၊ မူလတန်းလွန် ၆၄ ကျောင်း၊ မူလတန်းကျောင်း ၃၃၃ ကျောင်း ဖွင့်လှစ်ထားသကဲ့သို့ ကျန်းမာရေးကဏ္ဍတွင် ခုတင် ၁၀၀ ဆံ့ မြို့နယ်ပြည်သူ့ဆေးရုံ၊ တိုက်နယ်ဆေးရုံခြောက်ရုံ၊ ကျေးလက်ကျန်းမာရေးဌာန ၁၁ ခုနှင့် ကျေးလက်ကျန်းမာရေးဌာနခွဲ ၆၆ ခုကို ဖွင့်လှစ်ထားသည်။

ဘာသာရေးကဏ္ဍအနေဖြင့် ဘိုကလေးမြို့နယ်တွင် ဘုရား၊ စေတီပေါင်း ၅၇၀ ရှိသည့်အနက် မြို့ပေါ်ရှိ အောင်စကြာစေတီ၊ အောင်တော်မူဘုရား၊ မြစ်မ်းရောင်ဘုရားနှင့် ပေချောင်းကျေးရွာရှိ ကံ့ကော်တစ်ထောင်ဘုရားတို့သည် ထင်ရှားသည်။ မြို့နယ်အတွင်း၌ ဘုန်းကြီးကျောင်း ၄၄၀ နှင့် သီလရှင်ကျောင်း ၁၄ ကျောင်းရှိ၍ ရဟန်း ၁၄၀၉ ပါး၊ သာမဏေ ၅၉၈ ပါးနှင့် သီလရှင် အပါး ၅၀ သီတင်းသုံး နေထိုင်ကြသည်။

### ဒေးဒရဲမြို့သို့

ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များအနက် ဒေးဒရဲမြို့သည် ရန်ကုန်မြို့နှင့်အနီးဆုံးဖြစ်ကာ ဒလမြို့မှ ၅၆၅ ကီလိုမီတာသာ ကွာဝေးပြီး ၄၀၈၈ ပေရှည်လျားသည့် ဒေးဒရဲတံတားကို ၂၀၀၃ ခုနှစ်က တည်ဆောက်ခဲ့ပြီးနောက် ဒေးဒရဲမြို့သို့ ကားဖြင့် အချိန်တိုအတွင်း သွားရောက်နိုင်သည်။

ပြည်ထဲရေးဝန်ကြီးဌာန မှတ်တမ်းများအရ ဒေးဒရဲမြို့သည် ခရစ်နှစ် ၁၄၇၅ ခုနှစ် မတိုင်မီကပင် ရှိခဲ့ပြီး မွန်လူမျိုးများနေထိုင်ခဲ့ကာ မွန်ဘာသာဖြင့် "ဒေးဒြဲာ"ဟု ခေါ်ဆိုခဲ့ကြသည်။ ဒေးသည် ကုန်း၊ ဒြဲာသည် သမင်ဟု အဓိပ္ပာယ်ရှိသဖြင့် သမင်များနေထိုင်သည့်ကုန်းဟု ဆိုလိုသည်။ ကာလရွှေ့လျောလာချိန်တွင် ဒေးဒြဲာမှ ဒေးဒရာယ်၊ ဒေးဒရဲဟု ပြောင်းလဲခဲ့သည်။ လွတ်လပ်ရေးရရှိပြီးချိန်တွင် ဒေးဒရဲကို အထက်ပိုင်းနှင့် အောက်ပိုင်းဟု သူကြီးပိုင်နယ်မြေနှစ်ခု ထားရှိခဲ့ကာ ၁၉၆၄ ခုနှစ်တွင် မြို့အဖြစ် သတ်မှတ်ခဲ့သည်။ ၁၉၇၂ ခုနှစ်တွင် ဒေးဒရဲမြို့နယ်ကို ဖွဲ့စည်းခဲ့သည်။

ဒေးဒရဲမြို့နယ်သည် အရှေ့မှအနောက်သို့ ၂၅ မိုင်နှင့် တောင်မှမြောက်သို့ ၁၇ မိုင် ကျယ်ဝန်းကာ ဧရိယာ ၄၀၁ ဒသမ ၇၁၄ စတုရန်းမိုင်ရှိပြီး ဒေးဒရဲမြို့သည် ၁ ဒသမ ၄၁ စတုရန်းမိုင် ကျယ်ဝန်းသည်။ ဒေးဒရဲမြို့နယ်၏ ပင်လယ်ရေမျက်နှာပြင်အထက် အမြင့်သည် ပျမ်းမျှ ၈ ဒသမ ၃ ပေဖြစ်သည်။ ဒေးဒရဲမြို့နယ်ကို ရပ်ကွက် သုံးခု၊ ကျေးရွာအုပ်စု ၉၀၊ ကျေးရွာ ၃၉၀ ဖြင့် ဖွဲ့စည်းထားကာ အရှေ့ဘက်နှင့် တောင်ဘက်တွင် မုတ္တမပင်လယ်ကွေ့၊ အနောက်ဘက်တွင် ဖျာပုံနှင့် ကျိုက်လတ်မြို့နယ်နှင့် မြောက်ဘက်တွင် ကွမ်းခြံကုန်းနှင့် ကော့မှူးမြို့နယ်တို့ တည်ရှိကြသည်။

ပူနွေးစွတ်စိုသည့် ရာသီဥတုရှိသော ဒေးဒရဲမြို့နယ်သည် အပူချိန် ၁၈ ဒီဂရီနှင့် ၄၀ ဒီဂရီ စင်တီဂရိတ်အတွင်းရှိ၍ လွန်ခဲ့သည့်သုံးနှစ်အတွင်း နှစ်စဉ် ပျမ်းမျှမိုးရေချိန် ၉၇ ဒသမ ၀၁ လက်မ ရွာသွန်းခဲ့သည်။ မြို့နယ်အတွင်း၌ ကနစို၊ လမု၊ ကုက္ကို အပါအဝင် သဘာဝပေါက်ပင်များ ပေါက်ရောက်လျက်ရှိပြီး တောရိုင်းတိရစ္ဆာန်များ မရှိချေ။

၂၀၁၈ ခုနှစ် စက်တင်ဘာလကုန်တွင် ဒေးဒရဲမြို့နယ်၏ လူဦးရေသည် ၂၂၈၆၀၇ ဦးဖြစ်၍ ဗမာလူမျိုးများက အများဆုံးဖြစ်ကာ ကရင်တိုင်းရင်းသားများလည်း နေထိုင်ကြသည်။ မြို့နယ်လူဦးရေ၏ ၉၈ ဒသမ ၄၆ ရာခိုင်နှုန်း (၂၂၅၁၀၀ ဦး)သည် ဗုဒ္ဓဘာသာကို ကိုးကွယ်ကြ၍ ခရစ်ယာန်၊ ဟိန္ဒူနှင့် အစ္စလာမ်ဘာသာတို့ကို ကိုးကွယ်သူများလည်းရှိသည်။

မြို့နယ်နေပြည်သူများသည် စိုက်ပျိုးရေးလုပ်ငန်းနှင့် မွေးမြူရေးလုပ်ငန်းတို့ဖြင့် အဓိကအသက်မွေးကြကာ မြို့နယ်အတွင်း၌ အသားတင် စိုက်ပျိုးမြေ ၁၈၉၆၆၂ ဧကရှိ၍ နွေစပါးနှင့် မိုးစပါးကို အများဆုံးစိုက်ပျိုးကြသည်။ ဆန်စပါးထွက်ရှိမှု မြင့်မားသဖြင့် ၂၀၁၇-၂၀၁၈ ခုနှစ်က ဆန်ဖူလုံမှု ၄၁၆ ဒသမ ၆၁ ရာခိုင်နှုန်းရှိခဲ့သည်။ ရေချိုရေငန်ငါးဖမ်းလုပ်ငန်း ၁၀၈ ခုမှ ငါး ၇၇၃၁ တန်နှင့် ပုစွန် ၈၃၇၅၆ တန်ကိုလည်း ထုတ်လုပ်နိုင်ခဲ့သည်။

ဒေးဒရဲမြို့နယ်၌ ပညာရေးကဏ္ဍတွင် အစိုးရအထက်တန်းကျောင်း ၁၈ ကျောင်း၊ အထက်တန်းကျောင်းခွဲ ၁၀ ကျောင်း၊ အလယ်တန်းကျောင်း ၂၉ ကျောင်း၊ အလယ်တန်းကျောင်းခွဲ တစ်ကျောင်း၊ မူလတန်းကျောင်း ၁၆၀ ဖွင့်လှစ်ထားသကဲ့သို့ ကျန်းမာရေးကဏ္ဍတွင် ခုတင် ၅၀ ဆံ့ မြို့နယ်ပြည်သူ့ဆေးရုံ၊ တိုက်နယ်ဆေးရုံ လေးရုံ၊ ကျေးလက်ကျန်းမာရေးဌာန ၁၀ ခုနှင့် ကျေးလက်ကျန်းမာရေးဌာနခွဲ ၅၂ ခုကို ဖွင့်လှစ်ထားသည်။

ဘာသာရေးကဏ္ဍအနေဖြင့် ဒေးဒရဲမြို့နယ်တွင် ဘုရား၊ စေတီ ၃၈၅ ဆူရှိသည့်အနက် ဒေးဒရဲမြို့ပေါ်ရှိ ကျိုက်ဒေးယျုံစေတီနှင့် ရွှေဘုန်းပွင့်ဘုရားတို့သည် ထင်ရှားပြီး မြို့နယ်အတွင်း၌ ဘုန်းကြီးကျောင်း ၂၆၆ ကျောင်းရှိ၍ ရဟန်း ၉၂၆ ပါးနှင့် သာမဏေ ၅၂၃ ပါး သီတင်းသုံးနေထိုင်ကြသည်။

အေးချမ်းသာယာသည့် မြစ်ဝကျွန်းပေါ်ဒေသ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ဖျာပုံခရိုင်သည် မြန်မာတစ်နိုင်ငံလုံးမှ ပြည်သူများအတွက် စားရေရိက္ခာ ဆန်စပါးကို အများအပြားထုတ်လုပ်ပေးနေသလို ပြည်သူများ၏ လူမှုစီးပွားဘဝများသည် ပုံမှန်တိုးတက်နေကြောင်း မြင်တွေ့ခဲ့ရပေသည်။ ။

**ကိုးကား**

**၁။ မြန်မာ့စွယ်စုံကျမ်း အတွဲ(၂)(၅)(၇)(၈)**

**၂။ မြို့နယ်ဒေသဆိုင်ရာအချက်အလက်များ**
**(ဖျာပုံ၊ ကျိုက်လတ်၊ ဘိုကလေး၊ ဒေးဒရဲ)**

# ပုဂံရှေးဟောင်းယဉ်ကျေးမှုဒေသသို့ ပြည်တွင်း၊ ပြည်ပခရီးသွားဝင်ရောက်မှုမရှိသလောက်ဖြစ်နေ

**ညောင်ဦး မတ် ၃၀**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ပုဂံ-ညောင်ဦးရှေးဟောင်းယဉ်ကျေးမှုဒေသသို့ မတ် ၃၀ ရက်မှ စတင်ကာ ပြည်တွင်း ပြည်ပခရီးသွားဝင်ရောက်မှုမရှိတော့ဘဲ ပုဂံရှေးဟောင်းယဉ်ကျေးမှု ဇုန်ရှိ ဘုရား၊ ပုထိုး၊ ကျောင်း၊ သာသနိကအဆောက်အဦများတွင် ခြောက်ကပ်နေကြောင်း ရွှေစည်းခုံဘုရားဂေါပကအဖွဲ့ထံမှ သိရသည်။

ပုဂံ-ညောင်ဦး ရှေးဟောင်းယဉ်ကျေးမှုဒေသသည် ဆယ့်နှစ်လရာသီမပြတ် ပြည်တွင်းပြည်ပခရီးသွားအမြဲစည်ကားနေသည့် မြို့ဖြစ်ရာ COVID-19 ရောဂါကြောင့် ခရီးသွားဝင်ရောက်မှု မရှိသလောက်ဖြစ်လာကြောင်း ဒေသခံများက ပြောသည်။ သမိုင်းရှိအထင်ကရတန်ခိုးကြီးဘုရားများဖြစ်သည့် ရွှေစည်းခုံစွယ်တော်ဘုရား၊ လောကနန္ဒာစွယ်တော်ဘုရား၊ တုရင်တောင်စွယ်တော်ဘုရား၊ မြစ်တစ်ဖက်ကမ်း တန့်ကြည်တောင်ဘုရား၊ ထီးလိုမင်းလို၊ အာနန္ဒာ ဘုရား၊ ဖူးဘုရား၊ ခေမင်္ဂဘုရားဝင်း၊ သဗ္ဗညုဘုရား၊ ဓမ္မရံကြီး၊ စူဠာမဏိ၊ မဟာဗောဓိဘုရား၊ ကန်တော့ပလ္လင်၊ မြစေတီ၊ မနုဟာဘုရား၊ နန်းဘုရား၊ အလိုတော်ပြည့်ဘုရား၊ ဘုရားသုံးဆူ၊ တရုတ်ပြေးဘုရား၊ ဓမ္မရာဇကဘုရား စသည့် သမိုင်းဝင်တန်ခိုးကြီးဘုရားများတွင် ဘုရားဖူးခရီးသွားမရှိသလောက်ဖြစ်နေကြောင်း ဘုရားဂေါပကများထံမှ သိရသည်။ COVID-19 ရောဂါ ကူးစက်မှုမရှိစေရေး ညောင်ဦးခရိုင် ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းကော်မတီကလည်း စားသောက်ဆိုင်များ ဆိုင်ထိုင်ရောင်းချမှုမရှိစေရေး အထူးကြပ်မတ်ထားကြောင်း၊ ဧည့်သည် ဘုရားဖူးများ ဘုရားဖူးချိန်ကိုလည်း နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ သတ်မှတ်ပေးထားကြောင်း၊ ဘုရားဖူးလာရာတွင် လာရောက်သူများအား ဘုရားဂေါပကက မှတ်တမ်းယူထားကြောင်းလည်း သိရသည်။

ပုဂံရှေးဟောင်းဒေသသို့ ဘုရားဖူးလာရောက်သူ မရှိသလောက်ဖြစ်နေပြီး မတ် ၃၀ ရက်က ဘုရားဖူးယာဉ်သုံးစီးလောက်သာ အဝင်ရှိကြောင်းနှင့် ကျေးလက်တောရွာများမှ ဈေးကားများသာ ဈေးရောင်း ဈေးဝယ်တက်လာကြကြောင်း ကျောက်ပန်းတောင်း-ညောင်ဦးမြို့ဝင် ဘီးခွန်ဂိတ်မှ ပြောသည်။ ပြည်တွင်းပြည်ပခရီးသွားများ အလွန်စိတ်ဝင်စားပြီး မဝင်မဖြစ်ရှိနေခဲ့သည့် ကျောက်ပန်းတောင်း-ညောင်ဦးကားလမ်းဘေးမှ ရိုးရာထန်းလုပ်ငန်း အရောင်းဆိုင်များလည်း သက်ဆိုင်ရာက ပိတ်သိမ်းထားခိုင်းခြင်းနှင့် ခရီးသွားများ ဝင်ရောက်မှုမရှိတော့ခြင်းတို့ကြောင့် ပုဂံရှေးဟောင်းယဉ်ကျေးမှုဒေသသည် မကြုံဖူးသည့်နှစ်တစ်နှစ် ဖြစ်လာကြောင်း ပုဂံဒေသခံ ကိုနေဝင်းမောင်က ပြောသည်။

COVID-19 ရောဂါကြောက်သည့်အတွက် ပြည်တွင်းခရီးသွားများ လုံးဝဝင်ရောက်မှု မရှိတော့ခြင်းကြောင့် ဒေသခံသယ်ယူပို့ဆောင်ရေးလုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်း လုပ်နေသည့် မော်တော်ယာဉ် အငှားလိုက်များ၊ သုံးဘီး၊ စက်လှေ၊ မြင်းလှည်းလုပ်ကိုင်သူများ၊ EBike၊ စက်ဘီးအငှား ဝန်ဆောင်မှုလုပ်ငန်းများ၊ ဟိုတယ်၊ တည်းခိုခန်းဝန်ဆောင်မှု လုပ်ငန်းများ ရပ်နားထားရသည်အထိ ဘုရားဖူးခရီးသွား လာရောက်မှုမရှိတော့ကြောင်း သိရသည်။

**မောင်မောင်ထိန် (ကျောက်ပန်းတောင်း)**



ခရီးသွားဧည့်သည်ဝင်ရောက်မှု နည်းလာသော ပုဂံဒေသတစ်နေရာကို တွေ့ရစဉ်။

## ပေါက်အင်းမှ ထွက်ရှိသောငါးများကို တစ်ဆင့်ရောင်းချသူများ မရှိတော့သဖြင့် ငါးဖမ်းလုပ်ငန်းများ ယနေ့မှ စတင်ပိတ်ထား

**ချောင်းဦး မတ် ၃၀**

ချောင်းဦးမြို့နယ် ပေါက်အင်းမှ ထွက်ရှိသော ငါးများကိုတစ်ဆင့်ခံ ပြန်လည်ရောင်းချသူများ မရှိတော့သဖြင့် ယနေ့မှစတင်ပြီး ငါးဖမ်းခြင်းလုပ်ငန်းများကို ရပ်နားထားရပြီဖြစ်ကြောင်း ပေါက်အင်းတာဝန်ခံ ဦးအောင်သိုက်က ပြောသည်။

လက်ရှိအချိန် ဖြစ်ပွားလျက်ရှိသော COVID-19 ရောဂါကြောင့် ပေါက်အင်းမှထွက်ရှိသော ငါးများ တစ်ဆင့်ခံ ပြန်လည်ရောင်းချခြင်း လုပ်ငန်းကို လုပ်ကိုင်သူများက လှည့်လည်ရောင်းချမှုများ ရပ်နားထားသဖြင့် ငါးဖမ်းခြင်းလုပ်ငန်းများကို ရပ်နားထားရခြင်းဖြစ်ကြောင်း သိရသည်။

"အင်းကထွက်တဲ့ ငါးတွေကို ဖြန့်ပေးမယ့် ငါးဒိုင်တွေ တစ်ဆင့်ခံ ပြန်လည်ရောင်းချသူတွေက အလုပ်နားကြတော့ ကျွန်တော်တို့အင်းက ငါးဖမ်းဖို့ကလည်းနားမှရမယ်။ ငါးဈေးထိုး (ငါးဒိုင်)ရောင်းတဲ့သူတွေ တစ်ဆင့်ပြန်ရောင်းတဲ့သူတွေကလည်း လိုက်ပြီး မရောင်းတော့တဲ့အတွက် မဝယ်တော့ဘူး။ ဒီနှစ်ကတော့ အင်းထဲရေမဝင်လို့ ငါးအထွက်နှုန်းကျတဲ့အပြင် အခု ရောဂါ ပြန့်ပွားမှုကလည်း ဖြစ်လာတော့ ရေရှည်မှာ လက်လုပ်လက်စားတွေအတွက် အခက်အခဲတွေဖြစ်လာမှာ စိုးရိမ်ရတယ်။ အမြန်ပျောက်ကင်းကြပါစေလို့ပဲ ဆုတောင်းရမှာဖြစ်တယ်" ဟု ပေါက်အင်း တာဝန်ခံက ပြောသည်။

ပေါက်အင်းတွင် ရေလုပ်သား ၂၀ တို့ဖြင့် ငါးဖမ်းခြင်းလုပ်ငန်းများကို လုပ်ဆောင်လျက်ရှိပြီး တီလားဗီးယားငါး ၇၅ ပိဿာ၊ ငါးစင်ရိုင်း ၁၅ ပိဿာခန့်ကို နေ့စဉ်ရရှိလျက်ရှိရာ ငါးဒိုင်များနှင့်တစ်ဆင့်ခံ ပြန်လည်ရောင်းချသူများမှာ လုပ်ငန်းများရပ်နားထားကြသဖြင့် ငါးဖမ်းခြင်းလုပ်ငန်းကို စတင်ရပ်နားထားကြောင်း သိရသည်။

**ဝင်းဦး(ဧယျာတိုင်း)**



ပြီးခဲ့သည့်ရက်များက ပေါက်အင်း၌ ရေလုပ်သားများ ငါးဖမ်းနေမှုကို တွေ့ရစဉ်။

## ပျဉ်းမနားမြို့နယ်၌ စားသောက်ဆိုင်များနှင့် လက်ဖက်ရည်ဆိုင်များ ဆိုင်ထိုင်စနစ်ဖြင့် ရောင်းချခြင်းမပြုဘဲ ပါဆယ်စနစ်ဖြင့်သာ ရောင်းချ

**နေပြည်တော် မတ် ၃၀**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ပျဉ်းမနားမြို့နယ်၌ COVID – 19 ရောဂါ ပျံ့နှံ့ကူးစက်မှုထိန်းချုပ်နိုင်ရေးအတွက် မြို့ပေါ်နှင့် မြို့နှင့်နီးစပ်ရာ ကျေးရွာများရှိ လက်ဖက်ရည်ဆိုင်များ၊ စားသောက်ဆိုင်များ၊ ထမင်းဆိုင်များနှင့် လမ်းဘေးမုန့်ဆိုင်များပါ ဆိုင်ထိုင်စနစ်ဖြင့် ရောင်းချခြင်းမပြုဘဲ ပါဆယ်စနစ်ဖြင့် ရောင်းချရန် သက်ဆိုင်ရာဌာနများက ညွှန်ကြားထားကြောင်း သိရသည်။

COVID-19 ရောဂါသည် လူစုလူဝေးမှတစ်ဆင့် လျင်မြန်စွာ ကူးစက်နိုင်သဖြင့် လူစုလူဝေးနှင့် လူထူထပ်သောနေရာများသို့ နေထိုင်သွားလာခြင်းမှ အတတ်နိုင်ဆုံးရှောင်ကြဉ်ခြင်းဖြင့် မိမိနှင့် မိမိပတ်ဝန်းကျင်သို့ ကူးစက်ပြန့်ပွားမှုကို ကြိုတင်ကာကွယ်နိုင်မည်ဖြစ်ရာ အမျိုးသားရေးတာဝန်အဖြစ်ခံယူ၍ ဆိုင်များတွင် ပါဆယ်စနစ်ဖြင့်သာ ရောင်းချကြရန် ညွှန်ကြားထားခြင်းဖြစ်ကြောင်း မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိုက်ဝေဖြိုးထံမှ သိရသည်။

ပျဉ်းမနားမြို့ပေါ်နှင့် မြို့နှင့်နီးစပ်ရာကျေးရွာများရှိ လက်ဖက်ရည်ဆိုင်များ၊ စားသောက်ဆိုင်များနှင့် ထမင်းဆိုင်များကလည်း ညွှန်ကြားချက်နှင့်အညီ ဆိုင်များ၏ရှေ့တွင် ဆိုင်းဘုတ်ထောင်ကာ ဆိုင်ထိုင်စနစ်မှ ပါဆယ်စနစ်ဖြင့် ရောင်းချလျက်ရှိကြောင်း သိရသည်။

**စိုးမိုး(ပြန်/ဆက်)**

## မူဆယ်၌ COVID-19 ရောဂါ ကြိုတင်ကာကွယ်၊ ထိန်းချုပ်သည့်အနေဖြင့် ညဈေးတန်းနှင့် ငါးရက်တစ်ခါ ဈေးနေ့တို့ကို တစ်လတိတိ ပိတ်မည်ဟု တာဝန်ရှိသူများထုတ်ပြန်

**မူဆယ် မတ် ၃၀**

ရှမ်းပြည်နယ်မြောက်ပိုင်း မူဆယ်မြို့ အမှတ်(၁)စည်ပင်သာယာ ဈေးအနီးတွင် နေ့စဉ်ဖွင့်လှစ်သည့် ညဈေးတန်းနှင့် ဟိုမွန်ရပ်ကွက် မြောက်ရပ်ကွက်နှင့် ကောင်နောင်ရပ်ကွက်အတွင်း ငါးရက်တစ်ခါ ဖွင့်လှစ်သည့် ဈေးများကို COVID-19 ရောဂါ ကြိုတင်ကာကွယ်၊ ထိန်းချုပ်သည့်အနေဖြင့် မတ် ၃၀ ရက်မှ ဧပြီ ၃၀ ရက်အထိ ပိတ်မည်ဖြစ်ကြောင်း ပြည်နယ် စည်ပင်သာယာရေးကော်မတီမှ ယနေ့ မတ် ၂၉ ရက်နေ့စွဲဖြင့် ထုတ်ပြန်ခဲ့သည်။

"COVID-19 ရောဂါ ကာကွယ်၊ ထိန်းချုပ်ရာမှာ လူစုလူဝေးမဖြစ်ဖို့ဆိုပြီး ရှမ်းပြည်နယ် စည်ပင်သာယာရေးကော်မတီက မတ် ၂၉ ရက် ရက်စွဲနဲ့ ကြေညာချက် တစ်စောင်ထုတ်ပြန်တယ်။ ဒီမှာက အမှတ်(၁)ဈေး၊ အမှတ်(၂)ဈေး၊ ဆင်ဖြူဈေးနဲ့ ညဈေးဆိုပြီးရှိတယ်။ ပြီးတော့ ငါးရက်တစ်ခါဈေးနေ့ ဆိုတာလည်းရှိတယ်။ အဲဒီညဈေးနဲ့ ငါးရက်တစ်ခါဈေးနေ့တွေမှာက ရပ်ဝေးကနေ လာရောင်း၊ လာဝယ်တဲ့သူတွေ အလွန်များပြီး စည်ကားလေ့ရှိတယ်။ COVID-19 ရောဂါ ကာကွယ်၊ ထိန်းချုပ်ရာမှာ လူစုလူဝေးတွေမဖြစ်ဖို့ အရေးကြီးတာကြောင့် ညဈေးနဲ့ ငါးရက်တစ်ခါ ဈေးကိုပိတ်ပြီး အမှတ်(၁)ဈေး၊ အမှတ်(၂)ဈေးနဲ့ ဆင်ဖြူဈေးတို့ကိုတော့ လပြည့်နဲ့လကွယ်နေ့ကလွဲပြီး ပုံမှန်အတိုင်း ဖွင့်သွားမှာဖြစ်ပါတယ်" ဟု ဦးကျော်မိုးထွန်းက ပြောသည်။

COVID-19 ရောဂါ ကာကွယ်၊ ထိန်းချုပ်ရာတွင် အများပြည်သူနှင့် သက်ဆိုင်သည့် ကိစ္စရပ်ဖြစ်သောကြောင့် ညဈေးအား တစ်လတိတိပိတ်မည်ဆိုသည်မှာ ဖြစ်သင့်ကြောင်းနှင့် ပြည်သူတစ်ဦးအနေဖြင့် လေးစားလိုက်နာသင့်ကြောင်း ညဈေးအတွင်း အထည်များခင်းကျင်းရောင်းချသည့် ကိုသိန်းဟန်က ပြောသည်။

"တစ်လတိတိပိတ်မှာဆိုတော့ မိသားစုရဲ့ ဝင်ငွေကိုတော့ ထိခိုက်တာပေါ့၊ ဒါပေမယ့် အများနဲ့ သက်ဆိုင်တဲ့ COVID-19 ရောဂါကို ကာကွယ်တာဖြစ်တာကြောင့် ပြည်သူတစ်ယောက်အနေနဲ့ ဒီအချိန်မှာ တာဝန်ရှိသူတွေရဲ့ လုပ်ဆောင်ချက်တွေကို လိုက်နာသင့်တယ်" ဟု ၎င်းက ပြောသည်။ **မိုင်းဘဉာဏ်(ကွတ်ခိုင်)**



ညဈေးတန်းနှင့် ငါးရက်တစ်ခါဈေးတန်းမပိတ်မီက ဈေးလာပြည်သူများအတွက် လက်ဆေးခြင်းအစီအစဉ် ဆောင်ရွက်ပေးထားစဉ်။

## မိုင်းယောင်းမြို့၌ ပျံကျဈေးသည်များ ဖွင့်လှစ်ရောင်းချခြင်း မရှိစေရေးနှင့် ဆိုင်ထိုင်စားသောက်ခြင်းမရှိစေရေး အသိပညာပေး

**မိုင်းယောင်း မတ် ၃၀**

မြန်မာပြည်၏ အရှေ့ဘက်အစွန်ဆုံးမြို့ဖြစ်သည့် ရှမ်းပြည်နယ်အရှေ့ပိုင်း တာချီလိတ်ခရိုင် မိုင်းယောင်းမြို့နယ် စည်ပင်သာယာရေးဌာနနှင့် မြို့နယ်ကြက်ခြေနီအသင်းတို့ ပူးပေါင်းပြီး COVID-19 ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးအတွက် မြို့နယ်စည်ပင်သာယာရေး နယ်နိမိတ်အတွင်း လူစုလူဝေးများ မဖြစ်စေရန် လမ်းဘေးတစ်လျှောက် ပျံကျဈေးသည်များ ဖွင့်လှစ်ရောင်းချခြင်း မရှိစေရေးနှင့် ဆိုင်ထိုင်စားသောက်ခြင်းမရှိစေရေးကို အများပြည်သူ သိရှိနိုင်ရေးအတွက် ယနေ့နံနက်ပိုင်းက မြို့နယ်အတွင်း လှည့်လည် အသိပညာပေး ဆောင်ရွက်သည်။

မြို့နယ်စည်ပင်သာယာရေးဌာနမှ အင်ဂျင်နီယာ ဦးစိုင်းဟိန်းလွှမ်းမိုးနှင့် ဝန်ထမ်းများ၊ မြို့နယ်ကြက်ခြေနီအသင်းဝင်များသည် မြို့နယ်စည်ပင်သာယာရေးဌာနမှ ထုတ်ပြန်သည့် ၂၀၂၀ ပြည့်နှစ် မတ် ၂၉ ရက်မှ ဧပြီ ၃၀ ရက်အထိ မြို့အတွင်း လမ်းတစ်လျှောက် ပျံကျဈေးသည်များ ဖွင့်လှစ်ရောင်းချခြင်းကို တားမြစ်ပိတ်ပင်သည့် အမိန့်ကြော်ငြာချက်နှင့် ဆိုင်ထိုင်စားသောက်ခြင်းကို တားမြစ်သည့် အမိန့်ကြော်ငြာချက်များကို မော်တော်ယာဉ်ဖြင့် လှည့်လည် အသိပညာပေးခဲ့ကြသည်။

**အားချာ(ပြန်/ဆက်)**

ထာဝရကာသိုလ်ရယူဖို့
သစ်ပင်စိုက်ပျိုးထိန်းသိမ်းစို့

# ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် COVID - 19 ကာကွယ်ထိန်းချုပ်နိုင်ရေး ခရိုင်၊ မြို့နယ်အဆင့် လုပ်ငန်းကော်မတီများနှင့် ညှိနှိုင်း

**ရန်ကုန် မတ် ၃၀**

ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းသည် COVID – 19 ရောဂါထိရောက်စွာ ကြိုတင်ကာကွယ်ထိန်းချုပ်နိုင်ရေး ခရိုင်၊ မြို့နယ်အဆင့် လုပ်ငန်းကော်မတီများနှင့် ညှိနှိုင်းအစည်းအဝေးကို ယမန်နေ့က တိုင်းဒေသကြီးအစိုးရရုံးမင်္ဂလာခန်းမ၌ ပြုလုပ်သည်။ **(ယာပုံ)**

အစည်းအဝေးတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ်က COVID–19ရောဂါ ကြိုတင်ကာကွယ်၊ ထိန်းချုပ်နိုင်ရေးတိုးမြှင့်ဆောင်ရွက်ရမည်ဖြစ်ပြီး မြို့နယ်များတွင် စီမံခန့်ခွဲမှုကော်မတီများကို ဖွဲ့စည်းပြီးဖြစ်၍ မြို့နယ်အုပ်ချုပ်ရေးမှူးများ၏ အခန်းကဏ္ဍသည် အရေးကြီးပြီး မြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာ၊ လမ်းများအထိ ထိန်းချုပ်နိုင်ရန်လိုကြောင်း၊ နယ်စပ်မှ ပြန်ဝင်လာသူများ၊ လေဆိပ်မှ ပြန်ဝင်လာသူများအား ကန့်သတ်စောင့်ကြပ်ကြည့်ရှုခြင်း ပြုလုပ်ရာတွင် အလွယ်တကူမလုပ်ဘဲ ဟိုတယ်များ၌ကဲ့သို့ အခန်းများစီစဉ်ကာစနစ်တကျထားရှိပြီး ရောဂါမပြန့်ပွားရေးအတွက် ကြိုးစားလုပ်ဆောင်နေကြောင်း၊ ကျန်းမာရေးဝန်ထမ်းများသည် ရှေ့တန်းတိုက်စစ်မှူးများဖြစ်ပြီး ၎င်းတို့ နေထိုင်စားသောက်ရေးအခက်အခဲဖြစ်လျှင် မိမိတို့အနေဖြင့် ကူညီဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် တက်ရောက်လာသူများက COVID–19 ရောဂါနှင့်ပတ်သက်၍ မိမိတို့၏မြို့နယ်များ၌ ကန့်သတ်စောင့်ကြပ်ကြည့်ရှုခြင်းပြုလုပ်ရာတွင် တွေ့ကြုံရသည့် အခက်အခဲများ၊ ပြည်သူများ၊ အရပ်ဘက်အဖွဲ့အစည်းများ၏ ပူးပေါင်းပါဝင်မှု၊ ကျန်းမာရေးဝန်ထမ်းများ၏ အခြေအနေများကို ဆွေးနွေးတင်ပြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဝန်ကြီးများက ညှိနှိုင်းဆောင်ရွက်နိုင်ရန် စီစဉ်ပေးခဲ့သည်။

**ဆန်းကျော်ဦး(ပြန် /ဆက်)**



# ရွှေဘိုခရိုင်အတွင်း ကြိုတင်ပြင်ဆင်ထားမှု စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် သွားရောက်စစ်ဆေး

**မုံရွာ မတ် ၃၀**

စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်သည် ရွှေဘိုခရိုင်အတွင်းရှိ ခရိုင်/မြို့နယ် စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌများနှင့်အတူ ယနေ့နံနက်ပိုင်းက ရွှေဘိုခရိုင်အတွင်းရှိ ခင်ဦး၊ ရေဦး၊ ဒီပဲယင်းမြို့နယ်များတွင် COVID – 19 ရောဂါနှင့် ပတ်သက်၍ ကြိုတင်ပြင်ဆင်ထားမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။**(အောက်ပုံ)**

တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ခရိုင်အတွင်းရှိ အများပြည်သူ ဝင်/ ထွက် သွားလာနေကြသည့် ရွှေဘို– ခင်ဦး– ဒီပဲယင်း–ဘုတလင်– မုံရွာလမ်းအတိုင်းမော်တော်ယာဉ်များဖြင့် ယနေ့နံနက်ပိုင်းမှစတင်ထွက်လာပြီး COVID –19 ရောဂါနှင့်ပတ်သက်၍ ပြည်သူများကျန်းမာရေး အသိပညာပေး လုပ်ငန်းများကို သက်ဆိုင်ရာမြို့နယ်များမှ COVID –19 ကာကွယ်ထိန်းချုပ်ရေး ကော်မတီတို့မှ တာဝန်ရှိသူများအား မိမိတို့တိုင်းဒေသကြီးအစိုးရအဖွဲ့၏ သတင်းထုတ်ပြန်ထားသည့် ညွှန်ကြားချက်များအတိုင်း စနစ်တကျ အထူးအလေးထားကာ ပြည်သူပူးပေါင်းပါဝင်မှုတို့ဖြင့်ကြိုးစားဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားသည်။



ရွှေဘိုခရိုင်အတွင်းရှိ COVID –19 နှင့်ပတ်သက်၍ ကြိုတင်ပြင်ဆင်ထားရှိနေရာတို့တွင် ထိုင်းနိုင်ငံမှ မိမိတို့မြို့ရွာများသို့ ပြန်လာကြသူများဖြစ်ကြပြီး ခင်ဦးမြို့နယ် ကံသစ်အလယ်တန်းကျောင်းတွင် အမျိုးသားလေးဦးနှင့် အမျိုးသမီး ခုနစ်ဦး၊ ရေဦးမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းတွင် အမျိုးသား ခြောက်ဦးနှင့် အမျိုးသမီး ရှစ်ဦး၊ ဒီပဲယင်းမြို့နယ် စိုင်ပြင်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်းတွင် အမျိုးသားသုံးဦးနှင့် အမျိုးသမီးတစ်ဦး တို့ကို ကျန်းမာရေးစောင့်ရှောက်ပေးနေမှုနှင့် လုံခြုံရေးဆောင်ရွက်ပေးထားမှုတို့ကို တိုင်းဒေသကြီး ဝန်ကြီးချုပ်က ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

**ထွန်းကိုကို(ယင်းမာပင်)**

# ပြည်ပနိုင်ငံမှ ပြန်လာသူများအား ကျန်းမာရေးစောင့်ရှောက်ပေးမှု ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ကြည့်ရှုစစ်ဆေး

**ပဲခူး မတ် ၃၀**

ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်းသည် ယနေ့နံနက်ပိုင်းက ပဲခူးမြို့ပေါ်ရှိ စောင့်ရှောက်မှုပေးနေသည့်စခန်းများသို့ သွားရောက်ပြီးပြည်ပနိုင်ငံများမှ ပြန်လာသူများအား ကျန်းမာရေးစောင့်ရှောက်မှုဆောင်ရွက်ပေးနေမှုကို လိုက်လံကြည့်ရှုခဲ့သည်။**(အောက်ပုံ)**

ပဲခူးတိုင်းဒေသကြီးအတွင်းသို့ မတ် ၂၇ ရက်မှ ၂၉ ရက်အထိ ပြည်ပနိုင်ငံများမှ ဝင်ရောက်လာ သည့်အမျိုးသား ၄၁၂၈ ဦး၊ အမျိုးသမီး ၁၇၄၂ ဦး စုစုပေါင်း ၅၈၇၀ တို့အနက် နေအိမ်တွင် အသွားအလာကန့်သတ်ခြင်းအဖြစ် အမျိုးသား ၁၀၁၈ ဦး၊ အမျိုးသမီး ၅၀၇ ဦး၊ သတ်မှတ်ထားသောနေရာတွင် အသွားအလာကန့်သတ်ခြင်းအဖြစ် အမျိုးသား ၃၁၀၃ ဦး၊ အမျိုးသမီး ၁၂၃၂ ဦး၊ ဆေးရုံ၌စောင့်ကြည့်မှု အမျိုးသား ခုနစ်ဦး၊ အမျိုးသမီးသုံးဦးတို့အား မြို့နယ် ၂၈ မြို့နယ်ရှိ သတ်မှတ်ထားသော ကျန်းမာရေးစောင့်ရှောက်မှုစခန်းများတွင် စနစ်တကျ ကျန်းမာရေးစောင့်ကြည့်မှုများ ဆောင်ရွက်လျက်ရှိသည်။

အဆိုပါကျန်းမာရေးစောင့်ရှောက်ပေးနေမှုများကို သက်ဆိုင်ရာခရိုင်များအလိုက် ပဲခူးတိုင်းဒေသကြီး ဝန်ကြီးများက အနီးကပ်ကြီးကြပ်ကာ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနဝန်ထမ်းများ၊ ကျန်းမာရေးဝန်ထမ်းများ၊ ဆက်စပ်ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ပရဟိတအဖွဲ့အစည်းများ၊ မြို့မိမြို့ဖများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးဝင်းသိန်းက ပဲခူးမြို့နယ်အတွင်း ကျန်းမာရေးစောင့်ရှောက်ပေးနေမှုများကို လိုက်လံကြည့်ရှုအားပေးကာ လိုအပ်သည်များဖြည့်ဆည်းပေးခဲ့ကြောင်း သိရသည်။

**တင်စိုး(ပဲခူး)**



# လွိုင်ကော်နှင့် ရှားတောမြို့နယ်တို့တွင် အသွားအလာကန့်သတ်ထားသည့်နေရာများ ပြည်နယ်ဝန်ကြီးချုပ်ကြည့်ရှု

**လွိုင်ကော် မတ် ၃၀**

ကယားပြည်နယ်အတွင်းရှိ မြို့နယ်အားလုံးတွင် COVID – 19 ရောဂါကို ထိရောက်စွာ ကာကွယ်၊ ထိန်းချုပ်၊ ကုသနိုင်ရေးအတွက် ပြည်နယ်အတွင်း အဝင်အထွက်သွားလာသည့် ဝင်ပေါက်များမှစနစ်တကျ ကျန်းမာရေးစစ်ဆေးမှုခံယူပြီး ဝင်ရောက်စေရေး၊ ပြည်ပနိုင်ငံများမှ နေရပ်ပြန်များဖြစ်ပါက မိမိတို့၏ နေအိမ်များသို့ ပြန်လည်နေထိုင်စေခြင်း မရှိဘဲ စစ်ဆေးရေးဂိတ်များမှ တစ်ဆင့် သက်ဆိုင်ရာ မြို့နယ်အလိုက် ဖွင့်လှစ်ထားသည့် သတ်မှတ်ထားသောနေရာတွင် အသွားအလာကန့်သတ်ခြင်းနေရာများသို့တိုက်ရိုက်စေလွှတ်ဆောင်ရွက်နိုင်ရေး၊ သတ်မှတ်ထားသောနေရာတွင် အသွားအလာကန့်သတ်ခြင်းများ ဖွင့်လှစ်ရာတွင်လည်း အတတ်နိုင်ဆုံးလူစုလူဝေးနှင့် ထားရှိခြင်းမျိုးမဟုတ်ဘဲ ဆရာဝန်များ၏ ညွှန်ကြားချက်အတိုင်း နေထိုင်စေရေးနှင့် စောင့်ကြည့်လူနာများမှတစ်ဆင့် အချင်းချင်းကူးစက်ပြန့်ပွားမှုမရှိဘဲ ထိန်းချုပ်နိုင်စေရေးအတွက် ပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှို၊ ပြည်နယ်လမ်းပန်းဆက်သွယ်ရေးနှင့် လျှပ်စစ်ဝန်ကြီး၊ ပြည်နယ်စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီး၊ ပြည်နယ်သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး၊ ပြည်နယ် အစိုးရအဖွဲ့ အတွင်းရေးမှူး၊ ခရိုင်/ မြို့နယ်အုပ်ချုပ်ရေးမှူးများနှင့် ကျန်းမာရေးဌာနမှ တာဝန်ရှိသူများ၊ ဆက်စပ်ဌာနများနှင့်အတူ ယမန်နေ့က ကွင်းဆင်းစစ်ဆေး ဆောင်ရွက်ကြသည်။ **(အပေါ်ပုံ)**



ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ရှားတောမြို့နယ် ပွန်ချောင်းစစ်ဆေးရေးဂိတ်သို့ သွားရောက်ပြီး ထိုင်းနိုင်ငံနယ်စပ် BP (9) ဝင်ပေါက်နှင့် အခြားသော လမ်းကြောင်းများမှ ပြန်လည်ရောက်ရှိလာသူများအား စစ်ဆေးဆောင်ရွက်နိုင်ရေး ပွန်ချောင်းစစ်ဆေးရေးဂိတ်နှင့် စလောင်းကျေးရွာ စစ်ဆေးရေးဂိတ်များသို့ သွားရောက်၍ အဆိုပါ ဂိတ်များတွင် နယ်စပ် ဝင်/ ထွက် ပေါက်များမှ ပြန်လည်ဝင်ရောက် လာမည့်သူများအားကျန်းမာရေး စစ်ဆေးဆောင်ရွက်ရန် စီမံထားရှိမှုများနှင့် ဝန်ထမ်းများတာဝန်ပေးအပ်ထားမှုကို ကြည့်ရှုစစ်ဆေးခဲ့ကာ လုပ်ငန်းများဆောင်ရွက်ရာတွင် ကျန်းမာရေးဌာနမှ ညွှန်ကြားချက်များအတိုင်း စနစ်တကျ ဆောင်ရွက်ကြရန်နှင့် လိုအပ်သည့် စစ်ဆေးရေးဆိုင်ရာ ပစ္စည်းများကိုလည်း ပံ့ပိုးပေးမည်ဖြစ်ကြောင်း ညွှန်ကြားခဲ့သည်။ **ထွန်းလေး**

# တောင်သာမြို့နယ်အတွင်း စောင့်ကြည့်လူနာများထားရန် နေရာများပြင်ဆင်ထား

**တောင်သာ မတ် ၃၀**

မန္တလေးတိုင်းဒေသကြီး ရှမ်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးစိုင်းပန်းဆိုင် တောင်သာမြို့နယ်အတွင်း COVID–19 ရောဂါ ကာကွယ်ထိန်းချုပ်နိုင်ရေးအတွက် နေရပ်ပြန်လာမည့်သူများအား ထားရှိမည့်နေရာများပြင်ဆင်ထားမှုများကို ယမန်နေ့က လာရောက်ကြည့်ရှုစစ်ဆေးသည်။

တိုင်းဒေသကြီး ရှမ်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးက တစ်ကိုယ်ရေရောဂါကာကွယ်ရေးဝတ်စုံ ၁၀ စုံနှင့်နှာခေါင်းစည်း ၂၀၀ ပေးအပ်လှူဒါန်းခဲ့ရာ တာဝန်ရှိသူများက လက်ခံခဲ့သည်။

ထို့နောက် တိုင်းဒေသကြီး ရှမ်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးနှင့် အဖွဲ့သည် တောင်သာပြည်သူ့ဆေးရုံသို့ လိုက်လံကြည့်ရှုစစ်ဆေးခဲ့ပြီး စောင့်ကြည့်လူနာများထားရှိမည့် ရေလည်ကျောင်းရိပ်သာတွင် စီစဉ်ဆောင်ရွက်ထားမှုများကို လိုက်လံကြည့်ရှုစစ်ဆေးခဲ့သည်။

တောင်သာမြို့နယ်တွင် COVID–19 ရောဂါကာကွယ်ထိန်းချုပ်နိုင်ရေးအတွက် အများပြည်သူဝင်ထွက်သွားလာသော နေရာများတွင် ပိုးသတ်ဆေးဖျန်းခြင်း၊ လိုက်လံအသိပေးနှိုးဆော်ခြင်း၊ လူစုလူဝေးများ မဖြစ်ပေါ်စေရေးအတွက် စားသောက်ဆိုင်များနှင့် အစားအသောက်ရောင်းချသည့်ဆိုင်များကို ပါဆယ်စနစ်ဖြင့် ရောင်းချစေခြင်းစသည့် ရောဂါထိန်းချုပ် ကာကွယ်နိုင်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်စီမံဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကျော်မျိုးနိုင်(တောင်သာ)**

# တနင်္သာရီတိုင်းဒေသကြီး ရဲတပ်ဖွဲ့ဝင်များနှင့် စာရေးဝန်ထမ်းများအား ဆန်ထောက်ပံ့

**မြိတ် မတ် ၃၀**

တနင်္သာရီတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှ ခရိုင်အတွင်းရှိ မြို့နယ်ရဲတပ်ဖွဲ့များအတွက် COVID –19 ရောဂါကာကွယ်ရေး ကိုယ်အပူချိန်တိုင်းကိရိယာများ ပေးအပ်ခြင်း၊ တပ်ဖွဲ့ဝင်များနှင့် စာရေးဝန်ထမ်းများအား ဆန်ထောက်ပံ့ခြင်း အခမ်းအနားကို ယမန်နေ့က ခရိုင်ရဲတပ်ဖွဲ့မှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရဲတပ်ဖွဲ့ဝင်များအနေဖြင့်နယ်မြေဒေသလုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး လုပ်ငန်းများ နေ့စဉ်ဆောင်ရွက်မှုအပြင် COVID – 19 ရောဂါကာကွယ်ရေးအတွက် ပညာပေးခြင်း၊ စစ်ဆေးခြင်းတို့ကို သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းဆောင်ရွက်နေသည့် အချိန်တွင် ၎င်းတို့၏ မိသားစုအတွက် အထောက်အကူ ဖြစ်စေရန်အတွက် ခရိုင်အတွင်းရှိ တပ်ဖွဲ့ဝင်များကို ဆန်ထောက်ပံ့ခြင်း ဖြစ်ကြောင်း မြိတ်ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ကျော်မျိုးမြင့်က ပြောသည်။



တနင်္သာရီတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှ ခရိုင်အတွင်းရှိ မြို့နယ်ရဲတပ်ဖွဲ့များအတွက် ဆန်ထောက်ပံ့ပေးအပ်စဉ်။

မြိတ်ခရိုင်ရဲတပ်ဖွဲ့မှူးက ခရိုင်အတွင်းရှိ မြို့နယ်များနှင့် တရားရုံး အချုပ်ဆောင်တို့အတွက် ငွေကျပ် ၁၅၅၀၀၀ တန်ဖိုးရှိ COVID –19 ရောဂါကာကွယ်ရေး ကိုယ်အပူချိန်တိုင်းကိရိယာတစ်ခုစီ ပေးအပ်ခဲ့ရာ မြို့နယ် ရဲတပ်ဖွဲ့မှူးများက လက်ခံယူသည်။ ထို့နောက် ခရိုင်အတွင်းရှိ တပ်ဖွဲ့ဝင်များနှင့် စာရေးဝန်ထမ်းစုစုပေါင်း ၅၂၄ ဦးအတွက် တစ်ဦးလျှင်ငွေကျပ် ၅၅၀၀ တန်ဖိုးရှိ ဆန်ငါးပြည်ပါ ဆန်တစ်အိတ်စီကို ခရိုင်ရဲတပ်ဖွဲ့မှူးနှင့် တာဝန်ရှိသူများက ထောက်ပံ့ပေးအပ်သည်။

မြိတ်ခရိုင်ရဲတပ်ဖွဲ့မှ ခရိုင်အတွင်းရှိ မြို့နယ်ရဲတပ်ဖွဲ့များအတွက် COVID –19 ရောဂါကာကွယ်ရေး ကိုယ်အပူချိန်တိုင်းကိရိယာ စုစုပေါင်းခြောက်ခု တန်ဖိုးငွေကျပ် ၉၃၀၀၀၀ နှင့် တပ်ဖွဲ့ဝင်များနှင့် စာရေးဝန်ထမ်းများအတွက် ဆန်အိတ် ၅၂၄ အိတ် တန်ဖိုးငွေကျပ် ၃၈၁၂၀၀၀ ကို မြိတ်ခရိုင်ရဲတပ်ဖွဲ့မှူး အစီအမံဖြင့် ထောက်ပံ့ခဲ့ကြောင်း သိရသည်။

**ခိုင်ထူး(ပြန်/ဆက်)**

# COVID -19 ရောဂါကာကွယ်ရေး ပညာပေးစာစောင်ဖြန့်ဝေ

**စလင်း မတ် ၃၀**

မကွေးတိုင်းဒေသကြီး စလင်းမြို့နယ် တညောင်ကျေးရွာ ရွှေအိုးရဈေးအတွင်း၌ COVID –19 ရောဂါကာကွယ်ရေး အသိပညာပေး လက်ကမ်းစာစောင်ဖြန့်ဝေခြင်း၊ ဆိုင်းဘုတ်စိုက်ထူခြင်းနှင့် ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းများကို ယမန်နေ့နံနက်က တာဝန်ရှိသူများက ဆောင်ရွက်ကြသည်။

စလင်းမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကံဦး၊ မြို့နယ်စည်ပင်သာယာအဖွဲ့မှ အမှုဆောင်အရာရှိ ဦးသိန်းနိုင်၊ စည်ပင်သာယာကော်မတီအဖွဲ့ဝင် ဦးအေးကို၊ ကျန်းမာရေးဦးစီးဌာန အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတို့မှ တာဝန်ရှိသူများ ပူးပေါင်း၍ တညောင်ကျေးရွာ ရွှေအိုးရ ဈေးအတွင်းရှိ ဈေးသူဈေးသားများ၊ ဈေးဝယ်လာရောက်သူများအား COVID –19 ရောဂါကာကွယ်ရေးအသိပညာပေး လက်ကမ်းစာစောင်ဖြန့်ဝေခြင်း၊ ရောဂါကြိုတင်ကာကွယ်နိုင်ရေးအတွက် လိုက်နာဆောင်ရွက်ရန် ဆောင်ရန်ရှောင်ရန် အချက်များပါရှိသော ပညာပေးဗီနိုင်းပိုစတာစိုက်ထူခြင်း၊ လက်ဆေးရန်ရေစင်နှင့် ဆပ်ပြာများထားရှိခြင်း၊ ဈေးအတွင်း၌ ပိုးသတ်ဆေးဖျန်းခြင်း လုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း မြို့နယ်စည်ပင်သာယာရေး ကော်မတီအဖွဲ့ဝင်က ပြောသည်။

**ငြိမ်းသူ(စလင်း)**



သထုံမြို့နယ် သုဝဏ္ဏဝတီမြို့၌ မတ် ၃၀ ရက်က ကျိုက္ကော်မြို့မဈေးနှင့် မြို့အုပ်ချုပ်ရေးမှူးရုံးတို့တွင် ပိုးသတ်ဆေးဖျန်းခြင်းကို သထုံခရိုင် မီးသတ်ဦးစီးမှူး ဦးအောင်ကြင်ထွန်းနှင့် မီးသတ်တပ်ဖွဲ့ဝင်များက ဆောင်ရွက်စဉ်။

ခွန်(ဝင်းပ)

# တန့်ယန်းမြို့နယ်၌ COVID-19 ရောဂါ ကာကွယ်တားဆီးရေးအတွက် ပိုးသတ်ဆေးဖျန်း

**တန့်ယန်း မတ် ၃၀**

ရှမ်းပြည်နယ်မြောက်ပိုင်း တန့်ယန်းမြို့နယ်တွင် COVID–19 ရောဂါ ကူးစက်ခြင်းမှ ကြိုတင်ကာကွယ်၊ တားဆီးနိုင်ရေးအတွက် မြို့နယ် အတွင်းရှိ ဌာနဆိုင်ရာရုံးများ၊ အဆောက်အအုံများတွင် ပိုးသတ်ဆေးဖျန်းခြင်းကို ယနေ့နံနက်ပိုင်းက ဆောင်ရွက်သည်။



မြို့နယ် စည်ပင်သာယာရေးဌာန၊ မြို့နယ်မီးသတ်ဦးစီးဌာန၊ မြို့နယ်ကြက်ခြေနီအသင်းတို့မှ ဝန်ထမ်းများ စုပေါင်းကာ ဌာနဆိုင်ရာရုံးများ၊ အဆောက်အအုံများတွင် မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၏ ကူညီမှုဖြင့် ဆေးဖျန်းရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသက်လွင်ထွန်း၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းဆန်စိန်၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာ အောင်ဇော်ဦးနှင့် တာဝန်ရှိသူများက လိုအပ်သည်များ ကူညီ ဆောင်ရွက်ပေးကြကြောင်း သိရသည်။

**မင်းလွင်ဦး(ပြန်/ဆက်)**



ရေတာရှည်မြို့နယ် ဆွာမြို့မဈေးကြီးအတွင်း COVID –19 ရောဂါကင်းစင်ရေးအတွက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် ဈေးကော်မတီဝင်များ၊ အရေးပေါ်ကူညီရေးအဖွဲ့နှင့် မြို့မိ မြို့ဖများ ပူးပေါင်း၍ မတ် ၂၈ ရက်က ဈေးအတွင်းပိုင်းလမ်းများကို ရေဆေးခြင်း၊ ပိုးသတ်ဆေးများ ဖျန်းခြင်းတို့ ဆောင်ရွက်စဉ်။ **(တစ်ပတ်လျှင် နှစ်ကြိမ်နှုန်းဖြင့် ဆက်လက်ဆောင်ရွက်သွား မည်ဖြစ်ကြောင်း သိရသည်။)**

သန်းလွင်

# နမ့်ဆန်၌ မြို့ပေါ်ရပ်ကွက်များတွင် ပိုးသတ်ဆေးဖျန်းခြင်းနှင့် သန့်ရှင်းရေးဆောင်ရွက်

**နမ့်ဆန် မတ် ၃၀**

ရှမ်းပြည်နယ် ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နမ့်ဆန်မြို့နယ်၌ COVID –19 ကြိုတင်ကာကွယ်ရေးအဖြစ် မြို့ပေါ်(၃)ရပ်ကွက်တွင် ပိုးသတ်ဆေးရည်ဖျန်းခြင်း၊ ရေမြောင်းများ၊ အမှိုက်ပုံများကို သန့်ရှင်းရေးဆောင်ရွက်ခြင်း လုပ်ငန်းကို ယနေ့နံနက်ပိုင်းက ဆောင်ရွက်သည်။

ယင်းသို့ဆောင်ရွက်ရာတွင် COVID –19 ကာကွယ်၊ ထိန်းချုပ်ကုသရေး ဒေသအဆင့် ကြီးကြပ်မှုကော်မတီ၏ဦးဆောင်မှုဖြင့် နမ့်ဆန်မြို့နယ်အဆင့် လုပ်ငန်းကြီးကြပ်မှု ကော်မတီအဖွဲ့ဝင်များကြီးကြပ်လျက် မြို့နယ်ကျန်းမာရေးဌာန၊ မြို့နယ်စည်ပင်၊ မြို့နယ်မီးသတ်၊ ကြက်ခြေနီသူနာပြုတပ်ဖွဲ့တို့နှင့်အတူ ကူးစက်ရောဂါ ကြိုတင်ကာကွယ်ရေး အသိပညာပေးခြင်း၊ လူထုလှုပ်ရှားမှုအဖြစ် နမ့်ဆန်မြို့ပေါ်ရပ်ကွက်များရှိ ရေမြောင်းများ သန့်ရှင်းရေး၊ အမှိုက်ဆယ်ယူခြင်း၊ မီးသတ်ယာဉ်၊ အပေါ့စားမီးသတ်စက်များဖြင့် ပိတ်ဆို့ရေမြောင်းများ ရှင်းလင်းခြင်း၊ ပိုးသတ်ဆေး၊ ကာကွယ်ဆေး ပက်ဖျန်းခြင်းများကို ဆောင်ရွက်ခဲ့ပြီး ဈေးဆိုင်ရှင်များ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ ရပ်ကွက်ပြည်သူများနှင့် မြို့လယ်လူငယ်အဖွဲ့တို့ကလည်း ပူးပေါင်းပါဝင်လှုပ်ရှားခဲ့ကြသည်။

ထို့ပြင် နမ့်ဆန်မြို့မှ မြို့နယ်ပြင်ပထွက်ခွာသည့် မော်တော်ယာဉ်လိုင်းများမှ ခရီးသည်တင်မော်တော်ယာဉ်များကိုလည်း ပိုးသတ်ဆေး၊ ကာကွယ်ဆေး ပက်ဖျန်းခြင်းများကိုလည်း အရှိန်အဟုန်မြှင့် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**နမ့်ဆန် (ပြန်/ဆက်)**



ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ရန်ကုန်အနောက်ပိုင်းခရိုင် ဈေးများ၊ ရုံးဝန်ထမ်းများ၊ လူမှုကယ်ဆယ်ရေးအဖွဲ့များနှင့် ဈေးသူဈေးသားများ၊ ဈေးသာယာရေးအဖွဲ့များ၊ ဈေးဌာနများမှဝန်ထမ်းများက COVID–19 ရောဂါကာကွယ်ရေး အစီအမံအဖြစ် မတ် ၂၉ ရက်က ရန်ကုန်တိုင်းဒေသကြီး ကြည့်မြင်တိုင်မြို့နယ် ဗဟိုစံပြငါးဈေးကြီး၌ ဈေးအတွင်း အထူးသန့်ရှင်းရေးနှင့် ဆေးဖျန်းခြင်းတို့ ဆောင်ရွက်စဉ်။

အေးကေလင်း

# ပြည်ပမှ ပြန်လည်ရောက်ရှိလာသူများအား ၁၄ ရက်ကြာ ကျန်းမာရေးစောင့်ရှောက်မှုခံယူနိုင်ရေး အထက(သနပ်ပင်) ကျောင်းခန်းမဆောင်၌ ပြင်ဆင်ထားရှိ

**သနပ်ပင် မတ် ၃၀**

ပဲခူးတိုင်းဒေသကြီး သနပ်ပင်မြို့နယ်တွင် COVID –19 ရောဂါ ကြိုတင်ကာကွယ်၊ ထိန်းချုပ်နိုင်ရေးအတွက် ပြည်ပမှ ပြန်လည်ရောက်ရှိလာသူများကို ၁၄ ရက်ကြာ ကျန်းမာရေး စောင့်ရှောက်မှုခံယူနိုင်ရေးအတွက် ပြင်ဆင်ထားသည့် အထက (သနပ်ပင်) ကျောင်းခန်းမဆောင်များအား တိုင်းဒေသကြီး သယံဇာတ၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် စည်ပင်သာယာရေးဝန်ကြီး ဒေါက်တာစောညိုဝင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်မင်းထွန်း၊ မြို့နယ်ကျန်းမာရေးဌာနမှ ဒေါက်တာစံကြည်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြည့်ရှုကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးက COVID– 19 ရောဂါ ကြိုတင်ကာကွယ်၊ ထိန်းချုပ်နိုင်ရေးအတွက် စောင့်ကြည့်ရေးလုပ်ငန်းများကို ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရေး၊ နေရာအခက်အခဲ၊ ဆေးဝါး အခက်အခဲများရှိပါက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ် ကျန်းမာရေးဌာနများသို့ အချိန်နှင့်တစ်ပြေးညီ တင်ပြဆောင်ရွက်နိုင်ရေး စီစဉ်ဆောင်ရွက်ထားရန် မြို့နယ် တာဝန်ရှိသူများအား မှာကြားခဲ့ကြောင်း သိရသည်။

**လှမိုး(ပြန်/ဆက်)**

## ကန်ပက်လက်မြို့နယ်၌ စားသောက်ကုန် ပြတ်လပ်မှုမရှိစေရန် ကြိုတင်ဆွေးနွေး

**ကန်ပက်လက် မတ် ၃၀**

ချင်းပြည်နယ် ကန်ပက်လက်မြို့နယ်တွင် စားနပ်ရိက္ခာ ပြတ်လပ်မှုမရှိစေရေးနှင့် COVID–19 ကူးစက်ရောဂါ ကာကွယ်ရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ မတ် ၂၉ ရက်က ပြုလုပ်ခဲ့သည်။

အစည်းအဝေးသို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးညွန့်ဝင်း၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်ဆွေလွင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးချန်ဖီယာန်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ ဟိုတယ်နှင့် တည်းခိုခန်းများမှ လုပ်ငန်းရှင်များ တက်ရောက်ကြပြီး ကန်ပက်လက်မြို့နယ်တွင် စားနပ်ရိက္ခာပြတ်လပ်မှု မရှိစေရေးအတွက် ကြိုတင်စုဆောင်းရန်နှင့် အခက်အခဲရှိလာသူများအား ထောက်ပံ့ပေးနိုင်ရေးကိုလည်းကောင်း၊ COVID–19 ကူးစက်မှု ကာကွယ်ရေးအတွက် ဝင်ထွက်သွားလာသူများအား တာဝန်ရှိသူများက စစ်ဆေးရေးဂိတ်တွင် ဆက်လက်စစ်ဆေးရေးကိုလည်းကောင်း၊ ဒေသခံပြည်သူများအား အသိပညာပေးရေးကိုလည်းကောင်း၊ ရောဂါအခြေအနေနှင့်ပတ်သက်၍ ဆယ်အိမ်မှူးများက မိမိတို့ ဆယ်အိမ်စုအလိုက် တာဝန်ယူပြီး စနစ်တကျ စိစစ်သတင်းပို့ရေးကိုလည်းကောင်း ဆွေးနွေးညှိနှိုင်းခဲ့ကြကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## တနင်္သာရီမြို့နယ် တကူကျေးရွာအုပ်စု၌ လူထုရှင်းသန့်အသင်းက ဆန်များထောက်ပံ့ပေး

**တနင်္သာရီ မတ် ၃၀**

တနင်္သာရီတိုင်းဒေသကြီး တနင်္သာရီမြို့နယ် တကူကျေးရွာအုပ်စုအတွင်းမှ ကျေးရွာခွဲ ၁၄ ရွာရှိ နေ့စားဝင်ငွေဖြင့် ရပ်တည်နေရသော အိမ်ထောင်စု ၁၂၀ မှ ပြည်သူများအား လူထုရှင်းသန့်အသင်းအဖွဲ့က ငါးပြည်ဝင် ဆန်တစ်အိတ်စီကို မတ် ၂၉ ရက်က ထောက်ပံ့ပေးခဲ့သည်။

COVID–19 ကြောင့် အလုပ်အကိုင်ပါး၍ အခက်အခဲဖြစ်နေသော အခြေခံလူတန်းစားအချို့၏ စားသောက်ရေးတွင် အထောက်အကူဖြစ်စေရန်ရည်ရွယ်၍ အသင်းဥက္ကဋ္ဌ ဦးထက်ရှင်းသန့်က ငါးပြည်ဝင် ဆန်တစ်အိတ်စီနှင့် COVID–19 ပညာပေးလက်ကမ်းစာစောင်များကို အိမ်တိုင်ရာရောက် သွားရောက်ထောက်ပံ့ပေးခဲ့ခြင်းဖြစ်ပြီး ရောဂါကာကွယ်ရေးအတွက် လက်ကမ်းစာစောင်ပါ လမ်းညွှန်ချက်များကို တိကျစွာလိုက်နာ၍ လက်ကို မကြာခဏ စနစ်တကျဆေးကြောကြရန်လည်း ပညာပေးဆွေးနွေးခဲ့သည်။

ထို့အပြင် တကူကျေးရွာအုပ်စု နယ်မြေဒေသအတွင်းရှိ မည်သူမဆို ဆန်ခွဲကြိတ်လိုပါက လူထုရှင်းသန့်အသင်းအဖွဲ့ပိုင် ဆန်စက်၌ ကြိတ်ခွဲခမယူဘဲ အခမဲ့ကြိတ်ခွဲပေးမည်ဖြစ်သလို ဆန်အိတ်များကိုလည်း အကျိုးအမြတ်မယူဘဲ အိမ်တိုင်ရာရောက် ကူညီပို့ဆောင်ပေးရန် စီစဉ်ထားကြောင်း သိရသည်။

နန်းသာရီ–ထိန်ဝင်း(ပြန်/ဆက်)

## မင်္ဂလာတောင်ညွန့်မြို့နယ်၌ ပြည်ပမှပြန်လာသူများအား သီးသန့်ထားရှိနိုင်ရန် ပြင်ဆင်နေ

**ရန်ကုန် မတ် ၃၀**

ရန်ကုန်အရှေ့ပိုင်းခရိုင် မင်္ဂလာတောင်ညွန့်မြို့နယ်တွင် COVID–19 ကာကွယ်ထိန်းချုပ်နိုင်ရေးအတွက် ပြည်ပမှ ပြန်လည်ရောက်ရှိလာသူများအား သီးသန့်ထား စောင့်ကြပ်ကြည့်ရှုနိုင်ရန် အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်းကို မတ် ၂၉ ရက်မှစ၍ မြို့နယ်တာဝန်ရှိသူများက ပြင်ဆင်မှုများ ဆောင်ရွက်နေကြောင်း သိရသည်။

ကြိုတင်ပြင်ဆင်မှုများအနေဖြင့် အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်းအတွင်းရှိ စာသင်ခန်းများအတွင်း သီးသန့်ထားရှိမည့်သူများ သန့်ရှင်းသပ်ရပ်စွာ နေထိုင်နိုင်ရေး၊ လူတစ်ဦးနှင့် တစ်ဦး ပိုးမွှားကူးစက်မှု မရှိစေရေးတို့အတွက် ကျောင်းခန်းများ ရေဆေးခြင်းနှင့် ပိုးသတ်ဆေးဖျန်းခြင်း လုပ်ငန်းများကို မြို့နယ်မီးသတ်ဦးစီးဌာနနှင့် ကြက်ခြေနီတပ်ဖွဲ့၊ ပြည်သူ့အကျိုးပြုအဖွဲ့များနှင့် တာဝန်ရှိသူများ ပူးပေါင်းဆောင်ရွက်ကာ အခြားလိုအပ်မည့် အချက်များအတွက် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးများက လိုအပ်သည်များကို ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မတ် ၃၀ ရက်အထိ COVID–19 အတည်ပြုလူနာ နှစ်ဦး တွေ့ထားပြီဖြစ်သော မင်္ဂလာတောင်ညွန့်မြို့နယ်၌ တာဝန်ရှိသူများအနေဖြင့် ပြည်သူများအား COVID–19 ရောဂါနှင့်ပတ်သက်၍ အသိပညာပေးမှုများ၊ ဆောင်ရန်၊ ရှောင်ရန်များနှင့် လိုက်နာရမည့် အချက်များကို အသိပညာပေးခြင်းများကိုလည်း ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်လျက်ရှိရာ ရပ်ကွက်များအလိုက် လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်း၊ လှည့်လည်ကြော်ငြာပေးခြင်းနှင့် ပိုစတာများ ကပ်ပေးခြင်းတို့ကိုလည်း ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ချစ်စုဝေ(ပြန်/ဆက်)

## ဂန့်ဂေါမြို့ ရတနာလင်းဆေးရိပ်မွန် အဆောက်အအုံသစ်ကို ပြည်ပမှပြန်လာသူများအား စောင့်ကြည့်ရန် အသုံးပြုခွင့်ပေး

**ဂန့်ဂေါ မတ် ၃၀**

ဂန့်ဂေါမြို့ မြောက်ကုန်းရပ်ကွက်နေ ဦးခင်မောင်ဌေးနှင့် ဇနီး ဒေါ်သီတာအောင် (ရတနာလင်းမိသားစု) အနေဖြင့် ဂန့်ဂေါမြို့ဝင်လမ်းဆုံအနီးတွင် ဆောက်လုပ်ထားသော ၎င်းတို့ပိုင် ရတနာလင်း ဆေးရိပ်မွန် အဆောက်အအုံသစ်ကို ပြည်ပမှ ပြန်လည်ဝင်ရောက်လာသူများအား အသွားအလာကန့်သတ်စောင့်ကြည့်ခြင်းအတွက် အသုံးပြုနိုင်ရန် ခွင့်ပြုပေးထားကြောင်း သိရသည်။



ဆေးရိပ်မွန်အဆောက်အအုံအတွင်း မြို့နယ်အုပ်ချုပ်ရေးမှူးနှင့်အဖွဲ့ ကြည့်ရှုစစ်ဆေးစဉ်

ဆေးရိပ်မွန် အဆောက်အအုံမှာ အသစ်ဖြစ်၍ အသုံးပြုရခြင်းမရှိသေးကြောင်းနှင့် သုံးထပ်အဆောက်အအုံဖြစ်၍ ဆေးသည် ၃၀ ကျော် လက်ခံတည်းခိုနိုင်မည်ဖြစ်ကြောင်း သိရသည်။ ပြည်ပမှ ပြန်ဝင်လာကြမည့်သူများအတွက် အသုံးပြုခွင့်ပေးခြင်းနှင့်စပ်လျဉ်း၍ ပိုင်ရှင် ဒေါ်သီတာအောင်က "အဆောက်အအုံက အခုမှ ဆောက်ပြီးတာပါ၊ ဆေးသည်တွေ လက်မခံရသေးပါဘူး၊ COVID–19 ကာကွယ်ထိန်းချုပ်ကုသရေးအတွက် လိုအပ်နေတဲ့ အချိန်အခါမှာ လိုအပ်တဲ့အလှူကို ပေးလှူလိုက်တာဖြစ်ပါတယ်"ဟု ပြောသည်။

အဆိုပါ အဆောက်အအုံကို အသုံးပြုခွင့်ပေးခြင်းအတွက် ဂန့်ဂေါမြို့နယ်အဆင့် COVID–19 ကာကွယ် ထိန်းချုပ် ကုသရေး ကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမောင်မောင်အေးနှင့် ကော်မတီဝင်များက အဆိုပါ ရတနာလင်း ဆေးရိပ်မွန်သို့ မတ် ၂၉ ရက်က သွားရောက်၍ ပိုင်ရှင်များအား ကျေးဇူးတင်စကား ပြောကြားကာ သန့်ရှင်းရေးလုပ်ငန်းများ အပါအဝင် စောင့်ကြည့်မည့်သူများအား ထားရှိရန် လိုအပ်သော လုပ်ငန်းများကို စီစဉ်ဆောင်ရွက်နေကြကြောင်း သိရသည်။

(၁၄၄)

## ဆင်ဖြူကျွန်းတိုက်နယ်အတွင်း ကျန်းမာရေးစောင့်ကြည့်မှု ခံယူနေသည့် နေရပ်ပြန်များအား အစားအသောက်များနှင့် ဆေးများ ထောက်ပံ့

**ဆင်ဖြူကျွန်း မတ် ၃၀**

မကွေးတိုင်းဒေသကြီး ဆင်ဖြူကျွန်းမြို့နယ်အတွင်းရှိ ကျေးရွာများ၌ ပြည်ပမှပြန်လာပြီး ၁၄ ရက်ကြာ သီးသန့်နေထိုင်၍ အသွားအလာကန့်သတ်စောင့်ကြည့်မှုကို ခံယူနေသည့် နေရပ်ပြန်များထံသို့ ဆင်ဖြူကျွန်းမြို့ COVID–19 ကာကွယ် ထိန်းချုပ် ကုသရေးနှင့် ရောဂါစောင့်ကြပ်ကြည့်ရှုရေး လုပ်ငန်းကော်မတီဝင်များ မတ် ၂၉ ရက်တွင် သွားရောက်ကာ အစားအသောက်များနှင့် ဆေးပစ္စည်းများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

ဆင်ဖြူကျွန်းမြို့နယ်အတွင်းရှိ သမြင်ကင်း၊ နောင်တော်ကြီး၊ နောင်တော်လေးနှင့် ဆင်မကျွန်း ကျေးရွာများရှိ သတ်မှတ်နေရာများတွင် အသွားအလာ ကန့်သတ်၍ စောင့်ကြပ်ကြည့်ရှုမှုကို ခံယူနေသည့် နေရပ်ပြန်လာသူများနှင့် အနီးကပ် ကြီးကြပ်နေသော ကျန်းမာရေးဝန်ထမ်းများအား ဆင်ဖြူကျွန်းမြို့ COVID–19 ရောဂါကာကွယ်ထိန်းချုပ်ကုသရေးနှင့် ရောဂါစောင့်ကြပ်ကြည့်ရှုရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ မြို့အုပ်ချုပ်ရေးမှူး ဦးဝေဖြိုးထွန်းနှင့် ကော်မတီဝင်များ၊ ဒုရဲအုပ် ကျော်မျိုးဇော်နှင့် ရဲတပ်ဖွဲ့ဝင်များ၊ မြို့ခံ လူငယ်ပရဟိတအသင်းအဖွဲ့ဝင်များက သွားရောက်တွေ့ဆုံ၍ ကြက်ဥ၊ အချိုရည်၊ နို့ဆီ၊ ကော်ဖီ၊ ခေါက်ဆွဲခြောက်ထုပ်များနှင့် လက်သန့်ဆေးရည်၊ နှာခေါင်းစည်း၊ လက်အိတ်၊ ဒတ်တောလ် ပိုးသတ်ဆေးဘူးနှင့် အရက်ပြန် စသည့် ဆေးပစ္စည်းများကို ထောက်ပံ့ပေးအပ်ခဲ့သည်။

ဆင်ဖြူကျွန်းတိုက်နယ်အတွင်း၌ မတ် ၂၉ ရက်အထိ ပြည်ပနိုင်ငံများမှ နေရပ်ပြန်လာသူ စုစုပေါင်း ၇၆ ဦးရှိပြီး လက်ရှိအချိန်အထိ စောင့်ကြပ်ကြည့်ရှုမှုအရ သံသယဖြစ်ဖွယ် ရောဂါလက္ခဏာပြသူ မတွေ့ရှိကြောင်း ဆင်ဖြူကျွန်းမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ သိရသည်။

**စိုးမိုးသူ(စလင်း)**

## သံတောင်ကြီးမြို့နယ်၌ ပြည်ပမှပြန်လာသူများအား သီးသန့်ထား၍စောင့်ကြည့်မည်

**သံတောင်ကြီး မတ် ၃၀**

ကရင်ပြည်နယ် သံတောင်ကြီးမြို့နယ်၌ COVID–19 ကူးစက်မှုကို ကာကွယ်ရေးအတွက် နိုင်ငံရပ်ခြားမှ ပြန်လည်ရောက်ရှိလာသူများအား သီးသန့်ထား၍ စောင့်ကြည့်သွားရန် သံတောင်ကြီးမြို့ အထက ကျောင်းဝင်းရှိ မိုးလုံလေလုံ အားကစားခန်းမ၌ ပြင်ဆင်လျက်ရှိကြောင်း သိရသည်။

သီးသန့်ထားရန်နေရာ ပြင်ဆင်ဆောင်ရွက်မှု အခြေအနေကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်မိုးအောင်၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးနေသွေး၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဒေါက်တာစည်သူစန်းနှင့် တာဝန်ရှိသူများက မတ် ၃၀ ရက် နံနက်တွင် သွားရောက်စစ်ဆေးခဲ့သည်။ အဆိုပါ သီးသန့်ထား စောင့်ကြည့်မည့်နေရာတွင် နိုင်ငံခြားမှ ပြန်လည်ရောက်ရှိလာသူများအား ၁၄ ရက်ကြာ စောင့် ကြည့်ရန် လိုအပ်သည့် အစားအသောက် အသုံးအဆောင်များ၊ အမျိုးသမီးများအတွက် သီးသန့်ရေချိုးခန်းနှင့် အိမ်သာများ စီစဉ်ပေးထားပြီး အခြားလိုအပ်သည်များကိုလည်း သံတောင်ကြီးမြို့ရှိ စေတနာ့ဝန်ထမ်းအဖွဲ့များက ဝိုင်းဝန်းကူညီပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## မြောင်းမြမြို့ COVID-19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းအတွက် အလှူငွေများ လှူဒါန်းနိုင်

**မြောင်းမြ မတ် ၃၀**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် ပြည်သူ့ဆေးရုံကြီးနှင့် မြောင်းမြမြို့နယ်အတွင်း COVID–19 ကူးစက်ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းများတွင် အသုံးပြုရန်အတွက် စေတနာရှင်၊ အလှူရှင်များက အလှူငွေများ ထည့်ဝင်လျက်ရှိရာ မတ် ၃၀ ရက်အထိ လှူဒါန်းငွေကျပ် ၂၈၆ သိန်းကျော်၊ ထမင်းဘူး ၂၀၀၀ နှင့် ဆေးရုံသုံးပစ္စည်းအချို့ကို လက်ခံရရှိနေပြီဖြစ်ကြောင်း သိရသည်။ အဆိုပါ အလှူငွေများကို CB Bank တွင် အကောင့်အမှတ် (0059600100053023)ဖြင့် ဖွင့်လှစ်ကာ ထပ်မံလှူဒါန်းလိုသော အလှူရှင်များအနေဖြင့် အဆိုပါ ဘဏ်အကောင့်သို့လည်း တိုက်ရိုက်ထည့်ဝင်နိုင်ကြောင်း သိရသည်။

မြောင်းမြမြို့နယ်၌ ပြည်ပမှ ပြန်လည်ဝင်ရောက်လာသူများမှာ မတ် ၃၀ ရက်အထိ ၂၀၆ ဦးရှိပြီး ၎င်းတို့ထဲမှ ၁၉ ဦးမှာ မိမိသဘောဆန္ဒအလျောက် ရှုခင်းသာကျေးရွာရှိ စွမ်းအား ပရိယတ္တိတောရကျောင်း၌ သီးသန့်နေထိုင်၍ စောင့်ကြည့်မှုကို ခံယူလျက်ရှိကြောင်းနှင့် ၎င်းတို့အတွက် စားသောက်နေထိုင်ရေး ကိစ္စများကို မြို့နယ်အုပ်ချုပ်ရေးမှူးရုံးက ဦးဆောင်၍ စီစဉ်ဆောင်ရွက်ပေးထားကြောင်း သိရသည်။

**အောင်မင်း(မြောင်းမြ)**

## မိုင်းယုမြို့၌ COVID-19 လူထုအခြေပြုစောင့်ကြည့်စခန်းဖွင့်ရန် ပြင်ဆင်မှုများ ဆောင်ရွက်လျက်ရှိ

**မိုင်းယု မတ် ၃၀**

ရှမ်းပြည်နယ်အရှေ့ပိုင်း မိုင်းယုမြို့၌ COVID–19 ရောဂါအခြေအနေများကြောင့် ပြည်ပမှ ပြန်ဝင်လာသူများအား အသွားအလာ ကန့်သတ်စောင့်ကြည့်ခြင်း ပြုလုပ်ရန် လူထုအခြေပြု စောင့်ကြည့်စခန်းကို မတ် ၃၀ ရက်မှစ၍ မိုင်းယုမြို့ အခြေခံပညာ အထက်တန်းကျောင်း၌ ပြင်ဆင်ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ လူထုအခြေပြုစောင့်ကြည့်စခန်း ပြင်ဆင်ခြင်းကို မိုင်းယုမြို့ ကော်ဟိုလွယ် ခေတ္တတပ်စခန်းမှ ဗိုလ်မှူးကြီး အောင်ဇင်ဦး၊ မိုင်းယုမြို့အုပ်ချုပ်ရေးမှူး ဦးအောင်ပြည့်ဖြိုးနှင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ ပြည်သူများ ပူးပေါင်းဆောင်ရွက်နေကြပြီး လိုအပ်သည့် အစားအသောက်၊ ရေ၊ လျှပ်စစ်မီး၊ အိပ်ရာ၊ ခုတင်များ စနစ်တကျထားရှိနိုင်ရေး၊ တာဝန်ကျ ဝန်ထမ်းများ ချထားရေးစသည့် ကဏ္ဍအသီးသီးအတွက် ပြင်ဆင်လျက်ရှိကြောင်း သိရသည်။

**ကိုကိုနိုင်(မိုင်းယု)**



## တရားမဝင်လမ်းကြောင်းမှ ပြန်ဝင်လာမည့်သူများအား ပိတ်ဆို့စစ်ဆေးနိုင်ရန် မယ်စဲ့မြို့နယ်အတွင်း၌ စစ်ဆေးရေးဂိတ်များ ပြောင်းရွှေ့ဖွင့်လှစ်

**မယ်စဲ့ မတ် ၃၀**

ကယားပြည်နယ် ဘော်လခဲခရိုင် မယ်စဲ့မြို့နယ်တွင် လက်ရှိ နယ်စပ်ဂိတ်များဖြစ်သော ဘီပီ(၁၃) နှင့် ဘီပီ(၁၄) ဂိတ်များကို ပိတ်ထားလိုက်ပြီဖြစ်ရာ အခြားလမ်းကြောင်းများမှ တရားမဝင် ပြန်လည်ဝင်ရောက်လာနိုင်မည့် နေရာများတွင်လည်း ပိတ်ဆို့စစ်ဆေးနိုင်ရန်အတွက် စစ်ဆေးရေးဂိတ်နှစ်ခုကို နမ့်မန်းကျေးရွာနှင့် မယ်ဆည်နမ်ကျေးရွာတို့တွင် ပြောင်းရွှေ့ဖွင့်လှစ်ထားကြောင်း သိရသည်။

မယ်စဲ့မြို့နယ်ရှိ ဘီပီ(၁၃)နှင့် ဘီပီ(၁၄) နယ်စပ်ဂိတ်များကို မတ် ၂၁ ရက်မှစ၍ တရားဝင်ပိတ်ထားပြီးဖြစ်ရာ ဘီပီ(၁၃)ဂိတ်အနီးရှိ အခြားဝင်ပေါက်/ထွက်ပေါက်များမှ တရားမဝင် ပြန်လည်ဝင်ရောက်လာနိုင်သူများအား ပိတ်ဆို့စစ်ဆေးနိုင်ရေးအတွက် စစ်ဆေးရေးဂိတ်ကို နမ့်မန်းကျေးရွာ၌လည်းကောင်း၊ ဘီပီ(၁၄)ဂိတ်နှင့် ဆက်စပ်ဝင်ပေါက်များနှင့် ဘီပီ(၁၅) လမ်းကြောင်းများမှ ပြန်လည်ဝင်ရောက်လာနိုင်သူများအား ပိတ်ဆို့စစ်ဆေးနိုင်ရေးအတွက် ပူးပေါင်းစစ်ဆေးရေးဂိတ်တစ်ခုကို မယ်ဆည်နမ်ကျေးရွာ၌လည်းကောင်း ပြောင်းရွှေ့ဖွင့်လှစ်ထားခြင်းဖြစ်ကြောင်း သိရသည်။



စစ်ဆေးရေးဂိတ်မှ တာဝန်ရှိသူများအား မြို့နယ်အုပ်ချုပ်ရေးမှူး တွေ့ဆုံမှာကြားစဉ်။

အဆိုပါ ဂိတ်နှစ်ခု ဖွင့်လှစ်၍ လုပ်ငန်းများဆောင်ရွက်နေသည့် အခြေအနေကို မြို့နယ်အုပ်ချုပ်ရေးမှူးဦးလှမျိုးထွန်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးငွေးဝင်းနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက မတ် ၂၉ ရက်တွင် သွားရောက်ကြည့်ရှုပြီး ပူးပေါင်းစစ်ဆေးရေးအဖွဲ့များအနေဖြင့် ထူးခြားမှုရှိပါက အချိန်နှင့်တစ်ပြေးညီ သတင်းပေးပို့ရန်နှင့် နေရပ်ပြန်ဝင်လာသည့် ပြည်သူများရှိပါက အထက(မယ်စဲ့)ကျောင်း၌ ၁၄ ရက်ကြာ အသွားအလာကန့်သတ်၍ စောင့်ကြပ်ကြည့်ရှုခြင်းကို လုပ်ဆောင်သွားရမည်ဖြစ်ကြောင်း မြို့နယ်အုပ်ချုပ်ရေးမှူးက စစ်ဆေးရေးဂိတ်များမှ တာဝန်ရှိသူများအား မှာကြားခဲ့သည်။

ထို့နောက် မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက စစ်ဆေးရေးအဖွဲ့၏ အုပ်ချုပ်မှုလုပ်ငန်းများ ဆောင်ရွက်နိုင်ရေး၊ သွားလာရေးနှင့် နေထိုင်စားသောက်ရေးတို့အတွက် ပြည်နယ် အစိုးရအဖွဲ့မှ ပထမအကြိမ် ထောက်ပံ့ငွေအဖြစ် အဖွဲ့တစ်ဖွဲ့လျှင် ကျပ် ၂၄၅၀၀၀ စီကို ထောက်ပံ့ပေးအပ်ခဲ့သည်။

ဝတ်ရည်(ပြန်/ဆက်)

## ဝက်လက်မြို့၌ COVID-19 ကာကွယ်ရေးအတွက် ဆေးဖျန်း

**ဝက်လက် မတ် ၃၀**

စစ်ကိုင်းတိုင်းဒေသကြီး ဝက်လက်မြို့၌ COVID-19 တားဆီးကာကွယ်ရေးအတွက် ပိုးသတ်ဆေးဖျန်းခြင်းကို မတ် ၂၉ ရက်က ဆောင်ရွက်ခဲ့ပြီး မြို့နယ်မီးသတ် ဦးစီးအရာရှိဦးမောင်းနိန် နှင့် တပ်ဖွဲ့ဝင်များက လူစည်ကားရာနေရာများဖြစ်သော မြို့နယ်ပြန်/ဆက်ဦးစီးဌာနရုံးနှင့် စည်ပင်သာယာဈေးတို့၌ ပိုးသတ်ဆေးများ ဖျန်းပေးခဲ့ကြသည်။ ပိုးသတ်ဆေးဖျန်းရာတွင် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးစိုးဝင်းထွန်းနှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ လိုက်ပါဆောင်ရွက်ခဲ့ကြသည်။

စိုးစိုးလှိုင်(ဝက်လက်)

## ကျောက်မဲမြို့တွင် COVID-19 ကာကွယ်ရေးဆောင်ရွက်

**ကျောက်မဲ မတ် ၃၀**

ရှမ်းပြည်နယ်မြောက်ပိုင်း ကျောက်မဲမြို့တွင် COVID-19 ရောဂါ ကူးစက်ပြန့်ပွားမှု မရှိစေရေးအတွက် မြို့အဝင်တွင် စစ်ဆေးရေးဂိတ်ထားရှိပြီး ကားများကို စစ်ဆေးခြင်း၊ ခရီးသည်များကို အပူချိန်တိုင်းတာခြင်း၊ ကျန်းမာရေးအသိပညာပေးခြင်း၊ ပြည်ပပြန်များအား သီးသန့်ထား၍ အသွားအလာကန့်သတ် စောင့်ကြည့်ခြင်းနှင့် ကားများကို ပိုးသတ်ဆေးဖျန်းခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိရာ မတ် ၂၈ ရက် ည ၈ နာရီအထိ ထိုင်းနိုင်ငံနှင့် တရုတ်နိုင်ငံတို့မှ ပြန်လာသူများအား သီးသန့်ထား၍ အသွားအလာကန့်သတ် စောင့်ကြည့်နေမှု စုစုပေါင်း ၁၀၈ ဦး ရှိကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## မိုင်းခတ်မြို့နယ်၌ ပြည်ပမှပြန်လာသူများအား စောင့်ကြပ်ကြည့်ရှုနေ

**မိုင်းခတ် မတ် ၃၀**

COVID-19 ရောဂါ ကြိုတင်ကာကွယ်တားဆီးရေးအတွက် ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းခတ်မြို့နယ်တွင် ပြည်ပမှ ပြန်လည်ရောက်ရှိလာသူများအား ၁၄ ရက်တာ စောင့်ကြပ်ကြည့်ရှုခြင်းကို မတ် ၂၈ ရက်မှစ၍ ဆောင်ရွက်လျက်ရှိသည်။ ပြည်ပမှ ပြန်ဝင်လာသူများအား အထက(မိုင်းခတ်)၌ သီးသန့်ထားရှိ၍ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကောင်းမြင့်သူ ဦးဆောင်သော ဌာနဆိုင်ရာများက စာရင်းမှတ်တမ်းရေးသွင်းခြင်း၊ နေထိုင်စားသောက်ရေးအတွက် စီစဉ်ပေးခြင်းနှင့် လုံခြုံရေးအတွက် အပြင်စည်း၊ အတွင်းစည်းများ သတ်မှတ်၍ စောင့်ကြည့်ခြင်းတို့ကို စနစ်တကျ စီစဉ်ပေးထားကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## ဘားအံမြို့၌ အခြေခံစားသောက်ကုန်ဈေးနှုန်းများ ပြောင်းလဲမှုမရှိဘဲ ဈေးတည်ငြိမ်လျက်ရှိ

**ဘားအံ မတ် ၃၀**

မြန်မာနိုင်ငံအတွင်း မြို့နယ်အချို့တွင် COVID-19 ဂယက်ကြောင့် အခြေခံစားသောက်ကုန်ဈေးနှုန်း မြင့်တက်မှုများ ရှိနေသော်လည်း ကရင်ပြည်နယ် ဘားအံမြို့တွင်မူ COVID-19 ရောဂါကြိုတင်ကာကွယ်ထိန်းချုပ်ရေး လုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိသလို အခြေခံစားသောက်ကုန်အများစု၏ ဈေးနှုန်းများမှာလည်း အဆိုပါရောဂါဂယက်ကြောင့် မြင့်တက်ခြင်းမရှိဘဲ တည်ငြိမ်လျက်ရှိကြောင်း ဈေးကွက်အတွင်းမှ သိရသည်။

ဘားအံမြို့ရှိ လက်လီလက်ကားရောင်းချသော ကုန်စုံဆိုင်ကြီးအချို့မှ မတ် ၂၉ ရက် ဈေးနှုန်းများအရ ကြက်သွန်နီ တစ်ပိဿာ ကျပ် ၉၀၀၊ အာလူး တစ်ပိဿာ ကျပ် ၁၁၀၀၊ ဆား တစ်ပိဿာ ကျပ် ၁၃၀၊ ငရုတ်သီးခြောက် တစ်ပိဿာ ကျပ် ၃၄၀၀၊ ပဲဝါခြမ်း တစ်ပိဿာ ကျပ် ၁၄၀၀၊ သီလဝါဆိပ်ကမ်းမှ ဝင်ရောက်လာသော စားဆီတစ်ပိဿာ ကျပ် ၂၄၀၀၊ ဂျုံတစ်ပိဿာ ကျပ် ၁၆၀၀ စသည်ဖြင့် ပုံမှန်ဈေးနှုန်းအတိုင်းသာ ရှိနေကြောင်း သိရသည်။ ကုန်စည်သယ်ယူပို့ဆောင်သည့် မော်တော်ယာဉ်ခ ဈေးနှုန်းများ အနည်းငယ်ပြောင်းလဲမှုရှိသော်လည်း ဘားအံမြို့သို့ ကုန်စည်ဝင်ရောက်မှုများမှာ ပုံမှန်အတိုင်းရှိနေကြောင်း သိရသည်။

အခြေခံစားသောက်ကုန်များ ရောင်းအားမှာမူ ယခု ရက်သတ္တပတ်အတွင်း နှစ်ဆခန့် မြင့်တက်သွားကြောင်း၊ အိမ်ဆိုင်များနှင့် ပုံမှန်ဝယ်ယူနေသည့် ဖောက်သည်များက ကုန်စည်များကို သိုလှောင်ရောင်းချလို၍သော်လည်းကောင်း၊ စားသုံးသူများက COVID-19 နှင့်ပတ်သက်၍ စိုးရိမ်မှုရှိသောကြောင့် ဝယ်ယူသိုလှောင်ခြင်းကြောင့်သော်လည်းကောင်း ရောင်းအားမြင့်တက်သွားခြင်းဖြစ်ကြောင်း၊ ကားခဈေးတက်သော်လည်း အခြေခံစားသောက်ကုန်များ အပါအဝင် အခြား ကုန်ပစ္စည်းအများစုမှာ ဈေးမတက်ဘဲ ပုံမှန်ဈေးနှုန်းအတိုင်းသာ ရောင်းချလျက်ရှိကြောင်း သိရသည်။

ဘားအံမြို့တွင် COVID-19 ကာကွယ်ထိန်းချုပ်ရေးအတွက် ပြည်သူများအား အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်း၊ လက်ဆေးကန်နှင့် လက်ဆေးရန်နေရာများ ထားရှိပေးခြင်း၊ ပညာပေးဗီနိုင်းပိုစတာ၊ စတေကာများ ကပ်ပေးခြင်း၊ ဈေးများနှင့် လူစည်ကားရာနေရာများတွင် ပိုးသတ်ဆေးများ ဖျန်းပေးခြင်း၊ ဟိုတယ်နှင့် တည်းခိုခန်းများတွင် စစ်ဆေးခြင်း၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနနှင့် ပြည်နယ်အစိုးရအဖွဲ့တို့၏ ထုတ်ပြန်ချက်များကို မော်တော်ယာဉ်များဖြင့် လိုက်လံနှိုးဆော်ပေးခြင်း စသည့် ကြိုတင် ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိသည်။ ဒေသခံပြည်သူများအား တတ်နိုင်သမျှ မိမိတို့နေအိမ်တွင်သာ နေထိုင်၍ ခရီးသွားလာခြင်း၊ လူစုလူဝေးပြုလုပ်ခြင်းများ မပြုလုပ်ကြရန် သတိပေးထားသည့်အတွက် မြို့တွင်းလမ်းများတွင် ယခင်ကဲ့သို့ လူသွားလာမှုမများတော့ကြောင်း သိရသည်။

စောမျိုးမင်းသိန်း(ပြန်/ဆက်)

## မိုးညိုမြို့နယ်၌ COVID-19 ကြိုတင်ကာကွယ်ရေး အရှိန်မြှင့်ဆောင်ရွက်လျက်ရှိ

**မိုးညို မတ် ၃၀**

ပဲခူးတိုင်းဒေသကြီး မိုးညိုမြို့နယ်အတွင်း COVID-19 ကူးစက်မှု မဖြစ်ပွားစေရေးအတွက် မြို့နယ်အဆင့် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို မြို့နယ်ဆရာဝန်ကြီး ဒေါက်တာကျော်မိုး ဦးဆောင်သည့် ကျန်းမာရေးဝန်ထမ်းများ၊ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ဦးစီးမှူး ဦးမင်းသူမောင်နှင့် ဝန်ထမ်းများ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးအောင်စိုးနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ရဲတပ်ဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ ပူးပေါင်းပြီး အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိသည်။ မတ် ၂၉ ရက်မှစ၍ စည်ပင်သာယာဈေး၊ အဝေးပြေးကားဂိတ်နှင့် မြို့အဝင်ဂိတ်များတွင် COVID-19 ဆိုင်ရာ ပညာပေးပိုစတာများ ကပ်ခြင်း၊ လက်ကမ်းစာစောင်များဖြန့်ဝေပေးခြင်း၊ ဈေးအတွင်း လက်ဆေးဘေစင်များ တပ်ဆင်ပေးခြင်း၊ ဈေးဆိုင်များ သတ်မှတ်ထားသောအချိန်များအတွင်းသာ ရောင်းချရန်နှင့် ရောင်းချရာတွင် ပါဆယ်အိတ်များဖြင့်သာရောင်းချရန် စည်းကမ်းသတ်မှတ်ခြင်း စသည်တို့ကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ကိုမင်း(မိုးညို)

## ချောင်းဦးမြို့၌ COVID-19 ထိန်းချုပ်ကာကွယ်ရေးလုပ်ငန်းများ အရှိန်မြှင့်ဆောင်ရွက်

**ချောင်းဦး မတ် ၃၀**

စစ်ကိုင်းတိုင်းဒေသကြီး ချောင်းဦးမြို့၌ COVID-19 ထိန်းချုပ်ကာကွယ်ရေးလုပ်ငန်းများကို မြို့နယ်ကျန်းမာရေးဦးစီးဌာန၊ မြို့နယ် စည်ပင်သာယာရေးကော်မတီနှင့် သက်ဆိုင်ရာ ဌာနအဖွဲ့အစည်းများ ပူးပေါင်းကာ အရှိန်အဟုန်မြှင့်၍ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မတ် ၃၀ ရက်တွင် လူစည်ကားရာ မြို့မ စည်ပင်သာယာဈေးအတွင်းမှ ဈေးသူ ဈေးသားများနှင့် ဈေးဝယ်ပြည်သူများအား ရောဂါမကူးစက်အောင် နေထိုင်သွားလာရေး၊ နှာခေါင်းစည်းကို စနစ်တကျ တပ်ဆင်အသုံးပြုရေး၊ သားငါးဟင်းများ ကိုင်တွယ်ရောင်းချရာတွင် လက်အိတ်များ အသုံးပြုရေးနှင့် လက်သန့်ရှင်းရေးကို ဂရုပြုရေး အသိပညာပေးခြင်း၊ ဈေးအတွင်းရှိ မုန့်ဆိုင်များတွင် ဆိုင်ထိုင်စားသည့်စနစ်ဖြင့် မရောင်းဘဲ ပါဆယ်ဆွဲသာ ရောင်းချကြရန် သတိပေးခြင်းနှင့် ဈေးတွင် ဝယ်သူများအနေဖြင့် တစ်ဦးနှင့် တစ်ဦး သုံးပေခွာ၍ တန်းစီဝယ်ယူကြရန် သတ်မှတ်မျဉ်းများ ရေးဆွဲခြင်း စသည်တို့ကို ဆောင်ရွက်ခဲ့သည်။

ထို့အပြင် မြို့ပေါ်ရှိ စားသောက်ဆိုင်များတွင် ဆိုင်ထိုင်စားသည့်စနစ်ဖြင့် ရောင်းချခြင်းမပြုလုပ်ကြရန်နှင့် ပါဆယ် ထုပ်၍သာ ရောင်းချကြရန် လိုက်လံသတိပေးမှာကြားပြီး ပြည်သူများအနေဖြင့် လူစုလူဝေးဖြင့် သွားလာနေထိုင်ခြင်းများကို ရှောင်ကြဉ်ကြရန် အသိပေးမှုများ လှည့်လည်ဆောင်ရွက်ခဲ့ကြသည်။

ချောင်းဦးမြို့နယ် စည်ပင်သာယာရေးအဖွဲ့က စီမံကွပ်ကဲနေသည့် အမြင့်ဈေးနှင့် ခင်မွန်ဈေးများတွင် COVID-19 ကာကွယ်ထိန်းချုပ်ရေး အထောက်အကူပြုလုပ်ငန်းတစ်ခုအဖြစ် ပိုးသတ်ဆေးဖျန်းခြင်းကို ဆောင်ရွက်ထားပြီးဖြစ်ကြောင်းလည်း ချောင်းဦးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကြည်သန့်ဝင်းထံမှ သိရသည်။

အိအိအောင်(ချောင်းဦး)



## ဘက်ရဲမြို့၌ ပြည်ပမှ ပြန်လည်ဝင်ရောက်လာသူများအား သီးသန့်ထား စောင့်ကြည့်လျက်ရှိ

**ကြံခင်း မတ် ၃၀**

ရေဝတီတိုင်းဒေသကြီး ကြံခင်းမြို့နယ် ဘက်ရဲမြို့တွင် ပြည်ပမှ ပြန်လည်ရောက်ရှိလာသူများအား မတ် ၂၉ ရက်မှစ၍ ဘက်ရဲမြို့ အမှတ်(၂)ရပ်ကွက်ရှိ အထက(ဘက်ရဲ) မူလတန်းကျောင်းတွင် သီးသန့်ထား၍ အသွားအလာကန့်သတ် စောင့်ကြည့်လျက်ရှိကြောင်း သိရသည်။

ဘက်ရဲမြို့တွင် ပြည်ပနိုင်ငံများမှ ပြန်လည်ရောက်ရှိလာသူ အမျိုးသား ၁၅ ဦးနှင့် အမျိုးသမီး လေးဦးရှိပြီး ၎င်းတို့အား ၁၄ ရက်ကြာ သီးသန့်ထား စောင့်ကြပ်ကြည့်ရှုမည်ဖြစ်ကြောင်း၊ စောင့်ကြည့်နေစဉ်အတွင်း ကျန်းမာရေးစောင့်ရှောက်မှုနှင့် အစားအသောက်များ စနစ်တကျ ရရှိစေရေးကိုလည်းကောင်း၊ သန့်ရှင်းသပ်ရပ်သောအခန်းများ ပြင်ဆင်ခြင်းကိုလည်းကောင်း မြို့အုပ်ချုပ်ရေးမှူး ဦးအောင်ကိုကို၏ ဦးဆောင်မှုဖြင့် ကျန်းမာရေးဌာနမှ ဝန်ထမ်းများနှင့် အခြားတာဝန်ရှိသူများ ပူးပေါင်း၍ ဆောင်ရွက်ပေးထားကြောင်း သိရသည်။ စောင့်ကြပ်ကြည့်ရှုနေသည့် အခြေအနေကို လွှတ်တော်ကိုယ်စားလှယ် ဦးကျော်မျိုးလင်းနှင့် ကြံခင်းမြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ကျော်လွင်တို့ကလည်း လာရောက်ကွင်းဆင်းကြည့်ရှုပြီး လိုအပ်သည်များကို ဖြည့်စွက်ဆောင်ရွက်ပေးရန် တာဝန်ရှိသူများအား မှာကြားခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## ဘဝနတ်ထံပျံလွန်တော်မူခြင်း

### သရက်တောတိုက်၊ သာသနာ့ဝံသကျောင်း၊ ပဓာနနာယက ဆရာတော်

# ဘဒ္ဒန္တဝိလာသဂ္ဂ

### သက်တော်(၇၆)နှစ်၊ သိက္ခာတော်(၅၆)ဝါ

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ သရက်တောတိုက် သာသနာ့ဝံသကျောင်း၏ ဦးစီးပဓာနနာယက ဘဒ္ဒန္တဝိလာသဂ္ဂ သည် ၂၈-၃-၂၀၂၀ရက် နံနက် ၅နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို ယင်းနေ့ ညနေ ၅နာရီတွင် ရေဝေးသုသာန်၌ အန္တိမအဂ္ဂိစျာပန ပြုလုပ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ တပည့်ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

**တပည့် ဒါယကာ၊ ဒါယိကာမများ**

---

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယကာကြီး

# ဗိုလ်မှူးကြီးစိန်အောင်(ငြိမ်း) ပျော်ဘွယ်

### (ယခင်မကွေးတိုင်းဒေသပါတီကော်မတီဥက္ကဋ္ဌ)

### အသက်(၉၀)

ရန်ကုန်မြို့၊အမှတ် ၄၆၊ ကြာပဒုမ္မာလမ်း၊ ငွေကြာရံရိပ်သာ(၃/ခ)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နေ (ဦးဖေသန့်-ဒေါ်ဖွားမှီ) တို့၏သား၊ (ဒေါ်ခင်စန်းလှဲ့)-၁၉၆၆၊ (ဒေါ်တင်လှိုင်)-၂၀၁၈ တို့၏ ချစ်လှစွာသောခင်ပွန်း၊ (ဦးမိုးအောင်)-ဒေါ်ဝင်းသန်းဇော်၊ ဒေါက်တာစန္ဒာအောင်(ပါမောက္ခ ဌာနမှူး၊ ဇီဝဗေဒဌာန)တိုင်းရင်းသားလူငယ်များစွမ်းရည်ဖွံ့ဖြိုးရေးဒီကရီကောလိပ်(ရန်ကုန်)၊ ပြင်ဦးလွင်မြို့နေ ဦးသန်းထွတ်အောင်-ဒေါ်ဖြူသဲကိုကိုတို့၏ကျေးဇူးရှင်မွေးသဖခင်၊ မဖြူလှဲ့အောင်(Air KBZ )၊ မသင်းလှဲ့ရည်မွန်အောင်-ကိုလင်းထက်အောင်၊ ကိုဝေယံထွဋ်ခေါင်၊ မသင်းလဝန်းသာတို့၏ချစ်လှစွာသောအဘိုး၊ သုတလင်းထက်၏ ဘိုးဘိုးကြီးသည် ၂၉-၃-၂၀၂၀ရက် (တနင်္ဂနွေနေ့) ညနေ ၄:၅၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၁-၃-၂၀၂၀ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်းရပ်ဝေးရပ်နီးမှဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ဝမ်းနည်းကြေကွဲခြင်း

# ဦးရှမ်း

### အသက်(၈၁)နှစ်

မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေမြို့နယ်၊ (၈၂)လမ်း၊ ၃၅လမ်းနှင့် ၃၆လမ်းကြား၊ အမှတ်(၄၈၁)နေ ဒေါက်တာမြင့်ငွေး၊ မအေးအေးမြင့်၊ မစန်းစန်းငွေး၊ မသီတာပြုံး(ခ)မချိုမွှေးတို့၏ဖခင်ကြီး အသက်(၈၁)နှစ်ရှိ ပရိယတ္တိသာသနဟိတ (သကျသီဟ) အသင်းကြီးဥက္ကဋ္ဌ၊ မစိုးရိမ်ကျောင်းတိုက် ဂေါပကအဖွဲ့ဥက္ကဋ္ဌ၊ ပါဠိတက္ကသိုလ်ညောင်တုန်းကျောင်းတိုက် လှုရတနာကျောင်းဒါယကာကြီး ဦးရှမ်းသည် ၂၉-၃-၂၀၂၀ရက် (တနင်္ဂနွေနေ့)တွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ပါဠိတက္ကသိုလ်ညောင်တုန်းကျောင်းတိုက်**
**သံဃာများနှင့်ပရိယတ္တိသာသနပါလအသင်း**

---

## ဝမ်းနည်းကြေကွဲခြင်း

# ဦးရှမ်း

### အသက်(၈၁)နှစ်

မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေမြို့နယ်၊ (၈၂)လမ်း၊ ၃၅ လမ်းနှင့် ၃၆ လမ်းကြား၊ အမှတ်(၄၈၁)နေ ဒေါက်တာ မြင့်ငွေး၊ မအေးအေးမြင့်၊ မစန်းစန်းငွေး၊ မသီတာပြုံး(ခ)မချိုမွှေးတို့၏ ဖခင်ကြီး အသက်(၈၁)နှစ်ရှိ ပရိယတ္တိသာသနဟိတ(သကျသီဟ) အသင်းကြီးဥက္ကဋ္ဌ၊ မစိုးရိမ်ကျောင်းတိုက် ဂေါပကအဖွဲ့ဥက္ကဋ္ဌ၊ ဗုဒ္ဓဂယာပုညသဟာယကအဖွဲ့နာယက၊ ပါဠိတက္ကသိုလ်ညောင်တုန်းကျောင်းတိုက် လှုရတနာကျောင်းဒါယကာကြီး ဦးရှမ်းသည် ၂၉-၃-၂၀၂၀ရက်(တနင်္ဂနွေနေ့)တွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဗုဒ္ဓဂယာပုညသဟာယကအဖွဲ့**

---

# ဒေါက်တာတင်မေညွန့် (သမားတော်)ပါမောက္ခ

### ဆေးပညာဌာနဆေးတက္ကသိုလ်(၂)ငြိမ်း

### MBBS ,FRCP,DTM & H.FAHA(USA)

### အသက်(၇၆)နှစ်

အမှတ်(၁၄၀)၊ ဗိုလ်မြတ်ထွန်းလမ်း၊ ဗိုလ်တထောင်မြို့နယ်နေ (ဦးလှိုဖေ့စူး-ဒေါ်ကျင်ရန်)တို့၏ချွေးမ၊ (DRဦးဘတင်- ဒေါ်ညွန့်ညွန့်)တို့၏သမီး၊ ဦးအေးသိန်း(Vic TOR)(ခ)ဦးလှိုခေ့ချွမ်း၏ချစ်လှစွာသောဇနီး၊ [ဦးခင်ဇော်(ခ)ဦးလှိုခေ့ဟွာ]-ဒေါက်တာ ဒေါ်ကြည်ကြည်ဝင်း၊ (ဒေါ်အေးအေးမြ)စီမံဘဏ္ဍာ-ငြိမ်း၊ (ဦးဟင်နရီဉာဏ်ထိန်)နယူးယောက်တို့၏ညီမ၊ ဦးအောင်မြင့်ထူး(ဥက္ကဋ္ဌ၊မြန်မာနိုင်ငံရော်ဘာစိုက်ပျိုးထုတ်လုပ်သူများအသင်း)-ဒေါ်ခင်မြထွေး၊ ဒေါ်မြမြသန်းတို့၏အဒေါ်၊ မသီရိဇော်၏ အဘွားသည် ၂၉-၃-၂၀၂၀ ရက်(တနင်္ဂနွေနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ညနေ၃နာရီတွင် မိသားစု၏ဆန္ဒအရ မီးသင်္ဂြိုဟ်ရေမျောပြီးဖြစ်ကြောင်း ရပ် ဝေးရပ်နီးဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူခင်ပွန်းနှင့်မိသားစု**

---

## ဝမ်းနည်းကြေကွဲခြင်း

# ဦးစောတိတ်အိန်(မုဒုံ)B.Sc(Eng)

### အမှုဆောင်အင်ဂျင်နီယာ(ငြိမ်း)

### ဆောက်လုပ်ရေးဝန်ကြီးဌာန

### အသက်(၉၃)နှစ်

သူငယ်ချင်း ပါမောက္ခဒေါက်တာမြတ်မွန်(ငြိမ်း)၏ ချစ်လှစွာသောဖခင်သည် ၂၈-၃-၂၀၂၀ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် သူငယ်ချင်းမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

၁၉၇၄-၇၈ ခာတု သူငယ်ချင်းများ
မော်လမြိုင်ကောလိပ်

---

## အထူးဝမ်းနည်းကြေကွဲခြင်း

# ဗိုလ်မှူးချုပ်သာငွေး(ငြိမ်း)

### (ထောက်ပံ့နှင့် ပို့ဆောင်ရေးညွှန်ကြားရေးမှူး-ငြိမ်း)

### အသက်(၈၇)နှစ်

သူငယ်ချင်း ဒေါက်တာရဲငွေး-ဒေါ်သူဇာမွန်တို့၏ ဖခင် ဗိုလ်မှူးချုပ်သာငွေး(ငြိမ်း)(ထောက်ပံ့နှင့် ပို့ဆောင်ရေးညွှန်ကြားရေးမှူး-ငြိမ်း)သည် ၂၈-၃-၂၀၂၀ရက်(စနေနေ့) နံနက် ၅:၁၅ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူအထူးဝမ်းနည်းကြေကွဲရပါသည်။

**စစ်တက္ကသိုလ်အမှတ်စဉ်(၂၈) သူငယ်ချင်း မိသားစုများ**

---

## ဝမ်းနည်းကြေကွဲခြင်း

# ပါမောက္ခ ဒေါက်တာတင်မေညွန့်

### အတိုင်ပင်ခံသမားတော်

### အသက်(၇၆)နှစ်

ရန်ကုန်မြို့၊ အမှတ် ၁၄၀၊ ဗိုလ်မြတ်ထွန်းလမ်း၊ ဗိုလ်တထောင်မြို့နယ်နေ ဦးအေးသိန်း၏ဇနီး သမားတော်ကြီး ဒေါက်တာတင်မေညွန့် သည် ၂၉-၃-၂၀၂၀ရက် (တနင်္ဂနွေနေ့) နံနက် ၁၀:၅၉ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**အမှုဆောင်အဖွဲ့**
**Internal Medicine Society**

---

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၆၇/ဒီ၊ မြေကွက်အမှတ် ၂၇၊ မြေကွက်တည်နေရာ အမှတ်(၂၇)(၆၇/ဒီ)ရပ်ကွက်၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် ဒေါ်မေဖူးအောင် ၁၂/ဒဂန(နိုင်) ၀၃၄၇၅၆အမည်ပေါက်ပါမစ်မြေအား ပါမစ်အမည်ပေါက် ဒေါ်မေဖူးအောင် ၁၂/ဒဂန(နိုင်) ၀၃၄၇၅၆ထံမှ ၁၄-၁၂-၂၀၁၈ရက်တွင် အရောင်းအဝယ်အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူထားသူ (၁)ဦးကျော်ကိုဟိန်းအောင် ၁၂/မဂတ(နိုင်) ၀၀၂၈၃၁၊ (၂) ဒေါ်ဇာနည်စိုး ၁၀/မဒန(နိုင်) ၀၀၀၇၂၂တို့မှ ပါမစ်(မူရင်းတုံးပါ၊ မှတ် ပုံတင်စာရင်းဝင်ထားခြင်းမရှိ၊ ခတ်ပုံနှင့်ရာဇဝင်အကျဉ်းချုပ်သာပါရှိ)တင်ပြ၍ ပါမစ်မစုံဖြင့် နှစ် ၆၀ မြေငှားစာချုပ် (ဂရန်) လျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းအသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြစီမံကိန်းလုပ်ငန်းတာဝန်ခံအဖွဲ့၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

---

## ငြင်းချက်ထုတ်ရန် သမ္မန်စာ

### (တရားမကျင့်ထုံးကိုဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)

### သာကေတမြို့နယ်တရားရုံး

### ၂၀၂၀ပြည့်နှစ် တရားမကြီးမှုအမှတ် ၁၉

| | | | |
|---|---|---|---|
| ဦးကျော်မိုးလွင် | နှင့် | ဦးလှစိန်<br>ဒေါ်လှရင် | အတူနေ |
| **တရားလို** | | **တရားပြိုင်များ** | |

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ ၇/အရှေ့ရပ်ကွက်၊ အောင်သပြေအရှေ့(၁၀)လမ်း၊ အမှတ်(၈၉၉/ခ)နေ တရားပြိုင်များဖြစ်သော ဦးလှစိန်၊ ဒေါ်လှရင်(ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

သင်တို့အပေါ်၌ တရားလိုဖြစ်သူ ဦးကျော်မိုးလွင်က ကတိပဋိညာဉ်အတိုင်း အိမ်နှင့်မြေအား မှတ်ပုံတင်စာချုပ်ချုပ်ဆိုပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ (သို့မဟုတ်) ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ ကို ချေပပြောဆိုနိုင်သူ သင်တို့၏ကိုယ်စားလှယ်ရှုံးအခွင့်အမိန့်အရ ရှေ့နေဖြစ်စေ(သို့တည်းမဟုတ်)၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက်၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၂၀ပြည့်နှစ် မေ ၄ရက် (၁၃၈၂ ခုနှစ် ကဆုန်လဆန်း ၁၃ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ပါရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကိုထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်တို့သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်တို့မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာ၌ ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင်တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့်သင်တို့ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်တို့နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်တို့၏ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်တို့က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၀ပြည့်နှစ် မတ် ၂၅ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(မေသူဟန်)**
**တွဲဖက်မြို့နယ်တရားသူကြီး(၁)**
**သာကေတမြို့နယ်တရားရုံး**

---

## သတိပေး နှိုးဆော်ချက်

နေပြည်တော်တွင် မော်တော်ဆိုင်ကယ်စီးနင်းသူများသည် ဆိုင်ကယ်စီးဦးထုပ်ကို မေးသိုင်းကြိုးတပ်၍ စီးနင်းကြရန်နှင့် နှစ်ဦးထက်ပိုမို စီးနင်းခြင်း မပြုကြရန်၊ ထို့အပြင် လိုင်စင်မဲ့ဆိုင်ကယ်များ စီးနင်းခြင်းမပြုကြရန် နှိုးဆော်အပ်ပါသည်။ လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေအရ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေး နှိုးဆော်အပ်ပါသည်။

**နေပြည်တော်ယာဉ်စည်းကမ်းထိန်းသိမ်းရေး**
**ကြီးကြပ်မှုကော်မတီ**

---

## ဘဝနတ်ထံပျံလွန်တော်မူခြင်း

# ဘဒ္ဒန္တ ဣန္ဒစက္က

### (အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက၊ အဂ္ဂမဟာ ကမ္မဋ္ဌာနာ စရိယ)

### သက်တော်(၈၂)နှစ်၊ သိက္ခာတော်(၅၉)ဝါ

ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့၊ ဥဿာမြို့သစ်၊ ရပ်ကွက်ကြီး(၆)၊ ကျိုက်ပွန်ဇေတဝန် ကမ္မဋ္ဌာန်းကျောင်းတိုက်၊ တောင်ပုလု တရားရိပ်သာကြီး၏ ပဓာန နာယက ဆရာတော် ကမ္ဘာ့ဗုဒ္ဓသာသနာပြု တောင်ပုလုဆရာတော်ကြီး၏ တပည့်ရင်းဖြစ်သော ဘဒ္ဒန္တ ဣန္ဒစက္က သည် (၁၃၈၁ ခုနှစ် နှောင်းတန်ခူးလဆန်း ၅ ရက်) ၂၈-၃-၂၀၂၀ရက် (စနေနေ့) ည ၇ နာရီတွင် ဘဝနတ်ကျောင်းစံပြောင်းတော်မူသည်ဖြစ်၍ ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို (၁၃၈၁ ခုနှစ် နှောင်းတန်ခူးလဆန်း ၉ ရက်) ၁-၄-၂၀၂၀ ရက်(ဗုဒ္ဓဟူးနေ့) တွင် ဆင်ဖြူကွင်းသုသာန်၌ အန္တိမအဂ္ဂိစျာပန ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ ရပ်ဝေးရပ်နီးမှ ဆရာတော်ကြီး၏ တပည့် ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အသိပေး အကြောင်းကြား အပ်ပါသည်။

**ဈာပနကျင်းပရေးကော်မတီ**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

# ဦးကြည်ဘို

### အသက်(၈၆)နှစ်

သူငယ်ချင်း ဗိုလ်မှူးချုပ်အောင်ဇော်ဦး -ဒေါ်ဆွေဆွေအောင်တို့၏ဖခင် ဦးကြည်ဘို အသက်(၈၆)နှစ်သည် ၂၇-၃-၂၀၂၀ ရက်(သောကြာနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**စစ်တက္ကသိုလ်အမှတ်စဉ်(၂၈)သူငယ်ချင်းမိသားစုများ**

---

## မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းရပါကြောင်း

မန္တလေးမြို့၊ ပရိယတ္တိသာသနဟိတ(သကျသီဟ) အသင်းကြီး၏ ဥက္ကဋ္ဌကြီး၊ မစိုးရိမ်ကျောင်းတိုက် ဂေါပကအဖွဲ့၏ ဥက္ကဋ္ဌကြီး၊ ရန်ကုန်မြို့၊ ပါဠိတက္ကသိုလ်ညောင်တုန်းကျောင်းတိုက် လှုရတနာကျောင်း၏ ဒါယကာကြီး ဦးရှမ်း အသက်(၈၁)နှစ်သည် ၂၉-၃- ၂၀၂၀ရက်(တနင်္ဂနွေနေ့)တွင် (၉၆) ပါးသောရောဂါဖြင့် ဘဝတစ်ပါးသို့ ကူးပြောင်းကွယ်လွန်သွားသည်ကို ကြားသိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းရပါကြောင်း။

**မုံရွာမြို့၊ ပိဋကာလင်္ကာရ ပရိယတ္တိအသင်းကြီး၏**
**အမှုဆောင်အဖွဲ့ဝင်များနှင့် အသင်းသားများ**

---

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

# ဦးတင်မောင်မြင့်

### ဒဂုံ(၂)၊ မြို့မကျောင်းသားဟောင်း

### အသက်(၆၆)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်နေ(ဦးထွန်းတင်-ဒေါ်စောရီ)တို့၏သား၊ ခရမ်းမြို့နယ်၊ ငွေရတနာလမ်းနေ (ဦးကျော်လေး-ဒေါ်ခင်အေး)တို့၏သားသမက်၊ ဒေါ်မေစန်းမြင့်၏မောင်၊ ဦးတင်အောင်မြင့်-ဒေါ်ခင်ပိုငွေးတို့၏ညီ၊ ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ မြလမ်း၊ အမှတ်(၁၂)နေ ဒေါ်အေးသီတာမြင့်၏ချစ်လှစွာသောခင်ပွန်း၊ ဦးရဲကိုကို(2 nd Mate, DSH & Mistral Co.,Ltd.)နှင့် ဦးရဲညီညီ-ဒေါ်ဖြိုးဖြိုး ရတနာငွေး(Luxury Car Polish & Deatiling Center)တို့၏ချစ်လှစွာသောဖခင်သည် ၂၉-၃-၂၀၂၀ရက် (တနင်္ဂနွေနေ့) မွန်းတည့် ၁၂နာရီတွင် ခရမ်းမြို့နယ်၊ (၇)ရပ်ကွက်၊ ငွေရတနာလမ်း၊ အမှတ်(၃၇၁) နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၃၁-၃-၂၀၂၀ရက် (အင်္ဂါနေ့) မွန်းတည့် ၁၂နာရီတွင် ခရမ်းမြို့သုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။ ကွယ်လွန်သူအားရည်စူး၍ ၄-၄-၂၀၂၀ရက် (စနေနေ့) နံနက် ၇နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြ ရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

## အမွေစားအမွေခံသားအဖြစ်မှ စွန့်လွှတ်ကြောင်း ကြေညာခြင်း

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျားကွက်သစ်ရပ်ကွက်၊ မလွှကုန်းလမ်း၊ အမှတ်(၁၇၊ ခုနစ်လွှာ-အေ)နေ မိခင်ဖြစ်သူ ဒေါ်မေရီညွန့် ၆/မအရ(နိုင်)၀၁၆၅၆၄ ကိုယ်တိုင်နှင့် ၎င်း၏လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

ဦးရန်နောင်စိုး ၁၂/တမန(နိုင်) ၁၀၂၄၈၆သည် မိခင်ကြီးဖြစ်သူနှင့် ညီအစ်ကိုမောင်နှမများ ခွင့်မလွှတ်နိုင်သောကိစ္စများကို အကြိမ်ကြိမ် ဖောက်ဖျက်ပါသဖြင့် မိခင်ဖြစ်သူမှ ဦးရန်နောင်စိုးအား အမွေစားအမွေခံသားအဖြစ်မှ စွန့်လွှတ်ကြောင်း ကြေညာအပ်ပါသည်။

၎င်းအပြင် ဦးရန်နောင်စိုးအနေဖြင့် မိမိလုပ်ဆောင်ခဲ့သည့် လူမှုရေးကိစ္စများ၊ စီးပွားရေးကိစ္စများနှင့်စပ်လျဉ်း၍ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ မိခင်ကြီး ဒေါ်မေရီညွန့် အပါအဝင် မိသားစုဝင်များနှင့်မည်သို့မျှ သက်ဆိုင်ခြင်းမရှိပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **အမွေပြတ်စွန့်လွှတ်သူ** | **ညွှန်ကြားချက်အရ** |
| **ဒေါ်မေရီညွန့် ၆/မအရ(နိုင်) ၀၁၆၅၆၄** | **ဦးဇော်ဝင်းနိုင်** |
| | တရားလွှတ်တော်ရှေ့နေ |
| | အမှတ်၁၇၊ လေးလွှာ၊ မလွှကုန်းလမ်း၊ ကျားကွက်သစ်ရပ်ကွက်၊ |
| | တာမွေမြို့နယ် |
| | ဖုန်း-၀၉-၂၀၁၆၉၉၈၊ |
| | ၀၉-၇၉၂၀၁၆၉၉၈ |

---

## သင့်သွေးဖြင့် အသက်ကယ်ပါ

# မြန်မာ–ထိုင်း နယ်စပ် မယ်ဆိုင်ချောင်းတစ်လျှောက် တရားမဝင် နယ်စပ်ဖြတ်ကျော်မှုများ မရှိစေရန် တာချီလိတ်ဘက်မှ လုံခြုံရေးစောင့်ကြပ်ကြည့်ရှုမှုများ ဆောင်ရွက်မည်

**တာချီလိတ် မတ် ၃၀**

ရှမ်းပြည်နယ်အရှေ့ပိုင်း မြန်မာ–ထိုင်းနယ်စပ်မျဉ်း မယ်ဆိုင် မြစ်ချောင်းတစ်လျှောက်တွင် တာချီလိတ်မြို့သို့ တရားမဝင် ဝင်/ ထွက်သွားလာမှု မရှိစေရန် ဝင်ရောက်နိုင်မည့်နေရာများ၌ ပူးပေါင်းအဖွဲ့များဖြင့် စောင့်ကြပ်ကြည့်ရှုသွားမည်ဖြစ်ကြောင်း သိရသည်။

မတ် ၂၃ ရက်က တရားဝင် နယ်စပ် ဝင်/ ထွက်ပေါက် ချစ်ကြည်ရေးတံတားကို စတင်ပိတ်လိုက်ပြီးနောက် ထိုင်းနိုင်ငံအတွင်း တရားမဝင် သွားရောက်သူများနှင့် ရက်ကျော်နေထိုင်သူများက မယ်ဆိုင်ချောင်းမှတစ်ဆင့် ဖြတ်ကူးကာ ခိုးဝင်သဖြင့် ယင်းကဲ့သို့ ဆောင်ရွက်ရခြင်းဖြစ်ကြောင်း သိရှိရပြီး တာချီလိတ်ခရိုင် စီမံခန့်ခွဲမှုကော်မတီ၏ COVID– 19 ကူးစက်ရောဂါကြိုတင်ကာကွယ်ရေး၊ တုံ့ပြန်ဆောင်ရွက်ရေးနှင့် ရောဂါထိန်းချုပ်နိုင်ရေးလုပ်ငန်း စီမံချက်ကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်း ဖြစ်ကြောင်း သိရှိရသည်။

နယ်စပ်ဂိတ်များ ပိတ်လိုက်ပြီးနောက် နေရပ်ပြန်များကို နှစ်နိုင်ငံ ညှိနှိုင်းမှုဖြင့် မြန်မာနိုင်ငံမှ အလုပ်သမားများအား မတ် ၂၉ ရက်အထိ ခြောက်ကြိမ်တိုင် အလုပ်သမားဦးရေ ၁၆၀၀ ကျော်ကို ပြန်လည်လက်ခံခဲ့ကြကြောင်း သိရှိရသည်။

**ယာဆေး(ပြန်/ဆက်)**



မြန်မာ– ထိုင်းနယ်စပ်ရှိ မယ်ဆိုင်ချောင်း

## ပုလဲမြို့နယ်အတွင်းရှိ ကန့်သတ်စောင့်ကြည့်သူများအား ထားရှိမည့်နေရာ တာဝန်ရှိသူများ ကွင်းဆင်းကြည့်ရှုစစ်ဆေး

**ပုလဲ မတ် ၃၀**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ပုလဲမြို့ အခြေခံပညာအထက်တန်းကျောင်း၌ COVID– 19 ရောဂါပြန့်ပွားမှုမရှိစေရေး ကူညီစောင့်ရှောက်မှုစခန်းဖွင့်လှစ်၍ ပြည်ပနိုင်ငံများမှ ပြန်လည်ဝင်ရောက်လာသည့် ဒေသခံပြည်သူများအား ၁၄ ရက်ထားရှိမှုကို မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန လက်ထောက်ဆရာဝန် ဒေါက်တာအောင်ကျော်မြင့်နှင့် ဝန်ထမ်းများက ကျန်းမာရေးစောင့်ကြည့်စစ်ဆေးရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာယမန်နေ့ကတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးဇော်ထက်သည် မြို့နယ်စီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌ ဦးသန်းနိုင်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးတင်ဋ္ဌေး၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိ မြို့ဖများနှင့်အတူ ဒေသခံပြည်သူများအား သွားရောက်ကြည့်ရှုပြီး လုပ်ငန်းလိုအပ်ချက်များ ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ် ဦးဇော်ထက်နှင့် တာဝန်ရှိသူ များသည် ပုလဲမြို့နယ် လက်ပုကန်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်း (ခွဲ)၊ ကံရိုး ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းနှင့်

*စာမျက်နှာ ၇ ကော်လံ ၁ ❍*

## ချင်းပြည်နယ်၌ COVID-19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းများ ဆောင်ရွက်

**ဟားခါး မတ် ၃၀**

ချင်းပြည်နယ် COVID– 19 ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ပြည်နယ်အဆင့်လုပ်ငန်းကော်မတီ၏ စီစဉ်ကြီးကြပ်မှုဖြင့် မြို့နယ် ပြည်သူ့ဆေးရုံကြီးနှင့် မြို့နယ်စည်ပင်သာယာရေးကော်မတီတို့ ပူးပေါင်း၍ ဟားခါးမြို့အတွင်း COVID–19 ရောဂါ ကူးစက်မှုမရှိစေရေး ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းများကို နေ့စဉ်ဆောင်ရွက်လျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် ဟားခါးမြို့ အဝေးပြေးကားဂိတ်၌ ကားဝင်းအတွင်း ခရီးသည်တင် မော်တော်ယာဉ်များ၊ ဂိတ်မှူးရုံးခန်းများ၊ ပစ္စည်းထားရှိရာနေရာများနှင့် ခရီးသည်ထိုင် နေရာများအားလုံးကို ပိုးသတ်ဆေးများ ပက်ဖျန်းခဲ့ကြကြောင်း သိရသည်။

*စာမျက်နှာ ၇ ကော်လံ ၅ ❋*



ဟားခါးမြို့ အဝေးပြေးကားဂိတ်၌ COVID– 19 ရောဂါကာကွယ်ရေးအတွက် ပိုးသတ်ဆေးဖျန်း ဆောင်ရွက်စဉ်။

## မေလတွင် စတင်မည့် အာဆီယံကလပ်ပြိုင်ပွဲကို ၂၀၂၁ ခုနှစ်သို့ ရွှေ့ဆိုင်း

**ရန်ကုန် မတ် ၃၀**

အာဆီယံဘောလုံးအဖွဲ့ချုပ်သည် ကမ္ဘာ့နိုင်ငံများတွင် ဖြစ်ပွားနေသည့် COVID–19 ရောဂါကြောင့် မေလတွင် စတင်ကျင်းပရန် စီစဉ်ထားသည့် အာဆီယံကလပ်ချန်ပီယံရှစ်ပြိုင်ပွဲကို ၂၀၂၁ ခုနှစ်သို့ ရွှေ့ဆိုင်းလိုက်ပြီဖြစ်ကြောင်း ထုတ်ပြန်ကြေညာခဲ့သည်။

အာဆီယံဘောလုံးအဖွဲ့ချုပ်သည် ယင်းပြိုင်ပွဲကို ယခုနှစ်တွင် ပြန်လည်ကျင်းပရန် စီစဉ်ထားသော်လည်း COVID– 19 ရောဂါ အခြေအနေကြောင့် ရွှေ့ဆိုင်းခဲ့ရခြင်းဖြစ်သည်။ ယင်းပြိုင်ပွဲကို မေလမှ စက်တင်ဘာလအထိ ကျင်းပရန် စီစဉ်ထားပြီး ကျင်းပမည့်ကာလ ရှည်ကြာနေသောကြောင့် ယခုနှစ်တွင် ပြန်လည်ကျင်းပရန် မဖြစ်နိုင်၍ တစ်နှစ်နောက်ဆုတ်ရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။ အာဆီယံဘောလုံးအဖွဲ့ချုပ်သည် ယင်းပြိုင်ပွဲကို ၂၀၀၃ နှင့် ၂၀၀၅ ခုနှစ်တွင် ကျင်းပခဲ့ပြီး ဆယ်စုနှစ် တစ်ခုကျော်အကြာတွင် ပြန်လည်ကျင်းပရန် စီစဉ်ထားခြင်းဖြစ်သည်။ သို့သော် ယခုနှစ်တွင် ဗိုင်းရပ်စ်အခြေအနေကြောင့် တစ်နှစ်ထပ်မံ နောက်ဆုတ်ခဲ့ရခြင်းဖြစ်သည်။

*စာမျက်နှာ ၁၀ ကော်လံ ၅ ◆*


အားလုံးကို သတိပေးချင်တာကတော့ မစိုးရိမ်ပါနဲ့၊ မကြောက်ရွံ့ပါနဲ့။ ဒါပေမယ့်လည်း လက်လွှတ်စပယ်လည်း မနေမိပါစေနဲ့။ အထူးဂရုစိုက်ပါလို့ ပြောလိုပါတယ် စာ ၁၆

COVID-19 နှင့် ပတ်သက်၍ ဂီတ၊ ရုပ်ရှင် အနုပညာရှင်များ၏ အသိပညာပေးနှိုးဆော်ရေး အစီအစဉ် စာ ၁၈



